ဤ ဘာသာဝင် သူတော်စင်တို့
နေ့စဉ် နေ့တိုင်း နံနက်ပိုင်းနှင့်
ညပိုင်းအခါ ဓာသတ္တာ၏
များစွာဂုဏ်ရ အာရုံပြုလော့၊
လူမှုကိစ္စ ရွက်ဆောင်ကြလည်း
ဗုဒ္ဓဓာမြတ် မနောဓာတ်၌
မပြတ်မှီကာ ရပ်တည်ကာဖြင့်
မေတ္တာနှလုံး သစ္စာသုံး၍
ရွှင်ပြုံးအေးမြ ပြုလုပ်ကြလော။

အရှင်ဇနကာဘိဝံသ

အရှင် ဇနကာဘိဝံသ

၏

နောက်ဆုံးဆယ်လ

မြတ်ဗုဒ္ဓ

တတိယအကြိမ်

အရှင်ဇနကာဘိဝံသ

၏

အမှတ် (၃၆)

နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ

၁၃၄၆-ခုနှစ်　　　　တပို့တွဲလ။

နယူးဘားမား ပိဋကပုံနှိပ်တိုက်၊
အမရပူရမြို့။

(က)

အချီနိဒါန်း

ဤကျမ်းစာ ဖြစ်ပေါ်လာရခြင်း အကြောင်း

ကျောင်းဒကာနှင့် ကျောင်းအမ ဂန္ဓာရုံကျောင်းတိုက်၌ နံကပ်တိုက် ၂ ခန်း, ကျောင်းကလေး ဆယ်ကျောင်းနှင့် ၃ ခန်း ပတ်လည် ၂ထပ်ကျောင်းဒကာ ကျောင်းအမ များ ဖြစ်ကြသော မန္တလေးမြို့ ဒါယကာ ဦးထွန်းလှိုင်-ဒါယိကာမ ဒေါ်သိန်းတို့သည် ခပ်ရှယ်ရှယ်အချိန်မှစ၍ "အလှူရေစက် လက်နှင့် မကွာ" ဆိုရိုးအတိုင်း နှစ်စဉ်လစဉ် လက်နှင့်မကွာလောက်အောင် ပင် လှူဒါန်းခဲ့ကြ၏၊ ယခုအချိန်မှာလည်း စစ်ကိုင်းမြို့ သံဃာ့ဆေးရုံ ကြီး, အမရပူရ ဆေးရုံ, သပိတ်ကျင်းမြို့၌ ဆေးရုံများအတွက် ထောက်ပံ့လှူဒါန်း၍ မကြာသေး၊ မန္တလေးမြို့ ကျောက်တော်ကြီး ဘုရားကိုလည်း အတော်များစွာ အကုန်အကျခံ၍ ပြုပြင်နေ၏။

အမရပူရ တောင်သမန် ကျောက်တော်ကြီးဝယ် "စေတီတော် ကြီးနှင့် တံတိုင်းကြီးများ၌လည်းကောင်း, တံတိုင်းအတွင်း၌လည်း ကောင်း အမြစ်တွေ အတွင်းဝင်အောင် သစ်ပင်တွေပေါက်နေပါ သည်" ဟု ဆွမ်းစားကျောင်း ဘုန်းကြီးက လျှောက်သောကြောင့် ထိုဘုန်းကြီးကို စေလွှတ်၍ တစ်နေလျှင် လုပ်သားဆယ်ယောက်ဖြင့် ပေါက်နေသော သင်ပင်များကို အမြစ်ပါ မကျန်အောင် တူးစေ၍ ရှင်းလင်းနေသည်ကို ကြားရရုံမျှဖြင့် ထိုရှင်းလင်းရာ၌အသုံးပြုဖို့ရန် ဒကာကြီး ဦးကျော်စင်းထံ နဝကမ္မ တစ်သောင်းတန် အပ်နှံသွား ၏၊ နောက်ထပ်လည်း တစ်သောင်းတန် တာဝန်ယူသွား၏။

နိဒါန်း

မြေး ရှင်ပြု နားသ ယခု တစ်ဖော်တင့်သုံးရာ သုံးဆယ့်ရှစ်ခုနှစ်ဝယ် မြေးယောကျ်ားကလေးသည် ငယ်ပင် ငယ်သော်လည်း မိမိတို့နှင့် ချွေးမ၏ မိခင်ကြီးသည် အသက်အရွယ်ကြီးရင့်ကြပြီ ဖြစ်၍ တစ်ယောက်သောမြေးကလေး၏ ရှင်အဖြစ်ကို မြင်လိုကြပါသည်၊ ထို့ကြောင့် မြေးငယ် မြေးမတို့၏ ရှင်ပြု နားသ မင်္ဂလာ၌ ဖိတ်စာဝေသောအခါ စာအုပ်ကလေးပေါ်၌ ဖိတ်စာ ရိုက်နှိပ်၍ ဝေလိုပါသောကြောင့် လူအများဖတ်၍ အကျိုးများမည့် စာအုပ်ငယ်တစ်အုပ်ကို ချီးမြှင့်ပါရန် လျှောက်ထားသည်။

နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ ထိုသို့ တောင်းပန် လျှောက်ထားသော အခါ ဗုဒ္ဓအာသနာတော်နှင့် မိမိ ကျောင်းတိုက်၌ ဤမျှလောက် ကျေးဇူးပြုနေသူ၏ တောင်းပန်မှုကို ပယ်ရှားခြင်းငှါ မဆင့်သောကြောင့် ရေးဖို့အကြောင်းအရာကို စဉ်းစားရပါသည်၊ ဤအချိန်၌ သုတ်မဟာဝဂ္ဂ-မဟာပရိနိဗ္ဗာန သုတ်ပါဠိတော်အဋ္ဌကထာကို ပို့ချနေရာ ပရိနိဗ္ဗာန် စံတော်မမူမီ ဆယ်လခန့် အခန်းသို့ ရောက်နေ၏၊ ပရိနိဗ္ဗာန် စံတော်မူခါနီးနေသော ဗုဒ္ဓမြတ်စွာသည် အားတော် နည်းနေပါလျက်နှင့် ထိုထို အကြောင်းအရာတို့ကို မလစ်လပ်အောင် အထပ်ထပ်မိန့်တော်မူနေရ၏၊ "ဤအချက်တို့ကို ရေးပြရလျှင် အများအတွက် ဗုဒ္ဓါနုဿတိ ဘာဝနာပင်ဖြစ်စရာရှိ၏" ဟု ယူဆ၍ ဤကျမ်းစာငယ်ကို စီစဉ်ရပါသတည်း။

၁၃၃၈-ခုနှစ်
တန်ဆောင်မုန်းလ

အရှင်ဇနကာဘိဝံသ

ခေါင်းစဉ်=မာတိကာ

အကြောင်းအရာ			စာမျက်နှာ
ဗုဒ္ဓမြတ်စွာ၏ ကာယဗလတော်	—	—	၁
သစ္စာ ၄ ပါး တရားတော်	—	—	၂
တရားကြေးမုံတော်ကြီး	—	—	၇
သီလကို စဉ်းစားခြင်း	—	—	၉
ဥပုသ်သည်နှင့် ယောဂီများ	—	—	၁၀
သာမဏေနှင့် ရဟန်းတော်များ	—	—	၁၀
ဂုဏ်တော်များ၌ အဝေစ္စပသာဒ	—	...	၁၂
သတ္တလောက သြကာသလောက	—	...	၂၅
ပေတဂတိ ရောက်သူများ	—	...	၂၅
သင်္ချိုင်း တစ္ဆေများ	—	—	၂၆
တိရစ္ဆာနဂတိ	...	—	၂၉
အပါယ်ကျလျှင် လွတ်ခွင့်မရ	—	...	၃၀
မနုဿဂတိ	—	...	၃၁
စကြဝဠာအနန္တ	—	—	၃၂
ဒေဝဂတိ	...	...	၃၃
စတုမဟာရာဇ်ဘုံ	—	—	၃၃
လူမိန်းမနှင့်ရုက္ခစိုဝ်းနတ်	—	—	၃၅
အသုရာ နဂါးစသည်	...	—	၃၆
တာဝတိံသာ	—	...	၃၇
ယာမာစသည်	—	—	၃၈
ဗြဟ္မာ့ပြည်	—	...	၄၀

အကြောင်းအရာ			စာမျက်နှာ
သတ္တလောကကို သိတော်မူပုံ	...	...	၄၄
စာစ်ဆင့် သိကြရပုံ	...	...	၄၆
ပါဠိတော်	...	...	၄၇
သင်္ခါရလောက	...	...	၄၈
ဥတုစသည်တို့က ရုပ်ကို ပြုပုံ	...	...	၄၉
အပါယ်မကျတော့	...	...	၅၃
ပါဠိတော်, မြန်မာပြန်	...	...	၅၄
သောတာပန်ဖြစ်ဖို့ ခဲယဉ်းသလော ...		...	၅၄
သတိပဋ္ဌာန်တရားတော်	...	...	၅၅
အတ္တရှိ၏ဟု စွဲလမ်းပုံ	...	...	၅၇
အဝပြောင်းရာ၌ အတ္တစွဲပုံ	...	...	၅၈
အနတ္တ အနိစ္စ ဒုက္ခ	...	...	၅၉
ရုပ် နာမ် ခန္ဓာ	...	...	၆၁
အဝိဇ္ဇာနှင့် တဏှာ အရင်းခံ	...	...	၆၂
သံဝေဂ စတ္တုရှစ်ပါး	...	...	၆၂
တစ်ဆယ့်တစ်သီး မီးတွေလောင်	...	...	၆၄
ကမ္မဋ္ဌာန်းမှန်သမျှ အဝိဇ္ဇာနှင့် တဏှာ ကုန်စေ		...	၆၅
ကာယဂတာသတိ ကမ္မဋ္ဌာန်း	...	...	၆၆
နိကာယ်ဆောင် မထေရ် ၂ ပါး	...	...	၆၆
တစပဉ္စက ကမ္မဋ္ဌာန်း	...	...	၆၇
ခေတ်ကြီး ၄ ပါး သဘော	...	...	၇၁

အကြောင်းအရာ			စာမျက်နှာ
အထည်ကိုယ်နှင့် အမှန်းတင်	...	...	၇၁
ရုပ်ကလာပ်	...	...	၇၁
သတ္တိလွန်ကဲပုံ	...	...	၇၄
သွားခြင်းကိစ္စ၌ သတိဉာဏ်	...	...	၇၄
ခြေမြောက်သောအခါ အစိတ် ၃ ပါး		...	၇၆
ခြေချသောအခါ အစိတ် ၃ ပါး	...	...	၇၆
စကားပြောခြင်း၌ သတိနှင့် ဉာဏ်	...	...	၇၈
ဆွမ်းတစ်ထပ်ကို တိုင်းပြည်နှင့် မလဲ	...	...	၈၃
လိစ္ဆဝီမင်းများ ဝတ်ဆင်လာပုံ	...	...	၈၄
ဝေဠုဝရွာငယ်၌ ဝေဒနာဖြစ်တော်မူပုံ		...	၈၆
သမာပတ်ဖြင့် ရောဂါကို တားတော်မူပုံ		...	၈၇
ဗုဒ္ဓမြတ်စွာ မိန့်တော်မူခြင်း	...	...	၈၈
အရှင်သာရိပုတ္တရာ	...	...	၈၉
တန်ခိုးပြ၍ နောက်ဆုံးကန်တော့ခြင်း		...	၉၁
ပရိနိဗ္ဗာန် စံခါနီး ရောဂါ	...	...	၉၃
နတ် ဗြဟ္မာတို့ လာကြပုံ	...	...	၉၄
မယ်တော်ကြီး လာ၍မေးခြင်း	...	...	၉၄
သောတာပန် တည်စေခြင်း	...	...	၉၆
ပရိနိဗ္ဗာန် စံတော်မူပုံ	...	...	၉၈
မယ်တော်ကြီး ငိုကြွေးခြင်း	...	...	၉၈
သာရကိဋ္ဌနသဘင်	...	...	၉၉

အကြောင်းအရာ	စာမျက်နှာ
ဧရဝတီအမျိုးသမီး	၁၀၀
ခတ်တော်များကို လက်တော်တင်၍	၁၀၁
အရှင်မောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံပုံ	၁၀၃
အရှင်မောဂ္ဂလ္လာန်ကို အသတ်ခိုင်းခြင်း	၁၀၄
ဥက္ကာစေလသုတ်	၁၀၇
ပရိနိဗ္ဗာန်မစံဘဲ နေတော်မူနိုင်	၁၀၈
မာရ်နတ်တန်ခိုး	၁၀၉
မာရ်နတ် တောင်းပန်ခြင်း	၁၁၀
၃ လ လွန်လျှင် ပရိနိဗ္ဗာန် စံတော်မူမည်	၁၁၁
ဥဒါန်းကျူးတော်မူခြင်း	၁၁၂
မြေလှုပ်ခြင်း၏ အကြောင်း ၈ ပါး	၁၁၃
အရှင်အာနန္ဒာ တောင်ပန်ခြင်း	၁၁၅
ဗုဒ္ဓမြတ်စွာ ပယ်တော်မူခြင်း	၁၁၆
အရှင်အာနန္ဒာအား တရားဟောတော်မူရခြင်း	၁၁၇
ဩဝါဒပေးတော်မူခြင်း	၁၁၈
ဝေသာလီကို နောက်ဆုံး ကြည့်တော်မူခြင်း	၁၂၀
မဟာပဒေသာ ၄ ပါး	၁၂၂
စုန္ဒ၏ နောက်ဆုံးဆွမ်းတော်	၁၂၄
သူကရမဒ္ဒဝ၌ ဝါဒအမျိုးမျိုး	၁၂၆
ဝမ်းတော်လားခြင်း	၁၃၀
ကုသိနာရုံကြွတော်မူခြင်း	၁၃၀

အကြောင်းအရာ	စာမျက်နှာ
ရေသောက်တော်မူလိုခြင်း	၁၃၁
မလ္လာမင်းသား ပုက္ကုသချဉ်းကပ်ခြင်း	၁၃၂
မိုးကြိုးပစ်သံ မကြားလိုက်	၁၃၄
ရွှေရောင်ဝတ်စုံကို လှူဒါန်းခြင်း	၁၃၆
ရှမ်တော်အကြည်ဆုံး ၂ ချိန်	၁၃၇
ငေ သုံးသပ်တော်မူခြင်း	၁၃၈
ဧတ္တလျောင်းတော်မူခြင်း	၁၃၈
စုန္ဒကို သဒ္ဓါတိုးစေခြင်း	၁၃၉
ညောင်စောင်းငယ်၌ လျောင်းတော်မူခြင်း	၁၄၀
ရှိသမျှအားတော် ကုန်ခြင်း	၁၄၁
ရည်ရွယ်တော်မူချက် ၃ မျိုး	၁၄၁
နတ်တို့ ပူဇော်ကြခြင်း	၁၄၂
ဝရှကာဝ ါရဏတို့ ပူဇော်ကြပုံ	၁၄၃
အာမိသနှင့် ဓမ္မပူဇာ	၁၄၄
ဥပဝါဏထေရ်ကို ဖယ်စေတော်မူရခြင်း	၁၄၅
နတ်များ ငိုကြခြင်း	၁၄၆
သံဝေဂယူဖို့ ၄ ဌာန	၁၄၇
စေတီတော်ကို ဖူးရခြင်းအကျိုး	၁၄၉
ခါတုဂါများ၌ ပြုဖွယ်	၁၅၀
အလောင်းတော်စယ် ပြုဖွယ်	၁၅၂
စေတီတည်ထိုက်သောပုဂ္ဂိုလ် ၄ မျိုး	၁၅၃

(၁) နောက်ဆုံးဆယ်လ

အကြောင်းအရာ			စာမျက်နှာ
သီလရှိ ပုထုဇဉ် —	—	—	၁၅၄
ငိုရမှု သောကအေး	—	—	၁၅၅
သောကကို ပြေစေတော်မူခြင်း	—	—	၁၅၆
အရှင်အာနန္ဒာ၏ဂုဏ်	—	—	၁၅၇
မဟာသုဒဿနသုတ်ကို ဟောတော်မူခြင်း		—	၁၅၉
မလ္လာမင်းတို့လာ၍ ရှိခိုးကြခြင်း	—	—	၁၆၀
သုဘဒ္ဒပရိဗိုဇ်စတ္တု	—	—	၁၆၁
သုဘဒ္ဒ နောက်ဆုံးမှ ကျွတ်ရခြင်း	—	—	၁၆၅
ဗုဒ္ဓကိုယ်စား တရားတော်များ	—	—	၁၆၆
နောင်အခါ ခေါ်ကြပုံ	—	—	၁၆၆
သိက္ခာပုဒ်အချို့ နုတ်နိုင်ပုံ	—	—	၁၆၇
အရှင်မဟာကဿပ မနုတ်ဖို့ မိန့်ခြင်း		—	၁၆၈
အရှင်ဆန္နအား ပြဟ္မဒဏ်ပေး	—	—	၁၆၈
သံသယရှိလျှင် မေးလိုက်ကြ		—	၁၆၉
ကျိန်းစက်တော်မမူရ	—	—	၁၇၁
နောက်ဆုံးစကားတော်	—	—	၁၇၁
ပရိနိဗ္ဗာန် စံတော်မူခြင်း	—	—	၁၇၂
သဟမ္ပတိဗြဟ္မာမင်း၏ သံဝေဂဂါထာ		—	၁၇၂
သိကြားမင်း၏ သံဝေဂဂါထာ	—	—	၁၇၃
အရှင်အနုရုဒ္ဓါ၏ သံဝေဂဂါထာ	—	—	၁၇၄
အရှင်အာနန္ဒာ၏ သံဝေဂဂါထာ	—	—	၁၇၅

အကြောင်းအရာ			စာမျက်နှာ
ပရိနိဗ္ဗာန် ၃ မျိုး	—	—	၁၇၆
မီးငြိမ်းခြင်း ဥပမာ	—	—	၁၇၇
ဓာတုပရိနိဗ္ဗာန်	—	—	၁၇၈
နိဗ္ဗာန် ၂ မျိုးမှ တစ်မျိုးနိဗ္ဗာန်	—	—	၁၇၉
လက္ခဏာရေး ပစ္စုပ္ပန်	—	—	၁၈၁
နိဗ္ဗာန်၏ ဂုဏ်တော်တချို့	—	—	၁၈၄
မဟာသုဒဿနသုတ်တော်	—	—	၁၉၁
ဥပုသ်စောင့်၍ ကောင်းမှုကို ဆင်ခြင်		—	၁၉၃
စကြာရတနာ ဆိုက်ရောက်လာခြင်း		—	၁၉၃
စကြာရတနာ၏ အကြောင်းအရာ	—	—	၁၉၄
စကြာရတနာကို လည်စေခြင်း	—	—	၁၉၇
တိုင်းသူပြည်သားများ လိုက်ပါပုံ	—	—	၁၉၇
အရှေ့ကျွန်းမင်းများ	—	—	၁၉၈
စကြာမင်း၏ ဩဝါဒ	—	—	၁၉၉
သမုဒ္ဒရာအတွင်း သက်ဆင်းပုံ	—	—	၂၀၀
ဆင်ပျံတော်ရတနာ	—	—	၂၀၂
မြင်းရတနာ, ပတ္တမြားရတနာ	—	—	၂၀၄
မိဖုရားရတနာ	—	—	၂၀၅
သူကြွယ်ရတနာ	—	—	၂၀၇
သားတော်ကြီးရတနာ	—	—	၂၀၈
စကြာမင်း၏ တန်ခိုး ၄ မျိုး	—	—	၂၀၉

အကြောင်းအရာ			စာမျက်နှာ
ရေကန်စသည်ကို ဖန်ဆင်းခြင်း၊	—	—	၂၁၀
မွှမည်သော ပြာသာဒ်	—	—	၂၁၃
နန်းပြာသာဒ်၌ တရားကျင့်	—	—	၂၁၆
မေတ္တာပွားစေခြင်း	—	—	၂၁၇
သုဘဒ္ဒါဒေဝီ တွေ့မြင်လို၍ လာခြင်း	—	—	၂၁၉
သုဘဒ္ဒါဒေဝီ သံတော်ဦးတင်ခြင်း	—	—	၂၂၀
စကားအပြော သင်ပေးရခြင်း	—	—	၂၂၄
သင်ပေးသည့်အတိုင်း သံတော်ဦး တင်ရခြင်း		—	၂၂၄
ဗြဟ္မာ့ပြည်သို့ လားခြင်း	—	—	၂၂၄
ကျန်ရစ်သော ရတနာများ	—	—	၂၂၅
စကြာမင်း၏ ရှေးကောင်းမှု	—	—	၂၂၇
အကြောင်းနှင့် အကျိုး တူပုံ	—	—	၂၂၈
အားလုံး အနှီစွ	—	—	၂၄၁

နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ

ဗုဒ္ဓမြတ်စွာ၏ "ကာယဗလ-ကိုယ်၏အား" ဟူသည် တေဇော ကာယဗလတော် ဝါယောဓာတ်တို့၏ သတ္တိတည်း*၊ ဗုဒ္ဓမြတ်စွာ သည် ၄ အသချေနှင့် ကမ္ဘာတစ်သိန်း ကာလ ပတ်လုံး ဆည်းပူးတော်မူအပ်ခဲ့သော ပါရမီ ကောင်းမှုတို့ကြောင့် ရအပ်သော နောက်ဆုံး ခန္ဓာကိုယ်တော်ဝယ် ထိုတေဇောဓာတ် ဝါယောဓာတ်(အားခွန်ဗလ တော်သည် ဆဒ္ဒန်ဆင်မျိုး တစ်စီး၏ အားခွန်ဗလထက် ဆယ်ဆမျှသာ၏၊ ပကတိ ရိုးရိုးဆင်တို့၏အာ ခွန် ဗလအားဖြင့်ကား ကုဋေတစ်ထောင်မျှ ပမာဏရှိအောင် ကြီးမား တော်မူ၏၊ ထိုသို့ အားခွန်ဗလကြီးမားအောင် ခန္ဓာကိုယ်တော်ဝယ် အရိုးချင်း ဆက်သွယ်ပုံကလည်း အများနှင့်တူတော်မမူ၊ အရိုးချင်း ဆက်ရမည့် နေရာဝယ် သံကွင်းချင်း ဆက်သကဲ့သို့ ကွင်းဆက် ဆက်၏၊ [ပစ္စေကဗုဒ္ဓါတို့၏ အရိုးဆက်ပုံသည် ချိတ်ဆက်ဖြစ်၍ လူ အများ၏ ဆက်ပုံမှာ တော့ဆက်သာ ဖြစ်သည်။]

မဟာဝီရ ထိုကဲ့သို့သော အားခွန်ဗလဖြင့် တောင့်တောင့် တင်း တင်း ရှိတော်မူလှသော ဘုရားရှင်သည် တောထွက်တော် မမူခင်ကပင် အခြားသာကီဝင် မင်းသားတို့ထက် ထူးခြား မြင့်

---

*ဝါယောဓာတုယာ ဟိ ဂဟိတာယ ဗလရူပံ ဂဟိတမေဝ၊ အညံ့ ဗလ ရူပံ နာမ နတ္ထိ၊- အဋ္ဌသာလိနီ၊ ရူပကဏ္ဍ၊ ပကိဏ္ဏကကထာ။

ကြွယ် တင့်တယ်တော်မူရကား မိထွေးတော် ဂေါတမီ စသူတို့က "နရပုင်္ဂဝ-လူ့နွားလားကြီး" ဟု လည်းကောင်း, "နရာသဘ-လူ့ဥသဘကြီး" ဟု လည်းကောင်း တင်စား၍ ခေါ်ကြ၏၊ ယသော ဓရာကား သားတော်ရာဟုလာကိုပြောပြရာ၌ သား၏ခမည်းတော် ဆိုတာ "နရသီဟ-လူ့ခြင်္သေ့မင်း" ဟု သုံးစွဲလေ၏၊ ထို့ကြောင် ဗုဒ္ဓမြတ်စွာသည် လူအများထက် ထူးခြား၍ ဝါဝါဝင်းဝင်း ရွှေ အဆင်းဖြင့် ပြည့်တင်း သပ္ပါယ်တော်မူသည့် အပြင် ကြီးမားသော အားခွန်ဗလကြောင့် တက်တက်ကြွကြွ လုံ့လဝီရိယနှင့် ပြည့်ဝနေ သည်ကိုသာ အမြဲဖူးမြင်ကြရ၏၊ ထို့ကြောင့် "မဟာဝီရ-ကြီးမြတ် သော ဝီရိယရှင်" ဟု လူနတ်အများပင် အမွှန်းတင်ကြရပေသည်။

အမှာ။ ။ နောက်၌ အားတော်ကုန်ခမ်း၍ နွမ်းနယ်တော်မူပုံကို တွေ့ရသောအခါ သံဝေဂယူကြဖို့ရန် ဤနေရာ၌ ဗုဒ္ဓမြတ်စွာ၏ ပင်ကိုယ်အားတော်ကို ထုတ်ဖော်၍ ပြရပါသည်။

သစ္စာ ၄ ပါး တရားတော်

ဗုဒ္ဓမြတ်စွာသည် ကောဋိရွာ၌ သီတင်း သုံးတော်မူသောအခါ အရိယာဖြစ်ဖို့ရာ သစ္စာ ၄ ပါးတရားကို ဟောတော်မူသည်၊ ဘိက္ခု တို့—— အရိယာအဖြစ်ကို ပြုတတ်သော ၄ ပါးသော သစ္စာတို့ကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း, မဂ်ဖိုလ် တို့ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဤမျှလောက်ရှည်လျားသော သံသရာ ကာလ တ်လုံး ငါဘုရား၏ လည်းကောင်း, အသင်တို့၏ လည်း ကောင်း တစ်ဘဝမှတစ်ဘဝသို့ ပြေးသွားရခြင်း, ဘဝတစ်ရပ်၌ပင် အထပ်ထပ် လည်ရခြင်း ဖြစ်ခဲ့ပြီ၊ အဘယ် ၄ ပါးတို့နည်း။——

ဘိက္ခုတို့—— ဒုက္ခဖြစ်သော အရိယသစ္စာကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်, မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍ မသိခြင်း ကြောင့် ဤမျှလောက် ရှည်လျားသော သံသရာကာလပတ်လုံး ငါ ဘုရား၏လည်းကောင်း, အသင်တို့၏ လည်းကောင်း တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားရခြင်း, ဘဝတစ်ရပ်၌ပင် အထပ်ထပ် လည်ရ ခြင်း ဖြစ်ခဲ့ပြီ။

ဘိက္ခုတို့.... ဒုက္ခ၏ ဖြစ်ကြောင်း သမုဒယမည်သော အရိယ သစ္စာကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း, မဂ်ဖိုလ် တို့ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဤမျှလောက် ရှည်လျားသော သံသရာကာလပတ်လုံး ငါဘုရား၏ လည်းကောင်း, အသင်တို့၏ လည်းကောင်း တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားရခြင်း, ဘဝ တစ်ရပ်၌ပင် အထပ်ထပ် လည်ရခြင်း ဖြစ်ခဲ့ပြီ။

ဘိက္ခုတို့... ဒုက္ခ၏ချုပ်ကြောင်း နိရောဓမည်သော အရိယသစ္စာ ကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း, မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍မသိခြင်းကြောင့် ဤမျှလောက်ရှည်လျားသော သံသရာ ကာလပတ်လုံး ငါဘုရား၏ လည်းကောင်း အသင်တို့၏ လည်း ကောင်း တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားရခြင်း, ဘဝတစ်ရပ်၌ ပင် အထပ်ထပ် လည်ရခြင်း ဖြစ်ခဲ့ပြီ။

ဘိက္ခုတို့—— ဒုက္ခနိရောဓမည်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော မဂ္ဂင်ရှစ်ပြား အရိယသစ္စာကို မဂ်အားလျော်စွာ ဝိပဿနာ ဉာဏ်ဖြင့် မသိခြင်း, မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍မသိခြင်းကြောင့် ဤ မျှလောက် ရှည်လျားသော သံသရာကာလပတ်လုံး ငါဘုရား၏

လည်းကောင်း အသင်တို့၏လည်းကောင်း တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားရခြင်း, ဘဝတစ်ရပ်၌ပင် အထပ်ထပ်လည်ရခြင်းဖြစ်ခဲ့ပြီ။

ဘိက္ခုတို့... ငါဘုရားသည် ဒုက္ခမည်သော ထို အရိယာသစ္စာကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် သိအပ်ပြီ၊ မဂ်ဖိုလ် တို့ဖြင့် ထိုးထွင်း၍ သိအပ်ပြီ၊ ဒုက္ခသမုဒယမည်သော ထို အရိယာသစ္စာကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် သိအပ်ပြီ၊ မဂ် ဖိုလ် တို့ဖြင့် ထိုးထွင်း၍ သိအပ်ပြီ၊ ဒုက္ခနိရောဓမည်သော ထိုအရိယာသစ္စာကို မဂ် အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့်သိအပ်ပြီ၊မဂ်ဖိုလ်တို့ဖြင့်ထိုးထွင်း၍ သိအပ်ပြီ၊ ဒုက္ခနိရောဓမည်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ် သော မဂ္ဂင်ရှစ်ဖြာ ထိုအရိယာသစ္စာကို မဂ်အားလျော်စွာ ဝိပဿနာ ဉာဏ်ဖြင့် သိအပ်ပြီ၊ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍ သိအပ်ပြီ၊ ဘဝကို တပ်မက်တတ်သော တဏှာကို အကြွင်းမဲ့ ဖြတ်အပ်ပြီ၊ ဘဝသို့ ဆောင်တတ်သော တဏှာတည်းဟူသောကြိုးသည် ကုန်ခမ်းလေပြီ၊ ယခုအခါ၌ ငါဘုရားမှာ နောက်ထပ် ဘဝ မရှိတော့၊... ဤသို့ ဟောတော်မူသည်။

ဤသို့ ဟောတော်မူပြီးနောက်—ဤတရားဤ တရားကား သီလ တည်း၊ ဤဈာန် ဤဈာန်ကား သမာဓိတည်း၊ ဤဉာဏ် ဤဉာဏ် ကား ပညာတည်း၊ သီလဖြင့် ထုံအပ်သော သမာဓိသည် များသော အကျိုးရင်း ရှိ၏၊ များသောအကျိုးဆက် ရှိ၏၊ သမာဓိဖြင့် ထုံအပ် သော ပညာသည် များသောအကျိုးရင်း ရှိ၏၊ များသောအကျိုး ဆက် ရှိ၏၊ ပညာဖြင့် ထုံအပ်သောစိတ်သည် ကောင်းစွာသာလျှင် အာသဝေါတို့မှ လွတ်နိုင်၏၊ ဤသို့ ဟောတော်မူသည်။

သစ္စာ ၂ ပါး၏ အဓိပ္ပါယ်

ဒုက္ခသစ္စာ ဆင်းရဲတာ အမှန် ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲ၏၊ အိုရခြင်းသည် ဆင်းရဲ၏၊မကျန်းမမာ ဖျားနာရ, အနာရောဂါ အမျိုးမျိုး ဖြစ်ရခြင်းသည် ဆင်းရဲ၏၊ သေရခြင်း-သေခါနီးနေခြင်းသည် ဆင်းရဲ၏၊ ရွံမုန်းအပ်သူတို့နှင့် အတူနေရခြင်းသည် ဆင်းရဲ၏၊ ချစ်အပ်သူတို့နှင့် ကွဲ၍ နေရခြင်းသည် ဆင်းရဲ၏၊ လိုချင်တာကို မရခြင်းသည် ဆင်းရဲ၏၊(ထို ဆင်းရဲအားလုံးသည် ဤခန္ဓာကိုယ် ရှိနေသည့်အတွက် ဖြစ်ရသောကြောင့်) အချုပ်အားဖြင့် ဤခန္ဓာကိုယ်သည် ဆင်းရဲအားလုံး၏ အကြောင်းဖြစ်၍ မကောင်းသော ဒုက္ခတုံးကြီး ဖြစ်သတည်း။

သမုဒယသစ္စာ ဒုက္ခဖြစ်ကြောင်း အမှန် တဏှာသည် တပ်မက် ခင်မင် လိုချင်တတ်၏၊ "လောဘ" ဟုလည်း ခေါ်ရ၏၊ ထိုတဏှာလောဘကို ဒုက္ခသစ္စာအားလုံး၏ အကြောင်းရင်း အခြေခံ အမှန်ပင် ဖြစ်သောကြောင့် "သမုဒယ သစ္စာ" ဟု ခေါ်သည်၊ ပဋိသန္ဓေနေရခြင်းဆင်းရဲမှစ၍ ဆင်းရဲ အမျိုးမျိုးသည် ဘဝ သစ်ကို ရခြင်းကြောင့် ဖြစ်၏၊ ထို ဘဝအသစ်ကိုလည်း ဤ တဏှာလောဘ၏ လိုချင်မှုကြောင့် ရကြသည်။

ကာမတဏှာ လောကီအာရုံ ကာမဂုဏ်တွေကို လိုချင်မှုသည် ဤ တဏှာလောဘပင် ဖြစ်၏၊ ဤတဏှာလောဘသည် ရလေ လိုလေ ဖြစ်၏၊ ပစ္စည်းဥစ္စာ မရှိသူ၌ စားဖို့ သောက်ဖို့ ဝတ်ဖို့ နေဖို့လောက်ကို လိုချင်၏၊ ထိုလိုချင်သလောက် ရသောအခါ ကောင်းကောင်းစားဖို့ ဝတ်ဖို့ နေဖို့လိုချင်ပြန်၏၊ ထိုအတိုင်း ရပြန်

သောအခါ အပိုခံစားဖို့ အပိုသိမ်းထားဖို့ လိုချင်ပြန်၏၊ ထိုလိုချင်မှုကား မီးခိုးမဆုံး မိုးမဆုံးပင် ဖြစ်၏။

နွားကြီးလေ နွားကလေး၌ ပေါက်ခါစ ဦးချိုကလေးသည် ဦးချိုရှည်လေ ပဌမသော် အဖုကလေးမျှသာ ဖြစ်၏၊ ထို အဖုကလေးသည် နွားကလေး ကြီးတိုင်း ကြီးတိုင်း ရှည်၍ရှည်၍ လာ၏၊ ထို့အတူ တရားဖြင့် မထိန်းနိုင် မချုပ်တည်းနိုင်သော လောဘသည် ကလေးဘဝမှစ၍ တစ်ဖြည်းဖြည်း ကြီး၍ ကြီး၍ လာခဲ့ရာ, သေခါနီးတိုင်အောင် နောက်မဆုတ်နိုင်ဘဲ ဖြစ်၏၊ ထိုလောဘ၏ တိုက်တွန်းမှုကြောင့် ပစ္စည်းရှာတိုင်း နေ့စဉ်နေ့စဉ် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ဖြစ်ရအတ်လေသည်။

သေခါနီး သေချိန်ရောက်၍ သေပေါက်သေဝသို့ ဝင်ရသောအခါ အချိန် မရဏဒုက္ခ အမျိုးမျိုးကို ခံစားရင်းပင် တစ်သက်လုံး တွယ်တာ စွဲလမ်းအပ်သော သက်မဲ့ပစ္စည်းတို့ကို လည်းကောင်း, သက်ရှိ သံယောဇဉ်တို့ကိုလည်းကောင်း မခွဲနိုင် မခွါရက်ဖြစ်နေရကား ထိုပစ္စည်း ထိုသံယောဇဉ်တို့ကပင် အဝေးသို့ မရောက်ဘဲ အိမ်အနီးအပါး၌ ပြိတ္တာဖြစ်အောင် သွေးဆောင်လေသည်၊ ထိုသို့ အနီးအပါး၌ မဖြစ်ဘဲ အခြားဘဝသို့ ရောက်ပြန်လျှင်လည်း ဇာတိဒုက္ခစသော ဒုက္ခအမျိုးမျိုးနှ တွေ့ရမည်သာ၊ နတ်ဘဝ၌ ဖြစ်ရသူသည်ပင် နောက်ဆုံးအချိန်၌ အလွန် ပူဆွေးသော မရဏဒုက္ခနှင့် တွေ့ရပါသေးသည်။ [နိုရောဓသစ္စာ၏ အဓိပ္ပါယ်ကို ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူခန်း၌ ပြပါမည်၊ မဂ္ဂသစ္စာကိုကား အနာဂတ်သာသနာ စမ္မစကြာခန်း၌ ရှုပါ။]

တရားကြေးမုံတော်ကြီး

ဗုဒ္ဓမြတ်စွာသည် ကောဋိရွာ၌ ကျွတ်ထိုက်သော သတ္တဝါတို့အလိုက် နေထိုက်သမျှ နေတော်မူပြီး၍ နာဋိကာရွာသို့ ကြွတော်မူ၏၊ ထိုရွာ၌ အရှင်အာနန္ဒာသည် ကွယ်လွန်ပြီးသော ရဟန်းယောကျ်ား ရဟန်းမိန်းမ, ဥပါသကာယောကျ်ား ဥပါသိကာမိန်းမ တို့၏ ရောက်ရာဂတိကို မြတ်စွာဘုရားအား မေးလျှောက်၏၊ ဗုဒ္ဓမြတ်စွာလည်း ထိုပုဂ္ဂိုလ်တို့၏ ရောက်ရာဂတိကို ဖြေတော်မူ၏၊ ဖြေတော်မူပြီးသောအခါ....

"အာနန္ဒာ.... ကွယ်လွန်တိုင်း ကွယ်လွန်တိုင်းသော ပုဂ္ဂိုလ်တို့၏ ရောက်ရာဂတိကိုမေးကြလျှင် ငါဘုရားပင်ပန်းရုံသာရှိမည်၊မည်သူ့ကိုမျှ မမေးဘဲ မိမိကိုယ်ကို မိမိ ဆုံးဖြတ်နိုင်ဖို့ရာ ဓမ္မာဒါသ(တရားတည်းဟူသော ကြေးမုံမှန်ကြီး)ကို ပြတော်မူမည်"ဟုမိန့်တော်မူ၍ "တရားမှန်တော်ကြီး"ဟု ဆိုရလောက်အောင်ပင် မိမိကိုယ်ကို မိမိကြည့်နိုင် မြင်နိုင်သော တရားတော်ကို ဟောတော်မူပါသည်။

"အာနန္ဒာ... အရိယာဖြစ်တော်မူသော ငါဘုရား၏ သာဝက(စကားနားထောင်သော တပည့်) ဖြစ်သူသည် အကြင် တရားတည်းဟူသော မှန်ကြီးနှင့် ပြည့်စုံသော မိမိကိုယ်ကို မိမိ သိမြင်ရသောအခါ "ငါ့မှာ ငရဲရောက်ဖို့ အကြောင်းလည်း ကုန်ပြီ၊ တိရစ္ဆာန်ဖြစ်ဖို့ အကြောင်းလည်း ကုန်ပြီ၊ ပြိတ္တာဖြစ်ဖို့ အကြောင်းလည်း ကုန်ပြီ၊ အပါယ်ဒုဂ္ဂတိသို့ ကျဖို့အကြောင်းလည်း ကုန်ပြီ၊ ါသည် သောတာပန်ဖြစ်ပြီ၊ ဖေါက်ဖေါက်ပြန်ပြန် အပါယ်လေး ါး၌ ကျရောက်ခြင်းသဘောမရှိတော့"ဟုမိမိကိုယ်ကို မိမိဘာသာ

ပြောဆိုနိုင်၏၊ ထိုသို့ ပြောဆိုနိုင်ကြောင်းဖြစ်သော တရားကြေးမုံ (မှန်ကြီး)ဟူသည် အဘယ်နည်း၊- ဤသို့ မေးအံ့ —

၁။ အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သာဝက သည် ဗုဒ္ဓမြတ်စွာ၏ အရဟတာ စသော ဂုဏ်တော်တို့ကို စေ့စေ့ငုငု ဉာဏ်ဖြင့် ရှု၍ အာရုံပြုသောအခါ ဗုဒ္ဓမြတ်စွာ၌ နှစ်နှစ်ကာက လွန်စွာ ကြည်သိုသော သဒ္ဓါတရား ဖြစ်ပေါ်လာ၏၊ ဤသို့ မြတ်စွာ ဘုရား၏ အပေါ်၌ "အဝေစ္စ+ပသာဒ — (ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုခြင်း)"ဟု ခေါ်ရလောက်အောင် ပညာရှေ့သွားရှိသော သဒ္ဓါတရားနှင့် ပြည့်စုံ၏။

၂။ အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သာဝက သည် တရားတော်၏ သွာက္ခာတတာစသော ဂုဏ်တော်တို့ကို စေ့ စေ့ငုငု ဉာဏ်ဖြင့်ရှု၍ အာရုံပြုသောအခါ တရားတော်၌ နှစ်နှစ်ကာက လွန်စွာ ကြည်သိုသော သဒ္ဓါတရား ဖြစ်ပေါ်၏၊ ဤသို့ တရား တော်၏ အပေါ်၌ "အဝေစ္စ + ပသာဒ - (ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုခြင်း)"ဟု ခေါ်ရလောက်အောင် ပညာရှေ့သွားရှိသော သဒ္ဓါတရားနှင့် ပြည့်စုံ၏။

၃။ အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သာဝက သည် အရိယာဖြစ်ပြီးသော သံဃာတော်၏ သုပ္ပဋိပန္နတာ စသော ဂုဏ်တော်တို့ကို စေ့စေ့ငုငုဉာဏ်ဖြင့်ရှု၍အာရုံပြုသောအခါ အရိယာ သံဃာတော်၌ နှစ်နှစ်ကာကာ လွန်စွာ ကြည်ညိုသော သဒ္ဓါတရား ဖြစ်ပေါ်လာ၏၊ ဤသို့ အရိယာသံဃာတော်၏အပေါ်၌ "အဝေစ္စ ပသာဒ=ဉာဏ်ဖြင့် သက်ဝင်၍+ကြည်ညိုခြင်း" ဟု ခေါ်ရလောက် အောင် ပညာရှေ့သွားရှိသော သဒ္ဓါတရားနှင့် ပြည့်စုံ၏။

၄။ အရိယာဖြစ်သူတို့ အလွန် နှစ်သက်အပ်သော, မကျိုး မပေါက် မပြောက် မကျားသော, တဏှာဖြင့် လောကီ စည်းစိမ် ကိုလည်း မတောင်းတသော, ပညာရှိတို့ ချီးမွမ်းအပ်သော,တဏှာ ဒိဋ္ဌိတို့ဖြင့် မသုံးသပ်အပ်သော , ဥပစာရသမာဓိ အပ္ပနာသမာဓိကို ဖြစ်စေနိုင်သော ငါးပါးသီလနှင့် ပြည့်စုံ၏။

ဤ ပြည့်စုံခြင်း ၄ ပါးသည် မိမိကိုယ်ကို စဉ်းစား၍ ကြည့်သော အခါ ငရဲစသည်မှ လွတ်ပြီဟု သိမြင်နိုင်သော တရားတော် ကြေးမုံ မှန်ကြီးဖြစ်၏၊ ဤကြေးမုံမှန်ကြီးကိုကြည့်၍ မိမိကိုယ်ကိုမိမိဘာသာ "ငရဲလဲ ကုန်ပြီ, တိရစ္ဆာန်အမျိုးလဲ ကုန်ပြီ,ပြိတ္တာဘဝလဲ ကုန်ပြီ, မကောင်းသော ဒုဂ္ဂတိဟူသမျှလဲ ကုန်ပြီ,သောတာပန် ဖြစ်ပြီ"ဟု ပြောနိုင်သည်၊ ဤသို့ မိမိကိုယ်ကိုကြည့်၍ မိမိဘာသာပြောနိုင်ကြောင်း ကောင်းမြတ်သော တရားထောက်မှန်ကြီး ဟူသည် ဤ ၄ ပါးပင် ဖြစ်သတည်း။

အဓိပ္ပါယ် ရှင်းပြချက်

သီလကို စဉ်းစားခြင်း "မိမိကိုယ်ကို ငရဲစသည်မှ လွတ်ပြီ" ဟု ဆုံးဖြတ်နိုင်လောက်အောင် ပြည့်စုံရမည့် အင်္ဂါ ၄ ပါးတွင် ရှေးဦးစွာ မိမိသီလ၏ စင်ကြယ်- မစင်ကြယ် ကို စဉ်းစားသင့်ပါသည်၊ ထို့ကြောင့် လူဝတ်ကြောင် ဖြစ်လျှင် ငါးပါးသီလ, အာဇီဝဋ္ဌမကသီလနှင့် ပြည့်စုံနေပုံကို အာရုံပြုပါ၊ ပြည့်စုံ၍ မဖြစ်၊ ကေန်ပြည့်စုံရမည့် သီလများ ဖြစ်ပါသည်၊ ၅ ပါး သီလကို အရိယာပုဂ္ဂိုလ်တို့သည် အလွန် နှစ်သက်ကြ၏၊ အရိယာ ဖြစ်ပြီးသူသည် တစ်ဘဝ ပြောင်းသွားသော်လည်း နောက် ဘဝ

မည်သူ့ထံမျှ သီလမခံရဘဲ ၅ ပါးသီလ ပြည့်စုံနေ၏၊ ထို့ကြောင့်
၅ပါးသီလနှင့် အသက်မွေးဝမ်းကျောင်း စင်ကြယ်သော အာဇီဝ
ဋ္ဌမကသီလသည် မပြည့်စုံလျှင် မဖြစ်၊ ကေန် ပြည့်စုံရမည့်(ခါးဝတ်
ကဲ့သို့ မြဲရမည့်) ဂုဏ်အင်္ဂါတစ်ပါး ဖြစ်ပါသည်။

မှတ်ချက်။ ။အသက်မွေးဝမ်းကျောင်း မစင်ကြယ်၍ အာဇီဝဋ္ဌမက
သီလပျက်လျှင် ပါဏာတိပါတသော် လည်းကောင်း, အဒိန္န
ဒါနသော်လည်းကောင်း,မုသာဝါဒသော်လည်းကောင်း,ပျက
တတ်သောကြောင့် ၅ပါးသီလကို စင်ကြယ်စေလိုသော ပုဂ္ဂိုလ
သည် အာဇီဝဋ္ဌမကသီလကိုလည်း စောင့်ထိန်းပြီးဖြစ်ရမည်-
မှတ်ပါ။ [၈ါးပါးသီလ အာဇီဝဋ္ဌမက သီလတို့ကို ရတန
ဂုဏ်ရည်၌ ပြထားပါသည်။]

ဥပုသ်သည်နှင့် ရှစ်ပါးသီလကို ထိန်းရသော ဥပုသ်သည
ယောဂီ သီလရှင်များ သို့မဟုတ် — ယောဂီ သူတော်စင် သီလ
ဖြစ်လျှင် မိမိ၏ ဥပုသ်သီလကို အလ
စင်ကြယ်အောင် မာလာဂန္ဓ ဝိလေပန (ပန်းနံ့သာ ရေမွှေးဆပ်ပ
နှင့် မသိမသာ မျက်နှာချေပေါင်ဒါ သုံးစွဲမှု) ကိုပါ အထူး ရှေ
ကြဉ်ရပါသည်၊ လုပအောင် ဝတ်ရ, အရသာခံ၍ စားရဘေ
အဝတ် အစားများကို ရှောင်ရှား၍ သန့်ရှင်းရုံ အဝတ်, ကျန်းမ
အစာများကိုသာ ဝတ်ရုံ စားသုံးနိုင်လျှင် ကျန္ဒြိယသံဝရသီလလ
စင်ကြယ်နိုင်ပါသည်။

သာမဏေများ ရှင်သာမဏေများသည် မိမိတို့ အမြဲ ထိန်းသ
ရသော မထိန်းလျှင် မဖြစ်, ကေန် ထိန်းရဘေ
၁၀ပါးသီလကိုလည်းကောင်း, ဆွမ်းသက်နုံး ဓ ၂ချိန်း ဆေးပ

၄ ပါးတို့ကို နေ့စဉ် ဆင်ခြင်ရသော ပစ္စယသန္နိဿိတသီလကိုလည်း
ကောင်း, ရွာတွင်းသို့ (ကျန်းမာရေး မထိခိုက်လျှင်) ဖိနပ်မစီးပဲ
သက်န်းရုံမျက် စက္ကုန္ဒြေချ၍ သွားရခြင်းစသော သေခိယသိက္ခာ
ပုဒ်များကိုလည်းကောင်း, မစောင့်ထိန်းလျှင် မဖြစ်သော , ကေန်
စောင့်ထိန်းရမည့် သိက္ခာပုဒ် သီလများ ဖြစ်ပါသည်။

ရဟန်းတော်များ ရဟန်း ဖြစ်သောအခါ ရှင်သာမဏေထက်ပင်
ပို၍ ထိန်းသိမ်းရသော သိက္ခာပုဒ်သီလတော်
များကို တစ်ပါးတလေမျှ မပျက်ရအောင် ထိန်းသိမ်းနိုင်မှသာ
"သီလနှင့် ပြည့်စုံခြင်း" ဟူသော ၄ ပါးမြောက် ဂုဏ်အင်္ဂါနှင့်
ပြည့်စုံနိုင်ပါသည်။

အကျိုးအဆက်ဆက် ဆိုင်ရာသီလများနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်
မိမိသီလကို မကြာမကြာ ဆင်ခြင်တိုင်း စိတ်
နှလုံး ရွှင်လန်း ဝမ်းမြောက်မှု ပါမောဇ္ဇဖြစ်၏၊ ထိုဝမ်းမြောက်မှုမှ
ဆက်၍ကိုယ့်သီလကို နှစ်သက်မှုပီတိဖြစ်၏၊ထိုပီတိမှတစ်ဆင့်တက်၍
ကိုယ်ရော စိတ်ပါ ငြိမ်းချမ်းမှု ပဿဒ္ဓိဖြစ်၏၊ ထိုကဲ့သို့ နှစ်သက်ဖွယ်
များနှင့် ပြည့်စုံနေသော ပုဂ္ဂိုလ်သည် ငရဲ တိရစ္ဆာန် ပြိတ္တာ မဖြစ်
နိုင်တော့၊ ကေန်မုချ သုဂတိဘဝသို့သာ ရောက်ဖို့ ရှိတော့သည်၊
အကယ်၍ မိမိ စောင့်ထိန်းရမည့် သီလထည်းမှ တစ်ပါးတလေမျှ
ပျက်ခဲ့လျှင် တိရစ္ဆာန် ပြိတ္တာဘဝမှ မလွတ်ကြဘဲ သာမန်လူများ
ကဲ့သို့ ဖြစ်ရတတ်ပါသေးသည်။

ထို့ပြင်—သီလပင် စင်ကြယ်စေကာမူ သံယောဇဉ် မကင်းတတ်
သူတို့အတွက် ထို သံယောဇဉ်တို့ကပင် အနီးအပါးမှ ခွါ၍ မသွား
နိုင်အောင် ဆွဲဆောင်၍ ထားတတ်သည်ကိုလည်း သတိပြုသင့်သေး

၏၊ ထို့ကြောင့် အရှည်ကို မြော်သော သူတော်စင်ဟူသမျှတို့ သက်ရှိသက်မဲ့ သံယောဇဉ်တို့ကို မတွယ်တာနိုင်အောင်သတိထား မိမိသိလာကိုသာ မှတ်သစ်စ ခရုဆင်းကဲ့သို့ ဖြူစင် သန့်ရှင်းအော ကြိုးစားသင့်ကြပါသည်။

ဗုဒ္ဓ၏ ဂုဏ်တော်များကို ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုပုံ

သိရီဘုန်းတော် "ရွှေမျက်နှာတော်, လက် ခြေတော်မှ, စ၍မကြွင်း ပင်လုံးဝင်းသည့်, ပန်းမင်း အနေ, ကြက်သ မင်္ဂလာ, စုဝေးကာဖြင့်, လွန်စွာတင့်တယ်, သပ္ပါယ်တော်မူသော သိရီဘုန်းတော်" — ဤ ဘုန်းတော်သည် ဘဂဝါ ဂုဏ်တော်တ ပါဝင်သော ဂုဏ်တော်များဝယ် တစ်ပါးမျှသာ ရှိသေး၏။

အဝေစ္စ ပသာဒ ထိုမျှလောက် သပ္ပါယ်တော်မူသော ရုပ်အဆ တော်ကို ရတော်မူခြင်း၏ အကြောင်းမှာ အ မရှိဖြည့်တော်မူအပ်ခဲ့သော ကောင်းမှု ပါရမီတော်များ ဖြစ်၏၊ ကောင်းမှု ပါရမီတော်များကြောင့် ထိုမျှလောက် သပ္ပါယ်တော ပုံကို ရတနာ့ဂုဏ်ရည် အစဆုံး ရုပ်ပုံတော်အဖွင့်၌ ပြခဲ့ပါပြီ၊ အဖွင့်အတိုင်းကြည့်ရှု၍ ရုပ်အဆင်း၏ သပ္ပါယ်တော်မူပုံကို ဉာ ဖြင့် သက်ဝင်၍ ယုံကြည်သောအခါ ထို ဂုဏ်တော်အတွက် မြတ်စွာ၌ အဝေစ္စပသာဒ (ဉာဏ်ဖြင့် သက်ဝင်၍ ယုံကြည်ခြ ဖြစ်ပြီဟု မိမိဘာသာ ဆုံးဖြတ်၍, ထို ယုံကြည်ပုံကို မှန်၌ ကြည့်သ ဉာဏ်ဖြင့် အထပ်ထပ် ရှုပါ။

အရဟံဂုဏ်တော် "တစ်ထောင့်ငါးရာ, ကိလေသာတို့, ဝါသနာ မလေ့, အထုံငွေ့မျှ, မငွေ့မရိပ်, ဝင်းဝင်းဖိတ်သို့, ရွှေစိတ် ပျံ့သင်း, အလွန် သန့်ရှင်းသော အရဟံဂုဏ်တော်..." ပြအပ်ခဲ့ပြီးအတိုင်း သက်တော်ထင်ရှား မြတ်ဘုရားကို ထင်မြင်လာသောအခါ ထိုမြတ်ဘုရား၏ ပုံတော်အတွင်း၌ ဤအရဟံဂုဏ်တော်ကို သွင်း၍ အာရုံပြုပါ၊ အလွန် သပ္ပါယ်သော ရုပ်ပုံတော်ဝယ် "လောဘ, ဒေါသ" စသော ကိလေသာ အနောက်အကျုကင်း၍ သန့်ရှင်း စင်ကြယ်သော စိတ်တော်ကို ဖူးမြင်ရပါလိမ့်မည်။

အဝေစ္စပသာဒ သိရီဘုန်းတော်ကြောင့် ကြက်သရေမင်္ဂလာစုဝေးကာဖြင့် လွန်စွာ တင့်တယ် သပ္ပါယ်တော်မူသော သက်တော်ထင်ရှား မြတ်ဘုရား အတွင်း၌ ကိလေသာ အနောက်အကျု ကင်း၍ သန့်ရှင်းသော စိတ်တော်ကို အာရုံပြုရသောအခါ ဗုဒ္ဓမြတ်စွာ အပေါ်၌ ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုသော စိတ် ဖြစ်ပေါ်လာပါလိမ့်မည်၊ ထို စိတ် ဖြစ်သောအခါ ဗုဒ္ဓမြတ်စွာ၏ အရဟံ ဂုဏ်တော်ကို ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုသော အဝေစ္စ ပသာဒ ဖြစ်ပြီဟု မိမိကိုယ်ကို ဆုံးဖြတ်နိုင်ပါသည်။

သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် သဗ္ဗညုဉာဏ်အား, စွမ်းပကားဖြင့်, များသင်္ခါရ, ဝိကာရနှင့်, လက္ခဏပညတ်, နိဗ္ဗာန်ခတ် ဟု, ၅ ရပ် သိရန်, ဉေယျမယ်ကို, ဖေါက်ပြန်မရှိ, ကိုယ်တော်တိုင် သိတော်မူသော သမ္မာသမ္ဗုဒ္ဓဂုဏ်တော်..." ဤဂုဏ်တော်၌ ပြအပ်သော သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်ဟူသော သိဖွယ် တရား ၅ ပါးကို အကြမ်းအားဖြင့် နားလည်အောင် ရတနာ့ဂုဏ်ရည်

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အဖွင့်ကို ကြည့်ပါ၊ထိုတရားတို့ကို သိတော်
ရာ၌ ရဟန္တာ သာဝကများကဲ့သို့ သူတစ်ပါးအထံမှ တစ်ဆင့် ကြ
နာရ၍ သိတော်မူခြင်းမဟုတ်ဘဲ ကိုယ်တော်၏ ဉာဏ်ဖြင့် ထိုးထွ
၍ သိတော်မူသောကြောင့်လည်းကောင်း, ထိုသို့ သိရာဝယ် တစ်
တစ်ခုမျှ အမှား အယွင်း မရှိသောကြောင့်လည်းကောင်း "သမ္
ဗုဒ္ဓ-အမှန်အတိုင်း သိတော်မူသော ဘုရား၊ သံဗုဒ္ဓ-ကိုယ်တော်တ
သိတော်မူသော ဘုရား" ဟု ပညာရှိ လူနတ် ဗြဟ္မာတို့ ချီးမွမ်း
ပါသည်၊ ဤနေရာဝယ် သဗ္ဗညုတာဉာဏ်တော်၏ အစွမ်း ၃ ပါး
ဖော်ပြသော အောက်ပါလင်္ကာ ၃ ပုဒ်ကို အရကျက်၍ သမ္မာသမ္ဗု
ဂုဏ်တော်ကို **အာရုံပြု**ပါ။

၁။ သိရန်မှန်က, မကျန်ရအောင်, လုံးဝစုံလင်, အကုန်မြ
သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

၂။ သိအည့်တရား, များအပြား၌, ဟောထား စဖွယ်, နဉ
သွယ်သွယ်ကို, ခြယ်လှယ်စုံလင်, အကုန်မြင်, သဗ္ဗဉ်ဉာ
တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ, များဝေနေ၏, ဇလန္ဒြေစရိုက်,
အကြိုက်ကို, နှိုက်ချွတ်စုံလင်,အကုန်မြင်,သဗ္ဗဉ်ဉာဏ်ေ
အစွမ်းတည်း။

အဝေစ္စပသာဒ သိရှိဘုန်းတော်ဖြင့် သပ္ပါယ်သော ရုပ်အဆင်
အရဟံဂုဏ်တော်ဖြင့် သန့်ရှင်း စင်ကြယ်သေ
စိတ်တော်အစဉ်ဝယ် ဤသမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖြင့် သဗ္ဗညုတဉ
တော်ကြီးကို မကြာမကြာ ယှဉ်လျက် ဖြစ်ပုံကို အာရုံပြုလိုက်
ထိုသို့ အာရုံပြု၍ သဒ္ဓါ ပညာ ၂ ပါးဖြင့် ယုံကြည်လာသောအ

ဗုဒ္ဓမြတ်စွာ၏ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၌ အဝေစ္စပသာဒ (ဉာဏ်ဖြင့် ဆက်ဝင်၍ကြည်ညိုခြင်း)ဖြစ်ပြီဟု မိမိကိုယ်ကို ဆုံးဖြတ်နိုင်ပါသည်။

ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော် "ဝိဇ္ဇာ ၃ ပါး, ဝိဇ္ဇာ ၈ ပါး, စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်—" ဤ ဂုဏ်တော်၌ ပြအပ်သော ဝိဇ္ဇာဟူသည် ဉာဏ်ပညာတည်း၊ စရဏဟူသည် အကျင့်တည်း၊ဝိဇ္ဇာသည် သိမြင်တတ်သောကြောင့် မျက်လုံး ၂ ဖက်နှင့် တူ၏၊ စရဏသည် ကောင်းသော နေရာသို့ ရောက်ကြောင်းဖြစ်သောကြောင့် ခြေ ၂ ဖက်နှင့် တူ၏၊ ဗုဒ္ဓမြတ်စွာသည် ဝိဇ္ဇာဂုဏ်တည်းဟူသော ဉာဏ်ပညာ မျက်လုံးတော် ၂ ဖက်, စရဏဂုဏ်ဘည်းဟူသော ခြေတော် ၂ ဖက်နှင့် ပြည့်စုံတော်မူသောကြောင့် ဘုရားဖြစ်တော်မူသည့်တိုင်အောင် လိုရာခရီးသို့ ရောက်တော်မူခဲ့ပါသည်။

ဝိဇ္ဇာ ၃ ပါး "ပု-ဒိ-အာ" ဟု ပြောရိုးရှိသည့်အတိုင်း— (ပု) ပုဗ္ဗေနိဝါသာနုဿတိဉာဏ် = ရှေး ဖြစ်ဟောင်းကို အောက်မေ့နိုင် သိမြင်နိုင်သော ဉာဏ်တော်, (ဒိ) ဒိဗ္ဗစက္ခုဉာဏ်= နတ်မျက်စိမျှ မက,အလွန်သေးငယ်သော အဆင်းကိုလည်းကောင်း၊ တိုက်နံရံစသည် ကွယ်နေသော အဆင်းကို လည်းကောင်း အလွန်ဝေးကွာသော အရပ်၌ပင် ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့ မြင်နိုင်သော ဉာဏ်တော်, (အာ) အာသဝက္ခယဉာဏ်တော်=တစ်သံသရာလုံး၌ စွဲကပ်၍ ပါလာသော ကိလေသာ အာသဝေါတို့ကို ကုန်စေနိုင်သော ဉာဏ်တော်၊ (အရဟတ္တမဂ်ဉာဏ် ဟုလည်း ခေါ်သည်၊) ဤ ၃ ပါးကို ဝိဇ္ဇာ ၃ ပါးဟု ခေါ်ရသည်။

ဝိဇ္ဇာ ၈ ပါး ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, စေတောပရိယဉာဏ်,— ဤ ၅ ပါးကို ထပ်၍ထည့်လျှင် ဝိဇ္ဇာ ၈ ပါး ဖြစ်၏၊ ဤ ၅ ပါးအကျယ် ကိုကား အဘိဓမ္မာလေ့လာပြီးသူ, အထက်တန်း ကျမ်းစာများကို လေ့လာပြီးသူ ဖြစ်လျှင် အလွယ်တကူ သိနိုင်ပါသည်၊ ဤနေရာ၌ ပြရုံဖြင့်ကား နားလည်မည် မဟုတ်ပါ။

စရဏ တစ်ဆယ့်ငါးပါး "သီ-ဣန်-ဘော-ဇာ, သဒ္ဓမ္မာခွန်, ရူပ ဈာန် ဟူ, ၅ တန် စွန်းကယ်, ဆယ် စရဏ" ဟူသည်နှင့် အညီ, (၁) သီ=သီလ, (၂) ဣန်=ဣန္ဒြိယသံဝရ, (၃) ဘော=ဘောဇနေ မတ္တညုတာ, (၄) ဇာ=ဇာဂရိယာ နုယောဂ, (၅, ၁၁) သဒ္ဓမ္မာ ခွန်=သူတော်ကောင်းတရား ခုနစ် ပါး, (၁၂, ၁၅) ရူပဈာန် ၄ ပါး၊ ဤ တစ်ဆယ့်ငါးပါးကို "စရဏ (၁၅ ပါး" ဟု ခေါ်သည်။

သီလ ဗုဒ္ဓမြတ်စွာသည် ဘုရားမဖြစ်မီ ဒုက္ကရစရိယာ ကျင့်တော် မူ၍အခါကပင် လောက၌ သူတော်ကောင်းတို့ စောင့် ထိန်းထိုက်သော သီလအား လုံးကို ဖြူစင်သန့်ရှင်းအောင် စောင့်သုံး တော်မူခဲ့၏၊ ဘုရားဖြစ်တော်မူပြီးရာအခါ၌မူ ထိုသီလအားလုံးသည် ပွတ်သစ်စ ရွှေသင်းကဲ့သို့ ဖြူစင်သန့်ရှင်းပါသည်၊ ဤ နေရာဝယ် ဗုဒ္ဓမြတ်စွာ၏ သီလတည်းဟူသော စရဏဂုဏ်နှင့် ပြည့်စုံတော်မူပုံကို လေးလေးမြတ်မြတ် အာရုံပြုလိုက်ပါ။

ဣန္ဒြိယသံဝရ "စက္ခုန္ဒြေ, သောတိန္ဒြေ" စသောအားဖြင့် ဣန္ဒြေ ၆ ပါးရှိ၏၊ မျက်စိဖြင့် အာရုံအမျိုးမျိုးကို တွေ့မြင် ရာဝယ် သာယာမှု နှစ်သက်မှုဟူသော လောဘလည်း မဖြစ်အောင်

စိတ်ဆိုးမှု ရွံမုန်းမှု မနှစ်သက်မှုဟူသော ဒေါသဆိုင်ရာလည်း မဖြစ် အောင် ဘုရားအလောင်းတော်ဘဝကပင် အစဉ်သတိထား၍ စက္ခု န္ဒြေကို စောင့်စည်းတော်မူသောကြောင့် ဘုရားဖြစ်တော်မူရာအခါ ၌မူ အလွန် သန့်ရှင်းသော စက္ခုန္ဒြိယသံဝရနှင့် ပြည့်စုံတော်မူပါ သည်၊... နားနှင့်ဆိုင်ရာ သောတိန္ဒြေကို စောင့်စည်းတော်မူခြင်း, နှာခေါင်းနှင့်ဆိုင်ရာ ဃာနိန္ဒြေကို စောင့်စည်းတော်မူခြင်း, လျှာနှင့် ဆိုင်ရာ ဇိဝှိန္ဒြေကို စောင့်စည်းတော်မူခြင်း, ခန္ဓာကိုယ်၏ အတွေ့ အထိနှင့်ဆိုင်ရာ ကာယိန္ဒြေကို စောင့်စည်းတော်မူခြင်း, စိတ် မနော သက်သက်နှင့်ဆိုင်ရာ မနိန္ဒြေကို စောင့်စည်းတော်မူခြင်းတို့၌လည်း ဘုရားအလောင်း ဘဝတုန်းကစ၍ အလွန် သန့်ရှင်းတော်မူခဲ့၏၊ ဘုရားဖြစ်တော်မူရာ အခါ၌မူ အလွန် သန့်ရှင်း စင်ကြယ်သော ဣန္ဒြိယသံဝရနှင့်ပြည့်စုံတော်မူပါသည်၊ ဤနေရာဝယ် ဗုဒ္ဓမြတ်စွာ၏ ဣန္ဒြိယသံဝရ တည်းဟူသော စရဏဂုဏ်နှင့် ပြည့်စုံတော်မူပုံကို လေးလေးမြတ်မြတ် အာရုံပြုလိုက်ပါ။

ဘောဇနေ မတ္တညုတာ အစား, အဝတ်, နေရာထိုင်ခင်းတို့၌ အဖိုး တန်၍ အကျိုး မများသော ပစ္စည်းတို့ကို မသုံးစွဲဘဲ ကျန်းမာ၍ သတ္တဝါတို့ကို ဟောပြောနိုင်လောက်အောင် ကျေးဇူးပြုသော အစား, အဝတ်, နေရာထိုင်ခင်းတို့ကိုသာ သုံးစွဲ တော်မူခြင်းသည် "ဘောဇနေ မတ္တညုတာ" မည်၏၊ [ဘောဇနေ-စား, ဝတ်, နေမှု၌+မတ္တ-ကိုယ်နှင့်သင့်တော်ရုံပမာဏကို+ညုတာ-သိခြင်း။] ဗုဒ္ဓမြတ်စွာသည် တစ်ရံတစ်ခါ လူအများ၏ သဒ္ဓါတရား အလိုက် အဖိုးတန်သော ပစ္စည်းများကို သုံးစွဲတော်မူရသော်လည်း ထို ပစ္စည်းများကို သာယာတော်မမူပါ၊ အမြဲအားဖြင့် ဆွမ်းခံ၍

ဘုဉ်းပေးတော်မူ၏၊သက်န်းကိုလည်း တစ်ရံတစ်ခါ သုသာန်စသည်၌ ပစ်ထားအပ်သော အဝတ်ကို ယူတော်မူ၍ ပံသုကူသင်္ကန်း ချုပ်တော်မူပါသည်၊ ကျောင်းနှင့်ဇေ၍ မျှားစွာသော အရပ်တို့၌ သစ်ပင် အောက်ဝယ် သီတင်းသုံးတော်မူ၍ ထို သစ်ပင်အောက်မှာပင် ပရိသတ်အများကို တရားဟောတော်မူပါသည်၊ ဤနေရာဝယ် ဗုဒ္ဓမြတ်စွာ၏ အောဇနေ မတ္တညုတာ ဟူသော စရဏဂုဏ်နှင့် မြည့်စုံတော်မူပုံကို လေးလေးမြတ်မြတ် အာရုံပြုလိုက်ပါ။

ဓာဂရိယာနုယောဂ အအိပ်နည်းပါး၍ နိုးနိုးကြားကြားရှိအောင် အမြဲအားထုတ်မှုကို "ဓာဂရိယာနုယောဂ" ဟု ခေါ်၏၊ [ဇာဂရိယ– နိုးနိုးကြားကြားရှိ၍ အအိပ် နည်းပါးအောင်+အနုယောဂ-အားထုတ်ခြင်း။] ဗုဒ္ဓမြတ်စွာသည် သတ္တဝါအများကို ဟောပြော ဆုံးမရသော အချိန်က လူဝတ်ကြောင်များအတွက်, ရဟန်းတော်များအတွက်, နတ်ဗြဟ္မာများအတွက် အားဖြင့် များလှသောကြောင့် ကျိန်းစက်တော်မူဖို့ရာ အချိန်သည် လွန်စွာ နည်းပါးလှ၏၊ ညဥ့်သန်းခေါင်ကျော်တိုင်အောင် နတ်များကို တရားဟောတော်မူရ, မေးလျှောက်သမျှပြဿနာများကို ဖြေတော်မူရ၏။

ဗုဒ္ဓမြတ်စွာ၏ နေ့စဉ်အလုပ်များ ဗုဒ္ဓမြတ်စွာသည် နံနက်စောစော ထတော်မူ၍ ဟနေ့အဖို့ ကျွတ်ထိုက်သူများကို ဉာဏ်တော်မြင့် ဖြန့်၍ ကြည့်ရှုတော်မူ၏၊ ဉာဏ်တော်အတွင်း၌ ပါဝင် တွေ့မြင်လာလျှင် သင့်တော်သောအချိန်၌ ထိုသူရှိရာသို့ကြွ၍ တရားဟောတော်မူ၏၊နံနက်မိုးသောက်အလင်းရောက်သောအခါ ဆွမ်းခံ ရာ မြို့ရွာတွင်းသို့ ကိုယ်တော်တစ်ပါးတည်း

သီးခြားဖြစ်စေ,ရဟန်းတော်များနှင့်အတူဖြစ်စေ ဆွမ်းခံဝင်တော်မူ၏၊ ဆွမ်းခံတော်မူယင်း မကြာမကြာ တရားဟော၍ အကျွတ်တရား ရစေတော်မူခဲ့၏၊ ဆွမ်းခံပြန်၍ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ရဟန်းတော်အားလုံး ဆွမ်းစားပြီးသည့် တိုင်အောင် စောင့်ဆိုင်းတော်မူပြီးလျှင် စုံညီသောအခါ "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ"အစရှိသော ဩဝါဒကို ပေးတော်မူ၏။

ထိုနေရာ၌ အချို့ ရဟန်းတို့အား ကမ္မဋ္ဌာန်း ပေးတော်မူ၏၊ ထို့နောက် ဂန္ဓကုဋိသို့ ဝင်တော်မူ၍ တစ်ခဏမျှ ကျိန်းစက်လိုလျှင် ကျိန်းစက်တော်မူ၏၊ ထို့နောက် ထတော်မူ၍ ချွတ်ထိုက်သူများကို ကြည့်တော်မူပြီးလျှင် နေလွဲအချိန်၌ တရားနာလာကြသော ပရိသတ်တို့အား တရားဟောတော်မူ၏၊ ညနေစောင်း၍ ပရိသတ်များ ပြန်သွားသောအခါ ရေသုံးသပ်တော် မူ၏၊ ထို့နောက် တစ်ခဏမျှ တစ်ပါးတည်း ကိန်းအောင်းတော်မူသည်၊

နေဝင်၍ မကြာခင် ရဟန်းတော်များရောက်လာကြ၏၊တချို့က ပြဿနာမေးကြ, တချို့က ကမ္မဋ္ဌာန်းတောင်းကြ, တချို့က တရားဟောတော်မူရန် တောင်းပန်ကြ၏၊ ဗုဒ္ဓမြတ်စွာလည်း အားလုံးအလိုကို ဖြည့်တော်မူ၏၊ထိုရဟန်းများ ပြန်သွားကြသောအခါ ညဉ့်ဦးယာမ် ကုန်လွန်၍ ၁၀ နာရီကျော် လူခြေတိတ်ချိန်လောက် ရောက်နေပြီ၊ ထိုအခါ နတ် ဗြဟ္မာ အများပင် ဘုရားဖူး တရားနာ ပြဿနာမေးဖို့ရန် လာကြ၏၊ ထိုနတ်ဗြဟ္မာအများလည်း အလိုဖြည့်၍ ပြန်ကြသောအခါ သန်းခေါင်ကျော်၍ နာရီပြန် ၂ ချက်လောက် ရှိပေမည်၊ထိုအခါမှစ၍ နောက်ဆုံးမိုးသောက်ယာမ်ကို ၃ ပိုင်း ပိုင်းပြီးလျှင် ပဌမပိုင်းအချိန်ဝယ် တစ်နာရီကျော်ကျော်

စကြံ လျှောက်တော်မူ၏၊ (တစ်နေ့လုံး တစ်ညလုံး အထိုင်များသော ကြောင့် ဖြေတော်မူခြင်းဖြစ်ဟန် တူပါသည်။) ဒုတိယပိုင်းအချိန်၌ ဂန္ဓကုဋီသို့ ဝင်တော်မူ၍ လျောင်းစက်တော်မူ၏၊ တတိယပိုင်း အချိန်၌ကား အစဉ် ပြခဲ့သည့်အတိုင်း ချွတ်ထိုက်သူများကို ကြည့်ရှု တော်မူကာ ထိုနေ့အတွက် ကိစ္စလုပ်ငန်းများကို စနတည်တော်မူပြန် သည်၊ ဤသို့ ကျိန်းစက်တော်မူဖို့ရာ အချိန်သည် လွန်စွာ နည်းပါး တော်မူရကား "ဇာဂရိယာနုယောဂ" ဟူသော စရဏဂုဏ်နှင့် ပြည့်စုံတော်မူပုံကို လေးလေးမြတ်မြတ် အာရုံပြုလိုက်ပါ၊

သူတော်ကောင်းတရား ၇ ပါး "သဒ္ဓါ-သတိ, ဟိရီ-ဩတ္တပ္ပ, ဝီရိယနှင့် သုတ-ပညာ, ခုနစ်ဖြာ, သဒ္ဓမ္မာဟု ပြ" ဟူသည်နှင့်အညီ ဗုဒ္ဓမြတ်စွာသည် ပါရမီ ဖြည့်တော်မူစဉ်အခါ၌လည်းကောင်း, နောက်ဆုံးဘဝဝယ် ဘော ထွက်တော်မူပြီးနောက် ၆ နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်တော်မူစဉ် အခါ၌လည်းကောင်း, ဆဒ္ဒါစသော ဤ သူတော်ကောင်းတရား ၇ ပါးနှင့် ပြည့်စုံတော်မူ၏၊ ဗုဒ္ဓမြတ်စွာဖြစ်တော်မူရာ အခါ၌ကား ထို သူတော်ကောင်းတရား ခုနစ်ပါးသည် အထွတ်အထိပ်သို့ ရောက် အောင် ကြီးမားတော်မူ၏၊ ဤနေရာဝယ် အားလပ်ချိန်မရအောင် အလွန် ကြီးမားသော ဝီရိယဟူသော စရဏဂုဏ်နှင့် ပြည့်စုံတော်မူပုံ ကိုလည်းကောင်း, ပညာတော်အညီးဟူသော စရဏဂုဏ်နှင့် ပြည့်စုံ တော်မူပုံကိုလည်းကောင်း လေးလေးမြတ်မြတ် အာရုံပြုလိုက်ပါ။

ဈာန် ၄ ပါး ပဌမဈာန်ကို ရလျှင် ကာမဂုဏ်ကို လိုလားသော ကာမစ္ဆန္ဒနီဝရဏ, ဒေါသဖြစ်တတ်သော ဗျာပါဒ နီဝရဏ, အအိပ် အငိုက်များ၍ စိတ် စေတသိက်တရားတို့ကို ထိုင်း

မှိုင်းစေတတ်သော ထိနမိဒ္ဓနီဝရဏ, စိတ်တို့ကို မငြိမ်မသက်အောင် ပူပန်အောင်ပြုတတ်သော ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ, ထိုထို ကိစ္စ၌ ယုံမှား သံသယဖြစ်တတ်သော ဝိစိကိစ္ဆာနီဝရဏတို့ကို ပယ်နိုင်၏၊ ဒုတိယ ဈာန်ကိုရလျှင် တောင်တောင် ဤဤ ကြံစည်တတ်သော ဝိတက် ဝိစာရကို ပယ်နိုင်၏၊ တတိယဈာန်ကိုရလျှင် မိမိရအပ်သောဈာန်ကို နှစ်သက်နေသော ပီတိကို ပယ်နိုင်၏၊ စတုတ္ထဈာန်ကိုရလျှင် စိတ် ချမ်းသာခံစားမှုကို ပယ်၍ ထိုဘိုအာရုံ၌ အသင့်အားဖြင့် ရှုနိုင်၏၊ ထို့ကြောင့် ဤ ဈာန် ၄ ပါးသည် အလွန် မြင့်မြတ်သော စရဏ တရားများ ဖြစ်ကြပါသည်။

အဝေစ္စပသာဒ သပ္ပါယ်သော ရုပ်ပုံတော်ဝယ် စင်ကြယ်သော စိတ်တော် အစဉ်၌ သဗ္ဗညုတာ ဉာဏ်တော်ကြီး ယှဉ်လျက် ဖြစ်ရသည်မှာ ဤ ဝိဇ္ဇာ ၃ ပါး, ဝိဇ္ဇာ ၈ ပါး ဟူသော မျက်လုံးတော် ၂ ဖက်ဖြင့် အရာရာကို ကြည့်ရှု၍ လည်းကောင်း, စရဏ ၁၅ ပါး တည်းဟူသော ခြေ ၂ ဖက်ဖြင့် သွက်သွက် လက် လက် ထက်ထက်မြက်မြက် နင်းသကဲ့သို့ ကျင့်တော်မူခြင်းကြောင့် လည်းကောင်း ဖြစ်၏၊ ဤသို့ ဖြစ်ပုံကို အာရုံပြု၍ ဤ ဝိဇ္ဇာစရဏ သမ္ပန္န ဂုဏ်တော်သည် သဗ္ဗညုတာဉာဏ်တော်၏ အခြေခံ ဖြစ် ကြောင်းကို ကောင်းကောင်းကြီး ယုံကြည်သောအခါ ဗုဒ္ဓမြတ်စွာ ၏ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်၌ အဝေစ္စပသာဒဖြစ်ပြီဟု မိမိကိုယ်ကို ဆုံးဖြတ်နိုင်ပါသည်။

သုဂတဂုဏ်တော် "ဒီပင်္ကရာ, ထွတ်ချာသနင်း, ခြေတော်ရင်းမှ, စ၍ ဗောဓိ, မဏ္ဍိုင်ထိအောင်, သတိသမ္ပဇဉ်, မပြတ် ယှဉ်လျက်, သဗ္ဗဉ်ဉာဏ်တော်, ရကြောင်းရော်၍, ကြွတော်မူခဲ့သော

သုဂတဂုဏ်တော်....” ဗုဒ္ဓမြတ်စွာသည် ဝိဇ္ဇာစရဏဂုဏ်ကြောင့် ဘုရားဖြစ်တော်မူသည့်တိုင်အောင် လိုရာခရီးသို့ ရောက်တော်မူခဲ့ပါ သော်လည်း ဤတစ်ဘဝ၌သာ ပြည့်စုံတော်မူသော “ဝိဇ္ဇာစရဏ” ဂုဏ်တော်ကြောင့်မဟုတ်ပါ၊ ထိုဝိဇ္ဇာစရဏဂုဏ်တော်၏အခြေခံဖြစ် သော ပါရမီတော်များရှိပါသေးသည်၊ ထိုပါရမီတော်များကား-

ဒါနပါရမီ ဝေဿန္တရာမင်းဘဝ စသည်တို့နှင်းကဲ့သို့ စွန့်ကြဲ ပေးကမ်း လှူဒါန်းရာဝယ် လောကီဂုဏ်ကိုလည်း မရည်ရွယ်, ဘဝစည်းစိမ်ကိုလည်း မတောင်းတဘဲ သဗ္ဗညုတာဉာဏ် တော်ကို ရဖို့ရန်သာ ရည်စူး၍ ဆင်ဖြူတော်, သားတော်, သမီး တော် များကို စွန့်ကြဲပေးကမ်း လှူဒါန်းခဲ့ပါသည်၊ ဤသို့ လောကီ ဂုဏ်သိရ် ဘဝစည်းစိမ်တို့ကို မတောင်းတဘဲ လှူဒါန်းခဲ့ရာ ဘဝ ပေါင်းကား မရေမတွက်နိုင်အောင် များပြောင်ခဲ့ပါသည်။

ကြွင်းသော ပါရမီတော်များ “သီလပါရမီ”စသော ကြွင်းသော ပါရမီတော် များကိုဖြည့်ကျင့်တော်မူခဲ့ရာ၌လည်း သဗ္ဗညုတာ ဉာဏ်တော်ကို ရဖို့ရန်သာ ဖြည့်ကျင့်ခဲ့ပါသည်၊ ထို ဖြည့်ကျင့်ပုံကို ရတနာ့ဂုဏ်ရည်၌ အကျဉ်းအားဖြင့် စုံလင်အောင် ပြထားပါသည်၊ ဤသို့ ပါရမီဆယ်ပါးကို ၄ အသင်္ချေနှင့် ကမ္ဘာ တစ်သိန်းတိုင်အောင် ဖြည့်ကျင့်တော်မူခဲ့ရာ၌ “ဝေဿန္တရာမင်းဘဝ ရောက်မှ ပါရမီဆယ်ပါးလုံး ပြည့်ပြီ” ဟု ဆိုနိုင်ပါသည်။

အခြေခံ ဂုဏ်တော် ၂ ပါး ။ ။ ဤသို့ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှစ၍ ဝေဿန္တရာမင်းဘဝတိုင်အောင် ပါရမီတော် တို့ကို ဖြည့်ကျင့်တော်မူခဲ့ပါသော်လည်း နောက်ဆုံးဘဝ၌ ဝိဇ္ဇာ

စရဏနှင့် မပြည့်စုံသေးလျှင် ဘုရားအဖြစ်သို့ မရောက်နိုင်ပါ၊ နောက်ဆုံးဘဝ၌ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်နှင့် ပြည့်စုံပါသော်လည်း ၄ အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဆယ်ပါးလုံး ဖြည့်လျက် ကြွခဲ့ခြင်းဟူသော သုဂတဂုဏ်တော်က အခြေခံ မရလျှင် လည်း ဘုရားအဖြစ်သို့ မရောက်နိုင်ပါ၊ ထို့ကြောင့် ဤ သုဂတ ဂုဏ်တော်နှင့် ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကို သဗ္ဗညုတာဉာဏ်တော် ကို ရဖို့ရန် အခြေခံဂုဏ်တော် ၂ ပါးဟု မှတ်ပါ။

အဝေစ္စပသာဒ သပ္ပါယ်သော ရုပ်ပုံတော်ဝယ် စင်ကြယ်သော စိတ်တော်အစဉ်၌ သဗ္ဗညုတာ ဉာဏ်တော်ကြီး ယှဉ်လျက် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို ရခြင်းမှာ ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်အပြင် ၄ အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်တော် မူနိုင်သော သုဂတဂုဏ်တော်ကြောင့်လည်း ဖြစ်ပါသည်၊ ဤသုဂတ ဂုဏ်တော်၏ ဘုရားဖြစ်ဖို့ရန် အရင်းခံဖြစ်ကြောင်းကို ကောင်း ကောင်း ယုံကြည်သောအခါ ဗုဒ္ဓမြတ်စွာ၏ သုဂတဂုဏ်တော်၌ ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုပြီဟု မိမိကိုယ်ကို ဆုံးဖြတ်နိုင်ပါသည်။

လောကဝိဒူဂုဏ်တော် “သတ္တောကာသ, သင်္ခါရ ဟူ, လောက သုံးဘုံ, အလုံးစုံကို, အကုန်အစင်, သိမြင်တော် မူသော လောကဝိဒူဂုဏ်တော်...” ဗုဒ္ဓမြတ်စွာသည် သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကြောင့် အလုံးစုံသော တရားတို့ကို သိတော်မူရာ၌ လောက၏ အကြောင်းအရာကိုလည်း ကောင်းစွာ သိတော်မူခြင်း ကြောင့် လောကဝိဒူဂုဏ်ကို ရတော်မူပါသည်၊ သိစရာလောကကား “သတ္တလောက, ဩကာသလောက, သင်္ခါရလောက”တည်း။

သတ္တလောက အသက်ရှိသော ရေနေ ကုန်းနေ ကောင်းကင်နေ သော သတ္တဝါအပေါင်းကို "သတ္တလောက" ဟု ခေါ်၏၊ ထိုသတ္တလောကသည် ငရဲသူ, ငရဲသား, တိရစ္ဆာန်, ပြိတ္တာ, လူ, နတ်, ဗြဟ္မာအားဖြင့် အလွန်များ၏၊ ထို သတ္တဝါများကို ရောက်ရာဂတိ (ရောက်ရာဘဝ)အားဖြင့် ပိုင်းခြားသည်ရှိသော် ၅ မျိုးပြား၏။

ဂတိ ၅ ပါး သတ္တဝါတို့ သေပြီးနောက် ရောက်အပ်သော ဘဝကို "ဂတိ"ဟု ခေါ်၏၊ထိုဂတိသည် "နိရယဂတိ, ပေတ ဂတိ, တိရစ္ဆာနဂတိ, မနုဿဂတိ, ဒေဝဂတိ" အားဖြင့် ၅ မျိုး ပြား၏။

နိရယဂတိ လူအများက "ငရဲ"ဟု ခေါ်ဝေါ်အပ်သော ဘဝသည် "နိရယဂတိ"မည်၏၊ ဤမြေကြီး၏အောက်၌ ငရဲကြီး ရှစ်ထပ်ရှိ၏၊ ငရဲငယ်တွေကား အလွန်များ၏၊ ထို ငရဲကြီး ငရဲငယ် တို့၌ အကုသိုလ်ကံကြောင့် ရောက်နေရသော ငရဲသူ ငရဲသားတို့ သည် အလွန်များ၏၊ အချိန်ရှိသရွေ့ ဒုက္ခအမျိုးမျိုးကို ခံနေကြ ရ၏။

ဒု-သ-န-သော လူ့ဘဝတုန်းက သူတစ်ပါးတို့၏မယား ကျူးလွန် ဖေါက်ပြားသော သူဌေးသား ၄ယောက်တို့သည် "လောဟကုမ္ဘီ"ဟု ခေါ်အပ်သော သံရည်ပူငရဲ၌ ကျနေရသည်မှာ အနှစ် ၆ သောင်း ကြာသော်လည်း မလွတ်သေး၊ ငရဲ၏ အထက် အပြင်သို့ ရောက်လာသောအခါ တစ်ယောက်နှင့်တစ်ယောက် မြင် ၍ မိမိပြောလိုသော စကားကို အပြည့်အစုံမပြောနိုင်ဘဲ "ဒု" "သ" "န" "သော" ဟု တစ်လုံးစီပြောကာ နစ်မြုပ်ကြပြန်လေသည်။

မိမိယော ကျားမှတပါး အခြားယောကျ်ားနှင့် ဖေါက်ပြားသော မိန်းမတစ်ယောက်ကား ငရဲ၌ နှစ်ပေါင်းများစွာ ကျက်ပြီးနောက် ဤဘုရား လက်ထက်တော်သို့ ရောက်သောအခါ ဂိဇ္ဈကုဋ်တောင်၌ အရေမရှိ အသားချည်းသာ ဖြစ်၍ ကောင်းကင်သို့ သွားနေသော ပြိတ္တာမ ဖြစ်ရ၏၊ ထိုပြိတ္တာမကို ပြိတ္တာဖြစ်သော ကျီး လင်းတတို့က အစဉ်လိုက်၍ ထိုးဆိတ်ကြသောကြောင့် ကယ်ပါ ယူပါ တစာစာနှင့် အော်နေရလေသည်။

သတ္တလောက သတ္တဝါတို့၏တည်နေရာလောကကို "ဩကာသ **ဩကာသလောက** လောက" ဟု ခေါ်၏၊ ဖြအင်ခဲ့သော ငရဲသူ ငရဲသား သတ္တဝါများကို "သတ္တလောက"ဟု လည်းကောင်း, ငရဲသူ ငရဲသားတို့၏ နေရာ ငရဲကြီးရှစ်ထပ်နှင့် ငရဲ ငယ်များကို "ဩကာသလောက"ဟုလည်းကောင်း ခေါ်ရသည်၊ အချို့သော ငရဲငယ်များသည် လူ့လောကနှင့် အတော်အတန် နီးဟန်တူ၏၊ပြအပ်ခဲ့သော သူဌေးသား၄ယောက်တို့ လောဟကုမ္ဘီ ငရဲမှ "ဒု-သ-န-သော"ဟု အော်သံကို အိပ်၍ မပျော်ခိုက်ဖြစ်သော ကောသလမင်း ကြားရ၍ အလွန် ကြောက်လန့်သွား၏၊ ရာဇဂြိုဟ် ပြည်၏ အနီး၌ တည်ရှိသော "တပေါဒါ"မြစ်သည် နဂါးပြည်မှ တက်လာခဲ့ရာ လောဟကုမ္ဘီငရဲ ၂လုံး၏ အကြားဖြင့် စီးလာရသော ကြောင့် မူလ အလွန်အေးမြသော ရေသည် ရေပူဖြစ်၍ "တပေါဒါ မြစ်"ဟု ထင်ရှားလေသည်။[တပ-ပူသော+ဥဒ-ရေ။]

ပေတဂတိ ပြိတ္တာတို့ ရောက်အပ်သော ဘဝကို "ပေတဂတိ" ဟု ခေါ်၏၊ ပြိတ္တာတို့သည် အမျိုးအစား အလွန်များ၏၊ "တစ္ဆေ, မှင်စာ, သရဲ, သဘက်"ဟု လူအများ ခေါ်ဝေါ်အပ်သော

သတ္တဝါတို့ကို "ပိတ္တာ(ပြိတ္တာ)"ဟုခေါ်၏၊ ထိုပြိတ္တာတို့သည်အမျ
အစား များသည့်အပြင် တစ်မျိုးတစ်မျိုး၌ အရေအတွက်လည်
အလွန် များ၏၊ မန္တလေးမြို့ ဈေးချိုအနောက် လူစည်ကားသေ
လမ်းမှာပင် မိန်းမတစ်ယောက် သေပြီး၍ ဆယ်လကျော်ကျေ
ကြာမှ မူလအမျိုး၌ လူဝင်စားဖြစ်၏၊ အိမ်၌ရှိသော အဝတ်အစ
တို့ကို "သူ့အဝတ်" ဟု ပြောဆိုသောအခါ လူဝင်စားမှန်း သိ
သောကြောင့် "ညီး...ဒီမှာ မဝင်စားခင်က ဘယ်မှာဖြစ်နေတုန်း
ဟု မေးကြသောအခါ "ဒီလမ်းမှာ ဖြစ်နေသည်" ဟု ပြော
"မပျင်းဘူးလား" ဟု မေးကြသောအခါ "သူ့လို အဖော်တွေ
လမ်းထဲမှာ အများကြီးရှိတယ်၊ မပျင်းဘူး" ဟု ပြောသတဲ့၊ "ဘ
စားနေသလဲ" ဟု မေးသောအခါ "သွန်ပစ်လိုက်ကြသော ထမ
လုံး ဟင်းပေါက်တွေကို ကောက်၍ စားကြသည်" ဟု ပြောသတ
ရှေးဘဝ အမေက ဆွမ်းတော်တင်၍ အမျှဝေသောအခါ သ
မခေါ်ပါ၊ စွန့်ပစ်အပ်သော ဆွမ်းတော်တင်ကိုသာ ယူ၍ စား
သည်" ဟု ပြောပါသတဲ့။

အမြင်ပေါက်သူ၏ အပြော အမြင်ပေါက်သော ဆရာတစ်ယောက်က
"ကျုံးအနီးအပါးနှင့် နာရီစင်အကြားဝ
သွားလာနေကြသော တစ္ဆေ ပြိတ္တာအမျ
ကို မြင်နေရသည်" ဟု ပြောပါသတဲ့၊ ထိုတစ္ဆေ ပြိတ္တာတို့၌ ရဟာ
ဘဝက လာသူများကိုလည်း တွေ့ရပါသည်တဲ့၊ ထိုတစ္ဆေ ပြိတ္တာ
ကား အစားအဝတ် အနေချို့တဲ့ရုံမှတပါး အနှိပ်စက်မခံရသေ
ကြောင့် သူတို့ချင်း အိမ်ထောင်ကြကာ သူတို့ဘဝနှင့်သူတို့ ပျော်
နေကြလေသည်။

သင်းချိုင်း တစ္ဆေများ ထိုထို မြို့ ရွာ အနီးဝယ် "သုသာန် သင်းချိုင်း" ဟု သီးခြားထားအပ်သော အရပ်၌ တစ္ဆေဟုခေါ်အပ်သော ပြိတ္တာတွေ သာ၍ များဟန်တူ၏၊ ဆရာတော်ကြီးတစ်ပါးသည် သင်းချိုင်းသွား၍ ကမ္မဋ္ဌာန်းထိုင်သောအခါ၊ တရားစာ ရွတ်သောအခါတို့၌ တချို့တစ္ဆေများသည် ရှိသေစွာ နာယူကြ၏၊ တချို့ကား ရိုသေစွာ မနာယူဘဲ အနှောင့်အယှက် ပြုကြသေးသတဲ့၊ ထိုဆရာတော်ကြီး၏ ရှေ့မှာပင် တွင်းကလေးတစ်ခုမှ ပြိတ္တာ ၂ ကောင်ထွက်လာ၍ အစာရှာကြပြီးနောက် ထိုတွင်းငယ်ကလေးသို့ပင် ပြန်၍ ဝင်သွားကြသတဲ့၊ သင်းချိုင်းမှ အချို့ ပြိတ္တာတို့သည် လူအများတို့ စားသောက်ပြီးအချိန်ဝယ် ရွာတွင်းသို့ လှည့်လည်၍ ထမင်းလုံး ဟင်းပေါက် ကောက်စားလေ့ ရှိကြဟန် တူ၏၊ ရဟန်းတစ်ပါးသည် ထိုအချိန်ဝယ် ရွာတွင်းသို့ ကိစ္စရှိ၍ဝင်သောအခါ ရွာအပြင်ဖက်၌ တစ္ဆေကလေးက သူ့အမေကို မြင်နိုင်သောဆေးမြစ်ကို ပေး၍ "သူ့အမေ မြန်မြန်လာဖို့ ပြောပေးပါ" ဟု မှာလိုက်သတဲ့၊ ထိုတစ္ဆေတို့ကို "သတ္တလောက" ဟု ခေါ်၍၊ သူတို့နေရာသင်းချိုင်းအရပ်ကို "ပေတဩကာသလောက" ဟု ခေါ်သည်။

ရဟန်းတော်တစ်ပါး မော်လမြိုင်မြို့နယ် ဟု ဆိုရလောက်သော တစ်နေရာ၌ တံငါအလုပ်ဖြင့် အသက်မွေးသော မိတ်ဆွေ ၃ ယောက်တို့သည် လှေကလေးတစ်စင်းဖြင့် တံငါလုပ်ရင်း မြောသွားလေရာ လူတစ်ယောက်သည် ပျက်စီးသော လှေကိုဖက်၍ ကမ်းဘက်သို့ရောက်လာ၏၊ ထမင်းဆာလွန်း၍ ထိုထို ဤဤ သွားလေရာ မီမိ၏အရင် သေနှင့်သော ဇနီးမောင်းနှင့် တွေ့၍ သူခေါ်ရာသို့ လိုက်သွားရလေ၏၊ ဇနီးမောင်းက အစား

အသောက်များကို ကျွေး၏၊ နေဝင်၍ မှောင်လာသော အခါ "လာကြပေတော့...လာကြပေတော့"ဟုခေါ်၍ တစ်ရွာလုံး ထွက်သွားကြ ၏၊ သူတစ်ယောက်ထည်း ဖြစ်၍ အလွန် ကြောက်သော်လည်း မသွားဝံ့တော့၊ နံနက်စောစော၌ကား တစ်ရွာလုံးလူတွေ ပြန်လာ ကြ၏၊ ထိုယောကျ်ားက ထို ဇနီးမောင်းကို "မင်းတို့က ဘာတွေ တုန်း"ဟု မေးသောအခါ "ကျုပ်တို့က နေ့စံ့ညခံရသော ပြိတ္တာ များ ဖြစ်သောကြောင့် ညအခါ၌ အားလုံး တောင်ပေါ်သွား၍ ခွေးစားခံရသည်" ဟု ပြောပါသတဲ့။

ထိုယောကျ်ားသည် မနေဝံ့၍ ပြန်တော့မည်ဟု ပြောသောအခါ မိန်းမက လူသွားလမ်း ရောက်အောင် လိုက်ပို့၍ "သူ့အတွက် ကုသိုလ်ပြု၍ အမျှဝေပါ"ဟု မှာလိုက်ရှာသတဲ့၊ ထိုယောကျ်ားသည် မိမိနေရပ်သို့ရောက်သောအခါ ကိုယ်တွေ့မြင်ခဲ့ရသော ပြိဿဒုက္ခ ကို ကြောက်ရွံ့၍ လူ့ဘောင်၌ မနေဝံ့တော့ဘဲ ဘုန်းကြီးလုပ်၍ သစ်သီး သစ်ရွက်ကို စားလျက် အလွန် အကျင့်ကောင်းသော ပုဂ္ဂိုလ်တစ်ပါးအဖြစ်ဖြင့် ပုံလွန်တော်မူပါသည်တဲ့။

ဂိဇ္ဈကုဋ်ပြိတ္တာများ ဘုရားရှင် လက်ထက်တော်၌ ဂိဇ္ဈကုဋ်တောင် ဝယ် သီတင်းသုံးတော်မူကြသော အရှင် မောဂ္ဂလ္လာန်နှင့် အရှင်လက္ခဏတို့ နံနက်ဆွမ်းခံဖို့ရန် တောင်ပေါ်မှ ဆင်းလာသောအခါ ကဿပဘုရားရှင်၏နောက်ပိုင်းသာသနာဝယ် အကျင့် ပျက်ကြသော ရဟန်း သာမဏေ ပြိတ္တာများနှင့် လူဝတ် ကြောင် ယောကျ်ား မိန်းမ ပြိတ္တာအများကို အရှင်မောဂ္ဂလ္လာန် မြင်တော်မူသည်၊ ထို ပြိတ္တာတို့ကား လူ့အနီးအပါးက ပြိတ္တာတို့ ကဲ့သို့ သက်သက်သာသာ မနေကြရ၊ ပြိတ္တာဖြစ်သော ကျီးလင်းတ

တို့က အမြဲလိုက်၍ ထိုးဆွနေသောကြောင့် ပြိတ္တာဒုက္ခကို အမြဲခံစား ကြရသည်၊ ထိုပြိတ္တာတို့ကို "သတ္တလောက"ဟု ခေါ်၍ ထို ပြိတ္တာ တို့၏ နေရာအရပ် ဟူသမျှကို "ပေတ ဩကာသလောက"ဟု ခေါ် ရသည်။

တိရစ္ဆာနဂတိ တိရစ္ဆာန်သတ္တဝါတို့၏ ရောက်ရာဘဝကို "တိရစ္ဆာန ဂတိ"ဟု ခေါ်၏၊ တိရစ္ဆာန်တို့သည်လည်း ရေနေ ကုန်းနေအားဖြင့် အလွန်များကုန်၏၊ ရေကန် ချောင်း မြောင်း မြစ် သမုဒ္ဒရာတို့၌ ဖြစ်ကြရသော ငါး လိပ်စသော သတ္တဝါတို့သည် ရေနေ တိရစ္ဆာန်တို့တည်း၊ ထိုတိရစ္ဆာန်တို့ကို "သတ္တလောက"ဟု ခေါ်၏၊ ထို ရေနေတိရစ္ဆာန်တို့လည်း အလွန်များ၏၊ ငါးအု တစ်ခု၌ပင် ငါးလောင်းအုကလေးတွေ အလွန်များလှသည်၊ ထို တိရစ္ဆာန်တို့၏ နေရာဖြစ်သော ရေကန် ချောင်း မြောင်း မြစ် သမုဒ္ဒရာစသည်ကို "ဩကာသလောက"ဟု ခေါ်သည်။

ကုန်းနေ တိရစ္ဆာန်တို့တွင် လူနှင့်ဝေးသော တိရစ္ဆာန်သတ္တဝါ တွေ အလွန်များ၏၊ ထိုတိရစ္ဆာန်တို့၏နေရာ တောတောင်အရပ်ကို "ဩကာသလောက"ဟု ခေါ်၏၊ လူတို့၏ အနီးအပါး၌ နေကြ သော ကျွဲ နွား မြင်း ကြက် ငှက် ဝက်များနှင့် ပိုးမွှားတိရစ္ဆာန် တို့သည် တစ်အိမ်တစ်အိမ်၌ အလွန်များရုံတွင် မက, ခြတောင်ပို့ တစ်ခု ပရွက်တွင်း တစ်တွင်း၌ပင် တိရစ္ဆာန်ကလေးတွေ အရေ အတွက် များစွာရှိ၏၊ လူတို့၏ ခန္ဓာကိုယ်အတွင်း၌လည်း ပိုးအမျိုး ရှစ်ဆယ်ရှိ၍ တစ်မျိုးတစ်မျိုး၌ အရေအတွက် များစွာရှိလေသည်၊ ထို တိရစ္ဆာန်တို့၏ဖြစ်ရာ အရပ်ကို "ဩကာသလောက"ဟု ခေါ် ရသည်။

အပါယ် ၄ ပါး ထိုငရဲ တိရစ္ဆာန် ပြိတ္တာ ၃ မျိုးအပြင် အလွန်ကြီးမားသော ပြိတ္တာများကို "အသုရကာယ=(အသုရကာယ်)"ဟု ခေါ်သည်၊ ပြိတ္တာအကြီးစားပင်တည်း၊ အသုရကာယ်ကြီးတစ်ယောက်သည် ရေဆာလွန်းလှ၍ ဂင်္ဂါမြစ်သို့ ရေသောက်ဖို့ရန် ဆင်းလေသော်၊ သူရောက်သော နေရာတိုင်း၌ ရေတွေချောက်၍ တစ်ပေါက်မျှမသောက်ရ၊ နံနက်စောစော ဆွမ်းခံလာသော ရဟန်းတော်၃ကျိပ်တို့ ထိုပြိတ္တာကြီးကိုမြင်၍ ပက်သက်အိပ်စေပြီးလျှင် သပိတ်ဖြင့် ရေခပ်၍ ပါးစပ်တွင်းသို့ လောင်းထည့်ကြ၏၊ အလွန်ကြာသောအခါ "ရေ(ဝ)ပြီလား"ဟု မေးကြလေသည်၊ "အရှင်ဘုရားတို့... လောင်းထည့်အပ်သော ရေတွေသည် လည်ချောင်း၏ အတွင်းဘက်သို့ တစ်စက်မှ မဝင်ပါ"ဟု ပြောရှာသတဲ့၊ ဤကဲ့သို့ နှစ်ပေါင်းများစွာ ရေမသောက်ရ၊ အစာ မစားရဘဲ ဖြစ်နေကြသော ပြိတ္တာအသုရာတို့သည် လူနှင့် အလွန်ဝေးကွာသော နေရာတို့ဝယ် အများအပြားပင် ရှိကြလေသည်၊ ထိုအသုရာတို့ကို ပြိတ္တာမှ တစ်မျိုးခွဲ၍ "အပါယ် ၄ ပါး"ဟု လည်းကောင်း၊ ပြိတ္တာတွင်း၌ သွင်း၍ အပါယ် ၃ ပါးဟုလည်းကောင်း၊ ခေါ်ကြသည်။

အပါယ်ကျလျှင်။ ။အပါယ်ကျလျှင် လွတ်ခွင့်ရခဲ၏ အပါယ် ၄ ပါးတွင် ပါဝင်ကြသော တိရစ္ဆာန်တို့သည် နိုင်ရာကို စားကြသော သတ္တဝါများဖြစ်၍ နောက်ထပ် အကုသိုလ်ကံတွေ အလွန်များရကား တစ်ကြိမ်တစ်ခါ အပါယ် ၄ ပါးသို့ ကျမိလျှင် နောက်ထပ် အကုသိုလ်တွေက ဆက်၍ အကျိုးပေးသောကြောင့် အပါယ် ၄ ပါးမှ လွတ်ဖို့ရန် အလွန် ခဲယဉ်းကြလေသည်၊ ဘုရား အလောင်း စသော ပါရမီဖြည့်နေသူတို့ကမူ တိရစ္ဆာန်ဘဝသို့

ရောက်သော်လည်း သူတစ်ပါးအကျိုးဆောင်သော ကောင်းမှုတို့ကြောင့် အပါယ် ၄ ပါးမှ လွတ်မြောက်ဖို့ လွယ်ကူကြပါသည်။

မနုဿဂတိ လူတို့၏ ရောက်အပ်ရာ(ဖြစ်ကြရာ) ဘဝကို မနုဿဂတိ"ဟု ခေါ်၏၊ လူအများ၏ နေရာ မြို့ရွာတို့ကို "ဩကာသလောက"ဟု ခေါ်သည်၊ ထိုမြို့ရွာအများ၏ တည်နေရာ ဖြစ်၍ စကြဝဠာတောင်ဟု ခေါ်အပ်သော ကျောက်တောင်ကြီး ဖြင့် ပိုင်းခြားအပ်သော ဩကာသလောကတစ်ခုကို "စကြဝဠာ ကမ္ဘာ တစ်ခု"ဟု ခေါ်သည်၊ ထိုစကြဝဠာကမ္ဘာ တစ်ခုအတွင်းဝယ် အလယ်ဗဟို၌ မြင်းမိုရ်တောင်ကြီးရှိသည်ဟု ကျမ်းစာတို့၌ ဆို၏၊ နတ်တို့၏ နေရာဖြစ်သောကြောင့် လူတို့မျက်စိဖြင့် ကြည့်၍ မမြင်နိုင် ဟုလည်း ဆို၏၊ ထို မြင်းမိုရ်တောင်၏ ပတ်ဝန်းကျင်၌ ယုဂန္ဓိုရ်တောင်၊ ဤသန္ဓိုရ်တောင် စသော ဘောင်စဉ် ခုနစ်ထပ်သည် တစ်ဆင့်တစ်ဆင့်လျှင် တစ်ဝက်စီနိမ့်လျက် တည်ရှိကြ၏၊ တောင် ၂လုံး ၂လုံးတို့၏ အကြား၌ "သီဒါ"ဟုခေါ်အပ်သော မြစ် ခုနစ်စင်းတို့ တည်ရှိကြ၏။

ထို ယုဂန္ဓိုရ်ဘောင်၏ အထက်ဆုံးမှစ၍ အောက်တစ်လျှောက်ဝယ် နေ လ နက္ခတ် တာရာ ဂြိုဟ်တို့နှင့်တကွ မြစ် သမုဒ္ဒရာ တောတောင်တို့သည်လည်းကောင်း၊ မြို့ကြီး မြို့ငယ် ရွာကြီး ရွာငယ် အသွယ်သွယ်တို့သည်လည်းကောင်း ပါဝင်၏၊ ထို အားလုံးကို "မနုဿဩကာသလောက(လူ့ဘုံ)"ဟု ခေါ်ကြသည်၊ ဤလူ့ဘုံဝယ် မြင်းမိုရ်တောင်၏ အရှေ့ အနောက် တောင် မြောက်ဘက်တို့ကို "အရှေ့ကျွန်း၊ အနောက်ကျွန်း၊ တောင်ကျွန်း၊ မြောက်ကျွန်း"ဟု ခေါ်၍ တစ်ကျွန်း တစ်ကျွန်းလျှင် ကျွန်းငယ် ၅ ရာ ရှိသည်ဟု ကျမ်းစာတို့၌ ဆိုသည်။

စကြဝဠာ အနန္တ စကြဝဠာ တံတိုင်းကြီးဖြင့် ပတ်ဝန်းကျင် ပိုင်းခြားအပ်သော ထို စကြဝဠာ အမျိုးအစားသည် မရေမတွက်နိုင်အောင် များပြား၏၊ (မြားပစ်သောအခါ ထန်းပင်ရိပ် တစ်နံမျှကို မြားလွန်၍ သွားသကဲ့သို့) အလွန်မြန်သော ခြေလှမ်းဖြင့် စကြဝဠာ ကမ္ဘာတစ်ခုကို လွန်နိုင်လောက်အောင် မြန်သော တန်ခိုးရှင်ဖြစ်သော "ရောဟိတဿ"မည်သော ရသေ့တစ်ယောက်သည် စကြဝဠာကမ္ဘာတို့၏ အဆုံးကို ကြည့်လိုသော ဆန္ဒဖြင့် အမြန်ဆုံး သွားနေ၏၊ စားရုံ သောက်ရုံ အပေါ့အလေး စွန့်ရုံလောက်သာ နား၍ အခြားအချိန်၌ မရပ်မနားဘဲ တစ်သွားတည်း သွားနေ၏၊ ထို ရသေ့သည် အနှစ်တစ်ရာ အသက်ရှည်သောကြောင့် အသက်ဘစ်ရာပြည့်သော် သေဆုံး၏၊ ကမ္ဘာကား မဆုံးသေး။

သေသောအခါ ဤကမ္ဘာ၌ တွယ်တာမှုကြောင့် ဤကမ္ဘာ၌ ဖြစ်၏၊ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာသောအခါ "ရောဟိတဿ" မည်သော နတ်သားအဖြစ်ဖြင့် သူ့အကြောင်းကို လာ၍ လျှောက်လေသည်၊ ဗုဒ္ဓမြတ်စွာသည် "ကမ္ဘာလောက၏ အဆုံးကို ဤနည်းဖြင့် သွား၍ မရောက်နိုင်"ဟု မိန့်တော်မူပြီးလျှင်"လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို သစ္စာ ၄ ပါးသိသော ဉာဏ်ဖြင့် ရောက်အောင် သွားနိုင်၏၊ လောကအဆုံးဖြစ်သော နိဗ္ဗာန်သို့ မရောက်သေးသမျှ ဒုက္ခမှ မလွတ်နိုင်"ဟု မိန့်တော်မူသည်၊ ထို့ကြောင့် "စကြဝဠာ အနန္တ, ကမ္ဘာအဆုံး မရှိ"ဟု ပြောစမှတ်ပြုကြသည်၊ ဤကား "မနုဿဂတိ, မနုဿသတ္တလောက, မနုဿဩကာသလောက"ဆိုင်ရာတည်း၊

ဒေဝဂတိ နတ်နှင့်တကွ ဖြဖွာသတ္တဝါ ရောက်အပ်သော ဘုံဘဝကို "ဒေဝဂတိ"ဟုခေါ်၏၊ ထိုဒေဝဂတိကို ရှေးဦးစွာ နတ်ဘုံ ခြောက်ဘုံအားဖြင့် ခွဲခြား၍ နတ်ဘုံသည် စတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီအားဖြင့် ၆ ထပ်ရှိ၏။

စတုမဟာရာဇ်ဘုံ ယုဂန္ဓိုရ်တောင်၏ အထက်အရပ်နှင့် ညီမျှသော မြင်းမိုရ်တောင်အပြင် ပတ်ဝန်းကျင် အရပ်သည် လည်းကောင်း, နေလနက္ခတ်တို့၏တည်နေရာ လှည့်ပတ်သွားလာရာ ကောင်းကင်အရပ်သည် လည်းကောင်း "စတုမဟာရာဇ်ဘုံဌာန" မည်၏၊ ထိုအရပ်မှအောက်တစ်လျှောက်ဝယ် လူ့ဘုံနေရာမြေအပြင်တိုင်အောင် သစ်ပင် တော တောင်တို့၌ နေကြသော ဘုမ္မစိုဝ်း, ရုက္ခစိုဝ်း, အာကာသစိုဝ်းဟု ခေါ်ဝေါ်အပ်သော နတ်အမျိုးသည် စတုမဟာရာဇ်ဘုံတွင် ပါဝင်ကြသောနတ်များတည်း၊ ဤအောက်ပိုင်း၌ တချို့နတ်များသည် ရုက္ခစိုဝ်းနတ် ဟု ခေါ်ရသော်လည်း ဘုံဌာနသီးခြားမရှိ၊ နတ်ကြီးများသာ နေရာဘုံဌာနရှိ၏၊ ထိုနတ်ကြီးများကို မှီခို၍နေကြရသော နတ်တို့ကား ဘုံဌာနသီးခြား မရှိရုံသာမက အစားအသောက်လည်း ပြည့်စုံလှသည်မဟုတ်၊ ပြိတ္တာများကဲ့သို့ပင် ဆင်းရဲကြရှာလေသည်၊ အချို့နတ်များသည် လူတို့ကဲ့သို့ ကိုယ်စန်ဆောင်၍ မွေးဖွားရ၏၊ အထက်နတ်များ၏ အမိန့်ဩဇာကိုလည်း နာခံရ၏။

ရုက္ခစိုဝ်းနတ်မ ၁-ယောက် ဗုဒ္ဓမြတ်စွာ လက်ထက်တော်၌ ရဟန်းတစ်ပါးသည် ကျောင်းဆောက်လို၍ အနီးအပါးရှိ သစ်ပင်ကို ခုတ်ဖို့ရန် သစ်ပင်အနီးသို့ သွား၏၊ ရုက္ခစိုဝ်

နတ်မက"ကိုယ့်ဘုံဗိမာန်အတွက် သူများ၏ ဘုံဗိမာန်ကိုမဖျက်
ပါကြောင်း"တောင်းပန်၏၊ထိုစကားကိုနားမထောင်ဘဲ ရဟန်း
သစ်ပင်ခုတ်ဖို့ ဓါးကိုရွယ်လိုက်ရာ နတ်မသည် သူ၏ကလေးကို
တောင်းပန်မည် ဟု လုပ်တုန်း ဒါးက လွန်သွားသဖြင့် ကလေး
ခုတ်မိလေသည်၊ ရုက္ခဇိုဝ်းနတ်မသည် ထိုရဟန်းကို ပြန်၍ နှိပ်စ
မည်ဟု ကြံသော်လည်း အထက်နတ်ကြီးများကို ကြောက်ရ
ကြောင့် မနှိပ်စက်ဘဲ မြတ်စွာဘုရားကိုလာ၍ လျှောက်လေသည်
ထိုအခါ မြတ်စွာဘုရားက တရားဟော၍ သောတာပန်တည်
နောက် ဇေတဝန်ကျောင်းတိုက် အတွင်းဝယ် မကြာမီက စ
သွားသော နတ်သား၏နေရာ သစ်ပင်တစ်ပင်၌ နေဖို့ရန် မြတ်
ဘုရားက မိန့်တော်မူသောကြောင့် နေဖို့ရန်နေရာကိုလည်း ကော
စွာ ရလေသည်။ [ပါစိတ်ပါဠိတော်, ဘူတဂါမဝဂ်, ဘူတဂ
သိက္ခာပုဒ်။]
ပုန္နဗ္ဗသု၏ အမိ ဤသူမလည်း နတ်ပင်ဖြစ်စေကာမူ ပြိတ္တာတို့က
အစား ဆင်းရဲလှ၏၊ အခါတစ်ပါး၌ ဇေတ
ကျောင်းဝယ် လူအများကိုမြင်၍ စားဖွယ်တစ်စုံတစ်ရာကို ဝေ
သည်ဟု ထင်သောကြောင့် ကျသောအစာကလေးများကို ကော
စားဖို့ရာ သမီးငယ် သားငယ်များကို လက်ဆွဲ၍ ဝင်သွားလော
အနားသို့ရောက်မှ ဗုဒ္ဓမြတ်စွာ၏ တရားသံကိုကြားရ၍ အလွန်
စိုက်လျက် နာယူနေ၏၊ သားနှင့်သမီးကလေးတို့ကား အလွန်ဆာ
သဖြင့် "သွားကြစို့"ဟု ခေါ်၏၊ "တိတ်တိတ်နေကြ"ဟု တ
မြစ်၍ တရားကိုသာ စူးစိုက်စွာ နာလေသည်၊ သမီးနှင့် သားက
တို့က "သွားကြစို့... သွားကြစို့..."ဟု မကြာမကြာ ပူဆာ

ခါ"အမေက ကိုယ့်သား ကိုယ့်သမီးကို ချစ်တယ်၊သင်တို့ရဲ့အဖေ
လဲ ချစ်တယ်၊ သင်တို့ထက် ပိုပြီးတော့ ဟောဒီတရားတော်ကို
စ်တယ်"ဟု ငေါက်၍ ပြောလိုက်ရာ ကလေးတွေ ငြိမ်သွားသဖြင့်
ရားတော်ကို စူးစူးစိုက်စိုက် နာလိုက်ရာ တရားတော် အဆုံးတွင်
သာတာပန် ဖြစ်လေသည်၊ သောတာပန် ဖြစ်သောအခါ၌ကား
စား အဝတ် နေရာအပြည့်အစုံ ဖြစ်လာလေသည်။ [သဂါထာ
ဂ္ဂ-ယက္ခသံယုတ်, ပုနဗ္ဗသုသုတ်။]
လူမိန်းမနှင့် ဘုရား လက်ထက်တော်၌ ကုဋေများစွာ ကြွယ်ဝ
ကွဇိုစ်းနတ် သော သူဌေးသမီး ခင်ပွန်း ရှိ၏၊ နှစ်ယောက်လုံးပင်
သူဌေးသား သူဌေးသမီးများ ဖြစ်၍ ဘာအလုပ်မျှ
လုပ်ထတ်ကြ၊ မြောက်ပင့် ကမ်းရပ်၍ စားကြသော လူအများနှင့်
ပျော်ပျော် ပါးပါး စားသောက်လျက် နေရာ သူဌေးသားဖက်က
ါသော စည်းစိမ်အားလုံး ကုန်သွား၏၊ ဤနည်းအားဖြင့် ဆက်၍
ပျော်ပျော်ပါးပါး စားသောက်၍နေရာ သူဌေးသမီးဖက်ကပါသော
ည်းစိမ်များလည်း ကုန်သွားပြန်၏၊မိမိအိမ်ကိုမျှ မပိုင်တော့သဖြင့်
စွန်ကျသော စရပ်တစ်ခုသို့ သွား၍ နေကြရ၏။
တစ်ခုသောည၌ကား ဓါးပြတွေ ရောက်လာရာ တောင့်တောင့်
င်းတင်း အရွယ်ကောင်းကောင်းဖြစ်သော ထိုသူ့ကို မြင်၍ မိမိ
နှင့်အတူ ဓါးပြတိုက်ရာသို့ လိုက်ဖို့ ခေါ်လေသည်၊ ထိုသူလည်း
င်းရဲလှသောကြောင့် ဓါးပြတို့နှင့်အတူ လိုက်သွားလေရာ အိမ်
စ်အိမ်သို့ဝင်ခါနီးဝယ်"အသင်က အိမ်အောက်လှေခါးအနားက
စောင့်နေ၊ ဘယ်သူလာလာ အသေရိုက်"ဟု နည်းပေး၍ ဒုတ်
ကောင်းကောင်း တစ်ချောင်းကို သူ၏လက်၌ ပေးထားလေသည်။

ခါးပြတွေ့ အိမ်ပေါ်တက်အောအခါ တံခါးမဖွင့်မီ အိမ်ဂ
လူတွေ နိုးသောကြောင့် ခါးပြတွေ ဆင်းပြေးရတယ် သူမပါ
ကျန်နေခဲ့၏၊ အရပ်က ဝိုင်းဖမ်းသောအခါ သူ့ကို မိလေသည်
ဆိုင်ရာသို့ပို့၍ သတ်မိန့်ချလေရာ ခါးပြဖြစ်ကြောင်း မောင်းခတ်
သုဿန်သို့ပို့ လေသော် သူဌေးဘဝတုန်းက သူနှင့်ပျော်ပါးနေဂ
အထဏ်တန်း ပြည့်တန်ဆာမက အိမ်ပေါ်မှ မြင်ရ၍ အာဏာသာ
တို့ကို တောင်းပန်ပြီးလျှင် "ဒီမုန့် ဒီရေကို ပေးပါ" ဟု မှာလိုက်ေ
သည်၊ နံနက်ပိုင်း သတ်ခါနီးဝယ် မုန့်နှင့် ရေကို ပေးသောအ
"ဘယ်သူက ပေးတာတုန်း" ဟု မေးလေသော် မည်သည့် ပြ
တန်ဆာမက ပေးကြောင်းကို ပြောပြခိုက်ဝယ် အလွန်ကျေးဇူးတ
နေတုန်းမှာ အရှင်မောဂ္ဂလ္လာန် ဆွမ်းခံကြွလာလေသည်။

ထိုအခါ ထို မုန့်နှင့် ရေကို မစား မသောက်တော့ဘဲ အ
မောဂ္ဂလ္လာန်ကို အားလုံး လှူလိုက်၏၊ အချိန်ကျ၍ သေသောအ
ရုက္ခစိုးနတ် ဖြစ်၏၊ ထိုအခါ ပြည့်တာဆာမကို သာ၍ စွဲလန်း
သောကြောင့် ဥယျာဉ်တစ်ခုသို့ သူ့ မိခင်နှင့်အတူ ထွက်လာသေ
ပြည့်တန်ဆာမကို သူ့ တန်ခိုးဖြင့် မှောင်ကြီးကျစေ၍ ပွေ့ယူလ
ဏာ သူ့ ဗိမာန်အတွင်း၌ အတူပေါင်းသင်း၍ နေလေသည်၊ ၇၊
ကြာမှ "ကိုဒေဝရယ် အမေမြော်ရော့မယ်" ဟု တောင်းပန်သေ
ကြောင့် ဇေတဝန်ကျောင်းတော်ဝယ် ဗုဒ္ဓမြတ်စွာတရားဟော
၌ ပို့ရင်း တရားနာ၍ ၂ယောက်လုံးပင် သောတာပန် တည်
လေသည်၊ လူမိန်းမလည်း သူ့ အမေထံ ပြန်ရောက်လေသ
[ပေတဝတ္ထု၊အင်္ဂုကထာ, ဥဠာရဝဂ်, ခေတ္တူပမပေတဝတ္ထု။]

အသုရာ, နဂါး, ဂဠုန်, ကုမ္ဘဏ် ရက္ခိုသ်, စတုမဟာရာဇ်

မြင်းမိုရ်တောင်၏ အောက်ဝယ် "အသုရာ" ဟု ခေါ်ဝေါ်အပ်သော နတ်တစ်မျိုးလည်း ရှိသေး၏၊ ထိုအသုရာတို့မှ အထက်ဝယ် ရေအတွင်း၌ ဝင်နေသော မြင်းမိုရ်တောင်၌ နေကြသော နတ် နဂါးတို့သည်လည်းကောင်း, ထိုမှ အထက် မြင်းမိုရ်တောင်ဝယ် နတ်ဂဠုန်တို့သည်လည်းကောင်း, ထိုမှ အထက် မြင်းမိုရ်တောင်ဝယ် နတ်ကုမ္ဘဏ်တို့သည်လည်းကောင်း, ထိုမှ အထက် မြင်းမိုရ်တောင်ဝယ် နတ်ရက္ခသ(ရက္ခိုသ်)ဘို့သည်လည်းကောင်း အဆင့်ဆင့် နေကြ၏၊ ထိုမှ အထက်၌ကား စတုမဟာရာဇ် နတ်မင်းကြီးတို့၏နေရာ နတ်မြို့များ တည်ရှိကြပေသည်၊ ထို စတုမဟာရာဇ် နတ်မြို့၌ နေကြသော နတ်တို့သည် သူတို့၏ အရေအတွက်အားဖြင့် အနှစ်(၅၀၀)ငါးရာ အသက်ရှည်သည်။

တာဝတိံသာ

မြင်းမိုရ်တောင်၏ ထိပ်တည့်တည့် အရပ်ဝယ် တာဝတိံသာ နတ်မြို့ ရှိ၏၊ သိကြားမင်း အုပ်ချုပ်၏၊ ထို တာဝတိံသာနတ်မြို့၌ စူဠာမဏိ စေတီတော်လည်း ရှိ၏၊ ထို နတ်တို့၏ စည်းစိမ်သည် စတုမဟာရာဇ်နတ်တို့၏ စည်းစိမ်ထက် သာလွန်၏၊ နတ်သမီးတို့သည် ၁၆ နှစ် အရွယ်၌ပင် တစ်သက်လုံး တည်နေကြ၏၊ အထင်အရှား အိုခြင်းမရှိ၊ နတ်သားတို့လည်း ၁၆ နှစ်, သို့မဟုတ် အသက် ၂၀ အရွယ်၌ တစ်သက်လုံး တည်နိုင်ကြ၏၊ထိုနတ်တို့၏ စည်းစိမ်သည် မြက်ပေါ်က နှင်းပေါက်နှင့် သမုဒ္ဒရာရေ ကွာခြားသလို လူ့စည်းစိမ်နှင့် ကွာခြား၏၊ "ထိုနတ်စည်းစိမ်ကို ထောက်လျှင် လူ့စည်းစိမ်မှာ မြက်ပေါ်က နှင်းပေါက်လောက်သာ ရှိသည်" ဟု ဆိုလိုသည်။

ထိုကဲ့သို့ ဆိုသင့်၏၊ ဘာ့ကြောင့်နည်း- နတ်သမီး နတ်သားတို့သည် ထင်ရှားသော အိုခြင်း မရှိရုံသာ မက, ကိုယ်၏ အတွင်း၌ ကျင်ကြီး ကျင်ငယ်နှင့်တကွ သလိပ် သည်းခြေ သွေး လေ ဟူသမျှ အားလုံးကင်း၍ သန့်ရှင်းပေသည်၊ နတ်သြဇာကိုသာ စားနေကြသည့်အတွက် အစာကြောင့် အညစ်အကြေး လုံးဝ မဖြစ်တော့၊ ပင်ကိုယ် ဘုံဗိမာန်တို့က ပျော်စရာ ကောင်းသည့် အပြင် နန္ဒနဉယျာဉ် စသော ဉယျာဉ်အများလည်း ရှိသေး၏၊ အသက်တမ်းမှာမူ သူတို့၏ အရေအတွက်အားဖြင့် အနှစ်တစ်ထောင် အသက်ရှည်၏၊ အောက်ပါ လင်္ကာသည် နတ်ပြည်ကို ဖွဲ့စီထားသော မာန်လည် ဆရာတော်ဘုရား၏ လင်္ကာဖြစ်သည်။

[ဆောင်] အပေါင်း ရွှေညီ, ဘုံကိုယ်စီဝယ်, ကျူး သိ မပြီး, ပျော် မငြီးဖို့, နတ်တီး နတ်ငြိမ့်, တငြိမ့်ငြိမ့်နှင့်, သိမ့်သိမ့် သဲသဲ, ရှု မရဲ အောင်, နတ်ပွဲ သဘင်, အမြဲ ရှင်၏၊ မပင် မပူ, နတ်နန်းသူတို့, ပျူပျူငှ ငှါ, ရွှေမျက်နှာဖြင့်, ကြည်သာ စိမ်းစိမ်း, မြမြရှိန်းတည်း၊ ငြိမ်းငြိမ်းအေးလျက်, ကုသိုလ်စက်ကြောင့်, မပျက် တရံ, စည်းစိမ်ခံ၍, မောင်နှံချစ်ပုံ, အသစ်ကြုံသို့, ပေါ်စုံရှင်မြူး, ချစ်ကြည်နူးလျက်, အထူးမေတ္တာ, သက်ပမာဖြင့်, ချမ်းသာ မကင်း, ချစ်ငွေ့ သွင်းသည်..., ချစ်ခြင်း အတုံ့အလှယ်တည်း။

ယာမာနတ်ပြည် တာဝတိံသာ၏ အထက်၌ စတုမဟာရာဇ်နှင့် တာဝတိံသာ ဝေးကွာသလောက်ပင် ဝေးကွာသော အရပ်ဝယ် ယာမာနတ်ပြည် တည်ရှိ၏၊ ရုပ် အဆင်းမှ စ၍ စည်းစိမ်ချမ်းသာ အရာရာဝယ် တာဝတိံသာနတ်တို့ထက် သာလွန်၏၊ အသက်တန်းမှာမူ သူတို့အရေအတွက်အားဖြင့် အနှစ်(၂၀၀၀) နှစ်ထောင် ရှည်သည်။

တုသိတာနတ်ပြည် ယာမာနတ်ပြည်၏ အထက်၌ တာဝတိံသာနှင့် ယာမာ ဝေးကွာသလောက်ပင် ဝေးကွာသော ကောင်းကင်အရပ်ဝယ် တုသိတာနတ်ပြည်တည်ရှိသည်၊ ရုပ်အဆင်းမှစ၍ စည်းစိမ်ချမ်းသာ အရာရာဝယ် ယာမာနတ်တို့ထက် သာလွန်၏၊ အသက်တမ်းမှာမူ သူတို့အရေအတွက်အားဖြင့် အနှစ်(၄၀၀၀) လေးထောင် ရှည်သည်။

မှတ်ချက်။ ။ငါတို့ ဘုရားရှင်သည် သိဒ္ဓတ်မင်းသားဘဝသို့ မရောက်မီက ပါရမီအားလုံး ပြည့်နေပြီ ဖြစ်သောကြောင့် ထို တုသိတာနတ်ပြည်၌ အသက်တမ်းစေ့အောင် နေတော်မူခဲ့သည်၊ ပါရမီ မပြည့်သေးရာ အခြားအခါ၌ကား ပါရမီဖြည့်ခွင့် မရသောကြောင့် ထိုထို နတ်ပြည်၌ အသက်တမ်းစေ့အောင် နေလေ့ မရှိ၊ ရောက်ရာနတ်ပြည်၏အသက်တမ်းမပြည့်မီပင် စုတေဖို့ရန် ပြင်းထန်သော စိတ်ဖြင့် အဓိဋ္ဌာန်၍ စုတေပြီးနောက် လူ့ပြည်သို့ ရောက်မှ ရသင့်ရာ ပါရမီများကို ဖြည့်ကျင့်တော်မူလေ့ရှိသည်၊ ဤအချက်ကို ထောက်လျှင် နတ်ပြည်သည် စည်းစိမ်ခံစားဖို့ နေရာသာ ဖြစ်၏၊ ပါရမီဖြည့်ဖို့ နေရာမဟုတ်၊ ချမ်းသာ ဆင်းရဲ ၂ မျိုး စုံတွဲနေသော ဤလူ့ပြည်သာလျှင် ပါရမီဖြည့်ဖို့ နေရာကောင်း ဖြစ်ကြောင်းကို မှတ်ပါ။

တိုက်တွန်းချက် လူ့ဘဝကို ရနေသူတို့သည် မိမိဘဝ၏ နတ်ပြည်ထက်ပင် အဖိုးတန်ပုံကို သတိပြု၍ ကုသိုလ်တိုးပွားအောင် ကြိုးစားကြပါ၊ ဤလူ့ဘဝ၌ သူတော်ကောင်းတို့အတွက်

ဘုရားဆုလည်း ပန်နိုင်၊ အဂ္ဂသာဝက မဟာသာဝကဆုလည်း ပန်နိုင်၊ အထက်တန်း ဘိက္ခုနီဆုလည်း ပန်နိုင်၏၊ ကုသိုလ်အမျိုးမျိုးကို ပြု၍ လူ့ချမ်းသာ နတ်ချမ်းသာကိုလည်း ရနိုင်၏၊ ထို့ကြောင့် လူ့ဘဝကို "ဘ ပဒေသာပင်ကြီး" ဟု ပဒေသာပင်ကြီးနှင့် ဥပမာပြု၍ ပြောဟောကြပါသည်၊ မသူတော်တို့အဘို့ကား ဤလူ့ဘဝသည်ပင် မတရားမှု အမျိုးမျိုးတို့ကို ပြုနိုင်ရာဘဝ ဖြစ်သောကြောင့် မတရားမှု အမျိုးမျိုးကို ပြုကြ၍ လူနုံ လူမွဲ လူဆင်းရဲဘဝနှင့် ငရဲ တိရစ္ဆာန် ပြိတ္တာ ဘဝသို့ ရောက်ကြရလေသည်၊ ဤသို့ အထက်လမ်း အောက်လမ်း ၂ လမ်းသွားနိုင်အောင် အခွင့်ပေးနေသော ဤလူ့ဘဝဝယ် အောက်လမ်းသွား မဖြစ်စေဘဲ အထက်လမ်းသွား ဖြစ်အောင် သတိထား၍ ကုသိုလ်ကောင်းမှုအမျိုးမျိုးကို ကြိုးစားသင့်ပါသည်။

နိမ္မာနရတိ တုသိတာနတ်ပြည်၏ အထက် ယာမာနှင့် တုသိတာ ဝေးကွာသလောက် ဝေးကွာသော အရပ်ဝယ် နိမ္မာနရတိနတ်ပြည်တည်ရှိ၏၊ ရုပ်အဆင်းမှစ၍ စည်းစိမ်ချမ်းသာ အရာရာဝယ် တုသိတာနတ်တို့ထက် သာလွန်၏၊ အသက်တမ်းမှာမူ သူတို့၏ အရေအတွက်အားဖြင့် အနှစ်(၈၀၀၀)ရှစ်ထောင် ရှည်သည်။

ပရနိမ္မိတဝသဝတ္တီ နိမ္မာနရတိနတ်ပြည်၏ အထက်၌ တုသိတာနှင့် နိမ္မာနရတိ ဝေးကွာသလောက်ပင် ဝေးကွာသော အရပ်ဝယ် ပရနိမ္မိတဝသဝတ္တီနတ်ပြည်တည်ရှိ၏၊ ရုပ်အဆင်းမှစ၍ စည်းစိမ် ချမ်းသာ အရာရာဝယ် နိမ္မာနရတိနတ်တို့ထက် သာလွန်၏၊ အသက်တမ်းမှာမူ သူတို့၏ အရေအတွက် အားဖြင့် အနှစ်(၁၆၀၀၀)တစ်သောင်းခြောက်ထောင် ရှည်သည်။

တ်မင်းများ စတုမဟာရာဇ် တာဝတိံသာ ၂ ဌာနှ် သိကြားမင်း တစ်ယောက်တည်းသာ အုပ်စိုး၏၊ စတုမဟာရာဇ် တ်မင်းကြီး ၄ ယောက်ကား စတုမဟာရာဇ်ဘုံအတွက် သိကြား င်း၏ လက်အောက်က အုပ်ချုပ်ရသော နတ်မင်းကြီးများဖြစ်ကြ ည်၊ ယာမာစသော အထက်နတ်ပြည်၄ထပ်တို့၌လည်း "သုယာမ တ်မင်း, သန္တုသိတနတ်မင်း" စသော ဆိုင်ရာဘုံ၏ အကြီးအကဲ တ်မင်းများရှိကြသည်၊ မာရ်နတ်ကား ပရနိမ္မိတဝသဝတ္တိနတ်ဘုံ၏ စ်နေရာ၌ သူ့လက်အောက်ခံ နတ်များနှင့်အတူ တည်ရှိ၏၊ တိုင်း ည်ဝယ် သူပုန်ထသောအခါ ထိုသူပုန်ခေါင်းဆောင်များ တန်ခိုး ကြီးသကဲ့သို့ သူတို့ဆိုင်ရာ၌သာ တန်ခိုးကြီး၏၊ ပရနိမ္မိတဝသဝတ္တိ တ်ပြည်ကို ပိုင်သူမှာ မာရ်နတ်မဟုတ်၊ အခြားနတ်မင်းတစ်ယောက် ာ ဖြစ်သည်။

ဟ္မာ့ပြည် နတ်ပြည် ၆ထပ်၏ အထက်၌ ဗြဟ္မာ့ပြည်ရှိ၏၊ လူ့ပြည် တုန်းက လောကီအာရုံ ကာမဂုဏ်ကို စက်ဆုပ်၍ ားထုတ်အပ်သော ဈာန်ကုသိုလ်ကြောင့် လူ့ဘဝမှ စုတေသော ခါ ဗြဟ္မာဖြစ်ကြရသည်၊ ထို့ကြောင့် ဗြဟ္မာတို့သည် ကာမဘုံ ားတို့ကဲ့သို့ အာရုံ၅ပါးကို ခံစားခြင်းမရှိကြ၊ ယောကျ်ားမိန်းမဟု ွဲပြားမှုလည်း မရှိကြ၊ အားလုံးသော ဗြဟ္မာတို့သည် ယောကျ်ား သဏ္ဌာန်ဖြင့် တစ်သက်လုံးတည်နေကြ၏၊ ကာမဂုဏ် မခံစားသော ကြောင့် ယောဂီသူတော်စင်များကဲ့သို့အလွန်ငြိမ်သက်ကြပေသည်။

ဟ္မာ ၃မျိုး ဆိုင်ရာ ဗြဟ္မာအစုအဝေး၌ ဗြဟ္မာမင်းတစ်ယောက်စီ ရှိ၏၊ "ဗြဟ္မ ပုရောဟိတ်" ဟု ခေါ်အပ်သော က်အောက် ဗြဟ္မာများလည်းရှိ၏၊ "ဗြဟ္မပါရိသဇ္ဇာ"ဟု ခေါ်

အပ်သော အခြံအရံ ပရိသတ် ဗြဟ္မာများလည်း ရှိ၏၊ လူ့ ဘုံ
စျာန်ရစဉ်က ထိုစျာန်ကို အထပ်ထပ် လေ့လာသောကြောင့်
တန်း အဆင့်သို့ ရောက်သူသည် ဗြဟ္မာမင်းဖြစ်၏၊ အလယ်အ
တန်း အဆင့်သို့ ရောက်သူများသည် ဗြဟ္မပုရောဟိတ်များဖြစ်ကြ
ရိုးရိုးစျာန်ကို ရသော ပုဂ္ဂိုလ်များသည် ဗြဟ္မာမင်း၏ အခြွေ
ပရိသတ်များ ဖြစ်ကြသည်။

ပဌမစျာန် ၃ ဘုံ ဤသို့ ဗြဟ္မာ ၃ မျိုးကွဲသောကြောင့် ကောင်း
တစ်ပြင်တည်းမှာပင် ပဌမစျာန် ၃ ဘုံ ကွဲပြား
အခြွေအရံ ဗြဟ္မာတို့သည် အသင်္ချေယျကပ်၏ ၃ ဖို့ တစ်ဖို့
ပုရောဟိတ်တို့သည် အသင်္ချေယျကပ် တစ်ဝက်, ဗြဟ္မာမင်းတို့
အသင်္ချေယျတစ်ကပ် အသက်ရှည်၏။ [ကမ္ဘာကြီး တည်သည်မှ
ပျက်သည့်တိုင်အောင် အသင်္ချေကပ် ၄ ကပ် ရှိ၏။]

ဒုတိယစျာန် ၃ ဘုံ ဒုတိယစျာန်ရသူတို့ဖြစ်ရာ အထက်ကောင်း
၌လည်း တစ်ပြင်တည်းမှာပင် ဒုတိယစျာန်
ကွဲပြား၏၊ အခြွေအရံ ဗြဟ္မာတို့သည် မဟာကပ် ၂ ကပ်, ဗြဟ္မပု
ဟိတ်တို့သည် မဟာကပ် ၄ ကပ်, ဗြဟ္မာမင်းသည် မဟာကပ် ၈
အသက်ရှည်၏။

တတိယစျာန် ၃ ဘုံ တတိယစျာန် ရသူတို့ဖြစ်ရာ အထက် ကောင်းက
လည်း တစ်ပြင်တည်းမှာပင် တတိယစျာန် ၃
ကွဲပြား၏၊ အခြွေအရံ ဗြဟ္မာတို့သည် မဟာ
၁၆ ကပ်, ဗြဟ္မပုရောဟိတ်တို့သည် မဟာကပ် ၃၂ ကပ်, ဗြဟ္မာမ
သည် မဟာကပ် ၆၄ ကပ် အသက် ရှည်၏။

စတုတ္ထစျာန်ဘုံ ထိုမှ အထက်ကောင်းကင်၌ စတုတ္ထစျာန်ရသူ ကို
သည် နာမ်တရား (စိတ်, စေတသိက်) တို့ကို
က်ဆုပ်သူမဟုတ်လျှင် ဝေဟပ္ဖိုလ်ဘုံ၌ဖြစ်၏၊ စတုတ္ထစျာန်ရစဉ်က
မ်တရားတို့ကို စက်ဆုပ်သူ ဖြစ်လျှင် နာမ်တရားမပါဘဲ အသည
တ်ဘုံ၌ ဖြစ်၏၊ ထို ဘုံတို့၌ မဟာကပ် ငါးရာ အသက်ရှည်၏။
ဒ္ဓါဝါသ ၅ ဘုံ အောက်အောက်ဘုံ၌ အနာဂါမ် ဖြစ်၍ စတုတ္ထ
စျာန်ကိုရလျှင် စုတေသောအခါ၌ဖြစ်ကြရသော
ဌာနကို "သုဒ္ဓါဝါသဘုံ" ဟု ခေါ်၏၊ [သုဒ္ဓ–စင်ကြယ်သော
နာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့၏ + အာဝါသ–နေရာဘုံ၊ရဟန္တာကား
တ္တိအခါကို ရည်ရွယ်သည်။] ထို သုဒ္ဓါဝါသဘုံသည် အဝိဟာ,
တပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌာအားဖြင့် အဆင့်ဆင့်
င်သော ဘုံ ၅ ဘုံ ရှိ၏၊ အဝိဟာဘုံ၌ ဗြဟ္မာတို့သည် မဟာကပ်
စ်ထောင် အသက်ရှည်၏၊ အတပ္ပါဘုံ၌ ဗြဟ္မာတို့သည် မဟာကပ်
ထောင် အသက်ရှည်၏၊ သုဒဿာဘုံ၌ ဗြဟ္မာတို့သည် မဟာကပ်
ထောင် အသက်ရှည်၏၊ သုဒဿီဘုံ၌ ဗြဟ္မာတို့သည် မဟာကပ်
ထောင် အသက်ရှည်၏၊ အကနိဋ္ဌာဘုံ၌ ဗြဟ္မာတို့သည် မဟာကပ်
သောင်း ၆ထောင် အသက်ရှည်၏၊ အောက်အောက် သုဒ္ဓါဝါသ
ုံမှ အနာဂါမ်အဖြစ်ဖြင့် စုတေလျှင် အထက်အထက် သုဒ္ဓါဝါသ
ုံ၌သာ ဖြစ်နိုင်၏။

အရူပ ၄ ဘုံ ထိုသုဒ္ဓါဝါသဘုံတို့၏ အထက်၌ ရုပ်ကို စက်ဆုပ်သော
ပုဂ္ဂိုလ်တို့၏ နေရာ နာမ်တရားချည်းသာရှိသော အရူပ
ုံ ၄ ဆင့် ရှိသေး၏၊ (၁)အာကာသာနဉ္စာယတနစျာန်ကို ရသော
ဗြဟ္မာတို့၏ နေရာ အာကာသာနဉ္စာယတနဘုံ၊ ထို ဘုံ၌ အသက်

မဟာကပ် ၂ သောင်း ရှည်၏၊ ထိုဘုံ၏ အထက်၌ ဝိညာဏဉ္စာယတ
ချာန်ကို ရသော ပြဟ္မာတို့၏နေရာ ဝိညာဏဉ္စာယတနဘုံ၊ ထိုဘုံ
အသက်မဟာကပ် ၄ သောင်းရှည်၏၊ ထိုဘုံ၏အထက်၌ အာကိဉ္စည
ယတန ဈာန်ကိုရသော ပြဟ္မာတို့၏ နေရာ အာကိဉ္စညာယတနဘ
ထိုဘုံ၌ အသက် မဟာကပ် ၆ သောင်း ရှည်၏၊ ထိုဘုံ၏ အထက်
နေဝသညာနာသညာယတနဈာန်ကို ရသော ပြဟ္မာတို့၏ နေ
နေဝသညာနာသညာယတန ဘုံ၊ ထိုဘုံ၌ အသက် မဟာက
၈ သောင်းရှည်၏။

အသက်တမ်း စေ့လျှင် အောက်အောက်ပြဟ္မာများနှင့်တကွ မဟာ
ကပ် ၈ သောင်း အသက်ရှည်သော အထ
ဆုံး ပြဟ္မာတို့သည် ပုထုဇဉ်ဖြစ်လျှင် အသက်တမ်း စေ့သောအခါ
အောက်အောက်ဘုံသို့ ပြန်ကြရ၀ယ်အချို့မှာ လူ့ဘုံတိုင်အောင်
ပြန်လာကြ၏၊ အရိယာဖြစ်ပြီးသူတို့ကား ပြဟ္မာ့ပြည်သို့ရောက်လျှ
အောက်သို့ မပြန်တော့ဘဲ ထိုဘုံ၌ ထပ်၍လည်းကောင်း, အထက်
အထက်သို့ တက်၍လည်းကောင်း, ဆက်ကာဆက်ကာ ရဟန္တာမဖြစ်
မီနေကြရ၏၊ ရဟန္တာဖြစ်သောအခါ ရောက်ရာပြဟ္မာ့ဘုံ၌ပရိနိဗ္ဗာန်
စံကြရသည်၊ ဤအရူပဘုံများနှင့် တကွ အောက်ဆုံးငရဲဘုံ တိုင်
အောင် စကြဝဠာတံတိုင်းအထိ ဩကာသလောက ကမ္ဘာကြီး ခ
ဟုလည်းကောင်း, ထိုကမ္ဘာ၌ နေရာအမျိုးမျိုး၀ယ် နေကြရသော
သတ္တဝါအပေါင်းကို "သတ္တလောက" ဟု လည်းကောင်း မှတ်ပါ။

သတ္တလောက သိတော်မူပုံ သတ္တလောကကို သိတော်မူရာ၌ "ဤ
သတ္တဝါသည် မည်သည့်ဘုံမှ စုတေခဲ့၍
မည်သည့်ကံကြောင့် ဤဘုံ၌ ဖြစ်ရ၏" ဟုလည်းကောင်း, ရှေးရှေး

ဘ၀က လောဘဆိုင်ရာ၀ယ် လိုချင်မှုအားကြီးခဲ့သောကြောင့်လည်း
ကောင်း, ကံပြုရာ အခါတုန်းက ဂုဏ်ပကာသန လိုလားသော
လောဘ, ဘ၀စည်းစိမ်ကိုတောင်းတသောလောဘ, ဤသို့ လောဘ
ခြံရံ၍ ကံပြုခဲ့သောကြောင့်လည်းကောင်း , ထိုကံ အကျိုးပေးရာ
ဤဘ၀၌ လောဘကြီးသူ, လောကီအာရုံ ကာမဂုဏ်လိုက်စားသူ
ဖြစ်၏" ဟု အကြောင်းအကျိုး စုံလင်စွာ သိတော်မူ၏။

"ရှေးရှေးဘ၀က ထိုထိုကိစ္စ၀ယ် ဒေါသအဖြစ် များသော
ကြောင့် လည်းကောင်း, ကံပြုရာအခါတုန်းက မကျေနပ်မှု, စိတ်တို
မှု, စိတ် မချမ်းသာမှု ဤသို့ ဒေါသခြံရံ၍ ကံပြုခဲ့သောကြောင့်
လည်းကောင်း ထိုကံ အကျိုးပေးရာ ဤဘ၀၌ ဒေါသကြီးသူ,
စိတ်ညစ်တတ်သူ, စိတ်ဆင်းရဲတတ်သူ ဖြစ်ရ၏" ဟု အကြောင်း
အကျိုး စုံလင်စွာ သိတော်မူ၏။

ရှေးရှေး ဘ၀က ဉာဏ်ပညာ နည်းပါး၍ မစဉ်းစားတတ်
မဝေဖန်တတ် မသိတတ်သော မောဟ အဖြစ် များသောကြောင့်
လည်းကောင်း, ကံပြုရာ အခါတုန်းက ကံ ကံ၏အကျိုးကို နား
မလည်ဘဲ သူများပြုသလို လိုက်၍ပြုရာ၌ မောဟခြံရံ၍ ပြုရာရောက်
သောကြောင့်လည်းကောင်း ထိုကံအကျိုးပေးရာ ဤဘ၀၌ စည်း
စိမ် ဥစ္စာ ပေါများစေကာမူ ဉာဏ်ပညာ နည်းပါး၍ ထိုင်းမှိုင်း
ဖျင်းအ, သူများ ပြောသမျှကို လိုက်နာရသော မောဟကြီးသူ ဖြစ်
၏" ဟု အကြောင်းအကျိုး စုံလင်စွာ သိတော်မူ၏။

"ရှေးရှေးဘ၀က သဒ္ဓါကောင်းသူ ဖြစ်ခဲ့သောကြောင့် လည်း
ကောင်း, သဒ္ဓါခြံရံ၍ ကောင်းသော ကံကို ပြုခဲ့သောကြောင့်လည်း
ကောင်း ထိုကံ အကျိုးပေးရာ ဤဘ၀၌ သဒ္ဓါကောင်းသူ ဖြစ်တတ်
၏၊ ဘုရားကိစ္စ, တရားကိစ္စ, သံဃာ့ကိစ္စတို့၌ သဒ္ဓါတရား ထက်သန်

စွာ ပြုလုပ်တတ်၏၊ သို့သော် ''ဉာဏ်မပါလျှင် သူများပြောသမျှကို ယုံကြည်၍ အမှားကိုလည်း ပြုမိတတ်၏'' ဟု အကြောင်းအကျိုး စုံလင်စွာ သိတော်မူ၏။

''ရှေးရှေးဘဝက ဉာဏ်ပညာထက်သူ, အရာရာ စဉ်းစားသူ ဖြစ်ခဲ့သောကြောင့် လည်းကောင်း, ပညာရေးကိစ္စ၌ အားပေးခဲ့သောကြောင့်လည်းကောင်း ထိုကံအကျိုးပေးရာ ဤဘဝ၌ ပညာထက်သူ, အရာရာ စဉ်းစား ဝေဖန်တတ်သူ, ပညာရေးဆိုင်ရာဝယ် အထက်တန်း ရောက်သူ ဖြစ်ရ၏''ဟု အကြောင်းအကျိုး စုံလင်စွာ သိတော်မူ၏။

ရှေးရှေးဘဝက လောဘ ဒေါသ မောဟ တစ်မျိုးမျိုး အရင်းခံ၍ သူ့အသက်ကို သတ်ခြင်း, သူ့ဥစ္စာကို ခိုးယူခြင်း, သူ့အိမ်ရာကို ကျူးလွန်ခြင်း, လိမ်လည်လှည့်ပတ်ခြင်း, သေရည်အရက် သောက်စားမှု များစွာပြုခြင်းစသော သီလပျက်မှု ဒုစရိုက် အကုသိုလ်မှုတွင် တစ်ခုခုကို ပြုခဲ့သောကြောင့် ငရဲ၌ ဖြစ်ရ၏ ဟု လည်းကောင်း, တိရစ္ဆာန်ဖြစ်ရ၏ဟု လည်းကောင်း, ပြိတ္တာအမျိုးမျိုး ဖြစ်ရ၏ဟု လည်းကောင်း အကြောင်းအကျိုး စုံလင်စွာ သိတော်မူ၏။

ဤသို့ သတ္တလောကဟူသော သတ္တဝါအပေါင်းကို ရှိးရှိးမျက်စိဖြင့် မသိမမြင်နိုင်သော သေးသေးမွှားမွှားတိရစ္ဆာန်ကလေးများမှစ၍ ကြီးကြီးမားမား တိရစ္ဆာန်များနှင့် လူ နတ် ဗြဟ္မာ သတ္တဝါ အမျိုးမျိုးသော သတ္တလောကကို အကြောင်းအကျိုး စုံလင်စွာ သိတော်မူပါသည်။

တစ်ဆင့် သိကြရပုံ ဤသို့ ဘုံ၃၁နဖြစ်ရာ ဒေသတည်းဟူသော ဩကာသလောကနှင့်တကွ လူ နတ် ဗြဟ္မာ ငရဲ တိရစ္ဆာန် ပြိတ္တာဟူသော သတ္တလောကကို ရှေးဦးစွာ ကိုယ်တော်

တိုင် သဗ္ဗညုတာဉာဏ်တော်ဖြင့် သိတော်မူ၍ ၄၅ ဝါ ကာလပတ်လုံး အကြောင်းပေါ်တိုင်း ဟောတော်မူသောကြောင့် ဘုရား လက်ထက်တော်မှ စ၍ မိမိတို့ လက်ထက်တိုင်အောင် လူကောင်း သူကောင်း သူတော်အပေါင်းတို့ သိကြရသဖြင့် ပါဏာတိပါတစသော ဒုစရိုက်ဆယ်ပါး မကောင်းသော အကုသိုလ်များကို ရှောင်ရှားတတ်ကြ၏၊ သုစရိုက် ၁၀ ပါးကိုလည်းကောင်း, ဒါန သီလ ဘာဝနာစသော ပုညကိရိယဝတ္ထု ၁၀ ပါးကိုလည်းကောင်း ကြိုးစားကြပေသည်။

ဘုရားရှင် ပွင့်တော်မမူလျှင်ကား မျက်မြင် လူ့လောကနှင့်တကွ တိရစ္ဆာန်လောကလောက်ကိုသာ သိရသဖြင့် ကုသိုလ်အကုသိုလ်ကိုလည်း ခွဲခြား၍ မသိနိုင်သောကြောင့် သူကန်းလမ်းသွားရာ၌ မှားသော လမ်းကိုသာ အသွားများ၍ မှန်သောလမ်းကို သွားမိခြင်းကနည်းပါးသကဲ့သို့, ကောင်းသော ကုသိုလ်အလုပ်ကိုလည်း ပြုလုပ်မိကြ,မကောင်းသော အကုသိုလ်အလုပ်ကိုလည်း ပြုလုပ်ကြရာဝယ် အပါယ်ရောက်ကြောင်း မကောင်းမှုတွေကသာ များ၍ နေစရာ ရှိပါသည်၊ ထို့ကြောင့် ဘုရားရှင် ပွင့်တော်မူလာခြင်းသည် လူကောင်း သူကောင်း ပညာရှိ သူတော်ကောင်းတို့မှာ အလွန် ကျေးဇူး များပါပေသည်။

ပါဠိတော် ။ ။ သော ဣမံ လောကံ သဒေဝကံ သမာရကံ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ။

မြန်မာပြန်။ ။ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွ ဖြစ်သော မာရ်နတ်နှင့်တကွ ဗြဟ္မာနှစ်ဆယ်နှင့်လည်း တကွဖြစ်သော ဤအထက် သတ္တလောက ဩကာသလောကကို လည်းကောင်း,

လူမင်း - အခြား လူများနှင့် တကွဖြစ်သော သာသနာတွင်း သာသနာပ ရသေ့ ရဟန်း ပုဏ္ဏားနှင့် တကွဖြစ်သော အလယ်တန်း သတ္တလောက, ရေ တိရစ္ဆာန် ပြိတ္တာဟူသော အောက်တန်း သတ္တလောကကိုလည်းကောင်း ကိုယ်တော်တိုင် သဗ္ဗညုတဉာဏ်တော်ဖြင့် သိ၍ အများသိအောင်လည်း ဟောပြတော်မူသည်၊ ဤသို့ ဟောတော်မူသောကြောင့် မိမိတို့တစ်ဆင့် သိရသည်မှာ အလွန် ကံကောင်းကြပါသည်။

[ဆောင်] ဘုရားရှင်တော်, မပွင့်ပေါ်လျှင်, လူတော်အများ, စိတ်ကောင်းထားလည်း, ဤကား ကုသိုလ်, အကုသိုလ်နှင့်, တိုထို ဘုံဘဝ, မသိရ, များလှ အပြစ်တွေ။
ဘုရားရှင်တော်, ပွင့်ထွန်း ပေါ်၍, ဟောပေါ် ညွှန်ကြား, မြတ်တရားကြောင့်, ဤကား ကုသိုလ်, အကုသိုလ်နှင့်, ထိုထို ဘုံဘဝ, သိကြရ, များလှ ကျေးဇူးပေ။

သင်္ခါရလောက ဆိုင်ရာအကြောင်းတရားတို့ပြုအပ်သော ရုပ်တရား နာမ်တရားစုကို "သင်္ခါရလောက" ဟု ခေါ်၏၊ ထိုသင်္ခါရလောကဟူသည် ဩကာသလောက သတ္တလောကမှ တစ်မျိုးတခြား မဟုတ်ပါ၊ ဩကာသလောကဟု ခေါ်အပ်သော ဘုံဌာန အမျိုးမျိုးသည်သတ္တဝါတို့၏ကံကို အရင်းခံ၍ဥတုကြောင့်ဖြစ်သော (ဥတုသည် ပြုအပ်သော) ရုပ်တရားတွေသာတည်း၊ ထို ရုပ်တရားစုကိုပင် ဥတုသည် ပြုအပ်သောကြောင့် သင်္ခါရလောကဟု ခေါ်၏၊ သတ္တလောကဟူသည်လည်း ရုပ်နှင့်နာမ် ပေါင်းစပ် တည်နေသော သင်္ခါရလောကပင် ဖြစ်၏၊ လူသတ္တဝါဟုဆိုလျှင် ခန္ဓာကိုယ်ဟူသော ရုပ်အစုနှင့် အမြဲဖြစ်နေသော စိတ် စေတသိက်အစုသာ ဖြစ်၏။

ံက ရုပ်ကိုပြုပြင်ပုံ လူ၌ရှိသောရုပ်အစုကိုမိမိပြုအပ်သော ရှေးကံက အမိဝမ်းဝယ် စတည်နေစဉ်ကပင် ရုပ်ဖြစ်အောင် ပြု၏၊ အမြဲ ရုပ်တွေဖြစ်နေရာ၌လည်း ရှေးကံအသီးသီးက ပြုနသောရုပ်များလည်းပါဝင်၏၊ ထို့ကြောင့် ရုပ်အဆင်းလှ-မလှသောအားဖြင့် ကွဲပြားမှုကို ရှေးကံကပြုထားသည်ဟုမှတ်ရ၏၊ ထိုရုပ်ားကို ကမ္မဇရုပ်ဟုခေါ်၏။ [ကမ္မ-ကံကြောင့်+ဇ-ဖြစ်သောရုပ်။]

တ်က ရုပ်ကိုပြုပုံ အမြဲဖြစ်နေသော စိတ် စေတသိက် တို့ကလည်း ခန္ဓာကိုယ်၌ ရုပ်ဖြစ်အောင် အမြဲ ပြုနေကြ၏၊ ို့ကြောင့် စိတ်ချမ်းသာသူ၌ ရုပ်တွေ ကြည်လင်နေ၏၊ စိတ်ဆင်းရဲ၌ ရုပ်တွေ ညှိုးနွမ်းနေ၏၊ ဤခန္ဓာကိုယ်ဝယ် ထိုရုပ်များကို စိတ္တဇပ်ဟု ခေါ်၏။ [စိတ္တ-စိတ်ကြောင့်+ဇ-ဖြစ်သောရုပ်။]

တုက ရုပ်ကိုပြုပုံ အပြင်ပ၌ရှိသော အအေးအပူတွင် ပါဝင်သော အငွေ့ကို ဥတုဟု ခေါ်၏၊ ဤခန္ဓာကိုယ်အတွင်း၌ ပြင်ဖက်က ဥတုအငွေ့သည်လည်းကောင်း, အတွင်းက ဥတုအငွေ့ည်လည်းကောင်း ရုပ်ကိုဖြစ်စေပြန်၏၊ ထို့ကြောင့် ကောင်းမြတ်သာဥတုဝယ် နေထိုင်သူတို့သည် ရုပ်အဆင်း ကြည်လင်၍ ကျန်းကြ၏၊ အပြင်က ဥတုအလိုက် မနေတတ်သူတို့သည် မကျန်းမမာစ်ကြရ၏၊ ရေ၌လည်း ထိုအငွေ့ပ၏၊ ထို့ကြောင့် ရေချိုးမှားသူသည် မသင့်သော ဥတုအငွေ့ကြောင့် မကျန်းမမာ ဖြစ်ကြရ၏၊ ုက ခန္ဓာကိုယ်ဝယ် ရုပ်ဖြစ်အောင် ပြုနေကြောင်းကို သိသူတို့ည် ဥတုနှင့်လျော်အောင် နေတတ်သောကြောင့် ကျန်းမာသောင်တွေသာ ဖြစ်နေသည်၊ ဤရုပ်များကို ဥတုဇရုပ် ဟု ခေါ်၏။ [ဥတု-အအေး အပူ အငွေ့ကြောင့်+ဇ-ဖြစ်သောရုပ်။]

အာဟာရက ရုပ်ကိုပြုပုံ

စားသောက်သမျှအစာကို "အာဟာရ" ဟုခေါ်
ထို အာဟာရထဲမှာ အဆီအနှစ် ဩဇာဟူသော
တစ်မျိုးပါဝင်၍ ထိုဩဇာသည် စားလိုက်သော
ခန္ဓာကိုယ်၌ ရုပ်အမျိုးမျိုးကို ဖြစ်စေ၏၊ ထို့ကြောင့် ဩဇာကေ
သော အစာအာဟာရကို စားနေရသူတို့သည် ကျန်းမာ၏၊ ဝဖြိ
ဩဇာ မကောင်းသော ဩဇာ ကောင်းသော်လည်း မိမိနှင့် မ
သော အစာ အာဟာရကို စားနေရသူတို့သည် ရောဂါမျ
ထို့ကြောင့် မသင့်သောအစာကိုစားမိလျှင် ချက်ချင်း ရောဂ
သို့မဟုတ် ရောဂါတိုး၍ သေကြရလေသည်။

ဆေးအမျိုးမျိုး၌ ပါသော ဩဇာသည် မိမိနှင့် သင့်မြတ်
ကောင်းသောရုပ်ကို ဖြစ်စေ၍ မိမိနှင့် မသင့်မြတ်လျှင် မငေ
သော ရုပ်ကို ဖြစ်စေသောကြောင့် နဂိုရ် မကျန်းမမာ သူ
ရောဂါ သက်သာခြင်း, ရောဂါ တိုးခြင်းတို့ကို တွေ့ရလေသ
ဤသို့လျှင် ဤခန္ဓာကိုယ်သည် ကံ, စိတ်, ဥတု, အာဟာရဟူ
အကြောင်းတရားတို့က အချိန်ရှိသ၍ ပြုအပ်သောကြောင့် သ
ရုပ် အစုသာ ဖြစ်ချေသည်။

စိတ် စေတသိက်ကို အကြောင်းတို့က ပြုပုံ

သတ္တဝါတို့၏ သန္တာန်၌ ကုသိုလ်
အကုသိုလ်စိတ်, ဝိပါက်စိတ်, ကြိယာစိ
စိတ် ၄ မျိုးရှိ၏၊ ထိုတွင် ကြိယာစိတ် အ
စုသည် ရဟန္တာဖြစ်ပြီးသူတို့၌သာ ဖြစ်ရသောကြောင့် အထူး
မလိုပါ၊ ဝိပါက်စိတ်တွေသည် ရှေးကံကြောင့် ဖြစ်ရ၏၊ အမိ
ပဋိသန္ဓေ တည်နေစကပင် ရှေးကံကြောင့် ပဋိသန္ဓေစိတ် ဟူ
ဝိပါက်စိတ် ဖြစ်ခဲ့၏၊ ထို ဝိပါက်စိတ်သည် ရှေးကံကြောင့်

ား ကံကောင်းသူတို့၌ ကောင်းသော ပဋိသန္ဓေဝိပါက်စိတ်ဖြစ်၏၊
ညံ့သူတို့၌ ညံ့သော ပဋိသန္ဓေဝိပါက်စိတ် ဖြစ်၏၊ ကံမကောင်းသူ
၌ ငရဲ တိရစ္ဆာန် ပြိတ္တာ ဘုံဝယ် မကောင်းသော ပဋိသန္ဓေဝိပါက်
တ် ဖြစ်၏၊ ထို့ကြောင့် လူအမျိုးမျိုး သတ္တဝါအမျိုးမျိုး၌ ပဋိ
န္ဓေ တည်နေစကပင် စိတ်ချင်း မတူခဲ့ကြသောကြောင့် တစ်ဘဝ
လုံး၌လည်း အများအားဖြင့် စိတ်ချင်း မတူကြချေ၊ အိပ်ပျော်နေ
သာအခါ စိတ်တွေသည် ထို ပဋိသန္ဓေစိတ်မျိုးပင်ဖြစ်၏၊ ဤစိတ်
အားလုံးကို ဝိပါက်စိတ်ဟု ခေါ်၏၊ ထို့ကြောင့် ဝိပါက်စိတ်
ဟူသည် ရှေးကံပြုအပ်သော သင်္ခါရတရားပင်တည်း။

ကုသိုလ်စိတ်

သုစရိုက် ၁၀ ပါးဟု အများနားလည်နေသော ကုသိုလ်
စိတ်ဖြစ်ရာအခါ၌လည်းကောင်း, ဒါန သီလ ဘာဝနာ
သော ပုညကြိယာဝတ္ထု ၁၀ ပါးတွင် တစ်ပါးပါးကို ပြုနေရာအခါ
၌လည်းကောင်း, ဤ ကုသိုလ်စိတ်တွေ အထပ်ထပ် ဖြစ်နေကြပေ
သည်၊ သူတော်ကောင်းစစ်စစ်ဖြစ်သူတို့သန္တာန်ဝယ် ထိုကုသိုလ်စိတ်
တွေက အဖြစ်များ၏၊ ယခုဘဝဖြစ်သမျှသော ကုသိုလ်စိတ်တွေ
သည် ထုံးစံအတိုင်း ဖြစ်သည်နှင့်တစ်ပြိုင်နက် ဆက်၍ ပျက်ရသော်
လည်း နောက်နောက်ဘဝ၌ ကောင်းကျိုးပေးဖို့ရန် ခန္ဓာအစဉ်
ဝယ် ကမ္မသတ္တိဟူသော သတ္တိတစ်မျိုးကို မြှုပ်နှံ၍ ချုပ်သွားကြ
လေသည်။

ဘုရားအလောင်းစသော ပုဂ္ဂိုလ်တို့သည် ထို ကုသိုလ်စိတ်များ
ဖြင့် ဒါနစသော ပါရမီကောင်းမှု အမျိုးမျိုးကို ပြုခဲ့ကြ၏၊ ပြုသမျှ
ကောင်းမှုတွေသည် ပြီးပြီးပျောက်ပျောက် မဟုတ်ဘဲ နောက်
နောက် အခါ၌ အကျိုးပေးဖို့ရန် ကမ္မသတ္တိကို မြှုပ်နှံ၍ ချုပ်သွား

ကြသောကြောင့် နောက်ဆုံးဘဝ၌ ပါရမီကုသိုလ်များသည် ဘု
ဖြစ်လောက်အောင် ပြည့်နေရကား အလွန် ထက်မြက်သော ပုဂ္ဂိ
ထူး ပုဂ္ဂိုလ်မြတ် အဖြစ်ဖြင့် ထင်ရှားသော ဘုရားတစ်ဆူ ဖြစ်ရ
သည်၊ အဂ္ဂသာဝက မဟာသာဝက ဘိက္ခု ဘိက္ခုနီလောင်းမ
လည်း ဤကဲ့သို့ ကုသိုလ်ပါရမီတွေပြည့်အောင် ဖြည့်ခဲ့ကြပေသ
ထို့ကြောင့် ကုသိုလ်စိတ်ဟူသည် မိမိကိုယ်တိုင် ရှေးက ပြုအ
သော သံသရာတရားပင်တည်း။

အကုသိုလ်စိတ် ဒုစရိုက်၁၀ပါးဟု ခေါ်ဝေါ်အပ်သော ပါဏ
ပါတ စသော မကောင်းမှု, အဒိန္နာဒါန စ
မကောင်းမှု, သူ့သားအိမ်ယာ ပြစ်မှား ကျူးလွန်ခြင်း စ
ကာမေသုမိစ္ဆာစာရ မကောင်းမှု, လိမ်လည် လှည့်ပတ်ခြင်း စ
မုသာဝါဒ မကောင်းမှု, သေရည်သောက်မှု ဘိန်းစားမှု စ
မကောင်းမှုတို့ကို ပြုရာအခါ၌ လောဘနှင့်ဆိုင်သော အကု
စိတ်, ဒေါသနှင့်ဆိုင်သော အကုသိုလ်စိတ်, မနာလို ဝန်တိုမှု ကျ
မစ္ဆရိယနှင့် ဆိုင်သော အကုသိုလ်စိတ်, လှပသော သာယာ
ကောင်းသော အဆင်း အသံ အနံ့ အရသာ အတွေ့ အထိမျ
သာယာသောအခါ၌ဖြစ်သော အကုသိုလ်စိတ်တို့သည် ပုထု
သန္တာန်၌ အချိန်ရှိသ၍ အဖြစ်များနေ၏၊ဖြစ်ပြီး၍ ပျက်သောအ
နောက်နောက်ဘဝ၌ မကောင်းသောအကျိုးကို ပေးဖို့ရန် မိ
ကမ္မသတ္တိကို မြှုပ်နှံ၍ ချုပ်သွားလေ၏၊ ထိုအကုသိုလ်စိတ်တို့လ
ဆိုင်ရာ အာရုံတို့ကို အကြောင်းပြု၍ မိမိကိုယ်တိုင် ပြုအပ်
ကြောင့် သံသရာတရားများပင် ဖြစ်သည်။

ရုပ်နာမ်သင်္ခါရ ပြုအပ်ပြီးသော ရုပ်ဟူသမျှကို ရုပ်သင်္ခါရဟု လည်း
ကောင်း, ပြုအပ်ပြီးသောစိတ်တို့နှင့် စိတ်ဖြစ်တိုင်း
ပါရသော စေတသိက်တို့ကို နာမ်သင်္ခါရဟု လည်းကောင်း ခေါ်ရ
၏၊ ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ ရုပ်နာမ်သင်္ခါရကို သိတော်မူ
သောကြောင့် ကျွတ်ထိုက်သော သတ္တဝါတို့ကို တရားဟောတော်
မူရာဝယ် သူ၏ ရှေးကံ သင်္ခါရကိုလည်း ကြည့်တော်မူရ၏၊ ယခု
ဖြစ်ဆဲ နာမ်သင်္ခါရကိုလည်း ကြည့်တော်မူရ၏၊ နာမ်သင်္ခါရတွင်
ပါဝင်သော သဒ္ဓါ၏ အနုအရင့် , ပညာ၏ အနုအရင့်ကိုလည်း
ကြည့်တော်မူရ၏၊ ရာဂ ဒေါသစသော အဖြစ်များသော စရိုက်ဆိုး
တို့ကိုလည်း ကြည့်တော်မူရ၏၊ ထိုသို့ ကြည့်တော်မူပြီးမှ သဒ္ဓါပညာ
တို့ တိုးတက်လာအောင်လည်းကောင်း, ရာဂ ဒေါသတို့ နည်းပါး
သွားအောင်လည်းကောင်း တရားဟောတော်မူရသည်၊ထို့ကြောင့်
ဗုဒ္ဓမြတ်စွာ၏ ရုပ်နာမ်သင်္ခါရကို သိတော်မူခြင်းဟူသော လောက
ဝိဒူဂုဏ်တော်သည် သတ္တဝါများအတွက် အလွန် ကျေးဇူးများ
သော ဂုဏ်တော်ဖြစ်ပါပေသည်။

အပါယ်မကျတော့ ဤနေရာဝယ် ရပ်တန့်၍ ပြအပ်ခဲ့သော အရဟံ
စသော ဂုဏ်တော်များကို လည်းကောင်း,
လောကဝိဒူဂုဏ်တော်ကိုလည်းကောင်း တစ်ပါးစီတစ်ပါးစီ အထပ်
ထပ် အာရုံပြုသောအခါ ဗုဒ္ဓမြတ်စွာ၏အပေါ်၌ လေးလေးနက်နက်
ဉာဏ်ဖြင့် သက်ဝင်၍ ယုံကြည်သော အဝေစ္စပသာဒဖြစ်၏၊ လူဝတ်
ကြောင်ဖြစ်လျှင် လူ့သီလ, သာမဏေဖြစ်လျှင် သာမဏေသီလ,
ရဟန်းဖြစ်လျှင် ရဟန်းတော်များ၏ သီလကို ပွတ်သစ်စ ခရသင်း
ကဲ့သို့ ဖြူဝင်းနေအောင် စောင့်ထိန်းကာ ဤဗုဒ္ဓါနုဿတိဂုဏ်တော်

များကို လေးလေးနက်နက် ယုံကြည်သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ဤတရားတည်းဟူသော ထောက်မှန်ကို ကြည့်၍ အပါယ်မကျနိုင်တော့ဟု ဝမ်းမြောက်ဝမ်းသာ ဆုံးဖြတ်နိုင်ပါသည်။

အမှာ။ ။ကြွင်းကျန်သော ဘုရားဂုဏ်တော်များကိုလည်းကောင်း တရားဂုဏ်တော် ၆ ပါး၊ သံဃာဂုဏ်တော် ၉ ပါးကိုလည်းကောင်း ရတနာ့ဂုဏ်ရည်စာအုပ်ကို ကြည့်၍ သိကြပါလေတော့။

ပါဠိတော်။ ။တသ္မာတိဟာနန္ဒ ဓမ္မာဒါသံ နာမ ဓမ္မပရိယာယံ ဒေသေဿာမိ၊ "ယေန သမန္နာဂတော အရိယသာဝကော အာကင်္ခမာနော အတ္တနာဝ အတ္တာနံ ဗျာကရေယျ၊ ခီဏနိရယောမှိ ခီဏတိရစ္ဆာနယောနိ ခီဏပေတ္တိဝိသယော ခီဏာပါယဒုဂ္ဂတိ ဝိနိပါတော၊ သောတာပန္နောဟမသ္မိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယဏော"တိ။

မြန်မာပြန်။ ။ဤပါဠိတော်၏ နောက်၌လာသော ဘုရားဂုဏ်တော် ၉ ပါး၊ တရားဂုဏ်တော် ၆ ပါး၊ သံဃာ့ဂုဏ်တော် ၉ ပါး၊ ဤဂုဏ်တော်များ၌ အဝေစ္စပသာဒ (ဉာဏ်ဖြင့် သက်ဝင်၍ ယုံကြည်ခြင်း) ၃ မျိုး၊ ငါးပါးသီလနှင့် ပြည့်စုံခြင်း၊ ဤဂုဏ်အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသူသည် မိမိကိုယ်ကို သောတာပန်ဖြစ်ပြီ ဟု ဆုံးဖြတ်နိုင်ပါသည်။

သောတာပန် ဖြစ်ဖို့ ခဲယဉ်းသလော ဤတရားမှန်ကြီးကို ကြည့်ရှုသောအခါ သောတာပန်ဖြစ်ဖို့အကြောင်းမှာ ရတနာ ၃ ပါး၏ ဂုဏ်တော်ကို လေးလေးနက်နက် ကြည်ညိုခြင်းနှင့် လူဝတ်ကြောင်များ၌ ၅ ပါးသီလစင်ကြယ်ဖို့သာ ဖြစ်၏၊ ထို့ကြောင့်လည်း ဝိသာခါကျောင်းအမသည် ဗုဒ္ဓမြတ်စွာ

ကို ပဌမ ဖူးရစဉ် ၇ နှစ် အရွယ်ကပင် သောတာပန်တည်ခဲ့၏၊ ဓမ္မာသောကမင်း၏ အသန္ဓိမိတ္တာဒေဝီသည် ဘုရားရှင်၏ အသံတော်နှင့် အထိုက်အလျောက် တူသော ကရဝိက်ငှက်၏ အသံကို ကြားရ၍ ဘုရားကို မဖူးလိုက်ရဘဲ ကြည်ညိုသော အဝေစ္စပသာဒ(သဒ္ဓါ)ကြောင့် မောင်းမ ၇ ရာနှင့်အတူ သောတာပန်ဖြစ်ကြ၏၊ [ဗုဒ္ဓါနုဿတိဘာဝနာစာအုပ်(၆၈)နံပါတ်၌ပြခဲ့ပြီ၊] ဤသို့လျှင်ပင်ကိုယ်က ငါးပါးသီလစင်ကြယ်သူများအတွက် ယခုလို သာသနာတွင်း၌ သောတာပန်ဖြစ်ဖို့ မခဲယဉ်း- ဟု မှတ်သင့်ပါသည်။

[ဆောင်] ထောက်မှန်ပေါ်တွင်၊ ကိုယ့်အသွင်ကို၊ ဆင်ပြင်လိုဘိ၊ နေ့စဉ်ကြည့်သို့၊ မိမိ သီလ၊ ဆိုင်သမျှကို၊ နေ့ည ခပင်း၊ လွန် သန့်ရှင်း၍၊ ပျံ့သင်းမွှေးမှု၊ အလေးပြုလျက်၊ သုံးလူ့ ထွတ်တား၊ မြက်ဘုရားနှင့်၊ တရားသံဃာ၊ အရိယာ၏၊ ဆိုင်ရာဂုဏ်တော်၊ ဉာဏ်၌ပေါ်အောင်၊ ရှင်ပျော်ရှုစား၊ သဒ္ဓါပွားမှု၊ မလားအပါယ်၊ တရားကယ်မည်၊.... ရှုဖွယ် ထောက်မှန် အစစ်တည်း....။

ဝေသာလီမြို့သို့ ကြွတော်မူခြင်း ဗုဒ္ဓမြတ်စွာသည် နာဒိကာရွာ၌ ကျွတ်ထိုက်သော သတ္တဝါတို့ရှိသမျှ နေတော်မူပြီးလျှင် ရဟန်းများစွာနှင့်အတူ ဝေသာလီမြို့သို့ ကြွတော်မူ၍ "အမ္ဗပါလီ"မည်သော ပြည့်တန်ဆာမ၏ ဥယျာဉ်၌ သီတင်းသုံးတော်မူ၏၊ ထိုအရပ်၌ ရဟန်းတို့ကိုမိန့်တော်မူသည်မှာ "ဘိက္ခုတို့— ရဟန်းသည် ကာယာနုပဿနာဘာဝနာကိုပွားများ၍သော်လည်း နေလေ့ရှိရ၏၊ ဝေဒနာနုပဿနာဘာဝနာကို ပွားများ၍သော်လည်း နေလေ့ရှိရ၏၊ စိတ္တာနုပဿနာဘာဝနာကို ပွားများ၍သော်လည်း နေလေ့ရှိရ၏၊ ဓမ္မာနုပဿနာဘာဝနာကို ပွားများ၍သော်လည်း နေ

လေ့ရှိရ၏၊ ထိုသို့ ပွားများ၍နေစဉ် လိုချင်မှုအဘိဇ္ဈာကို လည်းကောင်း, စိတ်ဆင်းရဲမှု ဒေါမနဿကိုလည်းကောင်း မယ်ဖျောက်နိုင်သည်။

ဘိက္ခုတို့.... ဤ သာသနာတော်၌ ရဟန်းဖြစ်သူသည် ရှေးရှုအရပ်သို့ သွားသော်လည်းကောင်း, သွားပြီး၍ ပြန်သော် လည်းကောင်း ဉာဏ်ပညာဖြင့် ဆင်ခြင်၍ "ပုဂ္ဂိုလ် သတ္တဝါ ငါ သွားသည် မဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါ ငါ ပြန်သည် မဟုတ်၊ ဤသို့ ငါဟူသော အတ္တစွဲကို ဖျောက်၍ သွားလိုသောစိတ်, ပြန်လိုသော စိတ်ကြောင့် ရုပ်ခန္ဓာတွင် ပါဝင်သော ခြေတို့သည် မြောက်လိုက် ပေါ်တိုးလိုက် အောက်ချလိုက် အားဖြင့် ဖြစ်နေပါတကား" ဟု ဉာဏ်ဖြင့် ဆင်ခြင်မှုကို ပြုလေ့ရ၏။

ရှေ့ရှုအရပ်ကို ကြည့်ရာအခါ၌လည်းကောင်း, ရှေ့ရှုမဟုတ်သော ဘေးအရပ်ကို ကြည့်ရာအခါ၌လည်းကောင်း "ပုဂ္ဂိုလ် သတ္တဝါ ငါ ကြည့်သည် မဟုတ်, ကြည့်လိုသော စိတ်ကြောင့် မျက်လုံး၏ အထက် မျက်လွှာရှိ ရုပ်တို့၏ အထက်သို့ တက်၍ဖြစ်ခြင်း, အောက် မျက်လွှာရှိ ရုပ်တို့၏ အောက်သို့ကျ၍ ဖြစ်ခြင်းအားဖြင့် ရှေ့ရှုနေသော အာရုံကို မြင်နေသော စက္ခုဝိညာဏ်ဝီထိစိတ်တွေ ဖြစ်နေပါတကား" ဟု ဉာဏ်ဖြင့် ဆင်ခြင်၍ ကြည့်လေ့ရှိ၏။

လက် ခြေတို့ကို ကွေးခြင်း ဆန့်ခြင်း၌လည်း "ပုဂ္ဂိုလ် သတ္တဝါ ငါ ကွေးသည် မဟုတ်, ငါ ဆန့်သည် မဟုတ်၊ ကွေးလို ဆန့်လိုသော စိတ်များ ဖြစ်ပေါ်လာသောအခါ လက် ခြေတို့၌ ဖြစ်သောရုပ်တို့သည် ကွေးသောအားဖြင့်လည်းကောင်း, ဆန့်သောအားဖြင့်လည်းကောင်း ဖြစ်ရပါသည်တကား" ဟု ဉာဏ်ဖြင့် ဆင်ခြင်၍ ကွေးလေ့ ဆန့်လေ့ရှိ၏။

သပိတ် သင်္ကန်းတို့ကို ဝတ်ရုံ သုံးစွဲရာ အခါ၌ လည်းကောင်း, စားသောက်ရာ အခါ၌လည်းကောင်း, ခဲဖွယ် (သာသည်စာ) တို့ကို ခဲရာအခါ၌လည်းကောင်း, လျက်ဖွယ်တို့ကို လျက်ရာ အခါ၌လည်း ထို အတူပင် ဉာဏ်ဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ် စွန့်ရာအခါ၌လည်းကောင်း, ဟိုနား ဒီနား ခရီးတိုသွားရာ အခါ၌လည်းကောင်း, ထိုင်ရာအခါ၌လည်းကောင်း, ရပ်ရာအခါ၌လည်းကောင်း, အိပ်ရာအခါ၌လည်းကောင်း, နိုးရာအခါ၌လည်းကောင်း စကားပြောရာအခါ၌လည်းကောင်း, တိတ်တိတ်နေရာအခါ၌လည်းကောင်း, ပုဂ္ဂိုလ်သတ္တဝါ ငါ မဟုတ်, ဝတ်ရုံ သုံးစွဲလိုသော စိတ်စသည်ကြောင့် ရုပ်တရားတွေ အမျိုးမျိုး ဖြစ်သောအခါ ဝတ်ရုံ သုံးစွဲနေသော အခြင်း အရာများကို တွေ့မြင်နေရပါတကား ဟု ဉာဏ်ဖြင့် ဆင်ခြင်မှုကို ပြုလေ့ရှိ၏၊ ဤသို့ဆင်ခြင်သောအခါ ပုဂ္ဂိုလ်ဟု ဆိုအပ်သော အရာဝတ္ထုလည်း မရှိ, သတ္တဝါဟု ဆိုအပ်သော အရာဝတ္ထုလည်း မရှိ, အတ္တဟု ခေါ်အပ်သော အရာဝတ္ထုလည်း မရှိ၊ အကြောင်းအားလျော်စွာ ရုပ်နာမ်တွေသာ ဖြစ်နေပါတကား ဟု သိမြင်လာနိုင်သည်။

အဓိပ္ပါယ်ရှင်းလင်းချက်

အတ္တရှိ၏ဟု စွဲလမ်းပုံ များစွာသောလူတို့သည် ခန္ဓာကိုယ်အတွင်း၌ အတ္တ ဟု ခေါ်အပ်သော အကောင်ကလေး ရှိသေး၏၊ ထိုထို ကိစ္စကို ပြုစရာရှိလျှင် အတ္တ အကောင်ကလေး၏ အလိုအတိုင်း လက် ခြေတို့က သွားမှု စားမှုစသော ကိစ္စကို ပြုပေးရ၏၊ စကားပြောလိုသောအခါ အတ္တ အကောင်ကလေး၏ အလိုအတိုင်း ပါးစပ် လျှာတို့ လှုပ်ရှား၍ အသံထွက်အောင် ပြုပေးရ၏၊

(က) နောက်ဆုံးဆယ်လ

ထွက်သော အသံသည်ပင် အတ္တအကောင်ကလေး၏ အလိုအ
စကားပြောသံတွေ ထွက်နေရ၏၊ အတ္တအကောင်ကလေးက
ချင်လျှင် လက်ခြေတို့က သွားရ၏၊ အတ္တအကောင်ကလေးက
ချင်လျှင် လက်ဖြင့် စားစရာ ယူပေး၍ ပါးစပ်ဖြင့် စားရ၏၊ အ
အကောင်ကလေးက အိပ်ချင်လျှင် အိပ်ရ၏၊ တစ်ယောက်နှင့်
ယောက် ချစ်ခြင်း မုန်းခြင်းဟူသည်လည်း အတ္တအကောင်ကလေ
ချစ်ခြင်း မုန်းခြင်းပင်တည်း၊ ဤသို့ ခန္ဓာကိုယ်နှင့် ဆိုင်ရာဝယ်
ရသော ခန္ဓာကိုယ်တစ်ခုလုံး၏ ပိုင်ရှင်ဖြစ်သော အတ္တအကေ
ကလေးသည် ခန္ဓာကိုယ်အတွင်း၌ ရှိ၏ဟု ယူဆ၍ ထိုအတ္တအကေ
ကလေးကိုပင် "အသက်ကောင်, ဝိညာဉ်ကောင်, လိပ်ပြာကော
ဟု အမျိုးမျိုး နာမည်တပ်၍ စွဲလမ်းကြသည်၊ ပုဂ္ဂိုလ်, သတ္တဝါ,
သူ ဟူသော အသုံးအနှုန်း, ဒီအကောင်, ဟိုအကောင် ဟူ
အသုံးအနှုန်းများလည်း ထိုအတ္တကို ခေါ်သော အသုံးအနှုန်းမ
ပင် ဖြစ်သည်။

ဘဝပြောင်းရာ၌ အတ္တစွဲပုံ ဤဘဝခန္ဓာကိုယ်သည် ထိုအတ္တကလေး၏ နေ
ခန္ဓာအိမ်ပင်ဖြစ်၏၊ ဤဘဝခန္ဓာအိမ်သည် ရှ
ယိုယွင်း အိုမင်းသောကြောင့် ဖြစ်စေ, ခရေ
တစ်မျိုးမျိုးဖြစ်၍ ခန္ဓာအိမ် မခိုင် မမြဲ ယိုင်လဲလု နေသောကြေ
ဖြစ်စေ အတ္တ အကောင်ကလေးသည် ထိုခန္ဓာအိမ်အဟောင်းကို
ခန္ဓာအိမ်အသစ်သို့ ရွှေ့ပြောင်းပြန်၏၊ ဤသို့အားဖြင့် ခန္ဓာအိမ်
ပျက်၍ အတ္တ အကောင်ကလေးကား မည်သည့်အခါမျှ မပျက်
မြဲသော နိစ္စတရားဖြစ်သည်ဟု စွဲလမ်းကြလေသည်၊ ဤသို့စွဲလမ်း
သော်လည်း တစ်ဘဝပြောင်းရာ၌ အတ္တအကောင်ကလေး ပြော
ခြင်း မဟုတ်ဘဲ ကံကြောင့် ဘဝအသစ် ဖြစ်ရပုံကို ပြပါဦးမည်၊

ဝ ပြောင်းရာ၌ ကံကြောင့် ကုသိုလ် အကုသိုလ်တို့သည် ဖြစ်ပြီး၍ ချုပ်သွား
သောအခါ မိမိ၏ ခန္ဓာအစဉ်၌ ကမ္မသတ္တိကို
မြှုပ်နှံ၍ချုပ်သွားကြောင်းကို သင်္ခါရလောက၌
ခဲ့ပါပြီ၊ ိုကြောင့် ယခုဘဝဆုံးခါနီး(သေခါနီး)သော အခါ
ခါဘဝမှစ၍ လွန်လေပြီးသော ရှေးရှေးဘဝဝယ် ပြုအပ်ခဲ့သောကံ
င်စေ, ထိုကံပြုတုန်းက အသုံးပြုခဲ့သော ကုသိုလ်နှင့်ဆိုင်ရာ လှူဖွယ်
တ္တု စသည်ဖြစ်စေ, အကုသိုလ်နှင့်ဆိုင်ရာ သူ့အသက် သူ့ဥစ္စာ
သူ့ သားမယားစသော အာရုံဖြစ်စေ စိတ် အစဉ်၌ ထင်လာတတ်၏၊
ဘချို့မှာ ရောက်ရမည့် ဘဝ၌ တွေ့ရမည့် အာရုံတွေ ထင်လာ၏၊
ထိုထင်လာသော အာရုံသည် ကံကြောင့် ဖြစ်ရကား ဇကန်မုချ ထို
ကံသည် နောက်ဘဝ၌ ရုပ် နာမ် ခန္ဓာ အသစ်ကို ဖြစ်စေပါသည်။
[ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မ
ပစ္စယေန ပစ္စယော၊ —ပဋ္ဌာန်းပါဠိတော်။]

အတ္တ မဟုတ် အနတ္တ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာသော အခါ ထို
အတ္တမရှိကြောင်းကို ဓမ္မစကြာ ဟောတော်
မူပြီးနောက် ငါးရက်မြောက်၌ "အနတ္တလက္ခဏ" သုတ်ကို ဟော
တော်မူရပါသည်၊ အတ္တ မရှိသကဲ့သို့ အတ္တ၏ နာမည်ဖြစ်သော
ပုဂ္ဂိုလ်လည်း မရှိ, သတ္တဝါလည်း မရှိ, ငါလည်း မရှိ, သူလည်းမရှိဟု
မှတ်ပါ၊ သို့သော် စကားပြောရာ၌ကား အများနားလည်အောင်
ပုဂ္ဂိုလ်, သတ္တဝါ, သူ, ငါဟု ခေါ်၍ ပြောင်နိုင်ပါသည်။

နိစ္စမဟုတ် အနိစ္စ လောကဝိဒူ ဂုဏ်တော်၌ ပြအပ်ခဲ့သော သတ္တ
လောက, ဩကာသလောကနှင့် ရုပ်နာမ်ဟူသော
သင်္ခါရလောကတို့သည် အတ္တမဟုတ်, အတ္တ မရှိသော အနတ္တတို့သာ

ဖြစ်သကဲ့သို့ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်နေရသောကြောင့် မမြဲသော
အနိစ္စတို့သာ ဖြစ်ကြ၏၊ ပျက်ပုံကလည်း အလွန် မြန်၏၊ ရေပြင်
ဒုတ်ဖြင့် ခြစ်သောအခါ ရှေ့ကချစ်သွား၍ ထင်နေသော ဒုတ်
သည် ချက်ခြင်း ပျက်သကဲ့သို့လည်းကောင်း, မိုးရွာ၍ ရေ၌ကျသေ
ရေပွက်သည် ချက်ခြင်း ပျက်သကဲ့သို့လည်းကောင်း, ထို့ အတူ ဖြ
ပြီးသည်နှင့် တစ်ပြိုင်နက် စိတ် စေတသိက်ဟူသော နာမ်တရား
သည် ချက်ချင်း ပျက်ကြ၏၊ စိတ်ပေါင်း တစ်ဆယ့်ခုနစ်ချက် ပျ
လျှင် ရုပ်တရားတို့က တစ်ကြိမ်ပျက်၏၊ တစ်ဆယ့်ခုနစ်ချက် ဆိုသေ
လည်း ကြာသည်မဟုတ်၊ လက်ဖြောက်တစ်ချက်တီးခန့် ကာလ
ကုဋေသိန်းပေါင်းများစွာ ဖြစ်ကြ ပျက်ကြသည်၊ ထို့ကြောင့် ရု
နာမ် သင်္ခါရဟူသမျှတို့ မမြဲသော အနိစ္စတို့သာ ဖြစ်ကြလေသည်

သုခမဟုတ် ဒုက္ခ ဤ ရုပ် နာမ် ခန္ဓာတို့သည် အမြဲပျက်နေရသော
ကြောင့် (အမြဲ သေနေရသကဲ့သို့) ဒုက္ခသ
တည်း၊ ပျက်ပြီး၍ နောက်ထပ် မဖြစ်ရလျှင် ငြိမ်း၏၊ ယခုသေ
နောက်ထပ်မဖြစ်ဘဲမနေရ, အကြောင်းအားလျော်စွာ ဖြစ်ရပြန်၏
ဖြစ်လျှင်လည်း ပျက်ရပြန်၏၊ ဤသို့ အငြိမ်မနေနိုင်ဘဲအဖြစ်အပျက်
ဒဏ်ကို ခံနေရသောကြောင့် ရုပ် နာမ်အားလုံးပင် ဒုက္ခချည်းသ
ဖြစ်ကြလေသည်၊ ထို့ပြင် ဓမ္မစကြာ၌ လာသည့်အတိုင်း အမိဝမ်
ခေါင်း၌ ၁၀ လကြာအောင် ပင့်သနွေ နေရသော ဇာတိဒုက္ခ
အိုရသော ဇရာဒုက္ခ , မကျန်းမမာ ဖျားနာရသော ဗျာဓိဒုက္ခ
သေခါနီး၌ ဆင်းရဲရသော မရဏဒုက္ခတို့အပြင် ချစ်သူနှင့်ကွဲရခြင်
ကြောင့်ဖြစ်သော(ပိယဝိပ္ပယောဂ)ဒုက္ခ, မုန်းသူနှင့် အတူနေရခြင်
ဟူသော(အပ္ပိယသံပယောဂ)ဒုက္ခ, လိုချင်တာကို မရခြင်းကြော

ဖြစ်သော ဒုက္ခ, ဤသို့ ဆင်းရဲဟူသမျှသည် ဤခန္ဓာကိုယ်၌ ဖြစ်ရသောကြောင့် တစ်ကိုယ်လုံး ဒုက္ခတုံးချည်းပါတကား....။

ရုပ်နာမ်ခန္ဓာ ပထဝီ, အာပေါ, တေဇော, ဝါယော (မြေ ရေ မီး လေ) ဟူသော အထည်ကိုယ် အမာခံရုပ်ကြီး ၄ ပါးနှင့် ဝဏ္ဏ(အဆင်း), ဂန္ဓ(အနံ့), ရသ(အရသာ), ဩဇာ (အစာအာဟာရတို့၌ ပါသော အဆီအနှစ်)ဤရုပ်ရှစ်ပါး အနည်းဆုံး စုမိမှ ကလာပ်(ရုပ်အစု)တစ်ခုဖြစ်၏၊ ဤကဲ့သို့ ရုပ်ကလာပ်တို့သည် ခန္ဓာကိုယ်၌ မရေမတွက်နိုင်အောင် များ၏။

လောဘ ဒေါသ မောဟ မာန(အထင်ကြီးမှု), ဣဿာ(မနာလိုမှု), မစ္ဆရိယ(ဝန်တိုမှု), ဒိဋ္ဌိ(အယူမှားမှု), ဝိစိကိစ္ဆာ (ယုံမှားသံသယ ဖြစ်မှု)စသော မကောင်းသော စေတသိက်များနှင့် အတူတွဲ၍ ဖြစ်သော စိတ်ကို အကုသိုလ်စိတ် ဟု ခေါ်၏၊ အလောဘ, အဒေါသ, အမောဟ, သဒ္ဓါ, ပညာ, သတိ, မေတ္တာ, ကရုဏာ, မုဒိတာ (သူချမ်းသာသည်ကို ဝမ်းမြောက်မှု)စသော စေတသိက်များနှင့် တွဲဖက်၍ ဖြစ်သော စိတ်ကို ကုသိုလ်စိတ်ဟု ခေါ်၏။

ထိုထိုကိစ္စ၌ အားထုတ်သော ဝီရိယ, အာရုံတစ်ခုပေါ်၌ အတော်ကြာအောင် တည်ငြိမ်နေသော သမာဓိသည် အကုသိုလ်ဘက်၌လည်း ပါ၏၊ ကုသိုလ်ဘက်၌လည်း ပါ၏၊ ဝိပါက်စိတ်တို့သည် ကုသိုလ် အကုသိုလ်ကံ၏ အကျိုးတရားတို့သာ ဖြစ်ကြ၏၊ ကြိယာစိတ်တို့လည်း များသောအားဖြင့် ရဟန္တာသန္တာန်၌သာ ဖြစ်နိုင်ကြ၏၊ ထို စိတ် စေတသိက်အားလုံးကို "နာမ်" ဟု ခေါ်၏၊ ဤရုပ်နာမ် ၂ ရပ် ပေါင်းစပ်နေသည်ကို "ခန္ဓာကိုယ်" ဟု ခေါ်၏၊ ထိုခန္ဓာကိုယ်ကိုပင် ပုဂ္ဂိုလ်, သတ္တဝါ, သူ, ငါဟု ခေါ်ကြသည်။

အဝိဇ္ဇာနှင့်တဏှာ အရင်းခံ ပြအပ်ခဲ့သော နာမ်တရားတို့တွင် အမှန်ကို မသိ
အောင် ဖုံးကွယ်တတ်သောမောဟကို "အဝိဇ္ဇာ"
ဟု ခေါ်၏၊ အဝိဇ္ဇာက ဖုံးကွယ်၍ ထားသော
ကြောင့် အပြစ်ကိုမမြင်နိုင်ဘဲ လိုချင်မှုလောဘဖြစ်ရ၏၊ ထိုလောဘ
ကို "တဏှာ"ဟု လည်းကောင်း, တပ်မက်မှု တဏှာကိုပင် "ရာဂ"
ဟုလည်းကောင်း ခေါ်၏၊ ဤ ရုပ်နာမ်ခန္ဓာကိုယ်၏ အရင်းခံသည်
အဝိဇ္ဇာနှင့် တဏှာပင်တည်း၊ ထို အဝိဇ္ဇာနှင့် တဏှာကြောင့် ရုပ်
နာမ် ခန္ဓာကို အပြစ်မမြင်ဘဲ လိုချင်နေသည့်အတွက် ထိုသိုက်ကိုပြု၍
ဘဝအဆက်ဆက်၌ ဆက်ကာဆက်ကာ ဖြစ်နေသော ရုပ်နာမ်ခန္ဓာ
ဖြစ်ရ၏၊ ထိုသို့ တစ်ဘဝပြီး တစ်ဘဝ ဆက်ကာဆက်ကာ ဖြစ်နေ
ခြင်းကိုပင် "သံသရာလည်ခြင်း"ဟု ခေါ်ရ၏၊ သတ္တဝါတစ်ယောက်
၏ သံသရာသည် အစ မထင်ရှားအောင်ပင် ကြာမြင့်ခဲ့ကြပြီ။

သံဝေဂဝတ္ထု ရှစ်ပါး ရုပ်နာမ်ခန္ဓာ သံသရာသည် အစ မထင်ရှားအော
ကြာခဲ့ပါသော်လည်း ထိုသံသရာအတွင်း၌ ချမ်းသာ
သုခဖြင့် ကျင်လည်ခဲ့ရသည် မဟုတ်ပါ၊ လူ့ဘဝ
ဖြစ်သောအခါ အမိဝမ်းခေါင်း ကျဉ်းကျဉ်း မြောင်းမြောင်
မှောင်မှောင်မဲမဲထဲ၌ အလွန်သေးငယ်သော ရုပ်နာမ်ခန္ဓာကလေး
စ၍ တစ်ဖြည်းဖြည်းကြီးရင့်ကာ ဆယ်လညောင်းအောင် အောင်း
ရ၏၊ မိခင်ရော သူငယ်ပါ သေရေးရှင်ရေး စိတ်မအေးလောက်
အောင် ဖွားမြင်ခဲ့ရ၏၊ ဤသို့ "ဇာတိဒုက္ခ"ဟု ခေါ်ရသော ဒုက
အမျိုးမျိုးကို ခံစားပြီး၍ ဖွားမြင်ပြီးသောအခါ အိုရခြင်း, နာ
ခြင်း, သေရခြင်းဟူသော ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခတို့နှ

ရင်ဆိုင်ရပြန်၏၊ ထိုဒုက္ခအမျိုးမျိုးကြောင့် စိတ်ရော ကိုယ်ပါ အေး
ချမ်းစွာ မနေနိုင်ကြ၊ ဤသို့ ဒုက္ခအမျိုးမျိုးကို ခံစား၍ သေသော
အခါ အများစုက ငရဲ တိရစ္ဆာန် ပြိတ္တာဘဝ၌ သာ၍ ဆိုးဝါး
သော ဒုက္ခကို ခံကြရ၏။

ဤနည်းအားဖြင့် အတိတ်ဘဝများစွာ သံသရာကလည်း ဒုက္ခ
မျိုးစုံ အဖုံဖုံဖြင့် ကျင်လည်ခဲ့ရ၏၊ အရိယာမဖြစ်သေးသမျှ နောက်
နောက်ဘဝများစွာ သံသရာ၌လည်း ဒုက္ခမျိုးစုံဖြင့် ကျင်လည်ကြရ
ဦးမည်သာ၊ ထိုဒုက္ခအမျိုးမျိုးမှ လွတ်ခွင့်ရတုန်း အခိုက်မှာလည်း
စားဝတ် နေရေးအတွက် အစာရှာဖွေရသော ဒုက္ခတို့လည်း နည်း
နည်း မဟုတ်ပါ၊ နေ့စဉ် တွေ့နေရသော ဒုက္ခပင် ဖြစ်၏၊ အစာရှာ
ရင်းပင် မင်းပြစ်စသော အပြစ်ကြောင့် အလွန် ကြောက်ဖွယ်
ကောင်းသော ဒုက္ခကို ခံရသေး၏၊ ထို့ကြောင့် ဤပြခဲ့သော ဒုက္ခ
ရှစ်ပါးကို သံသရာဝယ် ငြီးငွေ့သော သံဝေဂဉာဏ် ဖြစ်ဖို့ရန်
"သံဝေဂဝတ္ထုရှစ်ပါး"ဟု ဘုရားဟောတော်မူပါသည်။

[ဆောင်] အမိဝမ်းခေါင်း, ဆယ်လညောင်းမျှ, အောင်းခဲ့ရချေ, တည်
သန္ဓေနှင့်, လူ့ပြည်လူ့ရွာ, ရေးကံပြန်ပါလည်း, အိုနာ သေရေး,
ဒုက္ခဘေးကြောင့်, စိတ်အေး ကိုယ်ခိုင်, မနေနိုင်ခဲ့၊ ဆိုင်ဆိုင်ဒုက္ခ,
ခံပြီးမှလည်း, များလှ ပါယ်ရွာ, ရောက်ကြရှာ၏။

အတီတာရှေး, ဤ ဝဋ်ဘေးနှင့်, နောင်ရေး နာဂတ်, ဒုက္ခ ထပ်လိမ့်၊
မပြတ်ခုခါ, ဖြစ်တုန်းမှာလည်း, အစာရှာရ, ထို ဒုက္ခကြောင့်,
နေ့ည မဟူ, ကိုယ်စိတ်ပူ၍, သူသူ ငါငါ, မသက်သာသည်...,
ရှစ်ဖြာသံဝေ ရကြောင်းတည်း။

တစ်ဆယ့်တစ်သီး မီးတွေလောင်လို့

လူသတ္တဝါတို့၌ တစ်ဆယ့်တစ်သီး မီးတွေလောင်နေ၏၊
တစ်ဆယ့်တစ်ပါးကား- ဇာတိမီး (ပဋိသန္ဓေနေရခြင်း), ဇရာ
(အိုရခြင်း), မရဏမီး(သေခါနီး ဒုက္ခခံရခြင်း)။

ရာဂမီး(တဏှာရာဂဖြင့် တပ်မက်ခင်မင် လိုချင်မီး), ဒေါသ
(စိတ်ဆိုးခြင်း, စိတ်တိုခြင်း, စိတ်ကောက်ခြင်း, စိတ်ဆင်းရဲခြင်း
မောဟမီး(အကြောင်း အကျိုး မသိနိုင်အောင် ဖုံးလွှမ်းခြင်း)။

ဤ မောဟမီးကြောင့် ရာဂဖြင့် လိုချင်တာကို မရသောအ
အဖြစ်ကို မမြင်တော့ဘဲ မိဘ ဆရာ စသည်တို့ အပေါ် ဝယ် သာ
ထား၍ ဒေါသဖြစ်ရုံမျှ မက, ကိုယ့်အသက်ကိုပင် ဖျက်ဆီးသည်အ
ဒုက္ခဖြစ်ရသည်။

သောကမီး ။ ။ အချစ်ရာဂ အလျောက် အိမ်ထောင်ကျသေ
အခါ၌ကား- သားကိစ္စ, သမီးကိစ္စ, ဆွေ့ကိစ္စ, မျိုးကိစ္စတို့ကြေ
ဝမ်းနည်းရခြင်းဟူသော သောကမီး လောင်ပြန်၏။

ပရိဒေဝမီး ။ ။ ဝမ်းနည်းရုံတွင် မက, ငိုကြွေးရခြင်းဟူသေ
ပရိဒေဝမီးလည်း လောင်ပြန်၏။

ဒုက္ခ ဒေါမနဿမီး ။ ။ ကိုယ်ဆင်းရဲခြင်းဟူသော ဒုက္ခမီး, စိ
ဆင်းရဲရခြင်းဟူသော ဒေါမနဿမီးတို့လည်း လောင်ပြန်၏။

ဥပါယာသမီး ။ ။ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုက လွန်ကဲသေ
အခါ အသက်ကိုမျှ မရှူနိုင်အောင်, တက်သွားအောင် ပူပန်ရခြ
ဟူသော ဥပါယာသမီးလည်း လောင်ပြန်၏၊ ဤတစ်ဆယ့်တစ်
မီးတို့ကား လူစသောဘဝတို့၌ သူသူငါငါကို လောင်၍နေပါသည

[မောင်] သူသူ ငါငါ့ ဖြစ်လေရာဝယ်, ဦးစွာ ကြိုဆီး, ဇာတိမီးကား,
အပြီးပုံသေ, လောင်မြိုက်လေ၏၊ မသွေ တစ်သီး, ဇရာမီးလည်း,
အပြီးနောက်မှာ, ကပ်လျက်ပါ၏၊ မကွာစေရ, မရဏဟု, တစ်ဘဝ
ဖျက်ဆီး, လောင်သည့်မီးလည်း, ငြီးငြီးပြောင်ပြောင်, အမြဲလောင်
၏၊ လောင်ပုံ လောင်အား, မထင်ရှားလည်း, နတ္ထား ပျိုမြစ်,
အရွယ်ဖြစ်သော်, အချစ်ရာဂ, မီးတွေ ထ၍, ဒေါသ ထန်ပြင်း,
မောဟညှဉ်း၏။

[မ]ကင်းနိုင်အောင်, ထို့နောက် နောင်လည်း, တောက်လောင် ဖိစီး,
သောကမီးကြောင့်, ဝမ်းနည်းဖွယ်တွေ့, အတွေတွေနှင့်, ပရိဒေဝ,
ငိုကြွေးကြလျက်, ဒုက္ခလည်းထပ်, ဒေါမနဿနှင့်, ဆက်စပ် မကွာ,
ဥပါယာသ-လွန်ပြင်းပျလျက်, သက်မျှမရှူ, တက်အောင်ပူသည့်,
ဆူဆူ မီးတောက် ဆယ့်တစ်တည်း။

ကမ္မဋ္ဌာန်းမှန်သမျှ အဝိဇ္ဇာနှင့် တဏှာ ကုန်ဖို့သာ

အဝိဇ္ဇာနှင့် တဏှာကြောင့် သံသရာဝယ် ဒုက္ခ
အမျိုးမျိုးဖြင့် ကျင်လည်နေရမှုကို သိသော
အခါ ထို အဝိဇ္ဇာနှင့် တဏှာ ကုန်အောင်
ကြိုးစားရသောနည်းကို ရှာကြရ၏၊ ထိုနည်းကို
ဘုရားတစ်ဆူ ပွင့်တော်မူမှသာ ဘုရား ဟောတော်မူ၍ သိကြရ၏၊
သမုဒ္ဒရာသို့ဝင်ဖို့ရန် ဆိပ်ကမ်းများစွာရှိသကဲ့သို့, သံသရာ၏ တစ်ဖက်
ကမ်းဖြစ်သော နိဗ္ဗာန်သို့ ဝင်ဖို့ရန်လည်း ကမ္မဋ္ဌာန် တည်းဟူသော
ဆိပ်ကမ်းတွေ အများအပြားပင် ရှိ၏၊ ထို ကမ္မဋ္ဌာန်းကို အားထုတ်
ယင်းပင် အဝိဇ္ဇာ တဏှာတို့ နည်း၍နည်း၍ လာမှသာ ထိုကမ္မဋ္ဌာန်း
လမ်းစဉ်သည် မှန်သောလမ်းစဉ် ဖြစ်၏၊ ကမ္မဋ္ဌာန်းအားထုတ်သော်
လည်း အဝိဇ္ဇာနှင့်တဏှာ မနည်းလျှင် ကမ္မဋ္ဌာန်းသော်လည်းမှားနေ

လိမ့်မည်၊ သို့မဟုတ် မိမိကသော်လည်း အဝိဇ္ဇာနှင့် တဏှာ နည်
သော ဆန္ဒ မရှိသောကြောင့် ဖြစ်လိမ့်မည်၊ ကမ္မဋ္ဌာန်းနည်းမှန်၍
ဆန္ဒက အဝိဇ္ဇာနှင့်တဏှာ ကုန်စေလိုလျှင်ကား ကမ္မဋ္ဌာန်းဟူ
သည် အဝိဇ္ဇာတဏှာနည်းပါးရာမှ တစ်စတစ်စ ကုန်ဖို့သာဖြစ်သ
ထို့ကြောင့် ဤအချက်လည်း ကမ္မဋ္ဌာန်း အားထုတ်ယင်း တ
နည်း-မနည်းကို ကြည့်ရှုရန် တရားကြေးမုံ ထေဝက်မှန်ကြီး
သည်ဟု မှတ်ပါ။

ကာယဂတာသတိ ကမ္မဋ္ဌာန်း "ရဟန်းသည် မိမိ၏ ကိုယ်ကာယကို အဖ
ရှု၍သော်လည်း နေရာ၏" ဟု ဗုဒ္ဓမြတ်စွာ ေ
တော်မူ၏၊ ထိုသို့ ဟောတော်မူသည့် အဝ
ကိုယ်ကာယကို ရှုရာ၌ ဆံပင်, မွေးညှင်း, ခြေသည်း လက်သ
သွား, အရေစသော "ကာယဂတာသတိ" ဟုလည်း ခေါ်အပ်ေ
ကမ္မဋ္ဌာန်းသည် တစ်ပါး အပါအဝင် ဖြစ်၏၊ အရှင်အာနန္ဒာသ
ရဟန္တာဖြစ်ခါနီး၌ စင်္ကြံသွားယင်း ကာယဂတာသတိကို န
သွင်းတော်မူ၏၊ ခေမာထေရီအလောင်းဖြစ်သော မိဖုရားကိုလ
"သတိ ကာယဂတာ တျတ္ထု-အသင့်အား ကိုယ်ကာယ၌ဖြစ်ေ
သတိကို ဖြစ်စေလော" ဟု ဗုဒ္ဓမြတ်စွာ တိုက်တွန်းတော်မူ၏။

မထေရ် ၂ ပါး ကောသာ လောမာ ရှုတ်၍ တရားရပုံ မလယာ အရပ်၌ နေသော မဟာ
ထေရ်၏ အထံ၌ ကမ္မဋ္ဌာန်း တောင်း
သော မထေရ် ၂ ပါးတို့သည် နိက
၂ရပ် ၃ရစ်ကို တတ်ကျွမ်းသူများဖြ
၏၊ သို့သော် ကမ္မဋ္ဌာန်းဆရာတော်သည် ထိုနိကာယ်ဆောင် မ
၂ ပါးအား "ကောသာ လောမာ နခါ ဒန္တာ တစော" စ

ကောဋ္ဌာသကမ္မဋ္ဌာန်းကို ၄ လပတ်လုံး ရှုတ်အံ၍နေကြရန် ပေးတော်
မူ၏၊ ထိုမထေရ် ၂ ပါးသည် ဆရာညွှန်ပြသည့်အတိုင်း ၄ လပတ်လုံး
"ကေသာ လောမာ နခါ ဒန္တာ တစော" စသောအားဖြင့် ရှုတ်အံ
နေစဉ်ပင် ၃၂ ပါးသော ကောဋ္ဌာသတို့ကို အလွန် ထင်မြင်လာ၍
ကား သောတာပန် ဖြစ်ကြပါသည်၊ ဤမျှလောက် ထင်ရှားသော
ရှေးသူတော်ကောင်းများ အသုံးပြုလေ့ရှိသော မြန်မာနိုင်ငံ၌ ရှေး
ခေတ်က ဘုန်းတော်ကြီး ကျောင်းများဝယ် သင်ပြလေ့ ရှိသော
"ကာယဂတာသတိ" ဟုလည်း ခေါ်အပ်သော ဤ ကောဋ္ဌာသ
ကမ္မဋ္ဌာန်းကို တစောတိုင်အောင် အကျယ်ပြပါမည်။

ဆံပင်။ ။ဦးခေါင်းအထက်၌ အရေအတွက်များစွာသော ဆံပင်
တို့သည် အဆင်းအားဖြင့် လည်းကောင်း, ပုံသဏ္ဌာန်အားဖြင့်
လည်းကောင်း, အနံ့အားဖြင့်လည်းကောင်း, ပေါက်ရာအရပ်
အားဖြင့်လည်းကောင်း, အကြောင်းအားဖြင့် လည်းကောင်း
မတင့်တယ်ကုန်, စက်ဆုပ်ဖွယ် ကောင်းကုန်၏၊ ရွံရှာဖွယ်
ကောင်းကုန်၏၊ ဤဆံပင်တို့သည် ငါ မဟုတ်၊ သူ မဟုတ်၊ ငါ့
ဥစ္စာလည်း မဟုတ်၊ သူ့ဥစ္စာလည်း မဟုတ်၊ အချိန်ရှိသရွေ့
ဖြစ်ပျက်နေသော ပထဝီဓာတ်လွန်ကဲသော ရုပ်ကလာပ်အစု
သာ ဖြစ်၍ အနိစ္စ, ဒုက္ခ, အနတ္တတို့သာ ဖြစ်ကြသည်တကား။

မွေးညှင်း။ ။တစ်ကိုယ်လုံး၌ အနှံ့ပေါက်နေသော များစွာသော
မွေးညှင်းတို့သည် အဆင်းအားဖြင့် လည်းကောင်း, ပုံသဏ္ဌာန်
အားဖြင့်လည်းကောင်း, အနံ့အားဖြင့်လည်းကောင်း, ပေါက်
ရာ အရပ်အားဖြင့်လည်းကောင်း, အကြောင်းအားဖြင့် လည်း
ကောင်း, မတင့်တယ်ကုန်, စက်ဆုပ်ဖွယ်ကောင်းကုန်၏၊ ရွံရှာ

ဖွယ် ကောင်းကုန်၏၊ဤမွေးညှင်းတို့သည် ငါမဟုတ်၊သူမဟု
ငါ့ဥစ္စာလည်း မဟုတ်၊ သူ့ဥစ္စာလည်း မဟုတ်၊ အချိန်ရှိသ
ဖြစ်ပျက်နေသော ပထဝီဓာတ် လွန်ကဲသော ရုပ်ကလာပ်အ
သာ ဖြစ်၍ အနိစ္စ, ဒုက္ခ, အနတ္တတို့သာ ဖြစ်ကြသည်တကား၊

ခြေသည်း လက်သည်း။ ။လက်ဖျား ခြေဖျားတို့၌ နှစ်ဆယ်သေ
လက်သည်း ခြေသည်းတို့သည် အဆင်းအားဖြင့်လည်းကော
ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း, အနံ့အားဖြင့်လည်းကော
ပေါက်ရာအရပ်အားဖြင့် လည်းကောင်း, အကြောင်းအား
လည်းကောင်း, မတင့်တယ်ကုန်, စက်ဆုပ်ဖွယ်ကောင်းကုန်
ရွံရှာဖွယ်ကောင်းကုန်၏၊ဤခြေသည်း လက်သည်းတို့သည်
မဟုတ်၊သူမဟုတ်၊ငါ့ဥစ္စာလည်းမဟုတ်၊သူ့ဥစ္စာလည်းမဟု
အချိန်ရှိသရွေ့ ဖြစ်ပျက်နေသော ပထဝီဓာတ် လွန်ကဲသော
ကလာပ် အစုသာဖြစ်၍ အနိစ္စ ဒုက္ခ အနတ္တတို့သာ ဖြစ်ကြသ
တကား။

သွား။ ။သွားဖုံး၌ပေါက်သော သုံးဆယ့်နှစ်ချောင်းသော သွ
အပေါင်းတို့သည် အဆင်းအားဖြင့် လည်းကောင်း, ပုံသဏ္ဌာ
အားဖြင့်လည်းကောင်း, အနံ့အားဖြင့်လည်းကောင်း, ပေါက်
အရပ်အားဖြင့် လည်းကောင်း, အကြောင်းအားဖြင့် လည်
ကောင်း, မတင့်တယ်ကုန်, စက်ဆုပ်ဖွယ်ကောင်းကုန်၏၊ ရွံ
ဖွယ် ကောင်းကုန်၏၊ ဤသွားအပေါင်းတို့သည် ငါမဟုတ်၊
မဟုတ်၊ ငါ့ဥစ္စာလဲမဟုတ်၊ သူ့ဥစ္စာလဲမဟုတ်၊ အချိန်ရှိသ
ဖြစ်ပျက်နေသော ပထဝီဓာတ်လွန်ကဲသော ရုပ်ကလာပ် အ
သာ ဖြစ်၍ အနိစ္စ ဒုက္ခ အနတ္တတို့သာ ဖြစ်ကြသည်တကား။

အရေ။ ။တစ်ကိုယ်လုံးဝယ် အသား၏ အပေါ်၌ တည်နေသော အရေထူ အရေပါးအားဖြင့် နှစ်မျိုးပြားသော အရေသည် အဆင်းအားဖြင့် လည်းကောင်း, ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း, အနံ့အားဖြင့်လည်းကောင်း, ဖြစ်ရာအရပ်အားဖြင့် လည်းကောင်း, အကြောင်းအားဖြင့် လည်းကောင်း, မတင့်တယ်, စက်ဆုပ်ဖွယ် ကောင်း၏၊ ရွံရှာဖွယ် ကောင်း၏၊ ဤအရေသည် ငါမဟုတ်၊ သူမဟုတ်၊ ငါ့ဥစ္စာလဲ မဟုတ်၊ သူ့ဥစ္စာလဲ မဟုတ်၊ အချိန်ရှိသရွေ့ ဖြစ်ပျက်နေသော ပထဝီဓာတ် လွန်ကဲသော ရုပ်ကလာပ်အစုသာ ဖြစ်၍ အနိစ္စ, ဒုက္ခ, အနတ္တတို့သာ ဖြစ်ကြသည်တကား....။

အဓိပ္ပါယ် ရှင်းလင်းချက်

တစပဉ္စက ကမ္မဋ္ဌာန်း ဆံပင်, မွေးညှင်း, ခြေသည်း လက်သည်း, သွား, အရေ, ဤ ၅ ပါးကို "တစပဉ္စက" ဟုခေါ်၏၊ [တစ-အရေအားဖြင့်+ပဉ္စက-ငါးခုအပေါင်း။] ဤငါးပါးကိုပင် ဤစာ၌ ရေးပြသည့်အတိုင်း နှုတ်တက်ရအောင်ကျက်၍ ကမ္မဋ္ဌာန်း အားထုတ်ချိန်၌, သို့မဟုတ် အခွင့်ရသည့် အချိန်တိုင်း၌ ဖြည်းဖြည်း စဉ်းစား၍ ရွတ်ဆိုနေပါလျှင် "တစပဉ္စက ကမ္မဋ္ဌာန်း" ကို အားထုတ်ရာ ရောက်သောကြောင့် အဆင်းစသောအားဖြင့် ဆံပင်စသည်တို့၏ စက်ဆုပ်ဖွယ်ကောင်းပုံကို ရှင်းပြပါမည်။

ဆံပင်၌ စက်ဆုပ်ဖွယ် ပုံသဏ္ဌာန် ဆံပင်တို့သည် အဆင်းအားဖြင့် မည်းနက်သော အဆင်းရှိကုန်၏၊ပုံသဏ္ဌာန်အားဖြင့် ရှည်၍ လုံးသော ပုံသဏ္ဌာန် ရှိကုန်၏၊ ထိုရလျှင် ကြမ်းသောကြောင့် စက်ဆုပ်ဖွယ်ကောင်းကုန်၏၊ အနံ့အားဖြင့် ဆီလိမ်းမှု စသည်ကို

မပြုဘဲ ပင်ကိုယ်အတိုင်းဖြစ်လျှင် အလွန် စက်ဆုပ်ဖွယ်ကောင်းက
၏၊ မိး၌ထည့်၍ အနံ့ခံလျှင် သာ၍ စက်ဆုပ်ဖွယ် ကောင်းသေး
ဆံပင်တို့သည် သလိပ်, သည်းခြေ, သွေး, မြည်, ကျင်ကြီး ကျင်ငယ်
တို့ကြောင့် ပေါက်လာကြရ၏၊ ဤသို့ပေါက်လာခြင်း၏အကြော
အားဖြင့်လည်း ရွံရှာဖွယ်ကောင်းကုန်၏၊ ဤ ဆံပင်တို့သည် မ
ပေါ်၌ ပေါက်လာသော မှိုကဲ့သို့ ၃၁ ပါးသော ကောဋ္ဌာသအ
အပုံပေါ်ဝယ် ထိပ်ဆုံးကျသော ဦးခေါင်းပေါ်၌ ပေါက်ကြရ
ထို့ကြောင့် ပေါက်ရာအရပ်အားဖြင့် စက်ဆုပ်ဖွယ်ကောင်းကုန်

ဤသို့လျှင် ဆံပင်တို့သည် အဆင်း, ပုံသဏ္ဍာန်, အနံ့,ဖြစ်ရ
၏အကြောင်း, ဖြစ်ရာအရပ် ဤသို့ ၎ါးပါးသော အပြားအား
စက်ဆုပ် ရွံရှာဖွယ် ကောင်းပုံကို ဉာဏ်၌ ထင်အောင် ဆင်
ကြည့်ရှုရသည်၊ ဆံပင်တို့သည် ရုပ်ကလာပ်အစုအဝေးသာ ဖြစ်
ထို ရုပ်ကလာပ်တွင်လည်း ပထဝီဓာတ်၏ သတ္တိ လွန်ကဲမှုကြေ
မာသော ကြမ်းသောအတွေ့ကိုတွေ့ရ၏၊ ရုပ်ကလာပ်အစုအဝေး
ဖြစ်သောကြောင့် "ငါဟု လည်းကောင်း, သူဟု လည်းကောင်
ခေါ်ဆိုဖို့ရာ အတ္တ မဟုတ်၊ ဆံပင်အတွင်း၌ အတ္တလည်း မ
ထို့ကြောင့် အနတ္တဖြစ်၏၊ အချိန်ရှိသရွေ့ ဖြစ်ပျက်နေသော
ကလာပ်အစုသာ ဖြစ်သောကြောင့် အနိစ္စ, ဒုက္ခတို့သာ ဖြစ်
သည်၊ ဤအချက်ကို ဝိပဿနာဉာဏ်တည်းဟူသော မှန်အပြင်
ထင်မြင်လာအောင် ဆင်ခြင်ရပါသည်။

မွေးညှင်းစသည် မွေးညှင်းစသော လေးပါးတို့၌လည်း အ
အားဖြင့် စက်ဆုပ်ဖွယ် ကောင်းပုံ, ပုံသဏ္
အားဖြင့် စက်ဆုပ်ဖွယ်ကောင်းပုံ , အနံ့အားဖြင့် စက်ဆုပ်

ကောင်းပုံ, သလိပ် သည်းခြေ သွေး ပြည် ကျင်ကြီး ကျင်ငယ်တို့
ကြောင့် ဖြစ်ရကား အကြောင်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းပုံ,
ဖြစ်ရာ အရပ်အားဖြင့် စက်ဆုပ်ဖွယ်ကောင်းပုံတို့ကို ဉာဏ်ဖြင့် ဆင်
ခြင်၍ ပထဝီဓာတ် လွန်ကဲသော ရုပ်ကလာပ်သာ ဖြစ်ပုံကို လည်း
ကောင်း, ပုဂ္ဂိုလ် သတ္တဝါ သူ ငါ မဟုတ်ပုံကိုလည်းကောင်း, ရုပ်
ကလာပ်အစုအဝေးသာ ဖြစ်၍ ထိုရုပ်ကလာပ်တွင် ပထဝီဓာတ်၏
သတ္တိ လွန်ကဲပုံကိုလည်းကောင်း ဝိပဿနာဉာဏ်တည်းဟူသော မှန်
ဝယ် ရှင်းရှင်းလင်းလင်းထင်မြင်အောင်ဆင်ခြင်ရကြည့်ရှုရပါသည်။

[ဆောင်] ငါ၏ ကိုယ်မှာ, နံ့သာမွှေးကြိုင်, မြိုင်လှစွာ, ကောင်းရာ
မမြင်၊ ဆံပင်သာရှိ, အမွေးရှိ၍, ရှိသည့် လက်သည်း, ခြေ
အသည်းနှင့်, သွားလည်း တစ်တွေ, အရေ တစ်မျိုး,ညှီနံ့,
ဆိုးသည်...., အသိုးအပုပ် ချည်းပါတကား။

ဓာတ်ကြီး ၄ ပါး သဘော — မည်သူမျှပြုပြင်ပြောင်းလဲ၍ မရဘဲ သူ့သဘော အတိုင်း ဖြစ်နေသည်ကို ပါဠိလို "ဓာတု", မြန်မာလို "ဓာတ်"ဟု ခေါ်၏၊ [အတ္တနော
သဘာဝံ — မိမိသဘောကို၊ ဓာရေတိ — ဆောင်တတ်၏၊ ဣတိ–
ထို့ကြောင့်၊ ဓာတု-ဓာတ်မည်၏။]ထိုဓာတ်သည် ပါဠိလို "ပထဝီ,
အာပေါ, တေဇော, ဝါယော"ဟု ၄ မျိုးရှိ၏၊ မြန်မာလို "မြေ,
ရေ, လေ, မီး"ဟု ခေါ်၏၊ ထို ၄ ပါးတွင်....

ပထဝီ(မြေ) ။ ။ ပကတိမြေကြီးသည် အမာခံ ဖြစ်သကဲ့သို့
ပထဝီဓာတ်ဟူသော မြေလည်း ကက္ခဋ(ခိုင်ခြင်း မာခြင်း)
သဘောရှိ၏။

အာပေါ(ရေ)။ ။ပကတိ ရေသည် မုန့်မှုန့် မြေမှုန့်စသည်
ဖွဲ့စည်းသကဲ့သို့, အာပေါဓာတ်ဟူသော ရေလည်း အ
ဖြစ်သော ရုပ်ခုနစ်ပါးကို ကျဲ၍ မနေအောင် စုစည်းခြ
သဘောရှိ၏၊ ထို အာပေါဓာတ်သည် လွန်ကဲများလာသေ
အခါ အရေသဘောဖြစ်၍ ယိုခြင်းစီးသွားခြင်းသဘောရှိ၏

တေဇော(မီး)။ ။ပကတိမီးသည် ပူသကဲ့သို့, ကြေကျက်
သကဲ့သို့, ဆန်ကို ထမင်းဖြစ်အောင် နူးညံ့စေသကဲ့သို့ တေဇေ
ဓာတ်ဟူသော မီးလည်း အပူသဘောဖြစ်၏၊ ရင့်ကျက်စေ၏
နူးညံ့စေ၏၊ (သီတတေဇော၌ အအေးငွေ့လည်း ဖြစ်၏၊
["သီတုဏှောတု အမညာတာ တေဇောဓာတု" ၊-သင်္ဂဟ၊

ဝါယော(လေ)။ ။ပကတိလေသည် ပင့်မြှောက်နိုင်, ယိမ်
ယိုင်သွားအောင် လှုပ်စေနိုင်သကဲ့သို့ ဝါယောဓာတ်ဟူသေ
လေလည်း အတူဖြစ်ဖက် ရုပ်တို့ကို ကျဲ၍ မနေစေဘဲ ပူးက
ကြပ်နေအောင် တွန်းပေးတတ်၏၊ ထို ဝါယောဓာတ်
အစွမ်းကြောင့် တစ်ရံတစ်ခါ ရုပ်တို့သည် နေရာရွေ့၍ဖြစ်
ရ၏၊ ဤသို့ ဓာတ်ကြီး ၄ ပါးသည် မိမိသဘောအတိုင်းသ
ဖြစ်ကြ၏၊ မိမိသဘောကို ဖြစ်တိုင်းဖြစ်တိုင်းဆောင်နေကြ၏

[ဆောင်] မာခြင်း ခိုင်ခြင်း, သဘောရင်းကို, ခေါ်လျှင်းမသွေ, ပထ
မြေတည်း၊ ရေဟု ခေါ်အပ်, အာပေါဓာတ်မှာ, ဖွဲ့စပ်စေလတ်
စီးစေတတ်၏၊ မီးဓာတ်သဘော, ရုပ် တေဇောမူ, လောင်သေ
အနေ, ကြေကျက် စေ၏၊ တစ်ထွေ ဝါယော, လေသဘောကာ
ပင့်သော မြှောက်သော, ထောက်ကန်သောဟု, ပြောတိုင်း မှန်၏
ပြောင်း မလွှည့်သည်...., မြဲတို့ ဓာတ်ကြီး သဘောတည်း။

၂ ပါးစီ သဘောတူ။ ။ပထဝီနှင့် အာပေါ(မြေနှင့် ရေ) ၂ ပါး
သည် အလေးဓာတ်ဖြစ်၍ သဘောတူ၏၊ တေဇောနှင့် ဝါယော
(မီးနှင့် လေ) ၂ ပါးသည် အပေါ့ဓာတ်ဖြစ်၍ သဘောတူ၏။

မြေနှင့် ရေ, မိတ်ဆွေတော်ကြ, သဘာဂ။
မီးနှင့် လေ, မိတ်ဆွေတော်ကြ, သဘာဂ။

အထည်ကိုယ်နှင့် အမှန်းတင် အပြင် ဩကာသလောက၌ ပထဝီ (မြေ)ဓာတ်,
အာပေါ (ရေ) ဓာတ်, ဝါယော (လေ) ဓာတ်,
တေဇော(မီး)ဓာတ်, ဤဓာတ်ကြီး ၄ ပါးသည်
အလွန်ထင်ရှား၍ အထည်ကိုယ် အမာခံရုပ်များ ဖြစ်သကဲ့သို့, ထို
အတူ အတွင်း သတ္တလောက (သတ္တဝါဟူသမျှ)၌လည်း ဤဓာတ်
၄ ပါးပင် အထည်ကိုယ် အမာခံဖြစ်သည်၊ ပင်ကိုယ် ရုပ်တစ်ခုသည်
မျက်စိဖြင့် မမြင်နိုင်လောက်အောင် မှုန်မွှားသေးငယ်၏၊ ဓာတ်ကြီး
၄ ပါးအပြင် ဝဏ္ဏ(အဆင်း)ရုပ်, ဂန္ဓ(အနံ့)ရုပ်, ရသ(အရသာ)
ရုပ်, ဩဇာ (အဆီအနှစ်) ရုပ်၊ ဤ ၄ ပါးသည် မျက်စိဖြင့် မြင်ရ,
နားဖြင့် ကြားရ, နှာခေါင်းဖြင့် မွှေးရနံ့ရ, လျှာဖြင့် အရသာခံရ,
ခန္ဓာကိုယ်၌ အဆီဩဇာကြောင့် ရုပ်တစ်မျိုးကို ဖြစ်စေရသော
ကြောင့် ထင်ရှားကြပေ၏၊ သို့သော် ဓာတ် ၄ ပါးကဲ့သို့ အမာခံ
မဟုတ်ကြ၊ ဓာတ်ကြီး ၄ ပါးကို မှီ၍သာ ဖြစ်ရသော အမှန်းတင်
ရုပ်များ ဖြစ်ကြသည်၊ သူတို့ချည်းသက်သက် မဖြစ်နိုင်ကြ။

ရုပ်ကလာပ် "ကလာပ–ကလာပ်" ဟူသော စကားသည် အစု
အပေါင်းဟူသော အနက်အဓိပ္ပါယ် ရှိ၏၊ ဓာတ်ကြီး
၄ ပါးနှင့် ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာတို့သည် ခွဲ၍မရ၊ အမြဲတွဲ၍သာ

ဖြစ်ကြရ၏၊ ထိုပေါင်းစပ်နေသော ရုပ်ရှစ်ပါးကို "အဋ္ဌကလာ
(ရှစ်ခုသောရုပ်အပေါင်း)" ဟုခေါ်၏၊ထိုရုပ်ကလာပ် ၈ပါး
ကံကြောင့်, စိတ်ကြောင့်, ဥတုကြောင့်, အာဟာရကြောင့် ဖြစ်
ကား ကမ္မဇကလာပ်, စိတ္တဇကလာပ်, ဥတုဇကလာပ်, အာဟာ
ကလာပ်ဟု ရုပ်ကလာပ် ၄ မျိုး ကွဲပြား၏။ [ဥတုဟူသည် တေ
ဓာတ်, အာဟာရဟူသည် ဩဇာရုပ်။]

သတ္တိလွန်ကဲပုံ ရုပ်ရှစ်ပါး ပေါင်းနေသော အဋ္ဌကလာပ် ရုပ်
စိတ်ကြောင့် ဖြစ်ရသောအခါ စိတ်၏အလိုအတ
ပထဝီဓာတ် အာပေါဓာတ်တို့၏ အစွမ်းသတ္တိ လွန်ကဲသည်လ
ရှိ၏၊ တေဇော ဝါယောဓာတ်တို့က အစွမ်းသတ္တိလွန်ကဲသည်လ
ရှိ၏၊ "လွန်ကဲ"ဟူရာ၌ အထည်ကိုယ်၏ ကြီးလာခြင်း မဟုတ်, သ
၏ သာလွန်ခြင်းသာ ဖြစ်၏၊ တစ်ရံတစ်ခါ စိတ်၏ အလိုအတိုင်း
ရုပ်ကလာပ်တွင် "ဝိညတ်"ဟုခေါ်အပ်သော အခြင်းအရာတစ်
လည်း ပါဝင်၏၊ထိုဝိညတ်ကြောင့် စိတ်ကသွားလိုလျှင် ရုပ်ကလ
သည် ရှေ့သို့ တိုး၍တိုး၍ ဖြစ်ရ၏၊ ဤ "ဝိညတ်"ဟုခေါ်အပ်သ
ရုပ်လည်း အကောင်အထည် အထင်အရှားမဟုတ်၊စိတ်၏ ထူးခြ
သော အမူအရာ အခြင်းအရာတစ်မျိုးသာဖြစ်သည် [ဤမျှလော
သိပြီးသူမှ နောက်၌ပြမည့်အဓိပ္ပါယ်ကို နားလည်နိုင်ပါသည်။]

သွားခြင်းကိစ္စ၌ သတိနှင့်ဉာဏ် ပါဠိတော်ဝယ် "ဂတေ သမ္ပဇာနကာရီ-သ
ခြင်း ကိစ္စ၌ (သွားရာ အခါ၌) သတိ ဉာဏ်
ပြည့်စေ့ ရှိ၏" ဟု မိန့်တော်မူ၏၊ ထို့ကြေ
သတိဉာဏ်ဖြစ်ပုံကို ပြပါမည်၊ သွားရာအခါ၌ ရပ်နေရာမှ ပ
ခြေလှမ်းကို လှမ်းသည့်အခါ လှမ်းလိုသောစိတ် ဖြစ်၏၊ ထိုစိ

စ်သည်နှင့် တစ်ပြိုင်နက် စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်လည်း
စ်၏၊ ထိုစိတ္တဇကလာပ်၌ ရုပ်ပေါင်း ၉ ပါး ပါဝင်၏။ [ပထဝီ
ပေါ တေဇော ဝါယောဟူသော ဓာတ်ကြီး၄ပါးနှင့် ဝဏ္ဏ ဂန္ဓ
ဩဇာ ၄ ပါးအပြင် ကာယဝိညတ်တည်း။] ထိုတွင် ကာယ
တ်သည် အတူဖြစ်သော ရုပ်တို့ကို စိတ်အလိုအတိုင်း ဖြစ်အောင်
ိုင်ပေးသကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် စိတ်က ခြေကို ရှေ့တိုးလို
သာအခါ ဖြစ်သမျှ ရုပ်ကလာပ်တွေသည် ရှေ့တိုးသော အခြင်း
ရာအားဖြင့် ဖြစ်ကြရ၏၊ စိတ်က ခြေကို မြှောက်လိုသော အခါ
မြှောက်သော အခြင်းအရာအားဖြင့် ဖြစ်ကြရ၏၊စိတ်က ခြေကိုချလို
သာအခါ ချသော အခြင်းအရာအားဖြင့် ဖြစ်ကြရသည်။

ခြေတစ်လှမ်း၌ ဖြစ်အပျက်များ လက်ဖြောက်တစ်ချက်တီးအချိန်၌ ကုဋေ သိန်း ပေါင်းများစွာ ရုပ်နှင့်စိတ်စေတသိက်ဟူသော နာမ်တရားတို့ ဖြစ်ကြသည်၊ ဖြစ်တိုင်းလည်း
က်ခြင်းပျက်ကြ၏၊ ပျက်ပြီးလျှင် ဆက်၍ဖြစ်ကြ၏၊ ဤသို့ အဖြစ်
အပျက် ဆက်နေသောကြောင့် ပဌမခြေလှမ်းအတွင်း၌ဖြစ်သမျှ
နာမ်တို့သည် ဒုတိယခြေလှမ်းသို့ မရောက်ကြ၊ ပဌမ ခြေလှမ်း
တွင်း၌ပင် ဖြစ်ကြပျက်ကြ၏၊ ဒုတိယခြေလှမ်းအတွင်း၌ ဖြစ်သမျှ
နာမ်တို့လည်း တတိယခြေလှမ်းသို့ မရောက်ကြ၊ဒုတိယ ခြေလှမ်း
တွင်း၌ပင် ဖြစ်ကြ ပျက်ကြ၏။

စိတ်ခြောက်ပါး ပဌမ ခြေလှမ်းရာ၌ ခြေကို မြှောက်ခြင်း, ရှေ့ တိုးခြင်း, အောက်ချခြင်း, ခြေချရာ အရပ်၌
ခြင်း, ထိပြီးနောက် ဖိ၍နင်းခြင်း, ဤသို့ အစိတ် ငါးပါးရှိ၏၊

ဒုတိယခြေ လှမ်းရာ၌ကား ရှေ့တိုးခြင်း ကိစ္စ၌ ပဉ္စမ ခြေလှမ်းတိုင်

တိုးခြင်း, ပဉ္စမခြေလှမ်းကို လွန်၍ တိုးခြင်းဟု ၂ မျိုး ခွဲရသေ

ကြောင့် အစိတ် ၆ ပါး ရှိသည်။

မြှောက်သောအခါ ထိုအစိတ် ၆ ပါးတွင်လည်း ခြေကိုမြှောက်

အစိတ် ၃ ပါး အပိုင်း၌ များစွာသော စိတ်တွေဖြစ်၍ ထိုစိ

များစွာကြောင့် နောက်ထပ်ဖြစ်သော ရုပ်

သည် မူလနေရာမှ အနည်းငယ် အထက်သို့ ရွေ့၍ရွေ့၍ဖြစ်ကြရ

ထိုသို့ အထက်သို့ ရွေ့၍ရွေ့၍ ဖြစ်ကြသည်ကိုပင် "မြှောက်သော

ရုပ်တွေ များစွာဖြစ်၏" ဟု ပြောကြရသည်၊ ဖြစ်သမျှလည်း အပျ

ချည်းသာ၊ ရှေ့တိုးသော အခါ၌လည်း ရှေ့တိုးလိုသော စိတ်တေ

များစွာဖြစ်၍ ဖြစ်သမျှစိတ်ကြောင့် ရှေ့တိုးသော ရုပ်တွေ များစ

ဖြစ်နေ၏၊ ဖြစ်သမျှလည်း အပျက်ချည်းသာ၊ ရှေ့ ခြေကို ရှောင်

လွန်သောအခါ၌လည်း ရှောင်လိုသောစိတ်, လွန်လိုသော စိတ်တေ

များစွာဖြစ်၍ ထို စိတ်ကြောင့် ရှောင်သောရုပ်, လွန်သော ရုပ်တေ

များစွာ ဖြစ်ရ၏၊ ဖြစ်သမျှလည်း အပျက်ချည်းသာ။

ချသောအခါ အောက်ချသော အပိုင်း၌လည်း အောက်ချ

အစိတ် ၃ ပါး သော စိတ်တွေ များစွာ ဖြစ်၍ စိတ်ကြေ

ဖြစ်သော အောက်ချပုံ ရုပ်တွေ များစွာ ဖြစ်၏

ဖြစ်သမျှလည်း အပျက်ချည်းသာ၊ အောက်ချပြီးနောက် ခြေ၏ချ

အရပ်ဝယ် ထိသော အခိုက်၌လည်း ထိလိုသော စိတ်တွေ များစ

ဖြစ်၍ ထိုစိတ်ကြောင့် ထိသောရုပ်တွေ များစွာ ဖြစ်ရ၏၊ ဖြစ်သ

လည်း အပျက်ချည်းသာ၊ ထိပြီးနောက် ရှေ့သို့လှမ်းဖို့ရန် ဖိ၍ နင်း

သ၏၊ ထို ဖိ၍နင်းခိုက်၌လည်း ဖိ၍နင်းလိုသောစိတ်တွေ များစွာ

ဖြစ်၍ ထိုစိတ်ကြောင့် ဖိသောရုပ်တွေ များစွာ ဖြစ်ရ၏၊ ဖြစ်သမျှ

လည်း အပျက်ချည်းသာ။

ါယောဓာတ် ထိုသို့ ခြေလှမ်းရာ၌ မြှောက်သောအခါ ဖြစ်သော

သတ္တိလွန်ကဲပုံ ရုပ်တို့၌ လည်းကောင်း, ရှေ့တိုးသောအခါ ဖြစ်

သော ရုပ်တို့၌ လည်းကောင်း, ရှေ့ခြေကို လွန်

အောင် ရှောင်သောအခါ ဖြစ်သော ရုပ်တို့၌လည်းကောင်း, ကံ

ကြောင့် ဖြစ်သော ရုပ်တွေ, စိတ်-ဥတု-အာဟာရကြောင့်ဖြစ်သော

ပ်တွေ များစွာ ပါဝင်ကြ၏၊ ထိုရုပ်တို့တွင် စိတ်ကြောင့်ဖြစ်သော

ပ်တို့၌ စိတ်အလိုအတိုင်း စိတ္တဇ ဝါယောဓာတ်သည် သတ္တိလွန်ကဲ

ကျ ရှိ၏၊ ထို ဝါယောဓာတ်၏ သတ္တိလွန်ကဲမှုကြောင့် နောက်

နောက် ဖြစ်သမျှ ရုပ်တို့သည် ထိုနေရာ၌ ထပ်၍မဖြစ်ဘဲ ရွေ့၍

ရွေ့၍ ဖြစ်ကြရသည်၊ မသိမသာ ရွေ့၍ရွေ့၍ ဖြစ်ကြရာဝယ် အဖြစ်

များသောအခါ မြှောက်နေပုံ, ရှေ့တိုးနေပုံကို မြင်ရလေသည်။

ပထဝီဓာတ် အောက်ချသော အခါ၌ကား အောက်ချလိုသော

သတ္တိလွန်ကဲပုံ စိတ်အစွမ်းကြောင့် ပထဝီဓာတ်၏ သတ္တိလွန်ကဲ

သောရုပ်တွေ အောက်ဘက်သို့ ရွေ့၍ရွေ့၍ ဖြစ်ကြ

ရသည်၊ မသိမသာ ရွေ့၍ရွေ့၍ ဖြစ်ကြရာဝယ် အဖြစ်များသော

အခါ အောက်ချပုံ, အောက်ထိပုံ ဖိ၍ နင်းပုံကို မြင်ရသည်။ [စိတ်

စေတသိက်ကြောင့် ဖြစ်သော ရုပ်တို့သည် အထက် မြှောက်လိုက်,

အောက်ချလိုက် ဖြစ်ရာဝယ် ခန္ဓာကိုယ်၌ အမြဲဖြစ်ပျက်နေသော ကံ

ကြောင့် ဖြစ်သောရုပ်, ဥတုကြောင့်ဖြစ်သောရုပ်, အာဟာရကြောင့်

ဖြစ်သော ရုပ်တို့လည်း အတူတွဲ၍ ဖြစ်ကြ ပျက်ကြရလေသည်။]

နှမ်း အိုး ခင်း ထက် နှမ်းတွေကျက်သို့

ဤသို့ ရုပ်တွေ ဖြစ်ပျက်နေပုံကို သတိထား၍ ဉာဏ်ဖြင့် စူးစူး စိုက်စိုက် ကြည့်သောအခါ အဖြစ်တွေ မမြင်တော့ဘဲ နှမ်းအိုးခင်းထဲ၌ နှမ်းတွေကျက်သကဲ့သို့ အပျက်တွေကိုသာ မြင်ရသောကြောင့် ခန္ဓာကိုယ်၌ ရှိသမျှရုပ်တွေကို နှစ်သက်တတ် သာယာတတ်သော တဏှာ နည်းပါးလာ၏၊ ထိုသို့ တဏှာနည်းချေ၍ ဒေါသ မောဟတို့လည်း တစတစ နည်းပါး၍ အတော်ကြာလျှင် ကုန်ခန်းရလေတော့သည်၊

[ဆောင်] အိုအို.... လူများ, သတိထားလော...., သွားဆဲ ကာလ, ခါသမယဝယ်, ပဌမ ခြေလှမ်း, ရုပ်နာမ် တန်းတို့, လှမ်း ဒုတိယ, မရောက်ကြဘူး၊ ဒုတိယ ခြေလှမ်း, ရုပ်နာမ်တန်းလည်း, လှမ်း တတိယ, မရောက်ကြပင်....။

တစ်လှမ်းတွင်လည်း, မြောက်စဉ် တစ်မျိုး, ရှေ့တိုး တစ်ဖုံ, လွန်ပုံ တစ်စ, အောက်ချ တစ်ခင်း, ထိခြင်းတစ်လွှ, ဖိနင်းစေ့အောင်, တစ်ရွေ့ရွေ့မြန်း, အခန်းခန်း၌, ခြေလှမ်း ပိုင်းခြား, အစိတ် ၆ ပါးဝယ်, သွယ်သွယ် နာမ်တန်း, ရုပ် အတန်းတို့, နှမ်းအိုးခင်းထက်, နှမ်းတွေ ကျက်သို့, ဖြစ်ပျက်နေကြ, အနိစ္စသည်...., ဒုက္ခအနတ္တချည်းတည်း၊

စကားပြောခြင်း ကိစ္စ၌ သတိနှင့်ဉာဏ်

စကားပြောခြင်းကိစ္စ၌ သတိနှင့် ဉာဏ်ကို အသုံးပြုလေ့ ရှိပုံကို ပြပါမည်၊- စကားပြောခြင်းဟူသည် (က - အ) စသော အက္ခရာစာလုံးတွေ ပေါင်း၍ အသံဖြစ်စေခြင်းတည်း၊ ဥပမာ- "ယောက်ျား" ဟု အသံဖြစ်စေရာ၌ (ယ)ဟူသော အက္ခရာ, (ဩ) ဟူသော အက္ခရာ, (က်)ဟူသော အက္ခရာ. ဤစာလုံးတွေ ပေါင်း၍

ရွတ်ဆိုသောအခါ "ယောက်" ဟု အသံထွက်လာ၏၊ (က)ဟူသော အက္ခရာ, (ယ)ဟူသော အက္ခရာ, (အာ)ဟူသော အက္ခရာ, ဝိသဇ္ဇနီ နှစ်လုံး အက္ခရာ, ဤ စာလုံးတွေ ပေါင်း၍ ရွတ်ဆိုသောအခါ "ကျား" ဟူသော အသံထွက်လာ၏၊ ဤသို့ စကားပြောသံဟူသမျှကို အက္ခရာစာလုံး အပေါင်း၏ အသံဟု မှတ်ပါ၊ ထို့ကြောင့် (က) စသော အက္ခရာအသံတွေ ဖြစ်ရာ၌ (က) ဟူသော အသံတစ်ခုဖြစ်ဖို့ရန် ရုပ်နာမ်သင်္ခါရတွေ များစွာဖြစ်ပျက်နေပုံကို ပြပါမည်၊ ရှေးဦးစွာ လက်ဖြောက်တစ်ချက်တီးခန့် ကာလ၌ ကုဋေသိန်းပေါင်း များစွာ ရုပ်သင်္ခါရနာမ်သင်္ခါရတွေ ဖြစ်ပျက်နေသည်ဟု သတိပြုခဲ့ပါ။

ပထဝီဓာတ်ချင်း ထိခိုက်မှု

(က)ဟု အသံပြုသောအခါ ရှေးဦးစွာ အသံပြုလိုသောစိတ် ဖြစ်၏၊ ပြုလိုသောစိတ် ဖြစ်သည်နှင့်တစ်ပြိုင်နက် ထိုစိတ်ကြောင့်ဖြစ်သောရုပ်များလည်း ဖြစ်၏၊ ခန္ဓာကိုယ်၏ လည်းချောင်းစသော အရပ်၌လည်း ကံကြောင့်ဖြစ်သော ရုပ်တွေ များစွာဖြစ်နေ၏၊ စကားပြောလိုသော စိတ်ကြောင့် ဖြစ်ရသော ရုပ်တွင် "ဝစီဝိညတ်" ဟု ခေါ်အပ်သော ထူးခြားသော အမူအရာတစ်မျိုးပါ၏၊ ထိုဝစီဝိညတ်၏ ပံ့ကိုင်ပေး သကဲ့သို့ ပါဝင်မှုကြောင့် စိတ္တဇရုပ်ကလာပ်နှင့် ကမ္မဇရုပ်ကလာပ်တွင် ပါဝင်သော ပထဝီဓာတ်တို့သည် သတ္တိလွန်ကဲကုန်၏၊ သတ္တိလွန်ကဲသောကြောင့် လည်ချောင်းအရပ်၌ ပထဝီဓာတ်ချင်း ပွတ်တိုက် ထိခိုက်မိကြ၏၊ လက်ဖြောက်တစ်ချက်တီးခန့် ကာလအတွင်း၌ ကုဋေသိန်းပေါင်းများစွာ ဖြစ်ပျက်နေသော ရုပ်ကလာပ်ဝယ် ပထဝီဓာတ်ချင်း အထပ်ထပ် ထိခိုက်သောအခါ "က" ဟူသော အသံတစ်ခုသည် ပီပီသသ ပေါ်ထွက်လာ၏။

မှတ်ချက် ။ ။ ကံကြောင့်ဖြစ်သော ပထဝီဓာတ်နှင့် စိတ်ကြေ
ဖြစ်သော ပထဝီဓာတ်တို့ လည်ချောင်းအရပ်ဝယ် ပွတ်တ
ထိခိုက်ရာ၌ တစ်ဆက်တည်း ရှိကြသော ဥတုကြောင့် ဖြစ်သေ
ပထဝီဓာတ်, အာဟာရကြောင့် ဖြစ်သော ပထဝီဓာတ်တို့
လည်း ထိခိုက်မိသည်သာ၊ သို့သော် အသံကောင်းခြ
မကောင်းခြင်းမှာ ကမ္မဇပထဝီဓာတ်သာ လိုရင်း ဖြစ်သေ
ကြောင့် ကမ္မဇပထဝီဓာတ်နှင့် စိတ္တဇပထဝီဓာတ်တို့၏ ထိခိ
ကိုသာ ပြကြပါသည်။

ဤသို့ အသံ ထွက်လာအောင် ပထဝီဓာတ်ချင်း ထိခိုက်မိ
ကုဋေသိန်းပေါင်းများစွာ ထပ်ကာထပ်ကာ ထိခိုက်မိသောကြေ
ရှေးရှေးရုပ်တွေ ဖြစ်ပြီးသည်နှင့် တစ်ပြိုင်နက် ပျက်ကြပုံ, နေ
နောက် ရုပ်တွေ ဖြစ်ကြပုံ, ဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် ပျက်ကြ
ဉာဏ်ဖြင့် ရှုကြည့်ပါ၊ စိတ္တဇပထဝီဓာတ်နှင့် ကမ္မဇပထဝီဓာတ
ထိခိုက်ကြရာဝယ် ပထဝီ ၂ ပါး ၂ ပါးတစ်စုံသည် သူတို့၏ သဘာ
အတိုင်း ကက္ခဠ(ခက်မာခြင်း)သဘောကိုသာ ဆောင်နေကြသ

အနိစ္စ ဒုက္ခ အနတ္တ ထို (က)ဟူသော အသံသည် ငါမဟုတ်,
မဟုတ်, ပုဂ္ဂိုလ် သတ္တဝါ မဟုတ်, ဖြစ်ပြီးတ
ပျက်ရသောကြောင့် မမြဲသော အနိစ္စတို့သာ ဖြစ်၏၊ ဖြစ်လိုက် ပ
လိုက်နှင့် ငြိမ်ငြိမ်သက်သက်မရှိဘဲ အဖြစ်အပျက်ဒဏ်ကိုခံနေရသေ
ဒုက္ခတို့သာ ဖြစ်၏၊ ရုပ်ဓာတ်ချင်း ထိခိုက်မှုမှတစ်ပါး ထိခိုက်အေ
အသံဖြစ်အောင် ပြုပေးနိုင်သော အတ္တ အကောင်အထည်မရှိသေ
ကြောင့် အနတ္တတို့သာ ဖြစ်ကြလေသည်။

[ဆောင်] "က"သံ တစ်ခု, ဖြစ်ပေါ်မှု၌, စိတ်ထုဆစ်ဆစ်, ရုပ်ထုဖြစ်
ဖို့, သစ်သစ်ပေါ်အောင်, အတော် ဆောင်၏၊ ဆောင်သည့် ရုပ်
ဓာတ်, ထိုကလာပ်တွင်, ဝိညတ်စုစု, ဝဲ, ကိုင်မှုဖြင့်, စိတ်မြူ ပထဝီ,
ကံ ပထဝီတို့, အလီလီ အဖန်ဖန်, ပွတ်တိုက်ခံမှ, "က"သံ ဗိဗိ,
နှုတ်၌ မြည်သည်,.... ထို၌ အနိစ္စ, မှတ်ကုန်ကြ၊.... ထို၌ ဒုက္ခ,
မှတ်ကုန်ကြ၊....ထို၌ အနတ္တ, မှတ်ကုန်ကြ။

မှာ။ ။"ခ"သံတစ်ခု,—၊ပေ၊—ထို၌ အနတ္တ, မှတ်ကုန်ကြ။
"ဂ"သံတစ်ခု,....၊ပေ၊...ထို၌ အနတ္တ, မှတ်ကုန်ကြ။
"ဃ"သံတစ်ခု,—၊ပေ၊—ထို၌ အနတ္တ, မှတ်ကုန်ကြ။
"င"သံတစ်ခု,—၊ပေ၊...ထို၌ အနတ္တ, မှတ်ကုန်ကြ။
ဤအတိုင်း "စ"သံတစ်ခု, "ဆ"သံတစ်ခု စသည်ဖြင့် "အ အာ ဣ
ဤ ဥ ဦ ဧ ဩ"တိုင်အောင် ရွတ်ပါ၊ ["ယောကျ်ား"ဟု ပြော
ရာ၌ "ယောက်"သံတစ်ခု, ဖြစ်ပေါ်မှု၌—စသည်၊ "ကျား"သံ
တစ်ခု, ဖြစ်ပေါ်မှု၌... စသည်၊ ဤသို့လည်း ရွတ်ဆိုနိုင်ပါသည်၊
ပထဝီဓာတ်ချင်း ထိခိုက်မှုကြောင့် အသံသဒ္ဒရုပ်တွေ ဖြစ်ရပုံ,
ဖြစ်တိုင်း ပျက်ပုံကို သိဖို့သာ လိုရင်းဖြစ်ပါသည်။

နေရာပြောင်း၍ ရှုရမုံ (က — ခ) စသော အက္ခရာ ၅ လုံး ဖြစ်ဖို့ရန်
လည်ချောင်းအရပ်၌ ပထဝီဓာတ်ချင်းထိခိုက်ပုံကို
လည်းကောင်း, (စ-ဆ)စသော အက္ခရာ ၅ လုံး
ဖြစ်ဖို့ရန် အာစောက်အရပ်နှင့် လျှာလယ်အရပ်တို့ ထိခိုက်ကြသော
ကြောင့် အာစောက်၌ရှိသော ကမ္မဇ ပထဝီဓာတ်နှင့် လျှာလယ်
အရပ်၌ရှိသော စိတ္တဇ ပထဝီဓာတ်တို့ ထိခိုက်ပုံကိုလည်းကောင်း,

(ဋ-ဌ)စသော အက္ခရာ ၅လုံးတို့ဖြစ်ဖို့ရန် အာခေါင် ထိပ်ဒုက
အရပ်နှင့် လျှာဖျား၏အနီးအရပ်တို့ ထိခိုက်ကြသောကြောင့်
အရပ်၌ရှိသော ပထဝီဓာတ်တို့ ထိခိုက်မှုကိုလည်းကောင်း, —

(တ-ထ)စသော အက္ခရာ၅လုံးဖြစ်ဖို့ရန် သွားရင်းအရပ်နှင့်
ဖျား အရပ်တို့ ထိခိုက်ကြသောကြောင့် ထိုအရပ်တို့၌ရှိသော ပ
ဓာတ်တို့ ထိခိုက်မှုကိုလည်းကောင်း,(ပ-ဖ)စသော အက္ခရာ ၅
ဖြစ်ဖို့ရန် အထက်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းတို့ ထိခိုက်ရ
ကြောင့် ထိုနှုတ်ခမ်းတို့၌ရှိသော ပထဝီဓာတ်ချင်း ထိခိုက်မှုကိုလ
ကောင်း နေရာပြောင်း၍ ရှုမှတ်ရသေးသည်၊(ယ-ရ-လ-ဝ)စ
အက္ခရာတို့ ဖြစ်ပေါ်လာရာ၌လည်း ထိုအက္ခရာတို့ ဖြစ်ရာအရ
ပြောင်း၍ ရှုမှတ်ရသေး၏၊ဆရာများက နားလည်အောင်ပြော

ဆရာများက ပြောရန်

၁။ ကဝဂ် ပဉ္စ, အ အာ ဟ, အဌ လည်ချောင်းမှာ။
၂။ စဝဂ် ပဉ္စ, ဣ ဤ ယ, အဌ အာစောက်မှာ။
၃။ ဋဝဂ် ပဉ္စ, ရနှင့်ဠ, သတ္တ အာထိပ်မှာ။
၄။ တဝဂ် ပဉ္စ, လနှင့် သ, သတ္တ သွားရင်းမှာ။
၅။ ပဝဂ် ပဉ္စ, ဥ ဦ မျှ, သတ္တ နှုတ်ခမ်းမှာ။
၆။ အာစောက် လည်ချောင်း, ၂ခုပေါင်း,ရှတ်ကြောင်းကို
၇။ လည်ချောင်း နှုတ်ခမ်း, ၂ခုပြွမ်း, ရှတ်စမ်း ဩ ကိုသာ
၈။ သွားနှင့် နှုတ်ခမ်း, ၂ခုပြွမ်း, ရှတ်စမ်း ဝ ကိုသာ။
၉။ နိဂ္ဂဟိတ်သံ, နှာခေါင်း၌ာန်, မှန်မှန် ရှတ်ကြပါ။

အမ္ဗပါလီ လာခြင်း အမ္ဗပါလီ ပြည့်တန်ဆာမသည် သူ၏ဥယျာဉ်၌ ဗုဒ္ဓမြတ်စွာ ကြွရောက်လာတော်မူကြောင်းကို ကြား၍ အခြွေအရံများနှင့်တကွ အကောင်းဆုံးယာဉ်ကိုစီးလျက် ဝေသာလီမြို့မှ ထွက်ပြီးလျှင် သူ၏ဥယျာဉ်ရှိရာအရပ်သို့ သွားသည်၊ ဗုဒ္ဓထံမှောက်သို့ ရောက်သောအခါ ဟောတော်မူအပ်သောတရားတော်ကို နာယူပြီးလျှင် နက်ဖြန်၌ သံဃာတော်များနှင့်အတူ ဆွမ်းဘုဉ်းပေးကြွတော်မူပါရန်ပင့်လျှောက်သည်၊ဗုဒ္ဓမြတ်စွာသည်ဆိတ်ဆိတ် နေသောအားဖြင့် လက်ခံတော်မူသည်၊ ဤသို့ လက်ခံတော်မူကြောင်းကိုသိ၍ ပြန်သွားစဉ် ဝေသာလီမြို့မှ လိစ္ဆဝီမင်းများလည်း အကောင်းဆုံးယာဉ်ကိုစီး၍ မြတ်စွာဘုရားအထံသို့ လာကြခြင်းနှင့် လမ်း၌ ဆုံမိသောအခါ အမ္ဗပါလီသည် ငယ်ကုန်သော လိစ္ဆဝီမင်းသားတို့ယာဉ်၏ ဝင်ရိုးကို မိမိယာဉ်၏ဝင်ရိုးဖြင့်လည်းကောင်း, မင်းသားငယ်တို့၏ ယာဉ်ဘီးနှင့် မိမိ၏ယာဉ်ဘီးကိုလည်းကောင်း, မင်းသားငယ်တို့၏ ယာဉ်ထမ်းပိုးနှင့် မိမိ၏ ယာဉ်ထမ်းပိုးကိုလည်းကောင်း တိုက်မိအောင် သူ၏ယာဉ် မောင်းသူကို အမောင်းခိုင်းလေသည်။

ဆွမ်း တစ်ထပ်နှင့် တိုင်းပြည် မလဲ ထိုသို့ တမင်လာ တိုက်စေသောကြောင့် များစွာသော မင်းသားတို့က "ဘာ့ကြောင့် ဤသို့ ယာဉ်ချင်းတိုက်အောင် မောင်းစေရသနည်း" ဟု မေးကြသောအခါ "ယနေ့ မြတ်စွာဘုရားကိုဆွမ်းဘုဉ်းပေးဖို့ရန် နက်ဖြန်အတွက် ပင့်ခဲ့ပြီ၊ဒါကြောင့် ဝမ်းမြောက်လွန်းလို့ ဤကဲ့သို့ တိုက်အောင် မောင်းစေရပါသည်" ဟု ပြောသည်၊ ထိုအခါ လိစ္ဆဝီမင်းတို့က "အဲဒီဆွမ်းတစ်ထပ်ကို ငါတို့ လွှဲပေးပါ,တစ်သိန်းပေးပါ

မည်''ဟု ပြောကြသည်၊ အရှင့်သားတို့က အခွန်ထွက်သော ဇနပု
နယ်ပယ်နှင့်တကွ ဝေသာလီတစ်မြို့လုံးကို ပေးစေကာမူ ဆွမ်းတ
သပ်ကို လွှဲပြောင်း၍ မပေးနိုင်ပါ၊ ဤသို့ ပြောသောအခါ လိ
မင်းတို့လည်း ဝမ်းနည်းသောလက္ခဏာဖြင့် လက်ဖျားခါကြကုန်
လိစ္ဆဝီမင်းများ ဝတ်ဆင်လာပုံ ထိုလာရာအခါ၌ လိစ္ဆဝီမင်းတို့တွင်အချို့သေ
မင်းတို့သည် ညိုသောအဆင်းရှိအောင် တကို
လုံးကို လိမ်းကျံ၍ ညိုသောအဝတ်ကို ဝတ်
လျှင် ညိုသောတန်ဆာကို ဆင်ထားကြကုန်၏၊ ယာဉ်ရထား,မြင်
အဆင်တန်ဆာတို့သည် အညိုချည်းသာ ဖြစ်၏။

အချို့သော လိစ္ဆဝီမင်းတို့သည် ရွှေသောအဆင်း ရှိအော
တစ်ကိုယ်လုံးကို လိမ်းကျံ၍ ရွှေသောအဝတ်ကို ဝတ်ပြီးလျှင်
သော တန်ဆာကို ဆင်ထားကြကုန်၏၊ ယာဉ်ရထား,မြင်း, အဆ
တန်ဆာတို့သည် အရွှေချည်းသာ ဖြစ်၏။

အချို့သော လိစ္ဆဝီမင်း တို့သည် နီသောအဆင်း ရှိအော
တစ်ကိုယ်လုံးကို လိမ်းကျံ၍ နီသောအဝတ်ကိုဝတ်ပြီးလျှင် နီသေ
တန်ဆာကို ဆင်ထားကြကုန်၏၊ သူတို့၏ ယာဉ်ရထားသည်လ
ကောင်း,မြင်းတို့သည်လည်းကောင်း အနီချည်းသာဖြစ်၍ နီသေ
တန်ဆာကိုသာ ဆင်ထားကြသည်။

အချို့သော လိစ္ဆဝီမင်းတို့သည် ဖြူသောအဆင်း ရှိအော
တစ်ကိုယ်လုံးကိုလိမ်းကျံ၍ ဖြူသောအဝတ်ကို ဝတ်ပြီးလျှင် ဖြူသေ
တန်ဆာတို့ကို ဆင်ထားကြကုန်၏၊ ယာဉ်ရထား, မြင်း, အဆ
တန်ဆာတို့သည် အဖြူချည်းသာဖြစ်၍ ဖြူသော တန်ဆာကိုသ
ဆင်ထားကြသည်။

ထို လိစ္ဆဝီပရိသတ်ကို ညွှန်ပြ၍ ''ဘိက္ခုတို့.... တာဝတိံသာနတ်
တို့ကို မမြင်ဖူးသော ရဟန်းတို့သည် ဤလိစ္ဆဝီမင်းပရိသတ်ကို ကြည့်
လိုက်ကြလော့၊ လိစ္ဆဝီမင်းပရိသတ်ကို တာဝတိံသာနတ်ပရိသတ်
နှင့် အတူထား၍ ကြည့်လိုက်ကြလော''ဟု မိန့်တော်မူ၏။

...မှာ။ ။ဤသို့ မင်းပရိသတ်ကို ကြည့်ရှုစေတော်မူခြင်း၌ ရည်ရွယ်
တော် မူချက်မှာ- အလွန် မကြာသောကာလ၌ ဤလိစ္ဆဝီမင်း
တို့သည် အဇာတသတ်မင်းနှင့် စစ်ဖြစ်၍ အများစုမှာ သေကြေ
ပျက်စီးကြလိမ့်မည်၊ထိုအခါ သံဝေဂဖြစ်ကြဖို့ရန် သတိထား၍
သူတို့၏ တင့်တယ်ပုံကို ကြည့်ရှုဖို့ တိုက်တွန်းတော်မူသည်၊ ဤ
မင်းပရိသတ်တို့၏ ယာဉ်ရထား မြင်းများနှင့်တကွ ဆင်တူ
ဆင်ပြိုင်ပုံကို ထောက်၍ တာဝတိံသာနတ်တို့လည်း ဤကဲ့သို့
ဆင်တူ ဝတ်ဆင်လေ့ရှိပုံကို သိနိုင်ပါသည်။

...င်းများ လက်ဖျားခါကြပြန် လိစ္ဆဝီမင်းတို့သည် မိမိတို့ ယာဉ်မှ
သက်ဆင်း၍ ဘုရား အထံတော်သို့
ရောက်သောအခါ တရားတော်ကို ကြားနာပြီးနောက် နက်ဖြန်
ဘိက္ခုသံဃာနှင့်အတူ ဆွမ်းဘုဉ်းပေးကြွတော်မူရန် ပင့်လျှောက်ကြ
ကုန်သည်၊ ထိုအခါဗုဒ္ဓမြတ်စွာသည် ''အမ္ဗပါလီက ပင့်လျှောက်သွား
ပြီ''ဟု မိန့်တော်မူ၏၊ ထိုစကားတော်ကို ကြားသောအခါ၌လည်း
''မိန်းမသားက ငါတို့ကို နိုင်သွားပြီ''ဟု လက်ဖျားခါကြ၏။

ဆွမ်းဘုဉ်းပေး ကြွတော် မူခြင်း ထိုညဉ့် လွန်သောအခါ သံဃာများနှင့် အတူ
အမ္ဗပါလီအိမ်သို့ ကြွတော်မူ၍ ဆွမ်းဘုဉ်းပေး
တော်မူပြီ၊ ဆွမ်းကိစ္စပြီးသောအခါ အမ္ဗပါလီ
သည် သူ၏သရက်ဉယျာဉ်ကို ဘုရားအမှူးရှိသော သံဃာတော်အား

လှူဒါန်းလေသည်၊ ဗုဒ္ဓမြတ်စွာသည် တရားဟောတော်မူပြ
ဥယျာဉ်သို့ ကြွတော်မူပြီးလျှင် ရဟန်းတို့အား—

"ဤတရား ဤတရားကား သီလတည်း၊ ဤဈာန် ဤဈာန်
သမာဓိတည်း၊ ဤဉာဏ် ဤဉာဏ်ကား ပညာတည်း၊ သီလဖြင့်
အပ်သော သမာဓိသည် များသောအကျိုးရင်း ရှိ၏၊ များသေ
အကျိုးဆက် ရှိ၏၊သမာဓိဖြင့် ထုံအပ်သော ပညာသည် များသေ
အကျိုးရင်းရှိ၏၊များသောအကျိုးဆက်ရှိ၏၊ပညာဖြင့်ထုံအပ်သေ
စိတ်သည် အာသဝေါတရားတို့မှလွတ်နိုင်၏"ဟုဟောတော်မူသ

ဝေဠုဝရွာငယ်၌ ဝါကပ်တော်မူခြင်း ဗုဒ္ဓမြတ်စွာသည် အမ္ဗပါလီဥယျာဉ်၌ က
ထိုက်သောသတ္တဝါများရှိသလောက် သိ
သုံးတော်မူပြီး၍ ဝေဠုဝရွာငယ်သို့ ကြွ
မူ၏၊ ထိုရွာငယ်၌ သံဃာအများ နေဖို့ရန် နေရာမရှိသောကြေ
ရဟန်းများကို ဝေသာလီမြို့၏ ပတ်ဝန်းကျင်ဝယ် သိတင်းသုံး
ရှိရာအရပ်သို့ သွား၍ ဝါကပ်ဖို့ရန် မိန့်တော်မူသည်။

ပြင်းထန်သောဝေဒနာ ဖြစ်တော်မူခြင်း ဗုဒ္ဓမြတ်စွာသည် ဝေဠုဝရွာငယ်၌ ဝါ
တော်မူပြီးသော အခါ ပရိနိဗ္ဗာန်
လောက်အောင် ပြင်းထန်သော ဝေ
ဖြစ်လေသည်၊ ဤဝါသည် နောက်ဆုံးဝါဖြစ်သောကြောင့် ဝ
လပြည့်နေ့မှ ကဆုန်လပြည့်နေ့တိုင်အောင် ရေတွက်လျှင် ဆ
အတွင်း စင်ခါ စ၌ ဖြစ်ရသော ဝေဒနာတည်း၊ ဗုဒ္ဓမြတ်စွာ
ထိုဝေဒနာကို သတိသမ္ပဇဉ် ဉာဏ်ဖြင့်ယှဉ်၍ သည်းခံတော်မူပြီး

သမာပတ်ဖြင့် ရောဂါကိုတားတော်မူခြင်း "ငါသည် အလုပ်အကျွေး ဒါယကာ
ဒါယိကာမတို့ကို အသိ မပေးဘဲ
ရဟန်း သံဃာကိုလည်း ခွင့် မပန်ဘဲ
ပရိနိဗ္ဗာန်စံခြင်းငှါ မလျော်၊ ထို့ကြောင့် ငါသည် ဤရောဂါကို
ဝီရိယဖြင့် တွန်းလှန်၍ အသက် မသေအောင် ပြုစီမံနိုင်သော ဖလ
သမာပတ်ကို ဝင်စားသောအားဖြင့် ဆောက်တည်၍ နေရမူကား
ကောင်းလေစွ"ဟု အကြံတော် ဖြစ်၏၊ ထိုအကြံတော် ဖြစ်သည့်
အတိုင်း ထိုရောဂါကို ဝီရိယဖြင့် တွန်းလှန်၍ အသက်မသေအောင်
ခံနိုင်ရည်ရှိသော ဖလသမာပတ်ကို အဘော်ကြာအောင် ဝင်စား၍
နေတော်မူသည်၊ထိုအခါ ထိုရောဂါသည် အခိုက်အတန့်မျှအတော်
ကြာအောင် မပေါ်လာဘဲ ငြိမ်းအေးသွားလေ၏၊ ဗုဒ္ဓမြတ်စွာသည်
ကျန်းကျန်းမာမာရှိသောအခါ ကျောင်းတော်မှ ထွက်၍ ကျောင်း
အရိပ်ဝယ် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူပြီ၊

အရှင်အာနန္ဒာ၏ မျှော်လင့်ချက် အရှင်အာနန္ဒာသည် မြတ်စွာဘုရား အထံတော်
သို့ ချဉ်းကပ်၍ ဤစကားကို လျှောက်ထား၏၊
"မြတ်စွာဘုရား — မြတ်စွာဘုရား၏ ကျန်းမာ
တော်မူခြင်းကို တွေ့မြင်ရပါပြီ၊ သို့သော် တပည့်တော်၏ ကိုယ်
ကာယသည်ကား မြတ်စွာဘုရား၏ ကျန်းမာတော် မမူခြင်းကြောင့်
ပျော့ပျော့ပျောင်းပျောင်း မရှိဘဲ ခက်မာသကဲ့သို့ ဖြစ်နေပါသည်၊
အရပ်မျက်နှာတို့သည်လည်း မထင်ရှားတော့ပါ၊ မြတ်စွာဘုရား၏
ကျန်းမာတော် မမူခြင်းကြောင့် ထိုမျှလောက် ကိုယ်ရော စိတ်ပါ
ပေါက်ပြန်ပါသော်လည်း သက်သာရာ ရသည့်အချက် တစ်ချက်
တော့ ရှိပါသေး၏၊ထိုအချက်ကား ဗုဒ္ဓမြတ်စွာသည် ရဟန်းသံဃာ

များကို အကြောင်းပြု၍ အရေးကြီးသော နောက်ဆုံးတရား ၁
မိန့်တော်မမူသေးခြင်းပင် ဖြစ်ပါသည်”၊ ဤသို့ လျှောက်ထား
[အရှင်အာနန္ဒာ၏ လျှောက်လိုသော အချက်ကား လောကီ
များ၌ အာစရိယမုဋ္ဌိ (ဆရာ့လက်ထဲ၌ ဆုပ်ကိုင်ထားသော ပ
၁ မျိုး)ရှိ၏၊ ထိုပညာမျိုးကို နောက်ဆုံးအချိန်ကျမှ အလွန် ရင်
သော တပည့်တို့အား ပြောပြလေ့ရှိ၏၊ “ဗုဒ္ဓမြတ်စွာမှာလည်း ထို
သို့ အာစရိယမုဋ္ဌိ တရား တစ်မျိုး ရှိသေး၏” ဟု ယူဆလေသည်။

ဗုဒ္ဓမြတ်စွာ မိန့်တော်မူခြင်း “အာနန္ဒာ.... ရဟန်းသံဃာများက မည်သ
လက်ဆုပ်တရားကို တောင်းတ၍ နေသနည်း
ငါသည် ဟောသင့်သော တရား အားလုံး
အတွင်း အပ မကျန်ရအောင် ဟောတော်မူပြီးပြီ၊ “ဤ ဘိ
သံဃာကို ငါသာလျှင် ရွက်ဆောင်မည်၊ ဘိက္ခုသံဃာကလ
ငါ့ကိုသာ အားကိုးရမည်”၊ဤသို့ယူဆသော ဆရာများသာ ဆ
လက်ဆုပ်တရား ချန်ထားတတ်၏၊ ငါဘုရားမှာ ထိုကဲ့သို့ လျှို့ဝှက်
ချန်ထားအပ်သော ဆရာ့လက်ဆုပ်တရား မရှိ၊ ထိုကဲ့သို့ လက်
တရား ချန်မထားသော မြတ်စွာဘုရားသည် ဘိက္ခု သံဃာ
အကြောင်းပြု၍ အဘယ်တရားကို မိန့်မြွက်ဖို့ လိုတော့အံ့နည်း”၊

“အာနန္ဒာ ယခုအခါ၌ ငါဘုရားသည် အရွယ်တော်ယိုယွင်း
အိုမင်းလာပြီ၊ အသက်ရှစ်ဆယ်အတွင်း ရောက်နေသောကြော
နောက်ဆုံးအရွယ်သို့ ရောက်ပြီ၊ အာနန္ဒာ.... အိုသော လှည်းသ
ထိုထိုနေရာ၌ ဖွဲ့ချည်တုပ်နှောင်၍ထားမှ သွားနိုင်သကဲ့သို့ ထို့
ငါဘုရား၏ ခန္ဓာကိုယ်သည် ဖလသမာပတ်တည်းဟူသော လွန်
ဖြင့် နှောင်ဖွဲ့ထားလိုက်သောအခါ သာ၍ ကျန်းမာ၏၊ထို့ကြော

သင်တို့လည်း ဤဖလသမာပတ်ဖြင့်ချမ်းချမ်းသာသာနေနိုင်ဖို့ရန်
မိကိုယ်သာလျှင် သမုဒ္ဒရာအလယ်၌ မှီခိုရာကျွန်းသဖွယ် ဖြစ်အောင်
နကြလော၊ မိမိကိုယ်ကို မိမိ ကိုးကွယ်ရာဖြစ်အောင် နေကြလော၊
တရားတည်းဟူသော မှီခိုရာ ကျွန်းရှိအောင် နေကြလော၊ တရား
တည်းဟူသော ကိုးကွယ်ရာရှိအောင် နေကြလော၊ ဤသို့ နေကြမှ
ာ အမြတ်ဆုံး ပုဂ္ဂိုလ်များ ဖြစ်နိုင်ကြလိမ့်မည်”။

န်ကြွတော်မူခြင်းနှင့် **အရှင်သာရိပုတ္တရာ** ဗုဒ္ဓမြတ်စွာသည် ဝါကပ်တော်မူရာ ဝေဠုဝ ရွာငယ်မှ ထွက်တော်မူ၍ သာဝတ္ထိမြို့
ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူပြီ၊
အရှင်သာရိပုတ္တရာသည်ဦ မြတ်စွာဘုရားအား ပူသင့်သော ဝတ်ကံ
၍ နေ့အခါ၌ နေရာအရပ်သို့ ကြွတော်မူပြီးလျှင် ဖလသမာပတ်
ဝင်စားတော်မူပြီ၊ ထို့နောက် သမာပတ်မှ ထတော်မူ၍ ဘုရာ
သည်ရှေးဦးစွာ ပရိနိဗ္ဗာန်စံတော်မူကြလေသလော၊အဂ္ဂသာဝက
သည် ရှေးဦးစွာ ပရိနိဗ္ဗာန် စံကြလေသလော၊ ဤသို့ စဉ်းစာ
တော်မူပြီ၊ ထိုအခါ “အဂ္ဂသာဝကတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာ
ကြ၏” ဟု သိ၍ မိမိ၏အသက် အပိုင်းအခြားကို ကြည့်သောအခါ
ရက်လောက်သာ ရှိတော့သည်ဟု သိရ၍ ပရိနိဗ္ဗာန်စံရာ အရပ်
ဉ်းစားတော်မူသည်။

ယ်တော်ကြီးကို သတိရခြင်း ထိုအခါမယ်တော်ကြီးကိုသတိရလေသည်၊အရှ
သာရိပုတ္တရာ၏ မယ်တော်ကြီးသည် ၇ ယော
သော သားတော် သမီးတော်တို့ ဘိက္ခု ဘိက္ခု
ဟန္တာများဖြစ်ကြသော်လည်း ဘုရားတရားသံဃာကိုမျှမကြည်

သေး၊ ပြဟ္မာကိုသာ ကိုးကွယ်ရာဟု အယူရှိသော သူဌေးက
ကြီးတည်း၊ အရှင် သာရိပုတ္တရာသည် မယ်တော်ကြီးကို သတိ
ကျွတ်ထိုက် မကျွတ်ထိုက်ကို စဉ်းစားမြန်သော အခါ ကျွတ်ထ
လောက်သော ကောင်းမှုပါရမီရှိနေသည်ကို မြင်ရ၍ "အဘယ်
တရားဖြင့် တရားတူးရမည်နည်း" ဟု စဉ်းစားမြန်သောအခါ
တရားဖြင့်ပင် တရားထူ ရမည်ကို မြင်တော်မူ၍ "မိမိဖွားမြင်
တိုက်ခန်း၌ပင် ပရိနိဗ္ဗာန်စံမည်" ဟု ဆုံးဖြတ်တော်မူသည်။

အမှာ။ ။အရှင်သာရိပုတ္တရာ, အရှင် စုန္ဒ, အရှင် ဥပသေန, အ
ရေဝတ, ဟူသော သားတော် ၄ ပါးနှင့် စာလာ, ဥပစာလ
သီသုပစာလာ, ဟူသော သမီးတော် ၃ ပါး၊ ဤ သားတေ
သမီးတော်များသည် ဘိက္ခု ဘိက္ခုနီများဖြစ်၍ အားလုံးရဟ
ဖြစ်ကြသည်။

ဗုဒ္ဓအထံ ခွင့်ပန်တော်မူခြင်း။

ထိုသို့ ဆုံးဖြတ်ပြီးနောက် ရဟန်း ၈ ါးရာ
အတူ ဗုဒ္ဓမြတ်စွာ အထံတော်သို့ ချဉ်းကပ်
ပရိနိဗ္ဗာန်စံဖို့ရန် ခွင့်ပြုတော်မူပါဟုလျှေ
ထားလေသည်၊ ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန်စံတော့ ဟု မိန့်တေ
မူလျှင် သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းရာ ရောက်၏၊ ပရိနိဗ္ဗာ
မစံသေးနှင့်ဟု မိန့်တော်မူပြန်လျှင် သံသရာဝဋ်၏ ဂုဏ်ကို ပြော
ရောက်၏၊ ဤသို့ မိစ္ဆာဒိဋ္ဌိ အယူရှိသူတို့ အပြစ်တင်ဖွယ် ရှိသေ
ကြောင့် ထို ၂ မျိုးလုံးကိုမိန့်တော်မမူဘဲ "အဘယ်အရပ်၌ ပရိနိဗ္ဗာ
စံမည်နည်း" ဟု မိန့်တော်မူသည်၊ ထိုအခါ မဂဓတိုင်း နာဠက
ရွာဝယ် မိမိဖွားမြင်ခဲ့ရာ တိုက်ခန်း၌ ပရိနိဗ္ဗာန်စံပါမည့်အကြောင်
ကို လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာက "ပရိနိဗ္ဗာန်စံချိန်ကို မိမိဘာသာ သိပေ
တာ့၊ သို့ရာဝယ် အသင်၏ နောင်တော် ညီတော် ဖြစ်ကြသော
ဟန်းတို့မှာ အသင်ကဲ့သို့သော ရဟန်းတစ်ပါးကို ဖူးမြင်ဖို့ မလွယ်
တာ့၊ ထို့ကြောင့် ထိုနောင်တော် ညီတော်တို့အား ဩဝါဒတရား
ားကို ဟောခဲ့ဦးလော" ဟု မိန့်တော်မူသည်။

ထန်ခိုးပြပြီး၍ နောက်ဆုံး ကန်တော့ခြင်း

အရှင်သာရိပုတ္တရာသည် ထန်းတစ်ဖျား ပမာဏရှိသော အရပ် တိုင်အောင် တန်ခိုးဖြင့် တက်သွား၍ ဆင်းလာပြီး
ျင် မြတ်စွာဘုရားကို ရှိခိုးလေသည်၊ ထို့နောက် ထန်း ၂ ဆင့်
ဆင့်မှစ၍ ၇ ဆင့်ပမာဏတိုင်အောင် ကောင်းကင်သို့ အကြိမ်ကြိမ်
က်သွား၍ အမျိုးမျိုးသော တန်ခိုးကိုပြ၍ တရား ဟောတော်မူ
ည်၊ သာဝတ္ထိတစ်မြို့လုံး စုမိကြ၏၊ အရှင်သာရိပုတ္တရာသည် ထန်း
ဆင့်ပမာဏရှိသော ကောင်းကင်မှသက်ဆင်း၍ မြတ်စွာဘုရားကို
ခိုးပြီးလျှင် သွားချိန်တန်ပါပြီ ဘုရားဟု လျှောက်ထားလေသည်၊
ဒ္ဓမြတ်စွာသည် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင် သာရိ
တ္တရာကို ပို့တော်မူသည့်အနေဖြင့် တရားဟောရာအရပ်မှ ထတော်
၍ ဂန္ဓကုဋီသို့ ရှေးရှုကြွတော်မူပြီးလျှင် ပတ္တမြားပျဉ်ချပ်၌ ရပ်
တော်မူသောအခါ အရှင်သာရိပုတ္တရာသည် သုံးကြိမ် လက်ယာရစ်
ည့်ပြီးလျှင် ၄ ဌာနတို့၌ ဝပ်ချ၍——

"မြတ်စွာဘုရား .. ဤကမ္ဘာမှပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာ
စ်သိန်းအလွန်ရှိသော တစ်အသင်္ချေ ထက်၌အနောမဒဿီမြတ်စွာ
ုရား၏ ခြေတော်ရင်းဝယ် ရှင်တော်မြတ်ဘုရားကို ဖူးမြင်နိုင်ဖို့ရန်
ုပန်ခဲ့ပါပြီ၊ ထိုဆုပြည့်၍ ရှင်တော်ဘုရားကို ပဌမ ဖူးမြင်ခဲ့ရပါပြီ၊

ယခုအခါ၌ ဖူးမြင်ရခြင်းကား နောက်ဆုံးဖူးမြင်ရခြင်းဖြစ်ပါသ
နောက်ထပ် ရှင်တော်ဘုရားတို့ကို ဖူးမြင်ခွင့် မရှိတော့ပါ” ဤ
လျှောက်၍ လက်အုပ်ချီပြီးလျှင် ဗုဒ္ဓမြတ်စွာ မြင်တော်မူလောက်
အချပ်တိုင်အောင် နောက်ဆုတ် နောက်ဆုတ် သွားပြီးလျှင် မ
လောက်ရာ အရပ်ရောက်မှ ဝပ်ချ၍ ဖဲသွားလေသည်၊ ထို အချိ
မြေစောင့် နတ်များ၏ အလွန် ဝမ်းနည်းသည့် လက္ခဏာကြေ
ကြီးစွာ မြေတုန်လှုပ်ရလေသည်။

ဗုဒ္ဓမြတ်စွာ၏ လိုက်၍ ပို့ကြဖို့ရန် အမိန့်တော်ရှိသောကြေ
သို့နေရာ၌ ရှိကုန်သော ရဟန်းအားလုံးပင် လိုက်၍ပို့ကြလေသ
အရှင် သာရိပုတ္တရာသည် ဇေတဝန် ကျောင်းတိုက် တံခါးမု
ရောက်သောအခါ “ငါ့ရှင်တို့ နေရစ်ကြတော့၊ မမေ့မလျော့ မ
မဆ နေရစ်ကြတော့” ဟု မိန့်တော်မူ၍ မိမိ၏ ပရိသတ် ငါးရာ
အတူ ဇေတဝန်ကျောင်းတိုက်ကြီးကို ခွဲခွာတော်မူလေသည်။

လူအများ နောက်မှ ငို၍ လိုက်လာကြသော လူအများကိုလ
“ သံသရာတရားဆိုတာ ဒီလိုဘဲ ခွဲခွာရခြင်း သဘေ
ရှိ၏, မမေ့မလျော့ သတိထား၍ တရားဖြင့် နေရစ်ကြတော့”
ဩဝါဒပေး၍ ပြန်နစ်စေပြီးလျှင် လမ်းခရီး၌ ၇ ရက်ပတ်လုံး
အများကို ချီးမြှောက်လျက် ၇ ရက်မြောက် ညနေအချိန်က
နာဠကရွာသို့ ရောက်၍ ရွာတံခါးပေါက် ပညောင်ပင်အောက
ရပ်တည်နေစဉ် ဥပရေဝတ မည်သော တူတော်သူ သူငယ်ဖ
ယောက် ရွာပြင်သို့ ထွက်လာသောအခါ အရှင် သာရိပုတ္တရာ
မြင်သောကြောင့် အနားကပ်၍ ဝပ်ချလေသည်။

နေရာပြင်စေခြင်း အရှင်သာရိပုတ္တရာသည် “ သင်၏ အဖွား ရှိရဲ့
လား” ဟု မေးတော်မူ၍ “ သွားချေ, ငါတို့
လာတဲ့ အကြောင်းကို ပြောချေလော၊ ဘာကိစ္စကြောင့် လာရ
သနည်း” ဟု မေးလျှင် ယနေ့တစ်ရက်မျှ ရွာတွင်း၌ နေလိမ့်မည်၊
မွေးဖွားရာ တိုက်ခန်းကို ရှင်းထားလိုက်ပါ၊ ငါးရာသော ရဟန်း
များအတွက် နေရာဌာနကိုလည်း ပြင်ထားလိုက်ပါ” ဟု အပြော
ခိုင်းလေသည်၊ ဥပရေဝတသည် မိန့်တော်မူသည့်အတိုင်း ပြန်သွား၍
မှာလိုက်သော စကားအားလုံးကို ပြောပြလေသော် မယ်တော်ကြီး
သည် “အဘယ့်ကြောင့် ဤမျှလောက်သော ရဟန်းတို့၏နေရာဌာန
ကို ပြင်စေရသနည်း၊ ငယ်ရွယ်စဉ်အခါက ရဟန်းပြု၍ ကြီးသည့်
အခါရောက်မှ လူဖြစ်လိုလေသလော” ဟု တွေးတောပြီးလျှင် မွေး
ဖွားရာ တိုက်ခန်းကို ရှင်းလင်းစေပြီး၍ ငါးရာသော ရဟန်းတို့ဖို့
နေရာဌာနကို ပြုပြီးပါကြောင်း အလျှောက်ခိုင်းလေသည်။

ပရိနိဗ္ဗာန်စံခါနီး ရောဂါဖြစ်ပုံ အရှင်သာရိပုတ္တရာသည် ရဟန်းများနှင့် အတူ
ကြွလာ၍ ပြာသာဒ်(အုတ်တိုက်)သို့ တက်တော်
မူကာ မိမိဖွားမြင်ခဲ့ရာ တိုက်ခန်းသို့ ဝင်တော်မူ
ပြီးလျှင် ရဟန်းများကိုလည်း “ မိမိနေရမည့်ဌာနသို့ သွားကြ
တော့” ဟု ခွင့်ပြုတော်မူလေသည်၊ ထိုရဟန်းများ သွားပြီး၍ မကြာ
မီပင် အရှင် သာရိပုတ္တရာ မထေရ်မြတ်မှာ ပရိနိဗ္ဗာန်စံရလောက်
အောင် ပြင်းထန်သော သွေးဝမ်းရောဂါ ဖြစ်တော်မူ၏၊ ခွက်
တစ်ခွက် ထွက်သွားလျှင် ခွက်တစ်ခွက်ဝင်ရ၏၊ မယ်တော် ပုဏ္ဏေးမ
ကြီးသည် “ငါ့သားဖြစ်ပုံကို ငါမနှစ်သက်ပါ” ဟု ဆို၍ မိမိအခန်း
တံခါးကို မှီကာ ခပ်လှမ်းလှမ်းမှ ရပ်၍ ကြည့်နေသည်။

နတ်ဗြဟ္မာတို့ လာကြပုံ

စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည်
“နောက်ဆုံး ဖူးမြင်ရာအရပ်သို့ သွားအံ့”ဟု ကြံ
လာကြပြီးလျှင် ရှိခိုး၍ ရပ်နေကြကုန်ပြီ၊ “အဘယ်
အကျိုးငှါ လာကြသနည်း”ဟု အရှင်သာရိပုတ္တရာက မေးသော
အခါ “ဂိလာနကို ပြုစု လုပ်ကျွေးလို၍ လာကြပါကြောင်း”
လျှောက်ကြသည်၊ “ဒီလိုဆိုလျှင် ရှိပါစေတော့, ပြုစု လုပ်ကျွေး
မည့်သူ ရှိပါပြီ၊ အသင်နတ်မင်းတို့ ပြန်ကြပေတော့”ဟု မိန့်တော်
မူ၏၊နတ်မင်းကြီးလေးယောက်တို့ပြန်သွားပြီးနောက် မကြာခင်ပင်
သိကြားမင်း လာပြန်၏၊ ထို သိကြားမင်းကိုလည်း ထို အတိုင်းပင်
ပြန်လွှတ်၍ မကြာခင်ပင် ဗြဟ္မာမင်းကြီးတစ်ယောက် ရောက်လာ
ပြန်၏၊ ထိုဗြဟ္မာမင်းကြီးကိုလည်း“ပြုစုလုပ်ကျွေးမည့်သူ ရှိပါ၏”
ဟု ပြော၍ ပြန်ဖို့ ခွင့်ပြုလိုက်သည်။

မယ်တော်ကြီး လာ၍ မေးခြင်း

ရူပသာရီအမည်ရှိသော မယ်တော် ပုဏ္ဏေး
ကြီးသည် နတ် ဗြဟ္မာတို့၏ လာခြင်းကိုလည်း
ကောင်း, ပြန်သွားခြင်းကို လည်းကောင်း
မြင်ရ၍ တိုက်ခန်းတံခါးပေါက်သို့ လာပြီးလျှင် “ချစ်သား စုန္ဒ…
(သားတော်အငယ် မထေရ်ကို ခေါ်သည်၊)ဘယ်လို ဖြစ်တာလဲ”ဟု
မေး၏၊အရှင်စုန္ဒသည် မယ်တော်ကြီးလာကြောင်းကို မထေရ်အား
လျှောက်သောအခါ မထေရ်မြတ်သည်“ဘာ့ကြောင့်လာသနည်း”
ဟု မေးတော်မူ၏၊ မယ်တော်ကြီးက “သင်သားတော်ကို ကြည့်ဖို့
လာသည်”ဟု ပြောပြီးလျှင် “ချစ်သား…. ကိုယ်ရောင် ကိုယ်ဝါ
တောက်ပစွာဖြင့် ပဌမ လာသူတွေက အဘယ်သူများနည်း” ဟု
မေးသောအခါ နတ်မင်းကြီး လေးယောက်ဖြစ်ကြောင်းကို ဖြေ
တော်မူ၏။

အမေး။ ။“ချစ်သားက နတ်မင်းကြီး လေးယောက်တို့ထက် သာ၍ မြတ်သလော”ဟုမေးသောအခါ မိမိ၏မြတ်ကြောင်းကို မဖြေဆိုဘဲ မြတ်စွာဘုရားကို ကြည်ညိုစေလိုသောကြောင့် မြတ်စွာဘုရား၏ မြတ်ကြောင်းကို ဖြေတော်မူသည်မှာ—

အဖြေ။ ။မယ်တော်ကြီး— ထိုနတ်မင်းကြီးလေးယောက်တို့သည် သားတို့ဆရာ မြတ်စွာဘုရား၏ ပဋိသန္ဓေယူတော်မူရာအခါမှစ၍ ဖွားတော်မူသည့်တိုင်အောင် သန်လျက်လက်စွဲ၍ စောင့်ရှောက်ကြရပါသည်၊ ထို့ကြောင့် ထိုနတ်မင်းကြီးလေးယောက်တို့သည် ဘုရားရှင်ကို ထောက်လျှင် ကျောင်းစောင့်ကပ္ပိယလောက်သာ ဖြစ်ကြပါသည်။

အမေး။ ။သူတို့ ပြန်သွားပြီးနောက် တစ်ယောက်လာပါသေးသည်၊ ထိုသူကား အဘယ်သူပါနည်း။

အဖြေ။ ။ထိုသူကား နတ်တို့၏ အရှင်သခင်ဖြစ်သော သိကြားနတ်မင်း ဖြစ်ပါသည်။

အမေး။ ။ချစ်သား…. အသင်က သိကြားနတ်မင်းထက်တောင် မြတ်သေးသလား။

အဖြေ။ ။မယ်တော်ကြီး…. သားတို့ဆရာ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ ဆင်းတော်မူရာ အခါ၌ ဤသိကြားဆိုသူသည် သပိတ်နှင့် သင်္ကန်းတစ်ထည်ကို ပွေ့၍ လိုက်လာရပါသည်၊ထို့ကြောင့် သိကြားနတ်မင်းဆိုသူသည် သားတို့ဆရာ မြတ်စွာဘုရား၏ သပိတ် သင်္ကန်းကိုယူရသော ရှင်သာမဏေနှင့်တူပါသည်။

အမေး။ ။ချစ်သား— သိကြားနတ်မင်း ပြန်သွားသောအ
တစ်ကိုယ်လုံး လင်းထိန်နေအောင် ကိုယ်ရောင် ကိုယ်
တောက်ပစွာဖြင့် လာတဲ့သူက အဘယ်သူပါနည်း။

အဖြေ။ ။မယ်တော်ကြီး— အဲဒီသူကတော့ မယ်တော်ကြီး
"ဘုရား ဘုရား"ဟု ကိုးကွယ်ထားသော မဟာဗြဟ္မာမင်း
ဖြစ်သည်။

အမေး။ ။ချစ်သား— "အသင်တို့က မယ်တော်ကြီးတို့၏
ကွယ်ရာ ဖြစ်သော မဟာဗြဟ္မာထက်ပင် သာ၍ မြင့်မြတ်
သလော"ဟု မေးပြန်သည်။

အဖြေ။ ။မယ်တော်ကြီး— ဤမဟာဗြဟ္မာကြီး လေးယော
တို့သည် သားတို့ဆရာ မြတ်စွာဘုရား၏ ဖွားမြင်တော်မူရာ
ဘုရားအလောင်း ဖြစ်သော သတိုးသားကလေးကို ရွှေ
တဘက်ဖြင့် ခံယူကြရပါသည်။

သောတာပန်တည်စေခြင်း ထိုသို့ မေးပြီးသောအခါ "ရှုပသာ
အမည်ရှိသော မယ်တော် ပုဏ္ဏေးမ
စဉ်းစားမိသည်မှာ– "ငါ့သား၏ တန်ခိုးအာနုဘော်သည် သိကြ
ဗြဟ္မာတို့ လာရလောက်အောင် ကြီးကျယ်နေသည်မှာ မျက်
အားဖြင့် ထင်ရှားနေပြီ၊ သား၏ဆရာဆိုသော ဗုဒ္ဓမြတ်စွာ၏တန်
ရှိန်စော် အာနုဘော်မှာ မည်မျှလောက် ကြီးကျယ်လိမ့်မည်နည်း
ဟု တွေးတော စဉ်းစားနေစဉ် တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြ
ထလောက်အောင် ပီတိ သောမနဿ ဖြစ်လာသည်၊ ထို အခိုက်
"တရားဟောဖို့ အခါ ကောင်းဘဲ"ဟုယူဆ၍ မထေရ်မြတ်က တ

တော်မူသည်မှာ– "မယ်တော်ကြီး... သားတို့၏ ဗုဒ္ဓမြတ်စွာ
တော်မူရာအခါ, တောထွက်တော်မူရာအခါ, သဗ္ဗညုတဉာဏ်ကို
ဘုရားဖြစ်တော်မူရာအခါ, ဓမ္မစကြာတရားကို ဟောတော်
အခါတို့၌ တစ်သောင်းသော ကမ္ဘာလောကဓာတ် တုန်လှုပ်ရ
သည်။

သီလအားဖြင့် တူသူ မရှိပါ၊ သမာဓိအားဖြင့် တူသူ မရှိပါ၊
အားဖြင့် တူသူ မရှိပါ၊ ကိလေသာ အာသဝေါ ကုန်ခြင်း
အားဖြင့် တူသူမရှိပါ၊သားတော်တို့၏ဗုဒ္ဓမြတ်စွာသည် တစ်ထောင့်
ရာ ကိလေသာတို့မှ ကင်းကွာရာ၌ပင် ဝါသနာနှင့်တကွ အငွေ့
အက်မျှ မကျန်ရအောင် ကင်းကွာတော်မူပါသည်"။

ဤသို့ စသည်ဖြင့် ဗုဒ္ဓမြတ်စွာ၏ "အရဟံ သမ္မာသမ္ဗုဒ္ဓေါ"
သော ဂုဏ်တော်များကို အားတော်နည်းလျက်ပင် ကျေးဇူးဆပ်
အနေအားဖြင့် ဟောပြတော်မူလေရာ, တရားတော်အဆုံး၌
တော်ကြီး သောတာပန်တည်လေသည်။

တော်ကြီး။ ။ချစ်သား ဥပတိဿ— ဘာ့ကြောင့်ဤမျှလောက်
အဖိုးတန်သော အမြိုက်ဆေးကို ဤမျှလောက် ကြာအောင်
မပေးဘဲ နေရသနည်း။

ရိမြတ်။ ။ဤသို့လျှောက်သောအခါ "မယ်တော်ကြီးအား
မွေးကျေးဇူး၏ တန်ဖိုးကို ပေးအပ်ပြီ၊ ဤမျှဖြင့် သင့်တော်
လောက်ပြီ" ဟု ကြံ၍ "မယ်တော်ကြီး— သွားတော့ သွား
တော့"ဟု လွှတ်လိုက်ပြီးနောက် "စုန္ဒ... ဘယ်အချိန် ရောက်နေ
ပြီနည်း"ဟု မေးတော်မူသည်။

အရှင်စုန္ဒ။ ။"အရုဏ်တက်ခါနီးလောက် မိုးသောက်အချိန်ရော
နေပါပြီ"ဟု လျှောက်သောအခါ"သံဃာတော်များစည်းဝေ
ပါစေ"ဟုမိန့်တော်မူပြီး၍ ထိုင်ဖို့ရန် ထူပေးဖို့မိန့်တော်မူသည်

ပရိနိဗ္ဗာန် စံတော်မူပုံ

ရဟန်းများ ရောက်လာသောအခါ "ငါရှင်တို့
လေးဆယ့်လေးဝါကာလပတ်လုံး ငါနှင့်အတူလှ
လည်ကြကုန်သော အသင်တို့အား ငါ၏ အပေါ
မနှစ်သက်အပ်သော ကာယကံ ဝစီကံ ရှိလျှင် သည်းခံကြပါ"
မိန့်တော်မူသည်၊ ရဟန်းတော်များ ကလည်း "အရှင်ဘုရား....
လေးဆယ့်လေးဝါ ကာလပတ်လုံး အရိပ်ကဲ့သို့ လိုက်ပါကြသော
တပည့်တော်တို့သည် မနှစ်သက်အပ်သော(နှစ်သက်ဖွယ် မကောင်း
သော) ကာယကံ ဝစီကံကို မတွေ့ခဲ့ရပါ၊ အရှင်ဘုရားတို့ကသ
တပည့်တော်တို့၏ ကာယကံ ဝစီကံကို သည်းခံတော်မူပါ"
လျှောက်ကြလေသည်၊ ထိုသို့ အချင်းချင်း တောင်းပန်ပြီးရာအခါ
မထေရ်မြတ်သည် ဆက်နီးကြီးကိုဆွဲ၍ မျက်နှာကိုဖုံးပြီးလျှင် လာ
ယာ နံပါးဖြင့် လျောင်းတော်မူ၏၊ ထိုသို့ လျောင်းပြီးလျှင် သမ
ပတ်တို့ကို အစမှ အဆုံး, အဆုံးမှအစတိုင်အောင် အဖန်ဖန်ဝင်စ
ပြီး၍ နောက်တစ်ကြိမ် ဝင်စားရာဝယ် စတုတ္ထဈာန် ဝင်စားပြီ
သောအခါ ပရိနိဗ္ဗာန် စံတော်မူသည်၊ ထိုအခါ ဤမဟာပထဝီမြေ
ကြီးသည် ဖဲတင်ထပ်လျက်ဆတ်ဆတ်ခါအောင်တုန်လှုပ်လေသည်

ငိုကြွေးခြင်း

မယ်တော်ကြီး၏ မယ်တော်ကြီးသည် စကားပြောသံမကြားသော
ကြောင့် "မိမိ၏သားတော် ဘယ်လို နေပါလိ
မည်နည်း"ဟု သိလို၍ ထလာပြီးလျှင် ခြေဖဝါ
တ်ကို သုပ်နယ်သောအခါ ပရိနိဗ္ဗာန်စံပြီးကြောင်းသိရ၍ ကျယ်စွ

သောအသံကိုပြုလျက် ခြေတော်၌မျက်နှာအပ်၍ ငိုကြွေးလေသည်၊
"ချစ်သား....မယ်တော်တို့သည် ရှေးအခါက သား၏ဂုဏ်ကိုမသိကြ
ရကုန်၊ ဂုဏ်ကိုသိရာ ယခုအခါ၌ကား အသင် သားတော်ကို အမှူး
ပြု၍ ရာပေါင်းများစွာ, ထောင်ပေါင်းများစွာ, သိန်းပေါင်းများ
စွာသော ရဟန်းတော်တို့ကို ဤတိုက်မှော်၌ ဆွမ်းကပ်ခြင်းငှါ
အခွင့်မရတော့၊ သင်္ကန်းလှူခြင်းငှာ အခွင့်မရတော့၊ ရာပေါင်း,
ထောင်ပေါင်း များစွာသော ကျောင်းတို့ကို ဆောက်လုပ်လှူဒါန်း
ခြင်းငှါ အခွင့်မရတော့"ဟု ပြော၍ ငိုကြွေးလေသည်။

အရုဏ်တက်သောအခါ၌ကား ရွှေပန်းတိမ်သည်တို့ကိုခေါ်စေ၍
ရွှေတိုက်ကို ဖွင့်စေပြီး လျှင် ရွှေတုံးတို့ကို ချိန်ခွင်ကြီးဖြင့် ချိန်စေ၍
ငါးရာသော အထွဋ်တပ်အပ်သော ပြာသာဒ်တို့ကိုလည်းကောင်း,
ငါးရာသော စေတီတို့ကိုလည်းကောင်း ပြုကြဖို့ရန် ပေးလေသည်၊
သိကြားနတ်မင်း သည်လည်း ဝိသကြုံ နတ်သားကို ခေါ်၍
"အမောင်....တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ
သည် ပရိနိဗ္ဗာန် စံတော်မူပြီ၊ ငါးရာသော အထွဋ်တပ်အပ်သော
ပြာသာဒ်တို့ကို လည်းကောင်း, ငါးရာသော စေတီတို့ကို လည်း
ကောင်း ဖန်ဆင်းလော့"ဟု ပြောပြီ။

သာဓုကီဠန သဘင်

အနိစ္စ စသည်နှင့်စပ်သော ဂီတတို့ကို ရွတ်ဆို၍
ပူဇော်ခြင်းကို"သာဓုကီဠန-သူတော်ကောင်း
တို့၏ ပျော်မွေ့ခြင်း"ဟု ခေါ်၏၊မယ်တော်ကြီးသည် မြို့အလယ်၌
မဏ္ဍပ်ကြီးကိုဆောက်လုပ်စေ၍ မဏ္ဍပ်အလယ်၌အကြီးဆုံးပြာသာဒ်
ကို ထားပြီးလျှင် ကြွင်းသော ပြာသာဒ်တို့ကို အခြံအရံ အဖြစ်ဖြင့်
ထား၍ သာဓုကီဠနသဘင် ဆင်ယင်စေလေသည်။

ရေဝတီ ရေဝတီ မည်သော မထေရ်မြတ်၏ ဥပါသိကာ
သတို့သမီး ငါလည်း မထေရ်မြတ်ကို ပူဇော်မည် ဟု ကြ
ရွှေပန်းအိုး သုံးလုံးတို့ကို ပြုစေပြီး၊ သိကြားမင်
အခြေအရံတို့နှင့် အတူ မထေရ်မြတ်ကို ပူဇော်ဖို့ရန် ဆင်း
သိကြားမင်း လာသည် ဟု သိကြသောအခါ များစွာသေ
အပေါင်းအသည် အလောင်းတော်ဖက် မျက်နှာပြု၍ နော
နောက်ဆုတ် သွားကြလေရာ " ရေဝတီ " ဥပါသိကာ
ကိုယ်ဝေးလက်ဝန်ရှိသောကြောင့် နောက်ဆုတ်ယင်းပင် တ
တိမ်းရှောင်ပါသော်လည်း မရှောင်နိုင်တော့ဘဲ လူတို့၏ အ
လဲသွားလေသည်၊ လူတို့သည် တစ်ယောက်ကိုတစ်ယောက်
နိုင်ဘဲ ဥပါသိကာမကို နင်းသွားကြလေသော် ထိုနေရာ၌ပ
လွန်၍ တာဝတိံသာနတ်ပြည်၌ ဖြစ်လေသည်၊ ထိုသို့ ဖြစ်ရ
အများတို့အား ပြောပြဖို့ရန် ဗိမာန်နှင့်တကွ ဆင်းလာ၍
မြတ်ကို ပူဇော်သောကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်ရပုံ
ကောင်း, ကုသိုလ်ကောင်းမှု၏ အကျိုးကျေးဇူးများပုံကို
ကောင်း ပြောပြ၍ မထေရ်မြတ်၏ သင်္ဂြိုဟ်ရာထင်းပုံကို လက်
လှည့်လည်ကာ ရှိခိုးပြီးလျှင် မိမိ၏နတ်ပြည်သို့ ပြန်လေသည်
မီးသင်္ဂြိုဟ်၍ များစွာသော လူအပေါင်းတို့သည်
ခတ်တော်များကို ပတ်လုံး၊ သာဓုကီဠနသဘင်ဆင်ယင်က
ဘုရားအထံ ယူလာပုံ အလုံးစုံသော နံ့သာမျိုးစုံ ထင်းပုံကို
နံ့သာထင်းပုံသည် ကိုးဆယ့်ကိုးတော
ရှိ၏၊ မထေရ်မြတ်၏အလောင်းတော်ကို နံ့သာထင်းပုံပေါ်
ပန်းရင်း မြက်စည်းတို့ဖြင့် မီးလောင်စေကြကုန်ပြီ၊ မီးသ

သုသာန်၌ တစ်ညဉ့်ပတ်လုံး တရားပွဲဖြစ်၏၊ အနုရုဒ္ဓါမထေရ်မြတ်
သည် အလုံးစုံသော နံ့သာရေဖြင့် မီးကို ငြိမ်းစေပြီ၊ ညီတော် စုန္ဒ
မထေရ်သည် ခတ်တော်တို့ကို ပုဝါရေစစ်၌ ထည့်၍ မြတ်စွာဘုရား
အား လျှောက်ဖို့ရန် ခတ်တော်ထည့်ရာ ပုဝါရေစစ်ကို လည်း
ကောင်း, အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ သပိတ် သင်္ကန်းကို
လည်းကောင်း ယူ၍ သာဝတ္ထိမြို့သို့ သွားပြီ၊ သာဝတ္ထိမြို့သို့ ရောက်
သောအခါ အရှင်စုန္ဒမထေရ်သည် မိမိ၏ ဥပဇ္ဈာယ်ဖြစ်သော အရှင်
အာနန္ဒာအထံသို့ ရှေးဦးစွာ သွားပြီးမှ အရှင်အာနန္ဒာနှင့်အတူ
မြတ်စွာဘုရားအထံသို့ သွား၍ သပိတ် သင်္ကန်းနှင့် ခတ်တော်များ
ကို ဆက်ကပ်ပြီ။

ခတ်တော်များကို လက်ပေါ်တင်၍ မိန့်တော်မူပုံ

ဗုဒ္ဓမြတ်စွာသည် ခတ်တော်ထည့်ရာ ပုဝါ
ရေစစ်ကို ယူတော်မူ၍ လက်တော် အပြင်၌
ထားပြီးလျှင် ရဟန်းများကို မိန့်တော်မူသည်
မှာ- "ဘိက္ခုတို့-အတော်ကြာသော ရှေးရှေး
နေ့က တန်ခိုးပြာဋိဟာ များစွာတို့ကို ပြုပြီး၍ ပရိနိဗ္ဗာန်စံဖို့ရန်
ခွင့်တောင်းသွားသော သာရိပုတ္တရာ၏ ပွတ်သစ်စ ခရုသင်းကဲ့သို့
ဖြူဖွေးသော ခတ်တော်တို့သာ ထင်ရှားကုန်တော့၏။

ဘိက္ခုတို့ — ဤခတ်တော်၏ အရှင်ဖြစ်သော ဤရဟန်းကား
ကမ္ဘာတစ်သိန်း အလွန်ရှိသော တစ်သင်္ချေပတ်လုံး ပါရမီဖြည့်လာ
ခဲ့သော ရဟန်းတည်း၊ ငါဘုရား လည်စေအပ်သော ဓမ္မစကြာကို
အတုလိုက်၍ လည်စေနိုင်သော ငါဘုရား၏ လက်ယာတော်ဝယ်
ဒုတိယနေရာ၌ ထိုင်နိုင်သော ရဟန်းလည်း ဖြစ်၏၊ ဤ ရဟန်းသည်
သာဝကတို့၏ အစည်းအဝေးကို ပြည့်စေနိုင်သော ရဟန်းလည်း

ဖြစ်၏၊ ဤ ရဟန်းသည် ငါဘုရားကို ထား၍ တစ်သောင်း
စကြဝဠာ၌ ပညားဖြင့် အတူ မရှိသူလည်း ဖြစ်၏။

ဤရဟန်းသည် ကြီးသောပညာရှိသူလည်း ဖြစ်၏၊ မြေကြီး
ကဲ့သို့ ထုထည်ကြီးသော ပညာရှိသူလည်း ဖြစ်၏၊ ရွှင်သော ပ
သူလည်းဖြစ်၏၊ လျင်သော ပညာရှိသူလည်း ဖြစ်၏၊ ထက်မြက်
ပညာရှိသူလည်း ဖြစ်၏၊ လောဘ ဒေါသ မောဟ အတုံးအ
ဖေါက်ခွဲနိုင်သော ပညာရှိသူလည်း ဖြစ်သည်။

ဤရဟန်းသည် ပစ္စည်းလေးပါးတို့၌ အလိုရမက် မကြီး
ရဟန်းလည်း ဖြစ်၏၊ ဤရဟန်းကား တင်းတိမ် ရောင့်ရဲလွယ်
ရဟန်းလည်း ဖြစ်၏၊ အပေါင်းအဖေါ်တို့မှ ကင်းဆိတ်သောရ
လည်း ဖြစ်၏၊ လူတို့နှင့် ရောနှောခြင်းမရှိသော ရဟန်းလည်းဖြ
လုံ့လဝီရိယ ကြီးမားသော ရဟန်းလည်း ဖြစ်၏၊ မသူတော်
အပြစ်တင်တတ်, ကဲ့ရဲ့တတ်သော ရဟန်းလည်း ဖြစ်၏၊ တစ်
တည်းသော အဝငါးရာတို့ကိုလည်းကောင်း, ထိုဘဝတို့၌
သော စည်းစိမ်ကြီးတို့ကို လည်းကောင်း စွန့်ခွါ၍ ရဟန်းပြု
လည်း ဖြစ်၏။

ဤရဟန်းသည် ငါဘုရား၏ သာသနာတော်၌ မြေကြီး
ကဲ့သို့ သည်းခံနိုင်သူလည်း ဖြစ်၏၊ ဦးချိုကျိုးသော နွားလားဥ
ကဲ့သို့ မာန်မာန မတက်ကြွသော ရဟန်းလည်း ဖြစ်၏၊ ဒွန်းစဏ္ဍ
သားကဲ့သို့ နှိမ့်ချအပ်သော စိတ်ထားရှိသူလည်း ဖြစ်၏''၊
ဂါထာငါးရာဖြင့် အရှင်သာရိပုတ္တရာ၏ ဂုဏ်တို့ကို မိန့်တော်
ခေတ်တော်တို့ကို ဌာပနာဖို့ရာ စေတီတည်စေတော်မူသည်။

ရာဇဂြိုဟ်မြို့သို့ ကြွတော်မူခြင်းနှင့် အရှင်မောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံခြင်း

ဗုဒ္ဓမြတ်စွာသည် အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်
စံတော်မူပြီးနောက် သာဝတ္ထိမြို့မှ ရာဇဂြိုဟ်
မြို့သို့ ကြွတော်မူ၏၊ ရောက်တော်မူပြီးနောက်
မကြာမီပင် အရှင်မောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံဖို့
ရန် အကြောင်းအရာ ဖြစ်ပေါ်လာ၏၊
အကြောင်းအရာ ဖြစ်ပေါ်လာပုံကား– အခါတစ်ပါး၌ တိတ္ထိတို့
သည် စုဝေး၍ အရှင်မောဂ္ဂလ္လာန်အကြောင်းကို ဆွေးနွေးကြလေ
သည်။

မေး။ ။ခေါင်းဆောင်လုပ်သူက ''ငါရှင်တို့ ရဟန်းဂေါတမ၌
လာဘသက္ကာရပေါများခြင်း၏အကြောင်းကို သိကြရဲ့လား''။

ဖြေ။ ။မသိကြပါ၊ အရှင်ဘုရားကော သိပါရဲ့လား။

ငါရှင်တို့ ... ရှင်မောဂ္ဂလ္လာန်ကြောင့် လာဘသက္ကာရ ပေါများ
သည်၊ ရှင်မောဂ္ဂလ္လာန်သည် နတ်ပြည်သို့ သွား၍ လူ့ဘဝတုန်းက
ပြုခဲ့သော ကောင်းမှုကို မေးပြီးလျှင် လူ့ပြည်သို့ ပြန်ရောက်သော
အခါ ''ဤမည်သော ကောင်းမှုကို ပြုလျှင် ဤသို့သော စည်းစိမ်ကို
ရ၏''ဟု လူတို့အား ပြောပြ၏၊ ငရဲသို့ သွား၍လည်း မကောင်းမှုကို
မေး၍ ''ဤမည်သော မကောင်းမှုကို ပြုလျှင် ဤမည်သော ဒုက္ခကို
ကြရ၏''ဟု လူတို့အား ပြောပြ၏၊ ထိုစကားကို ကြားရသော လူ
တို့သည် ရှင်မောဂ္ဂလ္လာန်အထံသို့ များစွာသော လာဘသက္ကာရကို
ဆောင်ကြကုန်၏။ [ရိုးရာဖြစ်သော ပစ္စည်းလေးပါးကို လာဘ၊
ထူးတလည် ပြုအပ်သော ပစ္စည်းလေးပါးကို သက္ကာရ ဟု
ခေါ်၏]။

ငါတို့သည် ရှင်မောဂ္ဂလ္လာန် ရှိနေသောကြောင့် လာဘသက္ကာရမှ
ဆုတ်ယုတ်ကြရ၏၊ ထိုမောဂ္ဂလ္လာန်ကို တစ်စုံတစ်ခုသောအကြောင်း
ဖြင့် ပျောက်ဖျက်ဖို့ လိုသည်၊ ဤသို့ တိုင်ပင်ဆွေးနွေး ကြပြီးလျှင်
မိမိတို့ ဒါယကာများကို ငွေစုစေ၍ အသပြာတစ်ထောင် ရသော
အခါ တောပုန်း ခါးပြတို့ကို ခေါ်စေ၍ ငွေတစ်ထောင်ပေးပြီး
လျှင် အရှင်မောဂ္ဂလ္လာန်ကို အသတ်ခိုင်းကြလေသည်၊ တောပုန်း
ခါးပြတို့သည်"ကာဠသီလာ"မည်သော တော၌ သီတင်းသုံးတော်
မူနေသော ရှင်မောဂ္ဂလ္လာန်ကို သတ်ဖို့သွားကြလေသော်, ရှင်မောဂ္ဂ
လ္လာန်သည် သော့ပေါက်ပေါက်မှ ထွက်၍ ရှောင်ရှားတော်မူသည်။

ဒုတိယအကြိမ်၌ သတ်ဖို့လာပြန်သောအခါ ကျောင်း၏အထွတ်
တပ်အပ်သော နေရာကို ဖေါက်၍ ကောင်းကင်သို့ ပျံကြွလေသည်၊
တတိယအကြိမ်၌ လာသော အခါ၌ကား မထေရ်မြတ်သည် "မိမိ
ပြုအပ်ခဲ့ဖူးသော ရှေးကံက ဆွဲငင်လာပြီ"ဟု သိ၍ ရှောင်ရှားတော်
မမူတော့၊ ခါးပြတို့သည် ဝိုင်း၍ သူတစ်ချက် ငါတစ်ချက် နှိပ်စက်
ကြသည်မှာ အရိုးတွေ ကြေမွ၍ ဆန်ကွဲကဲ့သို့ ဖြစ်လေသည်။

မြတ်စွာဘုရားထံ ကြွခြင်း သေလောက်ပြီဟူသော အမှတ်ဖြင့် ဆူးခြုံပေါ်၌
ပစ်ချခဲ့ကြလေသည်၊ အရှင် မောဂ္ဂလ္လာန်မထေရ်
မြတ်သည် "မြတ်စွာဘုရားကို ဖူးမြော်ပြီးမှ ပရိ
နိဗ္ဗာန်စံမည်"ဟုကြံ၍ ကြေမွနေသောခန္ဓာကိုယ်ကို ဈာန်တန်ခိုးဖြင့်

"ရှေးကံ"ဟူသည် မယားအလိုလိုက်၍ မျက်မမြင် မိဘတို့ကို
သတ်မိခဲ့သော ကံတည်း၊ အကျယ်ကို ဓမ္မပဒအဋ္ဌကထာ ဒဏ္ဍဝဂ်,
မဟာမောဂ္ဂလ္လာနတ္ထေရဝတ္ထု၌ ရှုပါ။

ချုပ်တည်း၍ ကောင်းကင်မှ မြတ်စွာဘုရားအထံတော်သို့ လာပြီးလျှင်
ရှိခိုး ဝပ်ချ၍"ကာဠသီလာ"မည်သော အရပ်၌ ပရိနိဗ္ဗာန်စံပါမည့်
အကြောင်းကို လျှောက်ထားလေသည်။

တန်ခိုးပြ၍ ပရိနိဗ္ဗာန်စံခြင်း မောဂ္ဂလ္လာန် ငါဘုရားအထံ၌ တရားစကားကို
ရဟန်းအများ နာယူရအောင် ဟောပြောခဲ့ပါ၊
သင်ကဲ့သို့သော သာဝကကို နောက်ထပ်တွေ့ခွင့်
မရှိတော့ပါ၊ ဤသို့ မိန့်တော်မူသောအခါ အရှင်မောဂ္ဂလ္လာန်သည်
မြတ်စွာဘုရားကို ဝပ်ချ၍ ကောင်းကင်သို့တက်ပြီးလျှင် အရှင်သာရိ
ပုတ္တရာကဲ့သို့ပင် တန်ခိုးအမျိုးမျိုးကိုပြ၍ တရားဟောပြီးမှ မြတ်စွာ
ဘုရားကို ရှိခိုး ဝပ်ချပြီးလျှင် ကာဠသီလာ တောအုပ်သို့ ကြွ၍
ကိုယ်တော်တစ်ပါးတည်းပင် ပရိနိဗ္ဗာန်စံတော်မူလေသည်၊ မြတ်စွာ
ဘုရားသည် အရှင် မောဂ္ဂလ္လာန်၏ ဓာတ်တော်တို့ကို ယူ၍ စေတီ
တည်စေတော်မူပြီ။

မှတ်ချက်။ ။အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်၏ ခိုးသားငါးရာ
လက်ချက်ကြောင့် ပရိနိဗ္ဗာန်စံရဖုံသည် အလုံ စုံသော ဇမ္ဗူဒိပ်၌ပျံ့နှံ့
သွား၏၊ အဇာတသတ်မင်းလည်း စုံစမ်း၍ သတ်သောသူတို့နှင့်
အသတ်ခိုင်းသော တိတ္ထိတချို့ကို ဖမ်း၍ အပြစ်ပေးလေသည်။

ဥက္ကစေလသို့ ကြွတော်မူခြင်း အရှင်သာရိပုတ္တရာသည် တန်ဆောင်မုန်းလပြည့်၌
ပရိနိဗ္ဗာန် စံတော်မူ၏၊ အရှင် မောဂ္ဂလ္လာန်သည်
ထို့နောက် ဆယ့်ငါးရက်လွန်၍ တန်ဆောင်မုန်း
လကွယ်နေ့၌ ပရိနိဗ္ဗာန်စံတော်မူ၏၊ ဗုဒ္ဓမြတ်စွာသည် အဂ္ဂသာဝက
၂ ပါးတို့ ပရိနိဗ္ဗာန် စံတော်မူပြီးနောက် များစွာသော ရဟန်း

အပေါင်း ခြံရံလျက် ဒေသစာရီ လှည့်လည်တော်မူသောအခါ
စေလမြို့သို့ရောက်၍ ဂင်္ဂါမြစ်ဘေးဝယ် ငွေပြားအဆင်းနှင့်တူ
သဲသောင်အပြင်၌ သီတင်းသုံးတော်မူပြီး၊ ထိုအခါ မြတ်စွာ
သည် ရဟန်းအပေါင်းကို မိန့်တော်မူသည်မှာ—

ဘိက္ခုတို့...သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့ ပရိနိဗ္ဗာန်စံပြီးလ
ငါ၏ ဤပရိသတ်သည် သုညကဲ့သို့ ထင်၍၏၊ အကြင်အရပ်၌
ပုတ္တရာ မောဂ္ဂလ္လာန်တို့ နေကြ၏၊ ထိုအရပ်၌ ငါ၏ ပရိသတ်
သုည မဟုတ်၊ ထိုအရပ်၌ ငါဘုရားမှာ ကြည့်ရှု ငဲ့ကွက်စရာ
တော့၊ "အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန်တို့ ရှိရာ အ
အလွန် စိတ်ချရသည်" ဟု မိန့်တော်မူလိုဟန် တူသည်။

ဘိက္ခုတို့....အတိတ်ကာလတုန်းက ပွင့်တော်မူကြသော မြ
ဘုရားတို့၏ အဂ္ဂသာဝကတို့သည် ယခု အခါ ငါဘုရား၏
သာဝကနှင့် အလားတူသာ ဖြစ်ကြ၏၊ နောင် အနာဂတ်ကာ
ပွင့်ကြမည့် မြတ်စွာဘုရားတို့၏ အဂ္ဂသာဝကအစုံလည်း ငါဘု
အဂ္ဂသာဝကဖြစ်သော သာရိပုတ္တရာ မောဂ္ဂလ္လာန်နှင့် အလား
ဖြစ်ကြလိမ့်မည်၊ ("ဂုဏ်အားဖြင့် မသာလွန်ကြ" ဟူလို။)

ဘိက္ခုတို့...... သာဝကတို့၏ ငါဘုရား အဆုံးအမတေ
လိုက်နာ၍ ပြုကျင့်ကြသည်မှာ အံ့ဩလောက်ပါပေ၏၊ ဘိက္ခု
ငါဘုရား၏ သာဝကအစုံသည် ပရိသတ်လေးပါးတို့ ချစ်အပ်
နိုးအပ်, အလေးပြုအပ်ကြပုံမှာ အံ့ဩလောက်ပါပေ၏၊ ဘိက္ခု
ဤမျှလောက် ကြီးကျယ်သော သာဝကအစုံ ပရိနိဗ္ဗာန် စံပါ
လည်း ငါဘုရားမှာ သောကပရိဒေဝ မဖြစ်ပါ။

ဘိက္ခုတို့...ဖြစ်သော အရာဝတ္ထုမှန်သမျှသည် ပျက်မြဲသာလျှင်
ဖြစ်၏၊ "မပျက်ပါစေနှင့်" ဟု အဘယ်မှာ တောင့်တ၍ ရနိုင်ပါအံ့
နည်း၊ တောင့်တ၍ မရနိုင်ပါ။

ဘိက္ခုတို့ – ကြီးစွာသော အနှစ်သာရနှင့် ပြည့်စုံသော သစ်ပင်
ကြီး၏ ခက်မတို့သည် ကျိုးကုန်သကဲ့သို့, ဤအတူပင် များစွာသော
ရဟန်းအပေါင်း၏ ခက်မနှင့်တူသော သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့
ပရိနိဗ္ဗာန်စံကြလေကုန်ပြီ ဖြစ်သောအရာဝတ္ထုမှန်သမျှသည် ပျက်မြဲ
သာလျှင်ဖြစ်၏၊ ထို့ကြောင့် အသင်တို့သည် မိမိကိုယ်ကို သမုဒ္ဒရာ
အလယ်က ကျွန်းငယ်နှင့်တူအောင် နေကြကုန်လော၊ တရားတည်း
ဟူသော ကိုးကွယ်ရာရှိအောင် နေကြကုန်လော။

ဘိက္ခုတို့— ရဟန်းသည် ကာယာနုပဿနာဘာဝနာကို ပွား
များ၍သော်လည်း နေလေ့ရှိရ၏၊ ဝေဒနာနုပဿနာဘာဝနာကို
ပွားများ၍သော်လည်း နေလေ့ရှိရ၏၊ စိတ္တာနုပဿနာဘာဝနာကို
ပွားများ၍သော်လည်း နေလေ့ရှိရ၏၊ ဓမ္မာနုပဿနာဘာဝနာကို
ပွားများ၍သော်လည်း နေလေ့ရှိရ၏၊ ဤသို့ ပွားများ၍ နေလျှင်
လိုချင်မှု အဘိဇ္ဈာကိုလည်းကောင်း, စိတ်ဆင်းရဲမှု ဒေါမနဿကို
လည်းကောင်း ပယ်ဖျောက်နိုင်သည်၊ ဤသို့ မိန့်တော်မူ၏၊

ပရိနိဗ္ဗာန်မစံဘဲ နေနိုင်ကြောင်းကို အရိပ်အမြွက်မျှ မိန့်တော်မူခြင်း

ဗုဒ္ဓမြတ်စွာသည် ဥက္ကစေလမြို့မှ ဝေသာလီမြို့သို့ ကြွ၍ ဆွမ်းခံဝင်တော်မူသည်၊ ဆွမ်းခံဝင်တော်မူပြီး၍ ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက် အရှင်အာနန္ဒာနှင့်

အတူ နေ့အခါ၌ နေခြင်းငှာ စာပါလစေတီသို့ ကြွတော်
အာနန္ဒာ… ဥဒေနစေတီသည် မွေ့လျော်ဖွယ်ကောင်း၏၊ ဥ
စေတီသည် မွေ့လျော်ဖွယ် ကောင်း၏၊ ဂေါတမက စေတီ
မွေ့လျော်ဖွယ် ကောင်း၏၊ သတ္တမ္ဗစေတီသည် မွေ့လျော်
ကောင်း၏၊ ဗဟုပုတ္တကစေတီသည် မွေ့လျော်ဖွယ် ကောင်
သာရန္ဒဒစေတီသည် မွေ့လျော်ဖွယ် ကောင်း၏၊ စာပါလ
သည် မွေ့လျော်ဖွယ် ကောင်း၏။

အာနန္ဒာ– ငါဘုရားဖြစ်စေ၊ အခြားသူဖြစ်စေ၊ မည်သူ
ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ် ဟူသော တန်
အခြေခံဖြစ်သော ဤ ဣဒ္ဓိပါဒ်လေးပါးကို ပွားများ ထားသူ
အာယုကပ်ပတ်လုံးသော် လည်းကောင်း၊ အာယုကပ်ပတ်လုံး
အကြွင်း အကျန် ပို၍သော်လည်းကောင်း မသေဘဲနေလိုလျှ
နိုင်၏၊ အာနန္ဒာ… ငါဘုရားသည် ဣဒ္ဓိပါဒ် ၄ ပါးကို မိမိသန္တာ
ဖြစ်စေအပ်ပြီ၊ ကောင်းစွာ ပွားများအပ်ပြီ။

အာနန္ဒာ…မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံးသော်လ
ကောင်း၊ အာယုကပ် အကြွင်းအကျန် အပိုကာလပတ်လုံးသေ
လည်းကောင်း ပရိနိဗ္ဗာန်မစံဘဲ နေလိုလျှင် နေနိုင်၏၊ ဤသို့ အ
နိမိတ်ကို ပြုတော်မူသည်၊ ဤသို့ အရိပ်နိမိတ် ပြုတော်မူပါ
လည်း အရှင်အာနန္ဒာသည် အဓိပ္ပါယ်ကို ထိုးထွင်း၍ သိခြင်
မစွမ်းနိုင်၊ "မြတ်စွာဘုရားကို အာယုကပ်ပတ်လုံး တည်တော်မူ
ဟု မတောင်းပန်နိုင်၊ ဘာ့ကြောင့်နည်း–မာရ်နတ်က အရှင်အာ
၏ စိတ်ကို နှောင့်ယှက်ထားသောကြောင့်တည်း။

ဗုဒ္ဓမြတ်စွာသည် အာယုကပ်ပတ်လုံး နေနိုင်ကြောင်းကိုပင်
နှစ်ကြိမ်မြောက် ထပ်၍ မိန့်တော်မူသည်၊ အရှင် အာနန္ဒာသည်
မာရ်နတ်က စိတ်ကို နှောင့်ယှက်ထားသောကြောင့် "အာယုကပ်
ပတ်လုံး တည်တော်မူပါ" ဟု မလျှောက်ချေ၊ "ဣဒ္ဓိပါဒ် ၄ ပါးကို
မိမိသန္တာန်၌ဖြစ်အောင် ကြိုးစားအားထုတ်ပြီးသော ပုဂ္ဂိုလ်သည်
အာယုကပ်ပတ်လုံးသော်လည်း မသေဘဲ နေနိုင်၏၊ အာယုကပ်၏
အကြွင်းအကျန် အပိုကာလပတ်လုံးသော်လည်း မသေဘဲနေနိုင်၏"
ဟု သုံးကြိမ်မြောက် မိန့်တော်မူပြန်၏၊ သို့သော် အရှင် အာနန္ဒာ၏
စိတ်ကို မာရ်နတ်က နှောင့်ယှက်ထားသောကြောင့် 'မြတ်စွာဘုရား–
အာယုကပ်ပတ်လုံး တည်တော်မူပါဘုရား" ဟု မလျှောက်မိချေ။

မှတ်ချက်။ ။"အာယုကပ်" ဟူသည် လူတို့၏ အသက်တမ်းတည်း၊
"အာယုကပ်၏ အကြွင်းအကျန်" ဟူသည် အသက်တမ်းထက်
အပိုအလွန်ဖြစ်သော ကာလတည်း၊ "ဣဒ္ဓိပါဒ် လေးပါးကို
ပွားများထားသော ပုဂ္ဂိုလ်သည် ထို အသက်တမ်းတိုင်အောင်
လည်းကောင်း၊ အနည်းငယ် ပိုအောင်လည်းကောင်း နေနိုင်
၏" ဟု မိန့်တော်မူလိုသည်။

မာရ်နတ်တန်ခိုး မာရ်နတ်သည် ပုထုဇဉ်နှင့် သောတာပန် ပုဂ္ဂိုလ်
တို့၏ စိတ်ကို နှောင့်ယှက်နိုင်၏၊ "နှောင့်ယှက်"
ဆိုသည်ကား ကြောက်မက်ဖွယ်ဖြစ်သော ရူပါရုံကိုလည်းပြတတ်၏၊
ကြောက်မက်ဖွယ်ဖြစ်သော သဒ္ဒါရုံကိုလည်း ကြားစေတတ်၏၊ ထို
အာရုံကို မြင်၍ ပါးစပ်ဟနေသောအခါ ထိုပါးစပ်ပေါက်ဖြင့် သူ့
လက်ကို သွင်း၍ ဟဒယနှလုံးကို ဆုပ်နယ်၏၊ ထိုသို့ ဆုပ်နယ်ခြင်း

ကြောင့် ပကတိ အမှတ်သညာ ကင်း၏၊ အရှင်အာနန္ဒာ၏ ခံ
ဖြင့်ကား လက်ကို သွင်းခြင်းငှါ မစွမ်းနိုင်၊ ကြောက်မက်ဖွယ်
အာရုံကို မြင်၍ ထိုအာရုံကို မြင်ရသောကြောင့် "မြတ်စွာဘုရ
အာယုကပ်ပတ်လုံး နေနိုင်၏" ဟူသော အရိပ် နိမိတ် စကာ
နားမလည်နိုင်ဘဲ ရှိရသည်၊ ထိုသို့ နားမလည်နိုင်မည်ကို မြ
ဘုရား သိတော်မူပါသော်လည်း နောင်အခါ၌ သူ၏ နားမ
ချက်ကိုမြင်၍ သောကငြိမ်းအောင် တရားဟောဖို့ရန် ဤကဲ့သို့
နိမိတ်စကားကို မိန့်မြွက်တော်မူရသည်။

ပရိနိဗ္ဗာန်စံဖို့ရန်
မာရ်နတ်တောင်းပန်ခြင်း

ဗုဒ္ဓမြတ်စွာသည် အာယုကပ် ပ
နေနိုင်ကြောင်းကို အရှင်အာနန္ဒာ
မိန့်တော်မူ၍ အရှင်အာနန္ဒာကို အ
သစ်ပင်အောက်သို့ သွား၍ နေဖို့ရန် မိန့်တော်မူသည်၊ ထို
တစ်ပါးတည်းနေတော်မူသော မြတ်စွာဘုရားအထံသို့ မာရ်န
၍ ပရိနိဗ္ဗာန်စံဖို့ရန် တောင်းပန်လျှောက်ထားလေသည်၊ ဗုဒ္ဓမြ
သည် ဘုရားဖြစ်တော်မူပြီး၍ မကြာမီ ရှစ်သတ္တာဟမြောက်
ပါလ ညောင်ပင်အောက်ဝယ် သီတင်းသုံးတော်မူစဉ်တုန်းက
ပရိနိဗ္ဗာန်စံဖို့ရန် မာရ်နတ်လာ၍ တောင်းပန်ခဲ့ဖူးသေး၏၊ ထို
တုန်းက ဗုဒ္ဓမြတ်စွာသည် "ငါဘုရား၏ ဘိက္ခုပရိသတ်, ဘ
ပရိသတ်, ဥပါသကာပရိသတ်, ဥပါသိကာမပရိသတ်, ဤပ
လေးပါးတို့ ငါဘုရား၏ တရားကို ပိုင်ပိုင်နိုင်နိုင် မဆောင်ရွ
ကြသေး၊ သူတစ်ပါးကို မဟောပြောနိုင်ကြသေး၊ ဆန့်ကျ
ပြောသူတို့ကို တရားသဖြင့် မနှိမ်နင်းနိုင်ကြသေး၊ ထိုကဲ့သို့ ငါ

၏ ပရိသတ်လေးပါးတို့ ဂုဏ်အရည်အချင်း မပြည့်စုံသေးသမျှ ငါဘုရား ပရိနိဗ္ဗာန်မစံနိုင်သေး" ဟု ငြင်းခဲ့ဖူးလေသည်။

ထို့ကြောင့် မာရ်နတ်သည် ထိုအချက်ကို မြင်၍ ယခုအခါ၌ ဗုဒ္ဓမြတ်စွာ၏ ပရိသတ်လေးပါးတွင် ဘိက္ခုပရိသတ်သည် ဗုဒ္ဓ၏ တရားတော်ကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက် မှတ်သား၍ သူတစ်ပါးတို့အား ဟောပြောနိုင်ပါပြီ၊ ဆန့်ကျင်ဘက် ပြောလာသူကို တရားသဖြင့် နှိမ်နင်း၍ အကျိုးအကြောင်းနှင့်တကွ တရားကို ဟောပြနိုင်ပါပြီ၊ ထို့ကြောင့် ယခုအချိန်အခါသည် ပရိနိဗ္ဗာန်စံဖို့ရန် သင့်လျော်သော အခါဖြစ်၍ ပရိနိဗ္ဗာန်စံတော်မူပါ။

ယခုအခါ ဘိက္ခုနီပရိသတ်သည် ဗုဒ္ဓ၏တရားတော်ကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်မှတ်သား၍ သူတစ်ပါးတို့အား ဟောပြောနိုင်ပါပြီ၊ ဆန့်ကျင်ဘက် ပြောဆိုလာသူကို တရားသဖြင့် နှိမ်နင်း၍ အကျိုး အကြောင်းနှင့် တကွ တရားကို ဟောပြော နိုင်ပါပြီ၊ ထို့ကြောင့် ယခုအချိန်အခါသည် ပရိနိဗ္ဗာန်စံဖို့ရန် သင့်လျော်သော အခါ ဖြစ်၍ ပရိနိဗ္ဗာန်စံတော်မူပါ။ [ဥပါသကာ ဥပါသိကာမ ပရိသတ်များကိုလည်း ဤအတိုင်း ပြည့်စုံပုံကို မြင်၍ ပရိနိဗ္ဗာန်စံချိန်တန်ပါကြောင်း လျှောက်သည်။]

သုံးလလွန်လျှင်
ပရိနိဗ္ဗာန်စံတော်မူမည်

ထိုအခါ ဗုဒ္ဓမြတ်စွာသည် "မာရ်နတ်... ငါဘုရား ပရိနိဗ္ဗာန်စံဖို့ ကိစ္စ၌ အသင် ကြောင့်ကြ မစိုက်နှင့်တော့၊ ဤအခါမှ နောက်၌ သုံးလလွန်လျှင် ငါဘုရား ပရိနိဗ္ဗာန်စံလိမ့်မည်" ဤသို့ မိန့်တော်မူ၍ အာယုသင်္ခါရကို စွန့်လွှတ်တော်မူသည်၊ ထို အာယု

သခ်ါရကို စွန့်လွှတ်သောအခါ ကြောက်မက်ဖွယ် ကောင်းသော
ကြက်သီးမွေးညှင်းထလောက်သော မြေလျှင် အကြီးအကျယ်
ရ၏၊ နတ်၌ဖြစ်သော စည်ကြီးတို့သည် တီးသူမရှိဘဲ အလိုလို
ကုန်ပြီ၊ အခါမဟုတ်ဘဲ မိုးခြိမ်း၍ လျှပ်ပြက်ကုန်၏၊ ဗုဒ္ဓမြတ်
သည်ကား အာယုသင်္ခါရကို လွှတ်ပြီးနောက် ပရိနိဗ္ဗာန်စံတော
ဖို့ရန် နီးလာသည့်အရေးကို တွေး၍ နှစ်သက် ဝမ်းမြောက်
ပီတိ အဟုန်ကြောင့် ဥဒါန်းကျူးတော်မူပါသေးသည်။

မှတ်ချက်။ ။အာယုဟူသည် မြန်မာတို့က "အသက်"ဟူ၍ ခေါ်
သော ဇီဝိတိန္ဒြေတည်း၊ ထို ဇီဝိတိန္ဒြေကို အဆက်ပြတ် မသွားအေ
ပြုစီမံနိုင်သော ဖလသမာပတ်ကို (အရဟတ္တဖိုလ်တရားကို) "အ
သင်္ခါရ"ဟု ခေါ်၏၊ ထို့ကြောင့် "၃ လမှ နောက်၌ ဖလသမာပ
မဝင်စားတော့"ဟု စွန့်လွှတ်တော်မူခြင်းကို "အာယုသင်္ခါ
လွှတ်ခြင်း"ဟု ခေါ်သည်။

ဥဒါန်း လောက သုံးဘုံ, အလုံးစုံကို, အကုန် သိမြင်, ဘုရား
သည်, အကျိုးတရား, အစားစား၏, ဖြစ်ပွားရာလည်း
ထသော, အသစ်တစ်ဖန် ဘဝကို စီမံတတ်သည်လည်း ဖြစ်ထသော
ချိန်ခွင် ပမာ, ဉာဏ်ပညာဖြင့်, ကောင်းစွာ ချိန်အပ်, ပိုင်း
အပ်သော ကာမာဝစရကို လည်းကောင်း၊ ချိန်ခွင်ပမာ, ဉာ
ပညာဖြင့်, ကောင်းစွာပိုင်ပိုင်, မချိန်နိုင်သော မဟဂ္ဂုတ်ကိုလ
ကောင်း၊ မဂ် အရဟတ္တ,ရတုန်းကပင်, လုံးဝ မငဲ့,စွန့်လွှတ်တော်
ပြီ၊သူ့ရဲကောင် ကြီးသည့် စစ်ဝတ်တန်ဆာကို ဖျက်ဆီးလိုက်သ
ထို့အတူ မိမိသန္တာန်၌ မွေ့လျော်တော်မူသော ဗုဒ္ဓမြတ်စွာသည်
သန္တာန်၌ အဖန်ဖန်ဖြစ်သော ကိလေသာကို ဖျက်ဆီးတော်မူပြီ

ပါ။ ။မုနိ တွင်တင်, ဘုရားရှင်သည်, မျှားဖြင်အကျိုး, အမျိုးမျိုး
ဟု, ကောင်းဆိုး နှစ်ပြင်, ပေးစွမ်းအင်ကို, ချိန်ခွင် ပမာ, ဉာဏ်
ပညာဖြင့်, ကောင်းစွာ လှလှ, ချိန်၍ရသည့်, တုလ မည်ငြား,
ကာမာဝစရကံ တရားကိုလည်းကောင်း၊ ချိန်ခွင်ပမာ, ဉာဏ်ပညာ
ဖြင့်, ကောင်းစွာပိုင်ပိုင်, မချိန်နိုင်မှု, အကြောင်းပြု၍, အတုလ မည်
ငြား, မဟဂ္ဂုတ်ကံတရားကိုလည်းကောင်း။
အရဟတ္တ, ရတုန်းကပင်, လုံးဝ မငဲ့, စွန့်လွှတ်ခဲ့၍, တကယ့် စစ်ပွဲ,
နိုင်အောင် နွှဲသည့်, သူရဲ ခေါင်းအုပ်, စစ်ဗိုလ်ချုပ်သည်, ဖွဲ့တုပ်
စစ်ဝတ်, အားလုံး ချွတ်သို့, ဝဋ် ကိလေသာ, အဖြာဖြာကို,
ကောင်းစွာဖျက်ဆီး, အားလုံး ပြီးသည့်...... အေးကြီး အေးရပြီ
တကား။

ကြီးစွာ မြေလှုပ်ခြင်း၏ အကြောင်း ရှစ်ပါး ကြီးစွာ မြေလှုပ်ရာ၌ အရှင် အာနန္ဒာသည်
တအံ့တသြဖြစ်သောကြောင့် အကြောင်း
ကို သိလို၍ မြတ်စွာဘုရားအထံသို့ လာပြီး
ကြီးစွာမြေလှုပ်ခြင်း၏ အကြောင်းကို မေးလျှောက်လေသည်၊
ဘုရား မိန့်တော်မူသည်မှာ- အာနန္ဒာ -- ကြီးစွာ မြေလှုပ်ခြင်း၏
အကြောင်းတို့သည် ရှစ်ပါးရှိ၏၊ ထိုရှစ်ပါးကား- အကြင်အခါ၌
...ကိုခံသော ရေ၏အောက်၌ရှိသော လေသည် ပြင်းစွာ တိုက်ခတ်
ထိုအခါ ရေသည် လှုပ်၏၊ ရေလှုပ်သည်ရှိသော် မြေလည်း
...၏၊ ဤကား ကြီးစွာ မြေလှုပ်ခြင်း၏ ပဌမအကြောင်းတည်း။
အာနန္ဒာ...စျာန်အဘိညာဉ်ရပြီးဖြစ်၍ တန်ခိုးကြီးပါကြီးမား
...သမဏဖြစ်စေ, ဗြာဟ္မဏဖြစ်စေ, မြေ၌ဖြစ်သော သညာကို
...နည်းငယ်သာ ပွားစေ၍ ရေ၌ဖြစ်သောသညာကို အတိုင်းအရှည်

မရှိအောင် ဖြစ်စေ၏၊ ထိုတန်ခိုးရှင်သည် ဤမြေကြီးကို ပြင်
တုန်လှုပ်စေနိုင်၏၊ ဤကား ကြီးစွာ မြေတုန်လှုပ်ခြင်း၏ ဒုတိ
အကြောင်းတည်း။

အာနန္ဒာ... အကြင်အခါ၌ ဘုရားအလောင်းသည် တုသိ
နတ်ပြည်မှ စုတေ၍ မယ်တော်ဝမ်းသို့ သက်ရောက်၏၊ ထိုအ
လည်း ဤမဟာပထဝီမြေကြီးသည် တုန်လှုပ်ရ၏၊ ဤကား ကြီ
မြေတုန်လှုပ်ခြင်း၏ တတိယအကြောင်းတည်း။

အာနန္ဒာ... အကြင်အခါ၌ ဘုရားအလောင်းသည် မယ်
ဝမ်းမှ ဖွားမြင်တော်မူ၏၊ ထိုအခါ၊ ဤမဟာပထဝီ မြေကြီး
ပြင်းစွာ တုန်လှုပ်၏၊ ဤကား ကြီးစွာ မြေတုန်လှုပ်ခြင်း၏ စ
အကြောင်းတည်း။

အာနန္ဒာ... အကြင်အခါ၌ မြတ်စွာဘုရားသည် အ
မြတ်သော သဗ္ဗညုတာဉာဏ်ကို ရတော်မူ၏၊ (ဘုရားဖြစ်တော်မူ
ထိုအခါ၌ ဤမဟာပထဝီမြေကြီးသည် ပြင်းစွာတုန်လှုပ်၏၊ ဤ
ကြီးစွာ မြေတုန်လှုပ်ခြင်း၏ ပဉ္စမအကြောင်းတည်း။

အာနန္ဒာ... အကြင်အခါ၌ မြတ်စွာဘုရားသည် မိဂဒါဝုန်
ဓမ္မစကြာတရားကို ဟောတော်မူ၏၊ ထိုအခါ၌ ဤ မဟာပ
မြေကြီးသည် ပြင်းစွာ တုန်လှုပ်၏၊ ဤကား ကြီးစွာ မြေတုန်
ခြင်း၏ ဆဋ္ဌမ အကြောင်းတည်း။

အာနန္ဒာ... အကြင်အခါ၌ မြတ်စွာဘုရားသည် သတိသ
ဉာဏ်နှင့်ယှဉ်၍ အာယုသင်္ခါရကို စွန့်လွှတ်တော်မူ၏၊ ထိုအ
ဤ မဟာပထဝီမြေကြီးသည် ပြင်းစွာတုန်လှုပ်၏၊ ဤကား ကြ
မြေတုန်လှုပ်ခြင်း၏ သတ္တမ အကြောင်းတည်း။

အာနန္ဒာ... အကြင်အခါ၌ မြတ်စွာဘုရားသည် ဝိပါက် ရှိ
နာမ် အကြွင်းအကျန် မရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံတော်
မူ၏၊ ထိုအခါ ဤ မဟာပထဝီမြေကြီးသည် ပြင်းစွာ တုန်လှုပ်၏၊
ဤကား ကြီးစွာ မြေတုန်လှုပ်ခြင်း၏ အဋ္ဌမအကြောင်းတည်း။

အာနန္ဒာ... ကြီးစွာ မြေလှုပ်ရခြင်း၏ အကြောင်းတို့သည် ဤ
ရှစ်ပါးတို့တည်း၊ [သာမန် အနည်းငယ် မြေလှုပ်ခြင်းတို့ကား ဤ
အကြောင်းရှစ်ပါးတို့၌ မပါ] မြေလှုပ်ခြင်း၏အကြောင်းရှစ်ပါးကို
မိန့်တော်မူပြီးနောက် ပရိသတ်ရှစ်ပါးကို ပြတော်မူ၍ ထိုပရိသတ်၌
တရားဟောတော်မူခဲ့ပုံကို လည်းကောင်း, အဘိဘာယတန အမည်
ရသော ဈာန်တရားရှစ်ပါးကို လည်းကောင်း, ဝိမောက္ခရှစ်ပါးကို
လည်းကောင်း ဟောတော်မူသည်။

အာနန္ဒာ... ယနေ့ စာပါလစေတီဝယ် နေတော်မူစဉ် မာရ်နတ်
လာ၍ ငါဘုရား၏ပရိသတ်လေးပါးတို့ အရည်အချင်းဂုဏ်အင်္ဂါနှင့်
ပြည့်စုံကြောင်းကို ညွှန်ပြ၍ ပရိနိဗ္ဗာန်စံဖို့ရန် တောင်းပန်၏၊ ငါ
ဘုရားကလည်း "မာရ်နတ်... ငါဘုရား ပရိနိဗ္ဗာန်စံဖို့ရန် ကြောင့်ကြ
စိုက်၍ မနေနှင့်၊ ဤနေ့မှ နောက် သုံးလလွန်သောအခါ ပရိနိဗ္ဗာန်
စံလိမ့်မည်" ဟု မိန့်တော်မူ၍ "ဇီဝိတိန္ဒြေကို ပြုစီမံနိုင်သော ဖလ
သမာပတ်ဟူသော အာယုသင်္ခါရကို သုံးလ ကျော်လျှင် မဝင်စား
တော့အံ့" ဟု စွန့်လွှတ်တော်မူအပ်ပြီ။

အရှင် အာနန္ဒာ၏ တောင်းပန်ခြင်း

အာနန္ဒာ... "စာပါလစေတီ၌ ငါဘုရားသည် အာယုသင်္ခါရကို လွှတ်တော်မူအပ်ပြီ" ဟု မိန့်တော်မူသော အခါ၊ အရှင် အာနန္ဒာသည်
"မြတ်စွာဘုရား... များစွာသော လူအပေါင်း၏ စီးပွားအလို့ငှါ,

များစွာသော လူအပေါင်း၏ ချမ်းသာခြင်းငှါ၊ သတ္တဝါအ
ကို သနား စောင့်ရှောက်တော်မူခြင်းငှါ၊ ကျွတ်ထိုက်ကြသော
လူတို့၏ မဂ်ဖိုလ်ရဖို့အကျိုးငှါ အာယုကပ်ပတ်လုံးတည်တော်
ဟု လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာ ပယ်တော်မူခြင်း

အာနန္ဒာ — လျှောက်ထားခြင်းငှါ မသင့်
ယခုအခါ၌ ငါဘုရားကို အာယုကပ်ပ
တည်ဖို့ရန် မတောင်းပန်နှင့်တော့၊ ယခု
တောင်းပန်ဖို့ရာအခါ မဟုတ်တော့၊ ဤသို့ မိန့်တော်မူ၏၊ ထို
အရှင်အာနန္ဒာသည် နှစ်ကြိမ်ထပ်၍ တောင်းပန်၏၊ ဗုဒ္ဓမြတ်
"မတောင်းပန်နှင့်တော့ တောင်းပန်ဖို့ရန်အချိန်အခါမဟုတ်
ပြီ"ဟု နှစ်ကြိမ်မြောက် မိန့်တော်မူပါသော်လည်း အရှင်အာ
သည် အာယုကပ်ပတ်လုံး တည်နေဖို့ရန် သုံးကြိမ်မြောက်
တောင်းပန်ပြန်၏။

ဗုဒ္ဓမြတ်စွာ။ ။အာနန္ဒာ — ငါဘုရား၏ သဗ္ဗညုတဉာဏ်ကို
ယုံကြည်၏လော၊ — ယုံကြည်ပါသည် ဘုရား၊ အာနန္ဒာ —
ယုံကြည်လျှင် အဘယ့်ကြောင့် သုံးကြိမ်တိုင်အောင် တောင်
သနည်း၊ ဤသို့ မေးတော်မူပြီ။

မြတ်စွာဘုရား ... "ဣဒ္ဓိပါဒ်လေးပါးကို ပွားများပြီးသော
သည် အာယုကပ်ပတ်လုံး သော်လည်းကောင်း၊ အာယုကပ်
အလွန် အကြွင်းအကျန် ကာလပတ်လုံးသော်လည်းကောင်း
နိုင်၏" ဟူသော စကားတော်ကို ကြားဖူးသောကြောင့် ဤ
တောင်းပန်ရပါသည်ဟု လျှောက်သည်။

ချို့ယွင်းချက် "အာနန္ဒာ — ငါဘုရားသည် သင့်အား အာယုကပ်ပတ်လုံး တည်နိုင်၏" ဟု ထင်ထင် ရှားရှားကြီး အရိပ်အရောင်ကို ပြုအပ်ပါလျက် ထိုအခါတုန်းက "အာယုကပ်ပတ်လုံး တည်တော်မူပါဘုရား" ဟု အသင် မတောင်းပန်ခဲ့၊ ထိုအခါတုန်းက တောင်းပန်လျှင် ငါဘုရားသည် နှစ်ကြိမ်လောက်သာ ပယ်နိုင်စရာ ရှိသည်၊ သုံးကြိမ်မြောက်သော် လက်ခံရမည်သာ၊ အာနန္ဒာ ...... ထိုအခါတုန်းက မတောင်းပန်ခြင်းသည် အသင်၏ ချို့ယွင်းချက်သာ ဖြစ်၏၊ ဤသို့ "အာယုကပ်ပတ်လုံး တည်နိုင်၏" ဟု အရိပ်နိမိတ်ပြုခဲ့ရာ ဌာနများစွာကို ပြတော်မူ၍ "ထိုအချိန်က အသင် မတောင်းပန်ခြင်းသည် သင်၏ချို့ယွင်းချက်ပင် ဖြစ်သည်" ဟု မိန့်တော်မူသည်။

အရှင်အာနန္ဒာအား တရားဟောတော်မူရခြင်း

"အာနန္ဒာ.... ငါဘုရားသည် ဤအကြောင်းအရာကို စောစောကပင် ဟောပြောအပ်သည် မဟုတ်လော၊ "အလုံးစုံသော ချစ်အပ်သူ မြတ်နိုးအပ်သူတို့နှင့် အမျိုးမျိုး ကွဲကွာ၍ ဖြစ်ရခြင်းသည် ရုပ်နာမ်ခန္ဓာတို့၏ သဘောပင် ဖြစ်၏၊ မကွဲကွာအောင် တောင်းတ၍ မရနိုင်၊ ဖြစ်ခြင်းသဘောရှိသော ရုပ်နာမ်ခန္ဓာဟူသမျှသည် (ငါဘုရား၏ခန္ဓာပင် ဖြစ်စေကာမူ) မပျက်ပါစေနှင့်" ဟု တောင်းတ၍ မရနိုင်၊ အာနန္ဒာ ... "အသက်ဇီဝိတကို ပြုပြင်နိုင်သော ဖလသမာပတ်ကို သုံးလလွန်လျှင် မဝင်စားတော့အံ့" ဟု စွန့်လွှတ်တော်မူအပ်ပြီ၊ ၃ လလွန်လျှင် ပရိနိဗ္ဗာန်စံလိမ့်မည်ဟူသော စကားကို အမှန်ပင် ပြောဆိုအပ်ပြီ၊ ထိုစကားကို ငါဘုရားသည် အသက်ဟူသော အကြောင်းကြောင့်သော်မှလည်း ပယ်ဖျက်တော့

မည် မဟုတ်၊ အာနန္ဒာ.... "မဟာဝုန်တော ကူဋာဂါရသာလာ
သွားကြစို့" ဟုမိန့်တော်မူ၍ အရှင်အာနန္ဒာနှင့်အတူ ဝေသာလ
မဟာဝုန်တော ကူဋာဂါရသာလာသို့ ကြွတော်မူသည်။

သံဃာတော်များအား ဗုဒ္ဓမြတ်စွာသည် ကူဋာဂါရသာလာ
ဗြာဒိတ်ပေးတော်မူခြင်း ရောက်တော်မူသောအခါ ဝေသာလ
ကို မှီ၍ နေကြသော ရဟန်းမျာ
စည်းဝေးစေဖို့ရန် အရှင်အာနန္ဒာကို မိန့်တော်မူ၏၊ ဗုဒ္ဓမြတ်စွာ
ရဟန်းများ စည်းဝေးရာသို့ ကြွတော်မူ၍ ခင်းထားအပ်ပြီးေ
နေရာ၌ ထိုင်တော်မူပြီးလျှင် ဗြာဒိတရားစကားကို မိန့်တေ
သည်မှာ- ဘိက္ခုတို့.... အကြင် တရားတို့ကို ငါဘုရားသည် ထူးေ
ဉာဏ်ဖြင့် သိ၍ ဟောတော်မူအပ်ကုန်ပြီ၊ ထို တရားတို့ကို အ
တို့သည် ကောင်းစွာသင်ယူ၍ မှီဝဲဆိုက်ကုန်၏၊ မိမိသန္တာန်၌ဖြစ်
ထိုက်ကုန်၏၊ အကြိမ်များစွာ အလေ့အလာပြုထိုက်ကုန်၏၊ ယင်
အလေ့အလာပြုလျှင် ဤ မြတ်သော အကျင့်ဖြစ်သော သာသ
တော်သည် တာရှည်တည်တံ့နိုင်စရာရှိ၏၊ အဘယ်တရားများနည်
သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန်လေးပါး, ဣဒ္ဓိပါဒ်လေးပ
ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင်ခုနစ်ပါး, မဂ္ဂင်ရှစ်
ဤတရားတို့တည်း။

ထို့နောက် ရဟန်းတို့ကို သိစေတော်မူသည်မှာ- ဘိက္ခုတ
ယခုအခါ၌ အသင်တို့ကို သိစေတော်မူမည်- ရုပ်နာမ်နှစ်ဝ, သ
တို့သည် ပျက်စီးခြင်းသဘော ရှိကုန်၏၊ မမေ့မလျော့သော
တရားဖြင့် မိမိတို့၏ သီလ သမာဓိ ပညာ သုံးပြားသော သိက္ခ
ပြီးစီးအောင် ကြိုးစားကြလော၊ မကြာမီ ငါဘုရား၏ ပရိနိ

စ်ခြင်း ဖြစ်လိမ့်မည်၊ ဤအချိန်မှစ၍ သုံးလလွန်လျှင် ငါဘုရား ပရိ
နိဗ္ဗာန်စံလိမ့်မည်၊ ဤသို့ မိန့်တော်မူ၍ အောက်ပါ ဂါထာတို့ကို
ဟောတော်မူပြီ။

ပရိပက္ကော ဝယော မယှံ, ပရိတ္တံ မမ ဇီဝိတံ၊
ပဟာယ ဝေါ ဂမိဿာမိ, ကတံ မေ သရဏမတ္တနော။

အပ္ပမတ္တာ သတီမန္တော, သုသီလာ ဟောထ ဘိက္ခဝေါ၊
သုသမာဟိတသင်္ကပ္ပါ, သစိတ္တမနုရက္ခထ။

ယော ဣမသ္မိံ ဓမ္မဝိနယေ, အပ္ပမတ္တော ဝိဟဿတိ၊
ပဟာယ ဇာတိသံသာရံ, ဒုက္ခဿန္တံ ကရိဿတိ။

မြန်မာပြန်။ ။"ဘိက္ခုတို့.... ငါဘုရား၏ အရွယ်တော်သည်
ကြီးရင့်တော်မူပြီ၊ ငါဘုရား၏ အသက် ဇီဝိတိန္ဒြေသည် အနည်း
ငယ်သာ ကျန်တော့၏၊ အသင်တို့ကို စွန့်ခွါ၍ သွားရတော့မည်၊
ငါဘုရားအတွက် မိမိ၏ ကိုးကွယ်ရာကို ပြုပြီးပြီ။

ဘိက္ခုတို့ အသင်တို့သည် မမေ့မလျော့ မပေါ့မဆဘဲ အရာရာ၌
သတိထားလျက် စင်ကြယ်သော သီလရှိအောင် နေကြကုန်လော၊
သမာဓိတရား ကောင်းစွာထား၍ ကောင်းသော အကြံရှိသူများ
ဖြစ်ကြလော၊ မိမိစိတ်ကို သတိထား၍ စောင့်ရှောက်ကြလော။

အကြင်ပုဂ္ဂိုလ်သည် တရားသဖြင့် ဆုံးမရာ ဤသာသနာတော်၌
မမေ့မလျော့ နေရစ်လိမ့်မည်၊ ထို မမေ့ မလျော့ နေရစ်သူသည်
ပဋိသန္ဓေနေရသော သံသရာကြီးကို ပယ်စွန့်၍ ဒုက္ခအားလုံး၏
ဆုံးဖို့ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လိမ့်မည်"၊.... ဤသို့ ဗြာဒိ
ပေးတော်မူသည်။

ဝေသာလီမြို့ကို နောက်ဆုံးကြည့်တော်မူခြင်း ဗုဒ္ဓမြတ်စွာသည် ဝေသာလီမြို့ ဆွမ်းခံဝင်တော်မူပြီး၍ ဆွမ်းဘုဉ်း ပေးတော်မူပြီးနောက် ဝေသာလီ မှ ထွက်တော်မူခါနီးဝယ် မြို့တံခါးပေါက်၌ရပ်တော်မူ၍ ဝေသာလီ မြို့ကို ကြည့်တော်မူလိုသောအခါ (ဆင်တို့သည် နောက်ကို ကြည့်လို သောအခါ တစ်ကိုယ်လုံး လှည့်၍ ကြည့်ရသကဲ့သို့) ဗုဒ္ဓမြတ်စွာ အရိုးဆက်တို့သည် ကွင်းဆက်ဖြစ်ရကား ဦးခေါင်းတော်ချည် လှည့်၍ကြည့်လို့မဖြစ်၊ ကိုယ်တော်ပါ လှည့်၍ ကြည့်ရတော့မည် ထိုသို့မလှည့်ရအောင် ဝေသာလီမြို့သည် မြတ်စွာဘုရား ရပ်တော် မူရာ ရှေ့မျက်သို့ လည်၍ရောက်ရပေသည်၊ ထိုအခါ မြတ်စွာဘုရ သည် ဝေသာလီမြို့ကို ကြည့်တော်မူ၍ "အာနန္ဒာ .. ဤ ကြည့်ခြင် သည် နောက်ဆုံးကြည့်ခြင်း ဖြစ်လိမ့်မည်" ဟု မိန့်တော်မူသည်။

မှတ်ချက်။ ။ဝေသာလီမင်းတို့သည် ၃ နှစ် လွန်သောအခ အဇာတသတ်မင်းနှင့်စစ်ဖြစ်၍ ပျက်စီးကြလိမ့်မည်၊ မြတ်စွာဘုရား၏ နောက်ဆုံး ကြည့်တော်မူကြောင်းကို ကြား ရသောအခါ ထိုနေရာ စေတီတည်၍ ကိုးကွယ်ခြင်းအားဖြင့် အကျိုးများလိမ့်မည်၊ ဤသ ကြံ၍ (အခြားမြို့မှ ထွက်တော်မူသောအခါ ကြည့်တော်မမူဘဲ) ဤ ဝေသာလီမြို့မှ ထွက်တော်မူရာ၌သာ ကြည့်တော်မူသည်။

ဘဏ္ဍရွာ၌ တရား "အာနန္ဒာ— .. ဘဏ္ဍရွာသို့ သွားကြစို့" ဟု မိန့်တော်မူ၍ ဘဏ္ဍရွာသို့ ရောက်တော်မူသော အခါ ရဟန်းတို့ကို တရားဟောတော်မူပြီ၊ ဘိက္ခုတို့ ... ၄ ပါးသော တရားတို့ကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့်မသိခြင်း, မဂ်ဖိုလ် တို့ဖြင့် ထိုးထွင်း၍မသိခြင်းကြောင့် ဤမျှလောက် ရှည်လျားသော

သံသရာကာလပတ်လုံး ငါဘုရား၏ လည်းကောင်း, အသင်တို့၏ လည်းကောင်း, တစ်ဘဝမှတစ်ဘဝသို့ ပြေး သွားရခြင်း, ဘဝတစ်ရပ် ၌ပင် အထပ်ထပ်လည်ရခြင်း ဖြစ်ခဲ့ပြီ၊ အဘယ်လေးပါးတို့နည်း။ -

ဘိက္ခုတို့ — အရိယာအဖြစ်ကို ပြုတတ်သော သီလကို မဂ်အား လျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း, မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဤမျှလောက် ရှည်လျားသော သံသရာ ကာလ ပတ်လုံး ငါဘုရား၏လည်းကောင်း, အသင်တို့၏လည်းကောင်း, တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားခြင်း, ဘဝတစ်ရပ်၌ပင် အထပ်ထပ် လည်ရခြင်း ဖြစ်ခဲ့ပြီ။

ဘိက္ခုတို့ ... အရိယာအဖြစ်ကို ပြုတတ်သော သမာဓိကို မဂ်အား လျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း, မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဤမျှလောက် ရှည်လျားသော သံသရာ ကာလ ပတ်လုံး ငါဘုရား၏လည်းကောင်း, အသင်တို့၏ လည်းကောင်း, တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားရခြင်း, ဘဝတစ်ရပ်၌ပင် အထပ် ထပ် လည်ရခြင်း ဖြစ်ခဲ့ပြီ။

ဘိက္ခုတို့ .. အရိယာအဖြစ်ကို ပြုတတ်သော ပညာကို မဂ်အား လျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း, မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဤမျှလောက် ရှည်လျားသော သံသရာ ကာလ ပတ်လုံး ငါဘုရား၏လည်းကောင်း, အသင်တို့၏လည်းကောင်း, တစ်ဘဝမှတစ်ဘဝသို့ ပြေးသွားရခြင်း, ဘဝတစ်ရပ်၌ပင် အထပ် ထပ် လည်ရခြင်း ဖြစ်ခဲ့ပြီ။

ဘိက္ခုတို့—အရိယာအဖြစ်ကို ပြုတတ်သော ဝိမုတ္တိကို မဂ်အား လျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း, မဂ်ဖိုလ် ရသောအားဖြင့်

ထိုးထွင်း၍ မသိခြင်းကြောင့် တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွ
ခြင်း, ဘဝတစ်ရပ်၌ပင် အထပ်ထပ်လည်ရခြင်း ဖြစ်ခဲ့ပြီ။

ဘိက္ခုတို့ ငါဘုရားသည် အရိယာအဖြစ်ကို ပြုတတ်သော
သီလကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် သိအပ်ပြီ၊ မဂ်ဖိ
တို့ဖြင့် ထိုးထွင်း၍ သိအပ်ပြီ၊ အရိယာအဖြစ်ကို ပြုတတ်သော
သမာဓိကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် သိအပ်ပြီ၊ မဂ်ဖိ
တို့ဖြင့် ထိုးထွင်း၍ သိအပ်ပြီ၊ အရိယာအဖြစ်ကို ပြုတတ်သော
ပညာကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် သိအပ်ပြီ၊ မဂ်ဖိ
တို့ဖြင့် ထိုးထွင်း၍ သိအပ်ပြီ၊ အရိယာအဖြစ်ကို ပြုတတ်သော
ဝိမုတ္တိကို မဂ်အားလျော်စွာ ဝိ ပဿနာဉာဏ်ဖြင့် သိအပ်ပြီ၊ မဂ်ဖိ
ရသောအားဖြင့် ထိုးထွင်း၍ သိအပ်ပြီ၊ ဘဝကို တပ်မက်တတ်ေ
တဏှာကို အကြွင်းမဲ့ ဖြတ်အပ်ပြီ၊ ဘဝသို့ ဆောင်တတ်ေ
တဏှာတည်းဟူသော ကြိုးသည် ကုန်ခန်းလေပြီ၊ ယခုအခါ၌
ဘုရားမှာ နောက်ထပ် ဘဝမရှိတော့၊— ဤသို့ မိန့်တော်မူသည်

မဟာပဒေသ ၄ ပါး ဗုဒ္ဓမြတ်စွာသည် ဘဏ္ဍရွာ၌ နေတော်မူထိ
သမျှ သီတင်းသုံးတော်မူပြီး၍ ဟတ္ထိရွာ
လည်းကောင်း, အမ္ဗရွာသို့လည်းကောင်း, ဇမ္ဗုရွာသို့လည်းကော
ဘောဂမြို့သို့လည်းကောင်း ကြွတော်မူပြီ၊ ဘောဂမြို့သို့ ရောက်ေ
မှ၍ အနန္ဒစေတီ၌ သီတင်းသုံးတော်မူပြီ၊ ထို အာနန္ဒစေ
ရဟန်းတို့ကို မိန့်တော်မူသည်မှာ—

ဘိက္ခုတို့... လေးပါးသော မဟာပဒေသတို့ကိုဟောတော်မူမ
ကောင်းစွာ နားစိုက်ကြ, ကောင်းစွာနှလုံးသွင်းကြ၊ ဤသို့မိန့်ေ

မူ၍ မဟာပဒေသ ၄ ပါးကို ဟောတော်မူသည်မှာ- ဘိက္ခုတို့...ဤ
သာသနာတော်၌ ရဟန်းတစ်ပါးသည် "ဤတရားကို မြတ်စွာဘုရား
အထံတော်မှ နာယူအပ်ပါပြီ၊ ဤတရားသည် ဓမ္မအစစ် ဝိနယအစစ်
ဘုရား အဆုံးအမတော်အစစ် ဖြစ်ပါသည်" ဟု ပြောဆိုအံ့၊ ထို
ရဟန်း၏ ပြောအပ်သော စကားကို နှစ်လည်း မနှစ်သက်သေးဘဲ
ကန့်လည်း မကန့်ကွက်သေးဘဲ ပြောအပ်သောစကားကို ကောင်းစွာ
မှတ်ယူ၍ နဂိုရ် ရှိပြီးသော သုတ္တန် ပါဠိတော်၌ သွင်းချထိုက်၏၊
ဝိနည်း ပါဠိတော်၌ ထင်စွာ ပါဝင်စေထိုက်၏၊

သုတ္တန်ပါဠိတော်၌ သွင်းချအပ်သည်ရှိသော် သုတ္တန်ပါဠိတော်၌
မပါဝင်အံ့၊ ဝိနည်းပါဠိတော်၌ ကြည့်ရှုအပ်သော် ဝိနည်း ပါဠိ
တော်၌ မတွေ့မြင်အံ့၊ ထိုစကားကို မြတ်စွာဘုရား၏စကားမဟုတ်ဟု
ဆုံးဖြတ်၍ ထိုစကားကို စွန့်လိုက်ကြလော့၊ သုတ္တန် ပါဠိတော်၌
သွင်းချအပ်သည်ရှိသော် သုတ္တန်ပါဠိတော်၌ အကယ်၍ ပါဝင်အံ့၊
ဝိနည်းပါဠိတော်၌ ကြည့်ရှုအပ်သော် ဝိနည်းပါဠိတော်၌ အကယ်
၍ တွေ့မြင်အံ့၊ ထိုသို့ဖြစ်လျှင် မြတ်စွာဘုရား၏ စကားဟု ဆုံးဖြတ်
ကြလော၊ ဤ ရှေးဦးစွာသော ပဟာပဒေသကို ဆောင်ရွက် မှတ်
သားကြလော။

ဘိက္ခုတို့-ရဟန်းတစ်ပါးသည် ဤသို့ပြောအံ့၊မည်သည့်ကျောင်း
တိုက်၌ ပါမောက္ခမထေရ်ကြီးနှင့်တကွဖြစ်သော သံဃာတော်သည်
သီတင်းသုံးတော်မူ၏၊ထိုသံဃာ၏အထံမှ ဤတရားစကားကို ကြား
နာအပ် ခံယူအပ်ပါပြီ၊ ဤသို့ ပြောလာသည် ရှိသော် ရှေးနည်း
အတိုင်းပင် စိစစ်၍ သုတ္တန်ပါဠိတော်၌ မသက်ဝင်လျှင် လည်း
ကောင်း, ဝိနည်းပါဠိတော်၌ မတွေ့မြင်အပ်လျှင် လည်းကောင်း,
စွန့်ပယ်ဖို့ရန်နှင့် သုတ္တန်ပါဠိတော်၌ သက်ဝင်လျှင်လည်းကောင်း,

ဝိနည်းပါဠိတော်၌ တွေ့မြင်အပ်လျှင်လည်းကောင်း မြတ်စွာဘု
၏စကားဟု သုံးဖြတ်ဖို့ရန် မိန့်တော်မူ၍ ဒုတိယမြောက် ဤ မ
ပဒေသကိုလည်း ဆောင်ရွက်မှတ်သားကြဟု မိန့်တော်မူသည်။
တတိယပဒေသ၌ သံယာ့အထံမှ ကြားရသောစကား မဟုတ်
များစွာသော ဗဟုသုတရှိသော မထေရ်ကြီးတို့အထံမှကြားရ
စကားဖြစ်ခြင်းသာ ထူး၏၊ စတုတ္ထမဟာပဒေသ၌ တပါးသော
သုတရှိသော မထေရ်ကြီးအထံမှ ကြားရသောစကားကို ပြေ
ခြင်းသာ ထူး၏။

အမှာ။ ။ဤမဟာပဒေသလေးပါးကို ဟောတော်မူခြင်း၌ လို
ကား– "မည်သူ့ အထံမှ ကြားရသည်ဟု ပြောဆိုသည်ဖြ
သုတ္တန် ပါဠိတော်နှင့် ညီမှသာ, သို့မဟုတ် ဝိနည်း၌ အ
အရှားရှိမှသာ လက်ခံရမည်" ဟု မိန့်တော်မူလိုရင်း ဖြစ်သ
[မဟာ– ကျယ်ဝန်းသော + ပဒေသ – တရားတော်၏ တ
ဌာန။]

စုန္ဒ ဥပါသကာ၏ နောက်ဆုံး ဆွမ်းတော်

ဗုဒ္ဓမြတ်စွာသည် ဘောဂမြို့၌ နေတေ
ထိုက်သမျှ နေတော်မူပြီးလျှင် ပါဝါ
ကြွတော်မူ၍ စုန္ဒ ဥပါသကာ၏ သ
ဥယျာဉ်၌ သီတင်းသုံးတော်မူ၏၊ စုန္ဒ ဥပါသကာသည် ဗုဒ္ဓမြ
ကြွလာတော်မူကြောင်းကိုကြား၍ဘုရားအထံတော်သို့လာပြီး
တရားနာ၍ ပြန်ခါနီးဝယ် နက်ဖြန်၌ သံဃာများနှင့်အတူ
ဘုဉ်းပေးတော်မူဖို့ရန် ပင့်လျှောက်၍ ပြန်သွားလေသည်၊ ပ
အရှ၏သားဖြစ်သော စုန္ဒဥပါသကာသည် မိမိအိမ်၌မှန်မြတ်

ခဲဖွယ် ဘောဇဉ်တို့ကို စီစဉ်ပြီးလျှင် များစွာသော သူကရမဒ္ဒဝမည်သော အာဟာရကိုလည်း စီမံပြီး၍ မြတ်စွာဘုရားအား ဆွမ်းဘုဉ်းပေး ကြွတော်မူရန် လျှောက်ထားလေသည်၊ မြတ်စွာဘုရားသည် ဘိက္ခုသံဃာများနှင့်အတူ စုန္ဒဥပါသကာ၏အိမ်သို့ ကြွတော်မူ၍ ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူပြီးလျှင် စုန္ဒဥပါသကာကို မိန့်တော်မူသည်မှာ–

"စုန္ဒ–အသင်သည် သူကရမဒ္ဒဝမည်သော အကြင် စားဖွယ်ကို စီရင်အပ်ပြီ၊ ထိုစားဖွယ်ဖြင့် ငါဘုရားကို ပြုစု လုပ်ကျွေးလော၊ အခြား ခဲဖွယ်ဘောဇဉ်ဖြင့် သံဃာများကို ပြုစုလုပ်ကျွေးလော"ဟု မိန့်တော်မူသည်၊ ထိုမိန့်တော်မူသည့်အတိုင်း သူကရမဒ္ဒဝမည်သော အာဟာရဖြင့် မြတ်စွာဘုရားကို ပြုစု လုပ်ကျွေးပြီ၊ အခြား ခဲဖွယ် ဘောဇဉ်ဖြင့် ရဟန်းသံဃာတော်များကို ပြုစု လုပ်ကျွေးပြီ၊ ပြုစု လုပ်ကျွေးပြီးနောက် မြတ်စွာဘုရားသည် စုန္ဒဥပါသကာကို မိန့်တော်မူသည်မှာ–

"စုန္ဒ– သင်၏ ကြွင်းကျန်သော သူကရမဒ္ဒဝအာဟာရကို တွင်းတူး၍ မြှုပ်လိုက်လော၊ ဤ အစာကို စားလျှင် မြတ်စွာဘုရားမှ တစ်ပါး အခြားသော အစာကြေမည့်ပုဂ္ဂိုလ်ကိုမြင်တော်မမူ၊ ဤသို့ မိန့်တော်မူသောအခါ စုန္ဒဥပါသကာသည် ကြွင်းကျန်သော သူကရမဒ္ဒဝ အာဟာရကို တွင်းတူး၍ မြှုပ်ပြီးလျှင် မြတ်စွာဘုရား၏အထံသို့ ပြန်လာပြီ၊ မြတ်စွာဘုရားသည် စုန္ဒဥပါသကာကို တရားဟောတော်မူပြီး၍ ပြန်ကြွတော်မူခဲ့ပြီ။

မှတ်ချက် ။ ။ သူကရမဒ္ဒဝ အစာ၌ နတ်တို့သည် နတ်ဩဇာကို ထည့်ထားသောကြောင့် မြတ်စွာဘုရားမှတစ်ပါး အခြားပုဂ္ဂိုလ်တို့ စားလျှင် အစာကြေနိုင်မည် မဟုတ်ဟု မိန့်တော်မူသည်။

သူကရမဒ္ဒဝနှင့်စပ်၍ ဝါဒအမျိုးမျိုး

အဋ္ဌကထာ။ ။သူကရမဒ္ဒဝန္တိ နာတိတရုဏဿ နာတိဇိဏ္ဏ
ကေဇေဋ္ဌကသူကရဿ ပဝတ္တမံသံ – အလွန်လည်း မငယ်
အလွန်လည်း မအိုသော, တစ်ကောင်သော ဝက်ကြီး၏ (ဝ
မလာမိ)ဖြစ်နိုင်သောအသားကို စီမံသည်၊တံ ကိရ မုဒုစေဝ သိ
ဟောတိ-ထိုအသားသည် နူလည်း နူ၏၊ ညက်လည်း ညက်
တံ ပဋိယာဒါပေတွာ သာဓုကံ ပစာပေတွာတိ အတ္တော-ထို
သားကို စီမံပြီး၍ (ကောင်းမွန်စွာ ချက်စေပြီး၍)။

ကေဆရာ ။ ။သူကရမဒ္ဒဝန္တိ ပန မုဒုသြဒနဿ ပဥ္စ
ရဿယူသပါစနဝိဓာနဿ နာမေတံ၊ ယထာ ဂဝပါနံနာမ ပ
နာမန္တိ – သူကရမဒ္ဒဝ ဟူသော ဤအမည်သည် နွားမှ ဖြစ်
အရသာငါးမျိုး၏ အနှစ်အဆီဖြင့် ချက်နည်းအစီအရင်ကျ
ချက်အပ်သော နူညံ့သော ထမင်း၏အမည် ဖြစ်၏၊ ဥပမာ-"န
ဖြစ်သော သောက်ဖွယ်"ဟူရာ၌ ကျက်ပြီးနွားနို့၏အမည် ဖြစ်
သို့တည်း၊ ဤသို့ ကေဆရာတို့ ဆိုကြသည်။

ကေစိဆရာ ။ ။သူကရမဒ္ဒဝံနာမ ရသာယတနဝိဓိ၊ တံ
ရသာယတနသတ္တေ အာဂစ္ဆတိ၊ တံ စုန္ဒေန "ဘဂဝတော
နိဗ္ဗာနံ န ဘဝေယျာ"တိ ရသာယတနံ ပဋိယတ္တန္တိ – ရသာယ
ဆေးကျမ်း၌ လာသော ရသာယတနအစီအရင်အတိုင်း စီမံ
သော စားဖွယ်တစ်မျိုးဖြစ်၏၊ ထို ရသာယတန အစားမျိုး
အသက်ရှည်စေနိုင်သောကြောင့် "ဗုဒ္ဓမြတ်စွာ၏ ပရိနိဗ္ဗာန်
သည် မဖြစ်ပါစေနှင့်"ဟု ကြံ၍ ထို သူကရမဒ္ဒဝကို စီမံသည်၊
ကေစိဆရာတို့ ဆိုကြသည်။

ပါမောက္ခတစ်ယောက် ဝါဒ ။ ။ကျမ်းစာတို့၌ သူကရမဒ္ဒဝ
င့်စပ်၍ "အဋ္ဌကထာဝါဒ, ကေဝါဒ, ကေစိဝါဒ"ဟု သုံးဝါဒ
သည့်အပြင် ဣန္ဒိယနိုင်ငံဝယ် ထင်ရှားကျော်စောသော အင်္ဂလိပ်
ဂဇင်းတစ်စောင်၌ ပါမောက္ခ "လလစ်မိုဟာန်ကား"အမ်အေ, ဘီ
ယ်လ် ရေးသားအပ်သော ဝါဒတစ်မျိုးရှိသေး၏၊ ထိုဝါဒကို
ည်း စဉ်းစားဖို့ရာ ပြပါဦးမည်။

၁။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူခြင်း၏ အကြောင်းကို
ရေးသားအပ်သော တရုပ်စာပေများ၌လည်းကောင်း, တိဗက်
စာပေများ၌လည်းကောင်း မြက်စွာဘုရား၏ နောက်ဆုံး အာ
ဟာရနှင့်စပ်၍ ဝက်သားကို ဖေါ်ပြခြင်းမရှိကြ။

၂။ မဟာယာနဂိုဏ်း ကျမ်းစာများဝယ် မဟာပရိနိဗ္ဗာန်
အကြောင်းကို ရေးသားရာ၌လည်းကောင်း, သာဝကဝိနယကျမ်း
ဝယ် စုန္ဒ၏ ဆွမ်းလှူပွဲကို ပြရာ၌လည်းကောင်း " ဝက်သား "
ဟူသော ပုဒ်ကို မပြပါ။

၃။ သူကရသဒ္ဒါသည် "ဝက်"ဟူသော အနက်ကိုသာ ဟော၏၊
"ဝက်၏ အသား"ဟူသော အနက်ကို မဟော၊ "ဝက်၏ အသား"
ဟူသော အနက်ကို "သောကရ"ပုဒ်ကသာ ဟောပါသည်၊ ကစ္စည်း
"ဏရာဂါ တဿေဒမညတ္ထေသုစ"သုတ်ကို ကြည့်ပါ။

၄။ မဒ္ဒဝံသဒ္ဒါလည်း "အသား"ဟူသော အနက်ကို မဟော၊
"မုဒုနော+ဘာဝေါ=မဒ္ဒဝံ"နှင့် အညီ, နူညံ့သော အရာဝတ္ထု၏
ဖြစ်ကြောင်း ဖြစ်ရာ " နူးနူးညံ့ညံ့ ပျော့ပျော့ ပျောင်းပျောင်း"
ဟူသော အနက်ကို ဟော၏၊ ထို့ကြောင့် "သူကရ+မဒ္ဒဝ" ၂ ပုဒ်
ပေါင်းသော်လည်း "ဝက်သား"ဟု အနက် မဖြစ်ပါ။

၅။ "သူကရကဏ္ဍ"ဟု ခေါ်ဝေါ်အပ်သော သစ်အု သ
တစ်မျိုးရှိ၏၊ ထိုသစ်အု သစ်ဖုကို "တောဝက်"ဟူသော အ
ဖြင့် ခေါ်ဝေါ်ကြ၏။

၆၊ ဥတ္တရဒေသတွင် "ကဏ္ဍ, ကဏ္ဍမူလဖလ"ဟု ခေါ်ဝေ
အပ်သော သစ်အုတစ်မျိုးရှိသေး၏၊ ဋ္ဌနိဒ္ဒိယနိုင်ငံ၌ သူတော်သူမြ
တို့၏ အစာဖြစ်၏၊ အမွေးထူ၍ ညိုမှောင်သော အရောင်ရှိသ
မြေကြီးမှ ထွက်သောအခါ ဝက်နှင့်တူ၏၊ထို့ကြောင့်"သူကရ
ခေါ်ဟန်တူသည်၊ ပါဝါမြို့ တည်ရှိခဲ့ရာ "ပဒြောန" နယ်မြေ
အနှံ့အပြား ပေါက်၏၊ ရောဂါဘယများကို ဓာတ်စာဖြင့် ကုဒေ
ဟိန္ဒူဆေးဆရာတို့သည် ထိုအုကို အလွန် ချီးမွမ်းကြ၏၊ အ
ကျဲကျဲကျိ၍ ဝမ်းမီးညံ့သူများကို တိုက်ရ၏။

၇။ စုန္ဒ ဒါယကာသည် မြတ်စွာဘုရားအား လှူအပ်ေ
သစ်အု သစ်ဖု, သို့မဟုတ် သစ်မြစ်ကို အရသာရှိအောင် မျာ
အမွှန်းတင်၍ မြင်ဆင်ထားပေလိမ့်မည်၊ ထို့ကြောင့် ထိုအုတစ်
ကို နွားနို့နှင့် ပျစ်အောင်ကျို၍ စီရင်အပ်သော ပါယာသ(နို့သ
တစ်မျိုးသည်"သူကရ မဒ္ဒဝ"ပင် ဖြစ်သင့်ပါသည်၊ ဤကား
ပါမောက္ခ၏ အလိုတည်း။

ထပ်မံ စဉ်းစားဖွယ်

၁။ "သီဟ"မည်သော စစ်သူကြီးသည် ဘုရားအထံ၌
တရားနာရ၍ သောတာပန်ဖြစ်ပြီးနောက် နက်ဖြန် မြတ်စွာဘုရ
ရဟန်းသံဃာများနှင့်အတူ ဆွမ်းဘုဉ်းပေးကြွတော်မူဖို့ရန် ပင
ပြန်လာပြီးလျှင် (ဝယ်သူ မရောက်မီ ဖြစ်နှင့်သော) အသားမျာ

ဝယ်ယူဖို့ရန် တပည့်တစ်ယောက်ကို ဈေးသို့စေလွှတ်၏၊ ထို့နောက်
သနေကပင် ချက်ပြုတ်တန်သမျှ ချက်ပြုတ်၍ နံနက်အခါ၌ ဆွမ်း
ခဲဖွယ် ဘောဇဉ်အားလုံးကို စီစဉ်ပြီးလျှင် ဆွမ်းဘုဉ်းပေးချိန် တန်
ပါကြောင်း လျှောက်ထားပုံကို "ပဟူတံ ခါဒနီယံ ဘောဇနီယံ
ပဋိယာဒါပေတွာ ဘဂဝတော ကာလံ အာရောစာပေတိ"ဟုသာ
ကျမ်းဂန်၌ဆို၏၊အသားဟင်းပါသော်လည်း ထိုအသားဟင်းသည်
ဘောဇဉ် ၅ ပါးတွင် ပါဝင်ပြီးဖြစ်သောကြောင့် အထူးမဆိုချေ။

၂။ ဤ၌ကား "ပဏီတံ ခါဒနီယံ ဘောဇနီယံ ပဋိယာဒါပေ
တွာ"ဟု ဆိုပြီးနောက် "ပဟူတဉ္စ သူကရမဒ္ဒဝံ"ဟု ဆိုပြီးမှ "ဘဂ
ဝတော ကာလံ အာရောစာပေတိ" ဟု ဆိုသည်၊ ဤသို့ သီးခြား
ဆိုသဖြင့်"သူကရမဒ္ဒဝ"သည် ဘောဇနီယံအရ ဘောဇဉ် ၅ ပါး
တွင် ပါဝင်သော"မံသ မဟုတ်"ဟု ကောက်ချက်ချစရာ ရှိ၏။

၃။ ထို့ပြင်-နတ်တို့သည် "သူကရမဒ္ဒဝ"၌ "နတ်ဩဇာကို
ထည့်ကြ၏"ဟု ဆို၏၊ အခြားနေရာ၌ နတ်ဩဇာထည့်လျှင် ဆွမ်း
၌သာ ထည့်လေ့ရှိ၏၊ စုန္ဒဒါယကာ၏ ဆွမ်းအလှူဝယ် ဆွမ်း၌ နတ်
ဩဇာမထည့်ဘဲ ဤ"သူကရမဒ္ဒဝ"၌ ထည့်ကြကုန်၏၊ နတ်ဩဇာ
ကို စားကြသော နတ်များသည် အသားမစားကြ၊မြတ်စွာဘုရား၏
နောက်ဆုံး အာဟာရသည် ဝက်သားဖြစ်လျှင် အသား မစားဘဲ
နတ်ဩဇာကိုသာ စားနေသော နတ်တို့သည် ဤ ဝက်သားဟင်း၌
နတ်ဩဇာ ထည့်ဖို့ရန် ကြံစည်မည် မဟုတ်ပါ၊ "အသားဟင်း
မဟုတ်သောကြောင့်သာ နတ်ဩဇာ ထည့်ကြသည်"ဟု ယူဆဖွယ်
ရှိ၏။

၄။ သံဃာတော်များနှင့်တကွ ဗုဒ္ဓမြတ်စွာသည် ဆွမ်းဘုဉ်း
ကြွလာတော်မူပြီးသောအခါ "ငါဘုရားကို သူကရမဒ္ဒဝဖြင့်
လုပ်ကျွေး၍ ရဟန်းသံဃာများကို အခြား ခဲဖွယ်ဘောဇဉ်ဖြင့်
လုပ်ကျွေးလော့"ဟုမိန့်တော်မူပြီးလျှင် ဘုရားရှင်သည် သူကရ
ကိုသာ ဘုဉ်းပေးတော်မူ၏၊ ဆွမ်းကို ဘုဉ်းပေးတော်မမူ၊ ဝက်
ဟင်းဖြစ်လျှင် "ဘုရားရှင်သည် နောက်ဆုံးအချိန်၌ ဝက်သ
ချည်း ဘုဉ်းပေးတော် မူသည်" ဟု ပြောစမှတ် ဖြစ်ပေလိမ့်
ထို့ကြောင့်-သူကရမဒ္ဒဝကို လေးလေးနက်နက်စဉ်းစားသော
"ဝက်ပျို့သားဟင်း"မဟုတ်သည့်ဖက်မှ အားကောင်းနေပါသ

ဝမ်းတော်လားခြင်း ရွှေပန်းထိမ်သည်၏ သားဖြစ်သော
ဆွမ်း (သူကရမဒ္ဒဝ) ကို ဘုဉ်းပေး
မူပြီးသောအခါ မြတ်စွာဘုရားမှာ သွေးဝမ်းသွန်သော
ဖြစ်၏၊ သို့သော် သူကရမဒ္ဒဝကို ဘုဉ်းပေးတော်မူသောကြ
မဟုတ်ပါ၊ဆေးဆရာဖြစ်တုန်းက ဝမ်းကျဆေးကို သူဌေးသား
လိမ်၍ ပေးဖူးသော အကုသိုလ်ကံ တည်းဟူသော ကမ္မဝဋ် ပ
သောကြောင့် ဖြစ်ပါသည်။

[ဆောင်] ဖြစ်ထသမား , သူဌေးသားကို , ဝမ်းလားအောင်
လိမ်တိုက်ပေးလို့ , ဝမ်းသွေးသွန်ဘိ။

ကုသိနာရုံသို့ ထိုဝေဒနာကို မြတ်စွာဘုရားသည် သတိ
ကြွတော်မူခြင်း ဉာဏ်နှင့် ယှဉ်၍ သည်းခံတော် မူ၏၊ မြ
ဘုရားသည် "အာနန္ဒာ....ကုသိနာရုံမြို့သို့ သွ
စို့"ဟု မိန့်တော်မူ၍ ကုသိနာရုံသို့ ကြွတော်မူသည်ရှိသော်

တစ်ပင်အောက်သို့ရောက်သောအခါ "အာနန္ဒာ . လေးထပ်ရှိသော
သင်္ကန်းကြီးကို ခင်းလိုက်လော့၊ (နှစ်ထပ်သင်္ကန်းကြီးကို ခေါက်၍
ခင်းစေတော်မူဟန် တူသည်၊) ငါဘုရားသည် ပင်ပန်းတော်မူ၏၊
ထိုင်ဦးမည်"ဟု မိန့်တော်မူသည်။

ရေသောက်တော် မူလိုခြင်း မြတ်စွာဘုရားသည် ထိုင်တော်မူပြီးသော အခါ
"အာနန္ဒာ... ရေအလိုရှိတော်မူသည်၊ သောက်
ရေကို ဆောင်ယူခဲ့လော့" ဟု မိန့်တော်မူ၏၊
အရှင်အာနန္ဒာလျှောက်သည်မှာ– မြတ်စွာဘုရား—အနီးအပါးက
မြစ်ငယ်ကလေးကို ယခုပင် လှည်းငါးရာ ဖြတ်သွားသောကြောင့်
နောက်ကျုနေပါ၏၊သိပ်မဝေးသော ကကုဓာမြစ်သည် ကြည်လင်
သော ရေ, သာယာဖွယ်ကောင်းသော ရေ, အေးမြသော ရေ,
ဖြူဖွေးသောရေ ရှိသည့်အပြင် အလွန် ကောင်းသောဆိပ်ကမ်း ရှိ၍
မွေ့လျော်ဖွယ်ကောင်းပါ၏၊ အဲဒီ ကကုဓာမြစ်ရောက်မှ ဗုဒ္ဓမြတ်
စွာသည် သောက်ရေတော်ကိုလည်း ရပါလိမ့်မည်၊ ကိုယ်တော်ကို
လည်း အေးမြအောင် ပြုရပါလိမ့်မည်၊

ရေများ ကြည်နေခြင်း ဤသို့ လျှောက်သောအခါ ဗုဒ္ဓမြတ်စွာ
သည် နှစ်ကြိမ်မြောက် ထပ်၍ သောက်ရေ
ကို ယူဆောင်ဖို့ရန် မိန့်တော်မူ၏၊ အရှင်အာနန္ဒာသည် ရှေးအတိုင်း
နှစ်ကြိမ်မြောက် လျှောက်သောအခါ သုံးကြိမ်မြောက် ထပ်၍
သောက်ရေကို ဆောင်ယူဖို့ရန် မိန့်တော်မူပြန်၏၊ ထိုအခါ အရှင်
အာနန္ဒာသည် သပိတ်ကိုယူ၍ လှည်းငါးရာဖြတ်သွားအပ်သော ထို
မြစ်ငယ်သို့ သွားရလေသည်၊အရှင်အာ နန္ဒာရောက်လျှင်ပင် နဂိုရ်က

နောက်ကျနေသော ရေသည် အလွန် ကြည်လင်စွာ စီး၍နေ
အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တန်ခိုးအာနုဘော် ကြီး
တအံ့တဩဖြစ်၍ သပိတ်ဖြင့် ကြည်လင်သောရေကို ခပ်ယူပြီး
မြတ်စွာဘုရားကို ဆက်ကပ်လေသည်။

မလ္လမင်းသား ပုက္ကုသ ဘုရားအထံ ချဉ်းကပ်ခြင်း

ဗုဒ္ဓမြတ်စွာသည် ထို သစ်ပင်အော
သောက်တော်ရေကို သောက်တော်
သောအခါ ပုက္ကုသ မည်သော
မင်းသားသည် ကုသိနာရုံမှ ပါဝါမြို့သို့ ခရီးသွားစဉ် ဗုဒ္ဓမြတ်စ
မြင်၍ ချဉ်းကပ်ပြီးလျှင် သင့်တင့်လျောက်ပတ်သောအရပ်၌ ထို
မြတ်စွာဘုရားကို လျှောက်သည်မှာ— မြတ်စွာဘုရား ရဟန်း
များသည် ငြိမ်သက်သောနေခြင်းဖြင့်နေတော်မူသည်မှာ အံ့ဩ
ကောင်းပါပေသည်၊ ရှေးက အကြောင်းအရာတစ်ခု ဖြစ်ဖူး
မှာ- ကာလာမအနွယ် ဖြစ်သော အာဠာရ ရသေ့သည် ရှည်
ခရီးကိုသွားစဉ် လမ်းမှ ဖဲ၍ အနီးဖြစ်သော သစ်ပင်အောက်
အခါ နေဖို့ရန် ထိုင်နေပါသည်၊လမ်း၌လှည်းပေါင်းငါးရာတို့
ကာလာမအနွယ်ဖြစ်သော အာဠာရ အရှင်ရသေ့ကို ကပ်၍
လွန်သွားကြပါပြီ၊ ထိုအခါ လှည်းအပေါင်းနောက်မှ လိုက်
သော ယောကျ်ားတစ်ယောက်သည် အာဠာရရသေ့ကို ချဉ်းက
"အရှင်ဘုရား— လှည်းငါးရာတို့ လွန်သွားသည်ကို မြင်လိုက်
လော"ဟု မေးလျှောက်သည်၊...ဒကာ ...ငါ မမြင်လိုက်။

ဒကာ။ ။အရှင်ဘုရား...လှည်းသံကို ကြားလိုက်ပါသ

အာဠာရ။ ။ဒကာ... အသံကိုလဲ ငါ မကြားလိုက်။

ဒကာ။ ။အရှင်ဘုရား ... အိပ်ပျော်နေပါသလား။

အာဠာရ ။ ။ဒကာ ... ငါ အိပ်ပျော်မနေပါ။

ဒကာ။ ။အရှင်ဘုရား ... သညာ(စိတ်)များ ရှိပါရဲ့လား။

အာဠာရ ။ ။အေး.... ငါ့မှာ သညာ(စိတ်)ရှိပါရဲ့။

ဒကာ။ ။အရှင်ဘုရား- သညာ(စိတ်)ရှိပါလျက်,နိုး၍လည်း နေပါလျက် အရှင်ဘုရားအနီးသို့ ကပ်၍ကပ်၍ လွန်သွားသော လှည်းငါးရာတို့ကို မြင်လည်း မမြင်လိုက်,အသံကိုလည်း မကြား လိုက်ဟု ဆို၏၊ အရှင်ဘုရား၏ အဝတ်သင်္ကန်းကိုလည်း မြူမှုန် (ဖုံ)တွေ ရေပွန်းနေသည် မဟုတ်ပါလား ဘုရား....။

အာဠာရ ။ ။အေး.... ဟုတ်တယ်။

ထိုအခါ ထိုယောကျ်ားသည် ရသေ့ ရဟန်းတို့၏ ငြိမ်သက်သော တရားဖြင့် နေကြသည်မှာ "အံ့ဩဖွယ် ကောင်းပါပေစွ"ဟု တအံ့ တဩ ချီးမွမ်း၍ ကာလာမအနွယ်ဖြစ်သော အာဠာရရသေ့အပေါ်၌ လွန်ကဲသော ကြည်ညိုခြင်းကို လျှောက်ထား၍ ဖဲသွားပါသည်။

ဤသို့ လျှောက်သောအခါ ဗုဒ္ဓမြတ်စွာ မိန့်တော်မူသည်မှာ— "ဒါယကာ ပုက္ကုသ— အကြင်ပုဂ္ဂိုလ်သည် စိတ်သညာ ရှိပါလျက် နိုးလည်း နိုးနေပါလျက် မိမိအနားသို့ ကပ်၍ကပ်၍ လွန်သွားသော လှည်းငါးရာတို့ကိုလည်း မမြင်လိုက်ရ၊ အသံကိုလည်း မကြားလိုက်ရ၊ အကြင် ပုဂ္ဂိုလ်တစ်ယောက်သည်ကား စိတ်သညာလည်း ရှိပါ လျက်, နိုးလည်း နိုးနေပါလျက် မိုးရွာစဉ်, တစ်ဂျုံးဂျုံး မိုးချုန်း စဉ်, လျှပ်စစ်တွေ ပြက်စဉ်, မိုးကြိုးလည်း ပစ်စဉ်, ဘာကိုမျှ မမြင် လိုက်ရ၊ အသံကိုလည်း မကြားလိုက်ရ၊ ထိုသူ နှစ်ယောက်တို့တွင် အဘယ်သူ ဖြစ်ပုံက သာ၍ ခက်ခဲသနည်း၊ ဤသို့ မေးတော်မူသည်။

"မြတ်စွာဘုရား...လှည်းငါးရာ မက, ခြောက်ရာ, ခုနစ်ရာ, ရှစ်
ကိုးရာ, လှည်းပေါင်း တစ်ထောင်, လှည်းပေါင်း တစ်သိန်းဖြစ်
နောက်ပုဂ္ဂိုလ်၏ အဖြစ်မျိုးက သာ၍ခဲယဉ်းပါသည်" ဟု လျှေ
၏။

ပုက္ကုသ...အခါတစ်ပါး၌ ငါသည် အာတုမာမြို့ဝယ် ကေ
နယ် တလင်း၏ တဲကလေး၌ သီတင်းသုံးတော်မူ၏၊ ထိုအခါ မိုး
စဉ်, မိုးခြိမ်းစဉ်, လျှပ်တွေပြက်စဉ် မိုးကြိုးပစ်လသော် ကောက်
တလင်း တဲကလေး အနီး၌ နေကြသော လယ်သမားညီနေ
နှစ်ယောက်တို့သည် လည်းကောင်း, နွားကြီးလေးကောင်တို့သ
လည်းကောင်း၊ မိုးကြိုးမှန်၍ သေကြလေသည်၊ ပုက္ကုသ.. ထိုအ
အာတုမာမြို့မှ လူများစွာ ထွက်လာ၍ သေကြသော ညီနေ
နှစ်ယောက်နှင့် နွားလေးကောင်တို့ကို ကြည့်ကြလေသည်။

ပုက္ကုသ—ထိုအခါ၌ ငါသည် ကောက်နယ်တလင်း၏ တဲက
မှ ထွက်၍ တဲကလေး အပေါက်နား၌ စင်္ကြံသွားနေ၏၊ ထို
ယောကျာ်းတစ်ယောက်သည် ငါ့အထံသို့ လာ၍ ရပ်နေသ
"ဟိုက များစွာသော လူအပေါင်းသည် ဘာ့ကြောင့် စုဝေးနေ
သလဲ" ဟု ထိုသူ့ကို မေးသောအခါ မိုးရွာတုန်းက မိုးကြိ
သောကြောင့် ညီနောင်နှစ်ယောက်နှင့် နွားလေးကောင် သေ
သည်၊ ထို့ကြောင့် လူများထွက်လာ၍ စုမိကြပါသည်၊ "မိုး
ပစ်တုန်းက အရှင်ဘုရားသည် အဘယ်မှာ နေပါသနည်း" ဟု
သောကြောင့် ငါသည် ဤကောက်နယ်တလင်း၏ တဲကလေ
မှာပင် နေသည်ဟု ပြောလိုက်၏။

ဒကာ။ ။အရှင်ဘုရားသည် မိုးရွာခြင်းကို မမြင်လိုက်ပါလား။

ဗုဒ္ဓ။ ။ဒကာ— ငါမမြင်လိုက်။

ဒကာ။ ။အသံကိုကော မကြားလိုက်ပါလား။

ဗုဒ္ဓ။ ။အသံကိုလည်း မကြားလိုက်။

ဒကာ။ ။အရှင်ဘုရား.. အိပ်ပျော်နေပါသလား။

ဗုဒ္ဓ။ ။ဒကာ.... အိပ်ပျော် မနေပါ။

ဒကာ။ ။အရှင်ဘုရား.... သညာ(စိတ်)ရှိပါရဲ့လား။

ဗုဒ္ဓ။ ။ဒကာ— ရှိပါရဲ့။

ဒကာ။ ။အရှင်ဘုရား စိတ်သညာရှိပါလျက် နိုးထဲနိုးနေပါလျက် မိုးရွာသည်ကိုလည်းကောင်း, မိုးခြိမ်းသည်ကိုလည်းကောင်း, လျှပ်စစ်ပြက်သည်ကို လည်းကောင်း, မိုးကြိုးပစ်သည်ကို လည်းကောင်း မြင်လည်းမမြင်, အသံကိုလည်း မကြားလိုက်ပါလား။

ဗုဒ္ဓ။ ။အေး— မြင်လဲ မမြင်လိုက်၊ ကြားလဲ မကြားလိုက်။

ပုက္ကုသ— ထိုအခါ၌ ထိုယောကျာ်းမှာ "ရဟန်းတော်တို့သည် ငြိမ်သက်သော နေနည်းဖြင့် နေတော်မူကြသည်မှာ အံ့ဩဖွယ်ကောင်းပါပေစွ၊ မဖြစ်စဖူး ထူးဆန်းပါပေစွ" ဟု ငါဘုရားအပေါ် မှန်မြတ်သော ကြည်ညိုခြင်းကို လျှောက်ထား၍ ပြန်သွားသည်။

ဤသို့ မြတ်စွာဘုရားက မိန့်တော်မူသောအခါ မလ္လမင်းသားဖြစ်သော ပုက္ကုသသည် ငါဘုရားကို ဤသို့ လျှောက်၏၊ "မြတ်စွာဘုရား— ဒကာတော်သည် ကာလာမ အနွယ်ဖြစ်သော အာဠာရ၌ ကြည်ညိုသမျှ သဒ္ဒါတရားတို့ကို လေထဲ လွှင့်ပစ်လိုက်ပါပြီ၊ မြစ်ထဲ

မျှော်လိုက်ပါပြီ၊ အလွန် နှစ်သက်ဖွယ် ကောင်းပေသည်၊ မှော
နေသော အိုးကို လှန်၍ပြသကဲ့သို့လည်းကောင်း, မျက်စိလည်နေ
အား လမ်းမှန်ကို ပြောပြသကဲ့သို့လည်းကောင်း, အမှောင်ခန်း
ဆီမီးရောင်ကို ထွန်းပြသကဲ့သို့ လည်းကောင်း, ဗုဒ္ဓမြတ်စွာသ
ပရိယာယ်အမျိုးမျိုးဖြင့် တရားတော်ကို ထင်ရှားပြအပ်ပါပေ
ဒကာတော်သည် မြတ်စွာဘုရားကိုလည်းကောင်း, တရားတော်
လည်းကောင်း, ဘိက္ခုသံဃာတော်ကိုလည်းကောင်း, ကိုးကွယ်
ဟူ၍ ဆည်းကပ်ပါ၏၊ ယနေ့မှစ၍ "ဥပါသကာ မှတ်တော်မူပါ"
လျှောက်လေသည်။

အမှာ။ ။ဤသို့ ရတနာသုံးပါးကို ကိုးကွယ်၍ သရဏဂုံတည်
လိုသောကြောင့်သာ ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်၏ တန်ခိုး
မိန့်တော်မူပါသည်၊ သရဏဂုံကို ယုံယုံကြည်ကြည် ဉာဏ်
သက်ဝင်၍ တည်သူမှာ ငါးပါးသီလ စင်ကြယ် လုံခြုံပ
သောတာပန် ဖြစ်နိုင်သည် မဟုတ်ပါလော။

ရွှေရောင်ဝတ်စုံကို လှူဒါန်းခြင်း

မလ္လမင်းသားဖြစ်သော ပုက္ကုသသည် ဥ
သာဏာအဖြစ်ကို အသိအမှတ်ပြုပါဟု လျှော
ပြီးနောက် မိမိသွားလေရာ ယူ၍ အရေး
သော ကိစ္စ၌သာ ဝတ်လေ့ရှိသော ရွှေရောင်တောက်နေသောအ
အစုံကို လက်ခံတော်မူပါရန် လျှောက်ထားသောအခါ "တစ်ထ
ဖြင့် ငါဘုရားကို လှူ၍ တစ်ထည်ဖြင့် အာနန္ဒာကို လှူလော" ဟု
တော်မူသည်၊ သက်န်းလှူပြီးနောက် ပုက္ကုသကို တရားဟော
မူ၍ ပုက္ကုသသည် အလွန်ရွှင်လန်း ဝမ်းမြောက်စွာဖြင့် ဗုဒ္ဓမြတ်
ကို ရှိခိုး၍ မိမိသွားမြဲ အရပ်သို့ သွားလေသည်။

အဝတ်ရောင်

အသားတော်ရောင်နှင့် ပုက္ကုသ ပြန်သွားသော အခါ အရှင်
အာနန္ဒာသည် ရွှေရောင်တောက်နေသော
အဝတ်အစုံကို မိမိအတွက်ရ ါမြတ်စွာဘုရား
၏ကိုယ်တော်ကို ဆက်ကပ်လေသည်၊ မြတ်စွာဘုရားသည် တစ်ထည်
ကိုဝတ်၍ တစ်ထည်ကို အပေါ်၌ ခြုံတော်မူသောအခါ ရွှေရောင်ကို
မြတ်စွာ ဘုရား၏ ကိုယ်တော်ရောင်က လွှမ်းမိုးလိုက်သကဲ့သို့
ထင်ရလောက်အောင် အဝတ်၏ ရွှေရောင်သည် မှိန်သွား၏၊ အရှင်
အာနန္ဒာသည် ဗုဒ္ဓမြတ်စွာ၏ အရေ အဆင်းတော်သည် အလွန်
ကြည်လင်နေပါကြောင်း လျှောက်သောအခါ - ...

ရုပ်တော် အကြည်ဆုံး ၂ ချိန်

အာနန္ဒာ ... ငါဘုရားကိုယ်တော်၏ အဆင်း
သည် နှစ်မျိုးသောအချိန် အခါတို့၌ အခြား
အခါထက် သာလွန်၍ ကြည်လင်၏၊ ပဌမ
အချိန်အခါကား ဘုရားဖြစ်တော်မူမည့် ညဉ့်အခါတည်း၊ ထိုညဉ့်၌
သုဇာတာ လှူအပ်သော နို့ဆနာဆွမ်းဝယ် နတ်တို့သည် နတ်သြဇာ
ကို ထည့်ကြ၏၊ ထို့ကြောင့် ထိုဆွမ်းကို ဘုဉ်းပေးသော အခါ
ကြည်လင်သော အာဟာရဇရုပ်များ ဖြစ်၏၊ ထို့ပြင်— ဘုရားဖြစ်
တော်မူ၍ "ကမ္ဘာကုဋေ မရေတွက်နိုင်သော ကာလက စုနေသော
ကိလေသာအစုကို ပယ်ဘော်မူအပ်ပြီ" ဟု ဆင်ခြင်လိုက်သောအခါ
စိတ်သည် အလွန် ကြည်လင်၏၊ ထို့ကြောင့် ဘုရားဖြစ်ရာ အခါ၌
ငါ၏ ကိုယ်တော်သည် အခြားအခါထက် ပို၍ ကြည်လင်သည်။

ယနေ့ကား သူကရမဒ္ဒဝ၌ နတ်တို့သည် နတ်သြဇာကို ထည့်ကြ
ကုန်၏၊ ထို သူကရမဒ္ဒဝကို ဘုဉ်းပေးရခြင်းဖြင့် အာဟာရကြောင့်
ဖြစ်သော ရုပ်သည် ကြည်လင်၏၊ ထို့ပြင်-ယနေ့ညဉ့်၏ နောက်ဆုံး

အချိန်၌ ရှေးဘုရားတို့ ဝင်အပ်သော အမြိုက်နိဗ္ဗာန်သို့ ဝင်ရတေ
မည်ဟု ဆင်ခြင်တော်မူသောအခါ ငါ၏ စိတ်တော်သည် ဝ
မြောက် ဝမ်းသာ လွန်စွာ ကြည်လင်၏၊ စိတ်ကြောင့် ဖြစ်သေ
စိတ္တဇရုပ်များလည်း ကြည်လင်သည်၊ ထို့ကြောင့် ဤ နောက်ဆ
အခါ၌လည်း ငါဘုရား၏ ကိုယ် အဆင်းတော်သည် အခြားအ
တို့ထက် ပို၍ ကြည်လင်သည်။

ရေသုံးသပ်တော်မူခြင်း ဤသို့ မိန့်တော်မူပြီးလျှင် "ကကုဓာမြစ်
သွားကြစို့" ဟု မိန့်တော်မူ၍ ရဟ
များနှင့်အတူ ကကုဓာမြစ်သို့ ကြွတော်မူ၍ ကိုယ်တော်တိုင် ရေ
ဆင်း၍ ရေ သုံးသပ်တော်မူသည်၊ ရေသုံးသပ်တော်မူသောအ
မြစ်အတွင်း၌ ရှိကြသော ငါး-လိပ်တို့သည်လည်းကောင်း, နှစ်
သော ကမ်းအနီး၌ရှိသော တောအုပ်သည်လည်းကောင်း, အား
ရွှေအဆင်းရှိအောင် ဗုဒ္ဓကိုယ်ရောင်တော် ကူးစက်လေသည်။

ခေတ္တ လျောင်းတော်မူခြင်း ဗုဒ္ဓမြတ်စွာသည် ရေသုံးသပ်တော
ပြီး၍ အနီးအပါး၌ ရှိသော သ
ဥယျာဉ်သို့ ကြွတော်မူပြီးလျှင် အရှင်စုန္ဒကကို မိန့်တော်မူသည်မှ
"စုန္ဒက— လေးထပ်ရှိသောသင်္ကန်းကြီးကို ခင်းလိုက်လော၊
ဘုရား ပင်ပန်းတော်မူသည်၊ လျောင်းဦးမည်" ဤသို့ မိန့်တော်မူ
[ထိုအချိန်၌ အရှင် အာနန္ဒာသည် ရေသနုပ်ကို ရေညှစ်၍ နေ
သောကြောင့် အရှင်စုန္ဒကကို ခင်းစေတော်မူရသည်။] အရှင်စု
သည် သင်္ကန်းကြီးကိုခင်းပြီးသောအခါ ဗုဒ္ဓမြတ်စွာသည် လက်
နံပါးဖြင့် လျောင်းတော်မူ၍ ထဖို့ရန်အချိန်ကို မှန်းလျက် ခေ
ကျိန်းစက်တော်မူသည်။

ဆွမ်းဒကာ စုန္ဒ သဒ္ဓါတိုးစေခြင်း ဗုဒ္ဓမြတ်စွာသည် ကျိန်းစက်ရာမှ နိုးတော်မူသော အခါ အရှင်အာနန္ဒာကို မိန့်တော်မူသည်မှာ— ငါဘုရား၏ ဝမ်းတော် လားခြင်းကို ကြား၍ ဆွမ်းဒါယကာ ဖြစ်သော စုန္ဒအား တစ်စုံတစ်ယောက်က "သင်၏ ဆွမ်းကို ဘုဉ်းပေးတော်မူသောကြောင့် ဗုဒ္ဓမြတ်စွာ ဝမ်းတော် လားရသည်" ဟု စိတ်နှလုံး မချမ်းမသာဖြစ်၍ သဒ္ဓါတရား ပျက်သွားအောင် ပြောလျှင် စုန္ဒကို နှလုံး မသာမယာ မဖြစ်အောင် ဤစကားကို ပြောရစ်လော၊—

"ဒါယကာ စုန္ဒ—သင့်မှာ အလွန် ကံကောင်းပါပေသည်၊ ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန် စံတော်မူမည့် နေ့၌ အသင်၏ ဆွမ်းကို နောက်ဆုံး အဖြစ်ဖြင့် ဘုဉ်းပေးတော်မူပါသည်၊ ဒါယကာ စုန္ဒ— ငါသည် မြတ်စွာဘုရား အထံတော်မှ ကြားနာလိုက်ရသောစကား ရှိပါသည်၊ ဘုရား ဖြစ်မည့်နေ့၌ ဘုဉ်းပေးရသော သုဇာတာ၏ သနာနို့ဆွမ်း, ပရိနိဗ္ဗာန်စံမည့်နေ့၌ ဘုဉ်းပေးရသော စုန္ဒ၏ ဆွမ်း, ဤဆွမ်း ၂ မျိုးသည် အကျိုးပေးတူ၏၊ အခြားသော ဆွမ်းတို့ထက် သာ၍ အကျိုးကြီး၏။

ထိုအကျိုးကား—အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြွေအရံများခြင်း အကျိုးကို ဖြစ်စေနိုင်၏၊ နတ်ပြည်ကိုလည်း ဖြစ်စေနိုင်၏၊ အကြီးအကဲကိုလည်း ဖြစ်စေနိုင်၏၊ ဤသို့ မြတ်စွာဘုရားအထံတော်မှ နာခံလိုက်ရပါသည်" ဟု ပြော၍ "စုန္ဒ ဥပါသကာကို စိတ်နှလုံး မသာမယာ မဖြစ်စေဘဲ သဒ္ဓါတရား တိုးပွားအောင် ပြောထိုက်၏" ဟု မိန့်တော်မူသည်။

ကုသိနာရုံသို့ ကြွတော်မူခြင်း "အာနန္ဒာ...ဟိရညဝတီမြစ်၏ ဟိုဘက်ကမ်း တည်ရှိသော ကုသိနာရုံမြို့ ပလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ သွားကြစို့" ဟု မိန့်တော် မူ၍ ဗုဒ္ဓမြတ်စွာသည် မရေတွက်နိုင်အောင်များပြားသော သံဃာ များနှင့်အတူ ကြွတော်မူသည်။ [ဘုရားပရိနိဗ္ဗာန်စံတော်မူခါနီး ဟု ကြားရသောကြောင့် ဘုရားအထံတော်သို့ ရောက်ပြီးသော ရဟန်းများသည် မပြန်ကြတော့ဘဲ ထပ်၍ ထပ်၍သာ ရောက်လ ကြသောကြောင့် အရေအတွက်ကို မပြတော့ဘဲ "များစွာသော ရဟန်းသံဃာနှင့်အတူ" ဟုသာ ပါဠိတော်၌ ဆိုထားသည်။]

ညောင်စောင်းငယ်၌ လျောင်းတော်မူခြင်း ကုသိနာရုံမြို့သို့ရောက်သောအခါ မလ္လာမင်း တို့၏ အင်းကြင်းဥယျာဉ်သို့ကြွတော်မူ၍ မိန့် တော်မူသည်မှာ- "အာနန္ဒာ....အင်ကြင်းပ နှစ်ပင်တို့၏ အကြား၌ မြောက်ဖက်သို့ ဦးခေါင်းထား၍ ညော စောင်းငယ်ကို ခင်းလိုက်လော၊ ငါဘုရား ပင်ပန်းတော်မူသည် လျောင်းတော်မူအံ့" ဟု မိန့်တော်မူ၍ အရှင်အာနန္ဒာ ခင်းပေးအ သော ညောင်စောင်းငယ်ပေါ်ဝယ် လက်ယာနံပါးဖြင့် စော တော်မူ၍ လက်ယာခြေပေါ်ဝယ် လက်ဝဲခြေကိုတင်တော်မူပြီးလျှ သတိသမ္ပဇဉ်ဖြင့် ယှဉ်၍ မြတ်သော လျောင်းတော်မူခြင်းကို တော်မူပါသည်။

မှတ်ချက်။ ။ထိုဥယျာဉ်ထည်း၌ မလ္လာမင်းတို့လာသောအ ခေတ္တခဏမျှ လည်းလျောင်း၍နေဖို့ရာ ညောင်းစောင်းငယ် (ခ ငယ်)ရှိ၏၊ ထိုညောင်စောင်းငယ်ပေါ်၌ ဗုဒ္ဓမြတ်စွာ လျောင်းတေ မူသောအခါ ခင်းစရာလည်း နှစ်ထပ်သကန်းကြီးမှ တပါး အခြ အခင်း မရှိ၊ ခေါင်းအုံးလည်း မရှိ၊ ထိုနေရာ၌ပင် သာမန်ပုဂ္ဂိုလ်တို့ လဲလျောင်းသည့် အနေအားဖြင့် လက်တော်ကို ခေါင်းအုံး၍ လျောင်းတော်မူဟန် တူပါသည်။

ရှိသမျှအားတော် ကုန်ခန်းခြင်း ဗုဒ္ဓမြတ်စွာ၏ ပင်ကိုယ်အားတော်ကို ဤကျမ်း ငယ်၏အစ၌ ပြခဲ့ပြီးပြီ၊ ပကတိဆင်တို့၏ ကုဋေ တစ်ထောင်အားကို ဆောင်သော ယောကျ်ား မြတ်၏ ထိုအားတော်သည် စုန္ဒ၏ သူကရမဒ္ဒဝအာဟာရကို ဘုဉ်း ပေးပြီးရာအခါမှစ၍ ရေစစ်ထဲ၌ ထည့်အပ်သော ရေကဲ့သို့ အလုံးစုံ ကုန်ခန်းလေပြီ၊ ပါဝါမြို့နှင့် ကုသိနာရုံမြို့သည် သုံးဂါဝုတ်မျှသာ ဝေး၏၊ ထိုခရီးဝယ် ဗုဒ္ဓမြတ်စွာသည် နှစ်ဆယ့်ငါးဌာန၌ နား၍ နား၍ ကြီးစွာသော အားထုတ်ခြင်းဖြင့် ကြွတော်မူပါသော်လည်း နေဝင်ခါနီးမှအင်ကြင်းဥယျာဉ်သို့ရောက်တော်မူသည်၊ ထို့ကြောင့် ရောက်တော်မူလျှင် ကြားရသူတို့ သံဝေဂဖြစ်ဖွယ်ရာ "အာနန္ဒာ.... ပင်ပန်းတော်မူသည်၊ လျောင်းဦး မည်" ဟု မိန့်တော်မူပါသည်။

မေးဖွယ်။ ။"ဗုဒ္ဓမြတ်စွာသည် ဤကုသိနာရုံသို့ ရောက်အောင် အဘယ့်ကြောင့် ကြိုးကြိုးစားစား ကြွတော်မူရပါသနည်း" ဟု မေးဖွယ်ရှိ၏။

ရည်ရွယ်တော်မူချက် သုံးမျိုး နောက်၌ "ဤမြို့ကလေးဝယ် ပရိနိဗ္ဗာန် စံတော် မမူသင့်ပ၊" ဟု အရှင်အာနန္ဒာက လျှောက်သောအခါ မဟာသုဒဿနသုတ်ကို ဟောတော်မူဖို့ရန် အခွင့်ပေါ်လာလိမ့်မည်၊ ထိုအခါ "ကဿပ မြတ်စွာဘုရားသာသနာတော်ဝယ်(ဘုရား ပရိနိဗ္ဗာန်စံပြီးနောက်၌)

သူတော်ကောင်း ရဟန်းတော်အား သစ်ရွက်ကျောင်းကို ဆော
၍ လှူခြင်း, ရေကန်တူးခြင်း, ရဟန်းအသုံးအဆောင်မှန်သမျှ အ
စုံကို လှူဒါန်းခြင်းဟူသော ကောင်းမှုကို ပြုခဲ့သောကြောင့် လူ
၌ပင် နတ်စည်းစိမ်ကဲ့သို့ ကြီးကျယ်သော စကြာမင်းစည်းစိမ်ကို
ကုသိနာရုံမြို့၌ာန၌ ရခဲ့ဖူး၏'' ဟု ဟောတော်မူသည်ကို ကြား
သူတို့ ကောင်းမှုအနည်းငယ်ဖြင့် ကြီးကျယ်သော စည်းစိမ်ကို
ကြောင်း သိ၍ ကောင်းမှုပြုကြစေလိုသော ရည်ရွယ်တော်မူ
တစ်ပါး, ဤ ကုသိနာရုံမြို့၌နေသော သုဘဒ္ဒပရိဗိုဇ်ကို နောက်
ချွတ်ဖို့ရန် ရည်ရွယ်တော်မူခြင်းတစ်ပါး, ဓာတ်တော်ဝေသော
ဓာတ်တော်ရဖို့ရန်မင်းအပေါင်းတို့ လာကြရာဝယ် ဝေပေးမ
မရှိလျှင် သွေးချောင်းစီးစရာ ရှိသောကြောင့် ဓာတ်တော်ပေ
မည့် ဒေါဏပုဏ္ဏားက ဤနေရာ၌သာ ရှိနိုင်ခြင်း တစ်ပါး
အကြောင်းသုံးပါးကြောင့် ဗုဒ္ဓမြတ်စွာသည် အပင်ပန်းခံ
ကုသိနာရုံမြို့သို့ ရောက်အောင် ကြွတော်မူခဲ့ရပါသည်။

နတ်တို့ ပူဇော်ကြခြင်း ဗုဒ္ဓမြတ်စွာသည် အင်ကြင်း ဥယျာဉ်
ညောင်စောင်းငယ်ပေါ်၌ လျောင်း

မူသောအခါ ဤလျောင်းတော်မူခြင်းသည် မထသော လေ
တော်မူခြင်း ဖြစ်၍ နတ်တို့သည် နောက်ဆုံး ပူဇော်ခြင်းအ
ပူဇော်ကြကုန်၏၊ ဦးခေါင်းတော်ဘက် ခြေရင်းတော်ဘက်၌
သော အင်ကြင်းပင်ပျို အစုံတို့သည် ပင်လုံးကျွတ် ပွင့်ကြ
ရုက္ခစိုဝ်းနတ်တို့သည် ထိုပွင့်ရာ အကိုင်း အခက်တို့ကို လှုပ်ချ၍
မြတ်စွာ၏ ကိုယ်တော်ကို ကြဲဖြန့်လျက်လည်းကောင်း,
အထက်၌ ဖြန့်လျက်လည်းကောင်း, အထပ်ထပ် ဖြန့်လျက်

ကောင်း ပူဇော်ကြကုန်၏၊ အခြားနတ်တို့လည်း ကောင်းကင်မှ
မန္ဒာရဝနတ်ပန်းတို့ကို ပူဇော်သောအားဖြင့် ကြဲချကြကုန်၏၊ နတ်၌
ဖြစ်သော စန္ဒကူးနံ့သာမှုန့်တို့ကို ကောင်းကင်မှ ကြဲချ၍ ပူဇော်ကြ
ကုန်၏၊ နတ်၌ဖြစ်သော တူရိယာဘို့ကို တီးမှုတ်သောအားဖြင့်
ပူဇော်ကြကုန်၏၊ ဤနည်းအားဖြင့် ကောင်းကင်၌ နတ်တူရိယာတို့
ဖြစ်ကြသည်ဟု ဆိုကြသည်။

ဝရုဏနှင့် ဝါရဏနတ်တို့ ပူဇော်ပုံ — ထိုနတ်နှစ်ယောက်တို့သည် အလွန်အသက်ရှည်ကြ၏၊ ''ဘုရားအလောင်းသည် လူ့ပြည်၌ ဘုရားဖြစ်လိမ့်မည် '' ဟု ကြား၍
ပဋိသန္ဓေနေသောအခါ ဤပန်းကုံးကို ယူ၍ သွားမည်- ဟု ပန်းကုံး
ကြလေသည်၊ ဘုရားအလောင်း ပဋိသန္ဓေနေသောအခါ ပန်းကုံး၍
မပြီးသေး၊ ''အသင်တို့ ဘယ်သူ့ ဖို့ ကုံးကြသနည်း''ဟု မေးသော
အခါ ''ကျုပ်တို့ ပန်းကုံးလို့ မပြီးသေးဘူး၊ မယ်တော်၏ ဝမ်းမှ
ဖွားချိန်၌ ယူသွားမည်''ဟု ပြောကြ၏၊ ''မယ်တော့် ဝမ်းမှ ဖွားပြီ''
ဟု အခြားနတ်တို့က ပြောသောအခါ ''တောထွက်တဲ့နေ့ရောက်မှ
ယူသွားမည်''ဟုပြောကြ၏၊အခြားနတ်တို့က''တောထွက်သွား ပြီ''
ဟု ပြောသောအခါ''ဘုရားဖြစ်တဲ့နေ့မှ ယူသွားမည်''ဟု ပြောကြ
ပြန်၏၊ ဤသို့ အဆက်ဆက်အားဖြင့် ထင်ရှားသော နေ့တွေသို့
ရောက်သော်လည်း ပန်းကုံးကား မပြီးသေး။

''ပရိနိဗ္ဗာန်စံတော်မူပြီ''ဟု ပြောသောအခါ''ဘုရားဖြစ်ရတာ
ဘာမှ မကြာပါဘဲလား''ဟု ပြော၍ မပြီးသေးသော ပန်းကုံးတို့ကို
ယူလာကြပြီးလျှင် စကြဝဠာအတွင်း၌ ဆန့်တန် ဖို့ နေရာမရသော
ကြောင့် စကြဝဠာ နံ့တ်ခမ် ရစ်၍ ချိတ်ဆွဲရသည်၊ ထို့နောက် သူတို့

နှစ်ယောက် လက် အချင်းချင်း, လည်ပင်း အချင်းချင်း ဆွဲကဲ
ဖက်ကာ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်တို့ကို ပြော၍ပြော၍ ဂုဏ်တော်
သီချင်းများကိုသီဆိုပြီးလျှင် သီချင်းအဆုံးအဆုံး၌ "မဟာယသော
မဟာယသော" ဟု ကြွေးကြော်ကြလေသည်၊ ဤနည်းအားဖြ
"ကောင်းကင်၌ နတ်သီချင်းသံတို့လည်း ဖြစ်ကြသည်" ဟုဆိုသည်
[မဟာယသော-များသော ကျော်စောခြင်း ရှိသူ]။

အာမိသပူဇာနှင့် ဓမ္မပူဇာ

ဆွမ်း သင်္ကန်း ဖန်း စသော ပစ္စည်းများ "အာမိသ" ဟု ခေါ်၏၊ ထို အာမိသဖြ ဗုဒ္ဓမြတ်စွာကို ပူဇော်ခြင်းသည် "အာမိ
ပူဇာ" မည်၏၊ ဗုဒ္ဓမြတ်စွာ၏ ဩဝါဒတရားတော်ကို "ဓမ္မ"
ခေါ်၏၊ထိုတရားတော်အတိုင်း ကျင့်၍နေခြင်းသည် မြတ်စွာဘု
အလိုတော်အတိုင်း ဖြစ်သောကြောင့် မြတ်စွာဘုရားကို ဓမ္မ
ပူဇော်သည်မည်၏၊အာနန္ဒာ ငါဘုရားကို ပန်းတို့ဖြင့် ပူဇော်ခြ
နတ်၌ဖြစ်သော တူရိယာတို့ကို တီး၍ ပူဇော်ခြင်း, နတ်၌ဖြစ်သေ
ဂီတကို သီဆို၍ ပူဇော်ခြင်း ဤကဲ့သို့ ပူဇော်ခြင်းသည် ငါဘုရား
အလေးပြုအပ်, မြတ်နိုးအပ်, ပူဇော်အပ်သည် မမည်။

အာနန္ဒာ....ဘိက္ခုဖြစ်စေ, ဘိက္ခုနီဖြစ်စေ, ဥပါသကာယောက်
ဖြစ်စေ,ဥပါသိကာမိန်းမဖြစ်စေ ငါဘုရား ဆုံးမအပ်သော တ
တော်အတိုင်း ကောင်းစွာကျင့်၍နေ၏၊ထိုသူသည်သာ ငါဘုရ
မြတ်နိုးရာ ရောက်၏၊ပူဇော်ရာရောက်၏၊အလေးဂရုပြုသည် မည်
စိတ်ဖြင့် မြတ်နိုးသည်မည်၏၊ ကောင်းသော ပူဇော်ခြင်းဖြင့် ပူဇေ
သည်မည်၏၊ထို့ကြောင့် ဘိက္ခုဖြစ်စေ,ဘိက္ခုနီဖြစ်စေ,ဥပါသ

ယောကျ်ားဖြစ်စေ, ဥပါသိကာမိန်းမဖြစ်စေ မည်သူမဆို "ငါဘုရား
၏ဩဝါဒတရားကို လိုက်နာပြုကျင့်၍ မိမိ၏စိတ်ကို ဆုံးမသော
အားဖြင့် ကြိုးစားရမည်"။

ဥပဝါဏထေရ်ကို အရှင်ဥပဝါဏထေရ်သည် တုတ်တုတ်ဝဝ နေရာမှ ဖယ်စေရခြင်း ဖြစ်၏၊ မြတ်စွာဘုရား၏ရှေ့၌ ယပ်ခပ်လျက် နေ၏၊ ထိုအချိန်၌ စကြဝဠာတစ်သောင်းမှ
ရောက်လာကြသောနတ်တို့သည် အရှင်ဥပဝါဏ၏ဘုရားရှေ့တော်၌
ကွယ်နေခြင်းကြောင့် ရဟန္တာပုဂ္ဂိုလ်ကိုထိုးဖေါက်၍နတ်မျက်စိဖြင့်
မမြင်နိုင်၊ ထို့ကြောင့် နတ်တို့သည် အရှင်ဥပဝါဏမထေရ်ကို ကဲ့ရဲ့
ကြသည်၊ "ငါတို့မှာ အဝေးကြီးက မြတ်စွာဘုရားကို ဖူးမြင်လို၍
လာခဲ့ကြသည်၊မြတ်စွာဘုရားတို့လည်း လောက၌ တစ်ခါတစ်လေမှ
ပွင့်တော်မူကြကုန်၏၊ ယနေ့ကား ပရိနိဗ္ဗာန် စံတော်မူတော့မည်၊
တန်ခိုးကြီးသော ဤရဟန်းကလည်း မြတ်စွာဘုရား၏ ရှေ့တော်၌
ကွယ်နေ၏၊ ငါတို့သည် နောက်ဆုံး အချိန်ဝယ် မြတ်စွာဘုရားကို
ဖူးမြင်ခွင့် မရကြ" ဤသို့ စိတ်ထည်း၌ ကြံ၍ အရှင်ဥပဝါဏကို
ကဲ့ရဲ့ကြသည်၊ ထိုသို့ ကဲ့ရဲ့သော နတ်တို့မှာ အပြစ်ကြီးမည် စိုး၍
ဥပဝါဏမထေရ်ကို တစ်နေရာသို့သွား၍နေဖို့ရန် မိန့်တော်မူရသည်။

မှတ်ချက်။ ။ထိုအချိန်မှာ ကုသိနာရုံမြို့၏ ၁၂ ယူဇနာအတွင်း၌
သားမြီး၏ အဖျားလောက်သာ ကျယ်သော တစ်နေရာဝယ် နတ်တို့
မရှိသော အရပ်ဟူ၍ မရှိ၊ မြတ်စွာဘုရား၏ အနီးဆုံး အရပ်ဝယ်
သားမြီးဖျား ပမာဏရှိသော အရပ်တစ်ခု၌ အလွန် သိမ်မွေ့သော
ကိုယ်ကို ဖန်ဆင်း၍ ဆယ်ယောက် ဆယ်ယောက်စီ စုဝေး၍ တန်ခိုး

ကြီးသောနတ်များ နေကြသည်၊ ထိုနတ်တို့၏ နောက်၌ နှစ်ဆယ်စီ
နှစ်ဆယ်စီနေကြသည်၊ဤနည်းအားဖြင့်နောက်နောက်ကနေသော
နတ်တွေ အလွန်သေးငယ်အောင်ဖန်ဆင်း၍ နေကြရလေသည်၊ ထို
နတ်တို့သည် တန်ခိုးကြီးသော ဥပဝါဏမထေရ်ကို နတ်မျက်စိဖြင့်
ဖေါက်ထွင်း၍ မမြင်နိုင်ကြသောကြောင့် ကဲ့ရဲ့ကြလေသည်။

နတ်များ ငိုကြခြင်း တချို့နတ်တို့က ကောင်းကင်၌ပင် မြေအသွ
ဖန်ဆင်း၍ ငိုကြ၏၊ အလယ်က ပြတ်၍က
သကဲ့သို့ ထိုထိုအရပ်၌ လဲ၍သွားကြ၏၊ လဲ၍ကျရာအရပ်မှ ရွေ့
လူးလိမ့်သွားပြီးလျှင် ဘုရားရှင်၏အနီး လဲကျရာအရပ်သို့ ပြန်လာ
ကြကုန်၏၊ တချို့နတ်တို့က လဲကျရာအရပ်မှ တစ်ဖက်အရပ်သို့ လူ
လိမ့်၍ သွားကြကုန်၏၊ တချို့နတ်တို့က ရှေ့တစ်ကြိမ် သွားလိုက်
နောက်တစ်ကြိမ်ပြန်လိုက်, ဤသို့အားဖြင့် လူးလိမ့်ကြကုန်၏၊ "ဗု
မြတ်စွာ၏ ပရိနိဗ္ဗာန် စံတော်မူခြင်းသည် မြန်လွန်းလှပါ တကာ
မြန်လွန်းလှပါတကား၊ လောက၌ ဉာဏ်မျက်လုံးတော်ကြီး အလ
လျင်စွာ ကွယ်ပျောက်တော်မူတော့မှာတဲ့" ဟု ပြောကာပြော
ငိုကြရှာသည်။

အနာဂါမ် ရဟန္တာပုဂ္ဂိုလ်များမှတပါး ပုထုဇဉ် သောတာ
သကဒါဂါမ်တို့သည် မငိုဘဲ မနေနိုင်ကြ၊ အနာဂါမ် ရဟ
ဖြစ်သော လူနတ်ပြဟ္မာတို့ကား တရားသံဝေဂဖြင့် မငိုဘဲ နေနိုင်
သည်။ [အနာဂါမ်မဂ်ကို ရလျှင် ငိုတတ်သော သောက ဒေါမန
ကို ပယ်နိုင်၏၊ ထို့ကြောင့် မငိုဘဲ နေနိုင်ကြသည်။]

သံဝေဂယူဖွယ်ရာ လေးဌာန အရှင်အာနန္ဒာသည် "ဘုရား ပရိနိဗ္ဗာန်စံတော်မူ
သောအခါ ရှေးက ဘုရားအထံသို့ ကြွလာလေ့
ရှိကြသော,ဖူးမြင်ရရုံမျှဖြင့် စိတ်ကို တိုးပွားစေနိုင်
ကြ,စိတ်နေစိတ်ထား ကြီးမားစေနိုင်ကြသော ရဟန်းတော်တို့အည်
ကြွလာတော့မည်မဟုတ်" ဟုတွေး၍ ဝမ်းနည်းစကားကို လျှောက်
ထားလေသည်၊ ထိုအခါ မြတ်စွာဘုရားသည် သံဝေဇနီယဌာန
လေးဌာနကို မိန့်တော်မူ၏၊ ထို လေးဌာနကား– ဘုရား ဖွားတော်
မူရာ ဌာန, ဘုရားဖြစ်တော်မူရာ ဌာန, ဓမ္မစကြာတရား ဟောတော်
မူရာ ဌာန, ပရိနိဗ္ဗာန်စံတော်မူရာ ဌာနများတည်း၊ အာနန္ဒာ....
ငါဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ ထိုလေးဌာနသည် သဒ္ဓါ
တရားကောင်းသော အမျိုးသားတို့ သံဝေဂယူရာဌာနများ ဖြစ်ကြ
လိမ့်မည်၊ "ထို ဌာနများကို ကြည့်၍ သံဝေဂ ယူကြဖို့ရာ ထို
သူတော်ကောင်းများ လာကြပါလိမ့်မည်" ဟု မိန့်တော်မူသည်။

ဖွားတော်မူရာ ဌာန အာနန္ဒာ...သဒ္ဓါတရားကောင်းသော အမျိုး
ကောင်း သားတို့သည် ဗုဒ္ဓမြတ်စွာ ဖွားတော်
မူရာ [ယခုအခါ နီပေါနိုင်ငံလုမ္ဗိနီယပြည်နယ်စပ်အနီး နီပေါပြည် ရှမိန်
ဒေသီအရပ်၌ တည်ရှိသော] လုမ္ဗိနီဥယျာဉ်သို့ လာ၍ ထိုနေရာကို
စေ့စေ့ငုငု ကြည့်ရှုပြီးလျှင် "ဤနေရာ၌ ငါတို့ကိုးကွယ်ရာဗုဒ္ဓမြတ်စွာ
သည် ဖွားမြင်တော်မူခဲ့၏၊ ယခုအခါ ထိုဗုဒ္ဓမြတ်စွာကို မဖူးမြင်ရ
တော့ပါတကား" ဟု သံဝေဂယူရင်း တရားနှစ်လုံးသွင်းကာ တရား
ထူး ရနိုင်မည့် သူတော်ကောင်း ရဟန်းများ လာကြလိမ့်မည်၊ ထို
အခါ စိတ်ကို တိုးပွားစေနိုင်သော ရဟန်းကောင်းများကို ဖူးမြင်
ရပါလိမ့်မည်။

ဘုရားဖြစ်တော်မူရာ ဌာန [ယခုအခါ ဘီဟာနယ် ဂယာမြို့၏ တောင်ဖက် မြောက်မိုင် အကွာတွင် တည်ရှိသော ဗုဒ္ဓဂယာ ဟု ထင်ရှားသောအရပ် ရှိ၏၊ ထိုအရပ်၌ ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူ၏၊] အာနန္ဒာ...သဒ္ဓါတရားကောင်းသော အမျိုးကောင်းသားသည် ဘုရားဖြစ်တော်မူရာ ဌာနသို့ လာ၍ ထိုနေရာကို စေ့စေ့ငုငု ကြည့်ရှုပြီးလျှင် "ဤနေရာ၌ ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဗုဒ္ဓအဖြစ်သို့ရောက်တော်မူခဲ့၏၊ ယခုအခါ ထိုဗုဒ္ဓမြတ်စွာကို မဖူးမြင်တော့ပါတကား" ဟု သံဝေဂယူရင်း တရားနှလုံးသွင်းကာ တရားထူး ရမည့် ရဟန်းကောင်းများ လာကြလိမ့်မည်၊ ထိုအခါ စိတ်ကို တိုးပွားစေနိုင်သော ရဟန်းကောင်းများကို ဖူးမြင်ရပါလိမ့်မည်။

ဓမ္မစကြာ ဟောတော်မူရာ ဌာန [ယခုအခါ ဗနိုးယ၌ ဗာရာဏသီမြို့ ဘူတာ ရုံမှ မြောက်မိုင် အကွာတွင် တည်ရှိသော မိဂဒါဝုန်၌ ဓမ္မစကြာ ဟောတော်မူရာဌာန ဟု သတ်မှတ်အပ်သော ဌာနတစ်ရပ်ရှိ၏၊] အာနန္ဒာ...သဒ္ဓါတရား ကောင်းသော အမျိုးကောင်းသားသည် ဓမ္မစကြာဟောတော်မူရာ ဌာနသို့ လာ၍ ထိုနေရာကို စေ့စေ့ငုငု ကြည့်ရှုပြီးလျှင် "ဤနေရာ၌ ဗုဒ္ဓမြတ်စွာသည် ဓမ္မစကြာတရားကို ဟောတော်မူခဲ့၏၊ ယခုအခါ ထို ဗုဒ္ဓမြတ်စွာကို မဖူးမြင်ရတော့ပါတကား" ဟု သံဝေဂယူရင်း တရားနှလုံးသွင်းကာ တရားထူးရမည့် ရဟန်းကောင်းများ လာကြလိမ့်မည်၊ ထိုအခါ စိတ်ကို တိုးပွားစေနိုင်သော ရဟန်းကောင်းများကို ဖူးမြင်ရပါလိမ့်မည်။

ပရိနိဗ္ဗာန်စံတော်မူရာ ဌာန [ယခုအခါ ဥတ္တရပရဒေသ်ရှပြည်နယ် ဂိုရပ်စ်ပူရ်မြို့နှင့် ၃၂ မိုင် အကွာတွင် တည်ရှိသော ကုသိနာရုံမြို့၌ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဟု ထင်ရှားသော ဌာနတစ်ရပ်ရှိ၏၊ ထိုအရပ်၌ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူ၏။] အာနန္ဒာ... သဒ္ဓါတရား ကောင်းသော အမျိုးကောင်းသားသည် ငါဘုရား ပရိနိဗ္ဗာန်စံတော်မူရာ ဌာနသို့ လာ၍ ထိုနေရာကို စေ့စေ့ငုငုကြည့်ရှုပြီးလျှင် "ဤနေရာ၌ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန်စံတော်မူခဲ့၏၊ ယခုအခါ ဗုဒ္ဓမြတ်စွာကို မဖူးမြင်ရဘဲ ပရိနိဗ္ဗာန်စံရာ ဌာနကိုသာ ဖူးမြင်ရတော့ပါတကား" ဟု သံဝေဂယူရင်း တရားနှလုံးသွင်းကာ တရားထူးရမည့် ရဟန်းကောင်းများ လာကြလိမ့်မည်၊ ထိုအခါ စိတ်ကို တိုးပွားစေနိုင်သော ရဟန်းကောင်းများကို ဖူးမြင်ရပါလိမ့်မည်။

စေတီတော်ကို အာနန္ဒာ... ပြအပ်ခဲ့သော လေးဌာနတို့၌ ဖူးမြင်ရခြင်း၏အကျိုး တည်အပ်သော စေတီတော်ကို ဖြစ်စေ, (ဓာတ်တော်ဌာပနာရာ အခြား စေတီတော်ကိုဖြစ်စေ) ဖူးမြင်ဖို့ရန် ထက်သန်သော သဒ္ဓါတရားရှိကြသော ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာမတို့သည် ပြအပ်ပြီးသော ဌာနသို့မရောက်ခင် လမ်းခရီး အကြား၌ပင် ကြည်ညိုသော သဒ္ဓါစိတ်ဖြင့် ကွယ်လွန်ကြသည်ရှိသော် သုဂတိဘဝ နတ်ပြည်လောကသို့ ရောက်ကြရလိမ့်မည်။

မှတ်ချက် ။ ။ ပါဠိတော်၌ "ယေ ကေစိ, အာနန္ဒ.... စေတိယစာရိကံ အာဟိဏ္ဍန္တာ ပသန္နစိတ္တာ ကာလံ ကရိဿန္တိ၊ သဗ္ဗေ တေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇိဿန္တိ"

"ပသန္နစိတ္တာ" ပုဒ်ကို အ
ဟု ဟောတော်မူ၏၊ ဤပါဠိတော်၌ သွားတုန်းကပင် ပ
သတိပြုပါ၊ စေတီတော်ကို ဖူးမြော်ဖို့ရန် မတော်တဆ လမ်းခရီး
စိတ် (ကြည်ညိုသောစိတ်) ဖြင့် သွား၍ သေသူ့ အ
သေသော်လည်း "ဘုရားကို ကြည်ညိုသော စိတ်ဖြင့် ဟု ဆိုပါသည်၊ သွားတုန်း
သုဂတိနတ်ပြည်သို့ ရောက်ရလိမ့်မည်" သေသူတို့ အတွက်
အပျော်ခရီးထွက်၍ ပျော်ရင်း ပါးရင်း ရောက်ကြပါလိမ့်မည်
သူတို့စိတ်အားလျော်စွာ ရောက်သင့်ရာ

မာတုဂါမများအတွက် အရှင်အာနန္ဒာသည် "မာတုဂါမမျာ
လျှောက်ထားခြင်း စပ်၍ အဘယ်သို့ ကျင့်ရပါမည်နည်း
လျှောက်ထားသော အခါ "အ

အာနန္ဒ — အာနန္ဒာ —.. မာတုဂါမကို မတွေ့ မမြင်ရခြင်း
အကောင်းဆုံး အကျင့်ဖြစ်၏" ဟု ပဌမ မိန့်တော်မူသည်၊ မှ
မိမိ၏ ပရိယတ် ပဋိပတ်တရား၌ စိတ်ဝင်စား၍ ကြိုးစားနေ
ရဟန်းမှာ မာတုဂါမကို မမြင်ရလျှင် လောဘစိတ်လည်း
စိတ်လှုပ်ရှားမှုလည်း မဖြစ်၊ မိမိ၏ ပရိယတ် ပဋိပတ် တရား
၌သာ စိတ်ဝင်စား၍ နေသောကြောင့် မမြင်ရခြင်းကို "အ
ဆုံးအကျင့်" ဟု ပဌမ စည်းတားတော်မူသည်။ [နဂိုရ်က
မထိန်းဘဲ ကြံချင်ရာ ကြံနေသူအတွက် မမြင်ရသော်လည်
အားဖြင့် သွားနေမည်ဖြစ်သောကြောင့် မမြင်ရုံမျှကိုအကေ
အကျင့် ဟု မဆိုထိုက်သေးပါ။]

အရှင်အာနန္ဒာ ။ ။ ဆွမ်းခံသွားရာ၌ာန စသည်တို့၌ မ
ရှိသော် အဘယ်သို့ ပြုကျင့်ရပါမည်နည်း။

ဗုဒ္ဓမြတ်စွာ။ ။ "အနာလာပေါ အာနန္ဒ - အာနန္ဒာ.... မြင်ရလျှင် စကားမပြောမိအောင် ကျင့်ခြင်းသည် အကောင်းဆုံး အကျင့်ဖြစ်၏" ဟု မိန့်တော်မူ၏၊ မှန်၏၊ - စကားပြောမိလျှင် ရင်းနှီးမှုဖြစ်၏၊ ရင်းနှီးမှုဖြစ်လျှင် ဖေါက်ပြန်မှု ဖြစ်တတ်၏၊ ဖောက်ပြန်မှုဖြစ်လျှင် သီလပျက်၍ အပါယ်လေးပါးသို့ ရောက်တတ်သည်၊ ထို့ကြောင့် "စကားမပြောခြင်းကို အကောင်းဆုံးအကျင့်" ဟု ဒုတိယစည်း တားတော်မူသည်။

အရှင်အာနန္ဒာ။ ။ "စကားမပြောလျှင် မဖြစ်လောက်အောင်ပင် အကြောင်းပေါ်လာခဲ့သော် အဘယ်သို့ ကျင့်ရပါမည်နည်း" ဟု မေးလျှောက်ပြန်သည်၊ မှန်၏၊ - မာတုဂါမက "ယနေ့ ဘာနေ့ပါတုန်း ဘုရား" ဟု မေးလျှင် ပြန်၍ ဖြေရလိမ့်မည်၊ "သီလပေးပါ" ဟု တောင်းလျှင် သီလပေးရလိမ့်မည်၊ "တရားနာလိုပါသည်" ဟု လျှောက်လျှင် တရားစကား ပြောရလိမ့်မည်၊ ပြဿနာမေးလျှင် ဖြေရလိမ့်မည်၊ ဤသို့ ရဟန်းကောင်းများ ပြုထိုက်သော အလုပ်ဖြစ်၍ စကားမပြောဘဲ နေသောပုဂ္ဂိုလ်ကို ဒီကိုယ်တော်က "အ-အကြီးဘဲ"၊ ဒီကိုယ်တော်က "အထိုင်းကြီးဘဲ"၊ ဒီကိုယ်တော်က "စားပြီးတော့ ပါးစပ်ကို ဖွဲ့တုပ်ထားသလို ထိုင်နေတာဘဲ"၊ ဤသို့ စသည်ဖြင့် အပြစ်တင်ကာ အကုသိုလ်ဖြစ်စရာ ရှိ၏၊ ထို့ကြောင့် "စကားပြောခွင့် ကြုံလျှင် အဘယ်သို့ ကျင့်ရပါမည်နည်း" ဟု မေးလျှောက်သည်။

ဗုဒ္ဓမြတ်စွာ။ ။ "သတိ အာနန္ဒ ဥပဋ္ဌာပေတဗ္ဗာ-အာနန္ဒာ .. စကားမပြောဘဲ နေလို့ မဖြစ်လျှင် အမိလို့ သတိထားလိုက်၊ အမနှမလို့ သတိထားလိုက်၊ သမီးလို့ သတိထားလိုက်၊ ဤသို့ သတိ

ထားနိုင်လျှင် မေတ္တာစိတ်သာ ဖြစ်ဖို့ရှိ၏၊ ဖောက်ပြန်သောစိတ်
ကား မဖြစ်နိုင်တော့၊ ထို့ကြောင့် စကားပြောခွင့် ကြုံလာ
လျှင် သတိထားဖို့ရာ တဘိသစည်း တားတော်မူပြန်သည် ၊-
ဤကား အဋ္ဌကထာ အဖွင့်တည်း။

ဋီကာ။ ။သတိတိ ဝါကာယဂတာသတိ ဥပဋ္ဌာပေတဗ္ဗာ-ဆံပင်,
မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေ စသော
၃၂ ပါးသော ကောဋ္ဌာသအစုအဝေးသာတည်း၊ "ယောကျ်ား,
မိန်းမ မဟုတ်" ဟု သတိထားရမည်၊ ဤဋီကာအဖွင့်သည် "သတိ
ကာယဂတာတျတ္တ" ဟူသော ပါဠိတော်နှင့် ညီ၏။

အလောင်းတော်ဝယ် ပြုကျင့်ဖွယ် — အရှင်အာနန္ဒာသည် "ပရိနိဗ္ဗာန်စံတော်မူ
ပြီးသော ဗုဒ္ဓမြတ်စွာ၏ အလောင်းတော်၌
ရဟန်း သံဃာဖြစ်သော တပည့်တော်တို့က
အဘယ်သို့ ပြုကျင့်ရပါမည်နည်း" ဟု မေးလျှောက် လေသည်၊
ထိုအခါ ဗုဒ္ဓမြတ်စွာ မိန့်တော်မူသည်မှာ— "အာနန္ဒာ... အသင်တို့
သည် ငါဘုရား၏ အလောင်းတော်ကို ပူဇော်ဖို့ရန် ကြောင့်ကြ
မစိုက်ရစ်ကြနှင့်၊ အာနန္ဒာ ... အသင်တို့သည် အမြတ်ဆုံး အကျိုး
ဖြစ်သော အရဟတ္တဖိုလ်ကို ရအောင်သာ ကြိုးစားရစ်ကြ၊ မမေ့
မလျော့ မပေါ့ဆဘဲ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကြသည်
ဖြစ်၍ ပြင်းပြင်းထန်ထန် အားထုတ်ရစ်ကြ၊ ပညာရှိ မင်းများသည်
လည်းကောင်း, ပညာရှိပုဏ္ဏားများသည် လည်းကောင်း, ပညာရှိ
သူကြွယ်များသည် လည်းကောင်း ငါဘုရား၌ အလွန် ကြည်ညိုကြ
ကုန်၏၊ ထိုသူတို့သည် ငါဘုရား၏ အလောင်းတော်ကို ပူဇော်ကြ
လိမ့်မည်" ။

မှတ်ချက်။ ။"အသင်တို့သည် ငါဘုရား၏ အလောင်းတော်ကို
ပူဇော်ဖို့ရန် ကြောင့်ကြမစိုက်ရစ်ကြနှင့်" ဟူသော အမိန့်တော်
အရ ဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ ရဟန်းတော်များ
သည် ပူဇော်ဖို့ရန် အထူး ကြောင့်ကြ မစိုက်ကြတော့ပါ၊ ဤ
စကားတော်အရ "ဘုန်းကြီးပျံ ကိစ္စ၌ တပည့် ရဟန်းများက
လိုသည်ထက် ပို၍ ကြောင့်ကြမစိုက်သင့်ကြ" ဟု မှတ်ပါ။

အရှင်အာနန္ဒာ ထပ်၍ လျှောက်ခြင်း — "မြတ်စွာဘုရား.... ထို ပညာရှိမင်း စသူတို့
သည် အလောင်းတော်၌ အဘယ်သို့ ပြုကျင့်
ထိုက်ပါသနည်း" ဟု မေးသောအခါအဘယ်
သို့ ဖြေရပါမည်နည်း၊ ဤသို့ အရှင်အာနန္ဒာက ထပ်၍ လျှောက်ပြန်
သည်၊ "အာနန္ဒာ....စကြာမင်း၏ အလောင်းကို အသစ်ဖြစ်သော
ဝါချည်အဝတ်ဖြင့် ရစ်ပတ်၍ အသစ်ဖြစ်သော ဝါဂွမ်းဖြင့် ရစ်ပတ်
ကြကုန်၏၊ ဤသို့ အဝတ်တစ်ထပ် ဝါဂွမ်းတစ်ထပ်အားဖြင့် အထပ်
ငါးရာတိုင်အောင် စကြာမင်း အလောင်းကို ရစ်ပတ်၍ ဆီထည့်ထား
အပ်သော ရွှေခေါင်း၌ ထည့်ပြီးလျှင် အခြားရွှေခေါင်းဖြင့် ဖုံး၍
နံ့သာထင်းပုံပေါ်သို့ တင်ပြီးမှ မီးသင်္ဂြိုဟ်ကြသည်၊ ထို့နောက်
အရိုးတို့ကို စေတီပုထိုး တည်၍ ကိုးကွယ်ကြသည်၊ အာနန္ဒာ.... ဤ
အတူပင် ငါဘုရား၏ အလောင်း၌ ပြုကျင့်ကြရမည်။ [ဆီကို စုပ်ယူ
နိုင်အောင် ဝါဂွမ်းအဝတ်ဖြင့် ရစ်ပတ်ဖို့ရန် မိန့်တော်မူသည်။]

စေတီတည်ထိုက်သော ပုဂ္ဂိုလ် လေးမျိုး — လောက၌ စေတီတည်၍ ကိုးကွယ်ထိုက်
သော ပုဂ္ဂိုလ်သည် ၄ မျိုးရှိ၏၊ ၁-ဗုဒ္ဓမြတ်
စွာ၊ ၂-ပစ္စေကဗုဒ္ဓါ၊ ၃-အရိယာဖြစ်ပြီး
သော ဗုဒ္ဓမြတ်စွာ၏ ရဟန်းတော်သာဝက၊ ၄-စကြာမင်း၊ "အဘယ့်

ကြောင့် ထိုလေးမျိုးကို စေတီတည်၍ ကိုးကွယ်သိုက်သနည်း” ဟု မေးဖွယ် ရှိ၏၊ ဗုဒ္ဓမြတ်စွာသည် ပင်ကိုယ်ကပင် လွန်တိုမြဟွာ သတ္တဝါအများ၏ ကြည်ကြည်ညိုညို ရှိရှိသေသေ လေးလေးမြတ်မြတ် ကိုးကွယ်ရာ ဖြစ်၍ စေတီတော်ကို ဖူးမျှော်ရသော အခါ၌လည်း ထိုကဲ့သို့ပင် ကြည်ညိုစိတ်ဖြင့် ရှိသေမြတ်နိုး ရှိခိုးပူဇော်ကြသူတို့သည် သေသောအခါ ထို ကြည်ညိုစိတ်ဖြင့် သေသွားလျှင် နတ်ပြည်သို့ ရောက်နိုင်၏၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် စေတီ ပုထိုး တည်၍ ကိုးကွယ်ခြင်းငှါ ထိုက်တော်မူသည်၊ ပစ္စေကဗုဒ္ဓါ အရိယာ ဖြစ်ပြီးသော ဗုဒ္ဓမြတ်စွာ၏ ရဟန်းတော် သာဝကတို့၌လည်း နည်းတူ။

စကြာမင်းကား လေးကျွန်းလုံးကို တရားအားဖြင့် အုပ်စိုး၍ လူအများကို ငါးပါးသီလ ကျင့်ဖို့ရန် တိုက်တွန်းသော မင်းကောင်းမင်းမြတ် ဖြစ်၏၊ ထို့ကြောင့်ပင် အသက်ရှင်တုန်းက လူအများ၏ အကြည်ညိုကို ခံရ၏၊ ကွယ်လွန်သော အခါ၌လည်း စေတီ ပုထိုး တည်ထားလျှင် ထိုမင်း၏ အဆုံးအမကို သတိရ၍ လိုက်နာ နေသိုင်သူတိုင်းကို သုဂတိအဝသို့ ရောက်စေနိုင်သည်၊ ထို့ကြောင့် စကြာမင်းလည်း စေတီ ပုထိုး တည်၍ ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်နိုင်သည်။

သီလရှိ ပုထုဇဉ်

“သီလရှိသော ပုထုဇဉ်ရဟန်း၏ အရိုးကို စေတီတည်ထိုက်၏”ဟု အဘယ်ကြောင့် ခွင့်ပြုတော်မမူပါသနည်းဟု မေးဖွယ်ရှိ၏၊ အဋ္ဌကထာ၌ “အံ့ဩဖွယ် မကောင်းသောကြောင့်”ဟု ဖြေထား၏၊ မှန်၏ သီလရှိသော ပုထုဇဉ်ရဟန်းတို့၏ အရိုးကို စေတီ ပုထိုး တည်ဖို့ရန် ခွင့်ပြုတော် မူလိုက်လျှင်

သီဟိုဠ်ကျွန်းတစ်ကျွန်း၌ပင် စေတီတည်ဖို့ရန်နေရာမလောက်တော့၊ ထိုမျှလောက် စေတီတွေ များနေလျှင်လည်း အံ့ဩဖွယ် ကောင်းတော့မည်မဟုတ်၊ ထို့ကြောင့် ပုထုဇဉ်ရဟန်းတို့၏ အရိုးကို စေတီတည်ဖို့ရန် ခွင့်ပြုတော်မမူချေ၊ ထိုသို့ မအံ့ဩလောက်သည့် အတွက် စေတီတည်ဖို့ ခွင့်မပြုပါသော်လည်း “သီလရှိသော ရဟန်းတော် ဖြစ်လျှင် ပရိနိဗ္ဗာန်စံသောရဟန်းတော်ကဲ့သို့ ကြီးကျယ်စွာ ပူဇော်သင့်၏” ဟု အဋ္ဌကထာ၌ မိန့်တော်မူပါသည်။

အရှင်အာနန္ဒာ၌ ပြင်းစွာ သောကဖြစ်ခြင်း

အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ အနီး၌ စဉ်းစားမိသည်မှာ ဗုဒ္ဓမြတ်စွာသည် သံဝေဂ ဖြစ်စရာ ကောင်းသော လေးဌာနကိုလည်း ဟောတော်မူပြီးပြီ၊ စေတီတော်ကိုဖူးမျှော်ဖို့ရန် သွားရာ၌ အကျိုးရှိသောအချက်အလက်ကိုလည်း ဟောတော်မူပြီးပြီ၊ မာတုဂါမတို့၌ ပြုကျင့်ဖွယ် ပြဿနာကိုလည်း ဖြေတော်မူပြီးပြီ၊ ကိုယ်တော်မြတ်၏ အလောင်းတော်၌ ပြုကျင့်ရမည့် ကိစ္စကိုလည်း မိန့်တော်မူပြီးပြီ၊ စေတီတည်၍ ကိုးကွယ်ထိုက်သောပုဂ္ဂိုလ် ၄ မျိုးကိုလည်း မိန့်တော်မူပြီးပြီ၊ ဗုဒ္ဓမြတ်စွာသည် ကေန်မုချ ယနေ့ ပရိနိဗ္ဗာန် စံတော်မူတော့မည်၊ ဤသို့ စဉ်းစားရင်း စဉ်းစားရင်း ကြီးကျယ်စွာ ဝမ်းနည်းမှုသောက ဖြစ်လာလေသည်။

ငိုရမှု သောကအား

ထိုသို့ သောက ဖြစ်လျှင် ငိုလိုက်ရမှ သောကသက်သာ၏၊ မငိုရလျှင် ရင်ထဲ၌ ဆို့နေသောကြောင့် သာ၍အနေခက်၏၊ မြတ်စွာဘုရား၏ ရှေ့တော်၌ငိုခြင်းငှါ

မသင့်တော်၊ ဤသို့ စဉ်းစား၍ အနီးအပါး၌ရှိသော တန်ဆောင်းဝန်းသို့ သွားပြီးလျှင် တံခါးရွက်တိုင်ကိုကိုင်၍ ငိုလျက် စဉ်းစားပြန်သည်၊ ငါသည် သောတာပန်သာဖြစ်၍ အထက်မဂ်အကျိုးငှါ ပြုစရာ ကိစ္စ ရှိသေး၏၊ ငါ့ကို သနားစောင့်ရှောက် ချီးမြှောက်တော်မူသော နောင်တော်ဘုရားလည်း ပရိနိဗ္ဗာန် စံတော့မည်၊ ဤသို့ တွေးကာ တွေးကာ သာ၍ပင် သောကဖြစ်ရှာလေသည်။

အရှင်အာနန္ဒာ၏ သောကကို ပြေတော်မူရခြင်း

ဗုဒ္ဓမြတ်စွာသည် သံဃာ့အလယ်၌ အရှင်အာနန္ဒာကို မြင်တော် မမူသောကြောင့် မေးတော်မူသောအခါ တန်ဆောင်းဝန်းသို့ သွား၍ တံခါးတိုင်ကိုကိုင်လျက် ငိုနေပါကြောင်း လျှောက်ကြလေသည်၊ ထိုအခါ မြတ်စွာဘုရားအမိန့်တော်အရ ခေါ်၍ ရောက်လာသောခါ မိန့်တော်မူသည်မှာ—

အာနန္ဒာ—ဝမ်းမနည်းနှင့်၊ မငိုကြွေးနှင့်၊ စောစောကပင် အလုံးစုံ ချစ်အပ်သူတို့နှင့် ကွဲရမည့် အကြောင်း၊ ဖြစ်သောအရာ ဟူသမျှ ပျက်ခြင်းသဘောရှိကြောင်း၊ ငါဘုရား၏ ကိုယ်တော်ပင် ဖြစ်သော်လည်း "မပျက်ပါစေနှင့်"ဟု တောင့်တ၍မရကြောင်းကို မိန့်တော်မူခဲ့ပြီ၊ အာနန္ဒာ—အသင်သည် ငါဘုရားကို ကြီးမားသော မေတ္တာကာယကံ၊ မေတ္တာ ဝစီကံ၊ မေတ္တာ မနောကံဖြင့် ပြုစုလုပ်ကျွေးခဲ့ပြီ၊ အသင်သည် ရဟန္တာဖြစ်လောက်အောင် ကုသိုလ်ကောင်းမှု ပြုခဲ့ပြီ၊ ကမ္မဋ္ဌာန်းကို အားထုတ်ရစ်လော၊ ကမ္မဋ္ဌာန်းကို အားထုတ်လျှင် လျင်မြန်စွာပင် အာသဝေါကင်းကွာ ရဟန္တာ ဖြစ်ရစ်လိမ့်မည်၊ ဤသို့ မိန့်တော်မူ၍ သောကကို သက်သာစေတော်မူသည်။

အရှင်အာနန္ဒာ၏ဂုဏ်များကို မိန့်တော်မူခြင်း

ဘိက္ခုတို့- အတိတ်ကာလ၌ ပွင့်တော်မူကြသော ဘုရားရှင်တို့၏ အလုပ်အကျွေးတို့သည် ဤ အာနန္ဒာထက် မသာလွန်ကြတော့၊ အနာဂတ်ကာလ၌ ပွင့်တော်မူကြမည့် ဘုရားရှင်တို့၏ အလုပ်အကျွေးများလည်း အာနန္ဒာထက် မသာလွန်ကြတော့၊ ဘိက္ခုတို့— အာနန္ဒာသည် အကြောင်းအကျိုးကို မြင်သိသော ပင်ကိုပညာလည်းရှိ၏၊ တစ်ခဏချင်း ထိုးထွင်း၍သိနိုင်သော ပညာလည်း ရှိ၏၊ ဤအချိန် ဤအခါသည် မြတ်စွာဘုရားကို ဘိက္ခုတို့၏ ဖူးမြင်ဖို့ရန် ချဉ်းကပ်ချိန် ဖြစ်၏၊ ဤအချိန် ဤအခါသည် ဘိက္ခုနီတို့၏ မြတ်စွာဘုရားကို ဖူးမြင်ဖို့ရန် ချဉ်းကပ်ချိန် ဖြစ်၏၊ ဤအချိန် ဤအခါသည် ဥပါသကာယောကျ်ားတို့၏ မြတ်စွာဘုရားကို ဖူးမြင်ဖို့ရန် ချဉ်းကပ်ချိန်ဖြစ်၏၊ ဤအချိန်ဤအခါသည် ဥပါသိကာဒါယိကာမတို့၏ မြတ်စွာဘုရားကို ဖူးမြင်ဖို့ရန် ချဉ်းကပ်ချိန် ဖြစ်၏၊ ဤအချိန် ဤအခါသည် မင်းတို့၏လည်းကောင်း၊ အမတ်ကြီးတို့၏ လည်းကောင်း၊ တိတ္ထိတို့၏ လည်းကောင်း၊ တိတ္ထိ တပည့်တို့၏ လည်းကောင်း ဖူးမြင်ဖို့ရန် အချိန်အခါ ဖြစ်၏၊ ဤသို့ သိသည်။

အရှင်အာနန္ဒာ၌ အံ့ဩဖွယ်ဂုဏ်လေးမျိုး

၁ – ဘိက္ခုပရိသတ်သည် အရှင်အာနန္ဒာ၏ ကြည်ညိုဖွယ်ကောင်းပုံ၊ ရုပ်အဆင်းသပ္ပါယ်ပုံ၊ ဗဟုသုတများပုံ၊ သံဃာ့အလယ် တင့်တယ်ပုံ ဤဂုဏ်တို့ကို ကြားရ၍ ဖူးမြော်ဖို့ရန် လာကြကုန်၏၊ ထိုအခါ မြင်ရလျှင်ပင် "ကြားရခြင်းနှင့် ညီပါပေ၏" ဟု တွေးကာ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြ၏၊ အာနန္ဒာက ကျန်းမာ ချမ်းသာကြောင်းကို မေးပြီးလျှင် တရားအားထုတ်မှု၌ ကြိုးစားကြပါ၊

ဆရာဥပဇ္ဈာယ်တို့၌ ဝတ်ကြီးဝတ်ငယ်ကို ဖြည့်ကျင့်ကြပါ၊ ဤသို့စသော တရားစကားကို ကြားနာရသည်ရှိသော် ထိုတရားစကားကို ကြားရခြင်းဖြင့် လွန်စွာပင် ဝမ်းမြောက်ကြ၏၊ ရောက်လာသော ပရိသတ်က တရားစကားကို နားထောင်ကောင်းတုန်းမှာပင် အချိန်ကြာမည်စိုးသောကြောင့် တရားစကားကို ရပ်နားလိုက်၏၊ ထိုအခါ တင်းတိမ်အားရခြင်းမရှိဘဲ ပြန်ကြရသည်၊ ၂- ဘိက္ခုနီပရိသတ်တို့ လာရာ၌လည်း ဤနည်းပင်။

၃- ဥပါသကာပရိသတ်တို့ လာရာ၌ကား "ဥပါသကာတို့ - သရဏဂုံ ၃ ပါးကို မပျက်ရအောင် စောင့်ရှောက်ကြပါရဲ့လား၊ ငါးပါးသီလကို မပျက်ရအောင် စောင့်ရှောက်ကြပါရဲ့လား၊ တစ်လလျှင် ရှစ်ကြိမ်လောက် ဥပုသ်စောင့်ကြပါရဲ့လား၊ မိဘတို့ကို ပြုစုလုပ်ကျွေးကြပါရဲ့လား၊ သူတော်ကောင်း ရဟန်းတော်တို့ကို ပြုစုကြပါရဲ့လား" ဤသို့ မေး၏၊ ၄- ဥပါသိကာဒါယိကာမတို့ လာရာ၌လည်း ဤနည်းအတူပင် မေး၏၊ ထိုဥပါသကာ ဥပါသိကာမတို့သည် အရှင်အာနန္ဒာ၏ စကားကို နားထောင်၍ အားမရသေးခင်ပင် အချိန်ကြာမည်စိုးသောကြောင့် အရှင်အာနန္ဒာက စကားဖြတ်လိုက်သောအခါ တရားနာ၍ အားရ တင်းတိမ်ခြင်း မရှိဘဲ ပြန်သွားကြရသည်။

စကြာမင်း၌ စကြာမင်းသည် မင်းပရိသတ်, ပုဏ္ဏားပရိသတ်, ဂုဏ်လေးမျိုး သူကြွယ်ပရိသတ်, သမဏပရိသတ်ဟူသော (ထို အခါ၌ရသေ့ပရိသတ်) စသော ပရိသတ်လေးမျိုးတို့၏ စကြာမင်းကို ချဉ်းကပ်ရာ၌ မြင်ရုံမျှဖြင့် ဝမ်းမြောက်ပုံ, သြဝါဒစကား ကြားရုံဖြင့်လည်း ဝမ်းမြောက်ပုံ, သြဝါဒစကားကို ကြားနာ၍ အားမရဘဲ ပြန်ခဲ့ရပုံတို့ကို ဥပမာပြု၍ အရှင်အာနန္ဒာ၏ အံ့သြဖွယ် လေးမျိုးကို ထပ်၍ မိန့်တော်မူသည်။

မဟာသုဒဿန သုတ်တော် အရှင်အာနန္ဒာသည် ပရိနိဗ္ဗာန် စံတော်မူမည်ကို စိုးရိမ်လှ၍ နေ့ရက် ဆွဲနိုင်သမျှ ဆွဲထားလိုဟန် တူ၏ ထို့ကြောင့် အောက်ပါစကားကို လျှောက်ထားသည်၊ "မြတ်စွာဘုရား - ဤမြို့ငယ်ကလေး၌, မြေအနေအထား မညီညွတ်သော မြို့ကလေး၌, မြို့ကြီးတို့၏ အခက်အလက်သဖွယ်ဖြစ်သော မြို့ကလေး၌ ပရိနိဗ္ဗာန်စံတော် မမူပါနှင့်၊ စမ္ပါ, ရာဇဂြိုဟ်, သာဝတ္ထိ အစရှိသော မြို့ကြီးများ ရှိပါသည်၊ ထိုမြို့ကြီးများ၌ ပစ္စည်းဥစ္စာပေါ များသော မင်း ပုဏ္ဏား သူဌေး သူကြွယ်တို့ အလွန်ပင် ကြည်ညိုကြပါသည်၊ ထိုမင်း ပုဏ္ဏား သူဌေး သူကြွယ်တို့သည် အလောင်းတော်ကို ပူဇော်ကြပါလိမ့်မည်" ဤသို့ လျှောက်သောအခါ အာနန္ဒာ - ကုသိနာရုံမြို့ကို "မြို့ငယ်ကလေး, မညီညွတ်သော မြို့ကလေး, မြို့ကြီးများ၏ အခက်အလက်သဖွယ် ဖြစ်သော မြို့ကလေး" ဟု မပြောနှင့်။

အာနန္ဒာ - ငါဘုရားသည် မဟာသုဒဿနစကြာမင်း ဖြစ်စဉ်က ဤနေရာသည် အလွန် ကြီးကျယ်သော ကုသဝတီ မင်းနေပြည် ဖြစ်ခဲ့ဖူးပြီ၊ ကုသဝတီမင်းနေပြည်သည် အရှေ့ အနောက်အားဖြင့် အလျား တစ်ဆယ့်နှစ်ယူဇနာ, တောင်မြောက်အားဖြင့် အနံ ခုနစ်ယူဇနာ ရှိ၏၊ ဤ ကုသဝတီမင်းနေပြည်သည် တာဝတိံသာနတ်ပြည်၌ "အာဠကမန္ဒာ" မည်သော မင်းနေပြည်ကဲ့သို့ ပြည့်လည်းပြည့်စုံ၏၊ စည်ပင်လည်း စည်ပင်၏၊ များသော လူအပေါင်းလည်း

ရှိ၏၊ အမျိုးမျိုးသော လူအပေါင်းတို့ဖြင့် ရောပြွမ်းနေ၏၊ သဘာယာ ဝပြော အစာပေါ၏၊ ဤသို့စသည်ဖြင့် ကုသဝတီမင်းနေပြည်၏ ကြီးကျယ် ခန်းနား၍ စည်ပင် သာယာပုံကို ဟောတော်မူသည်။ [ဤ မဟာသုဒဿနသုတ်ကို နောက်၌ သီးခြားပြပါမည်။]

မလ္လာမင်းတို့ လာ၍ရှိခိုးကြခြင်း — မြတ်စွာဘုရား၏အလိုတော်ဖြင့် အရှင်အာနန္ဒာသည် ကုသိနာရုံမြို့အတွင်းသို့ ဝင်၍ စည်းဝေး နေကြသော မလ္လာမင်းတို့အား ပြောပြသည်မှာ- "ဝါသေဋ္ဌတို့ -(ထိုမင်းများကို အနွယ်အားဖြင့် ခေါ်သည်၊) ဤည၌၏ နောက်ဆုံးအချိန်၌ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူလိမ့် မည်၊ ပရိနိဗ္ဗာန်စံတော်မူပြီးခါမှ "ငါတို့ မသိလိုက်ရ, နောက်ဆုံး အချိန်၌ ငါတို့ မဖူးလိုက်ရ"ဟု နောင်တ မရကြနှင့်၊ ဤသို့ ပြော သောအခါ မလ္လာမင်းတို့သည်လည်းကောင်း , မလ္လာမင်းသားတို့ သည် လည်းကောင်း , မိဖုရားတို့သည်လည်းကောင်း , ချွေးမတို့ သည်လည်းကောင်း အလွန် စိတ်မချမ်းမသာဖြင့် ဆံပင်တို့ကို ဖြန့်၍ ဗုဒ္ဓမြတ်စွာသည် အလွန် လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူတော့ မည်၊ အလွန် လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူတော့မည်၊ ကမ္ဘာ လောက၌ ဉာဏ်မျက်လုံးတော်ကြီး အလွန်လျင်မြန်စွာ ကွယ်တော့ မည်"ဤသို့ ပြောကာ ပြောကာ မြည်တမ်းကြကုန်၏၊ တချို့က လက်ရုံးနှစ်ဖက်ကို မြှောက်၍ မြှောက်၍ ငိုကြွေး မြည်တမ်းကြကုန် ၏၊ အလယ်၌ ပြတ်၍ ကျသကဲ့သို့ မြေကြီး၌ လဲကြကုန်၏၊ လူးကြ လိမ့်ကြကုန်၏၊ ဤသို့ ငိုကြွေးမြည်တမ်းရင်း အင်ကြင်းဥယျာဉ်သို့ လာ၍ အရှင်အာနန္ဒာအထံသို့ ချဉ်းကပ်ကြလေသည်။

ရှိခိုးစေပုံ အစီအစဉ် — အရှင်အာနန္ဒာသည် မလ္လာမင်းပရိသတ်ကြီးကို ကြည့်၍ စဉ်းစားမိသည်မှာ- "ဤမလ္လာမင်းတို့ကိုတစ်ယောက်စီ တစ်ယောက်စီ ရှိခိုးစေရလျှင် ညဉ့်သာ ကုန်သွားလိမ့် မည်, ရှိခိုး၍ပြီးမည်မဟုတ်၊ ထို့ကြောင့် ဤမလ္လာမင်းတို့ကို အမျိုး အစဉ်အားဖြင့်ထားပြီးလျှင် အမျိုးနာမည်အားဖြင့်လျှောက်၍ရှိခိုး စေရပါမူကား ကောင်းလေစွ"ဟု အကြံဖြစ်ပြီ၊ ထိုအကြံအတိုင်း ရှိခိုးစေသည်မှာ- မြတ်စွာဘုရား--- မည်သည့် အမျိုးအမည်ရှိသော မလ္လာမင်းသည် သားတော် သမီးတော် ကြင်ယာတော်နှင့် တကွ, ပရိသတ်နှင့်တကွ, အမတ်များနှင့်တကွ, ဗုဒ္ဓမြတ်စွာ၏ ခြေတော် တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါပြီဘုရား၊ ဤသို့ သူ့ အမျိုးနှင့်သူ နာမည် တပ်၍ ၁-ခုစီ ၁-ခုစီ အနီးသို့ ဝင်ကာဝင်ကာ ရှိခိုးစေသောကြောင့် ညဉ့်ဦးယာမ် အတွင်းမှာပင် ရှိခိုးခြင်းကိစ္စကို ပြီးစီးစေလေသည်။

သုဘဒ္ဒပရိဗိုဇ် ဝတ္ထု

သုဘဒ္ဒ အကြံဖြစ်ခြင်း — သုဘဒ္ဒပရိဗိုဇ်သည် "ယနေ့ ညဉ့်၏ နောက်ဆုံး ယာမ်၌ ရဟန်းဂေါတမ ပရိနိဗ္ဗာန် စံတော့မည်" ဟု ကြားရ၏၊ ထိုအခါ သုဘဒ္ဒ အကြံဖြစ်သည်မှာ- "ငါ့မှာရှေးဟောင်းနှောင်းဖြစ်ကိုပြောဆိုလေ့ရှိကြသော သက်ကြီး ဝါကြီး ဆရာကြီးတို့အထံမှ ကြားရဖူးသော အကြောင်းတစ်ခုရှိ၏၊ ထိုအကြောင်းကား- "လောက၌ အရဟံ သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ပြည့် စုံသော ဘုရားရှင်ဆိုတာ တစ်ရံတစ်ခါမှ ပွင့်တော်မူလာတတ်၏" ဟူသောအကြောင်း ဖြစ်၏၊ ထိုဂုဏ်နှင့်ပြည့်စုံသော ရဟန်းဂေါတမ သည် ယနေ့ညဉ့်၏နောက်ဆုံးယာမ်၌ ပရိနိဗ္ဗာန် စံတော်မူလိမ့်မည်၊

ငါမှာလည်း ယုံမှားသံသယဖြစ်နေသော အကြောင်းအရာ တစ်ခု ရှိ၏၊ ထိုယုံမှားသံသယကို "ရဟန်းဂေါတမသည် ရှင်းသွားအောင် တရားဟောနိုင်၏" ဟု ငါယုံကြည်သည်၊ ဤသို့ အကြံဖြစ်၏။

သုဘဒ္ဒနှင့် အရှင်အာနန္ဒာ သုဘဒ္ဒသည် ထိုယုံမှားသံသယကို ပယ်ဖျောက်လို၍ အင်ကြင်းဥယျာဉ်သို့ လာပြီးလျှင် အရှင်အာနန္ဒာ အထံ၌ ဗုဒ္ဓမြတ်စွာကို ဖူးမြင်ခွင့်ရဖို့ရန် ခွင့်တောင်း လေသည်၊ ထိုအခါ အရှင်အာနန္ဒာ စဉ်းစားမိသည်မှာ-ဤပရိဗိုဇ် တို့သည် မိမိအယူကိုသာ စွဲစွဲလမ်းလမ်း ယူတတ်ကုန်၏၊ ထိုအယူကို စွန့်စေဖို့ရန် များစွာသောစကားကိုပြောတော်မူရလျှင် ဗုဒ္ဓမြတ်စွာ မှာ ကိုယ်တော်၏ ပင်ပန်းခြင်း, နှုတ်တော်၏ ပင်ပန်းခြင်း ဖြစ်လိမ့် မည်၊ ဤသို့ စဉ်းစားမိ၍ "ငါ့ရှင် သုဘဒ္ဒ ဗုဒ္ဓမြတ်စွာကို မညှဉ်းဆဲ ပါနှင့်၊ ဗုဒ္ဓမြတ်စွာသည် ပင်ပန်းတော်မူနေပါသည်" ဤသို့ ခွင့် မပြုသောအခါ "ဤရဟန်းသည် ငါ့ကို ခွင့်မပြု၊ သို့သော် အလို ရှိသော ပုဂ္ဂိုလ်သည် သူ့အလိုကို လိုက်ထိုက်၏" ဟု ကြံ၍ နှစ်ကြိမ် မြောက် ခွင့်တောင်းပြန်သည်၊ အရှင်အာနန္ဒာသည်ခွင့်မပြု၊ သုံးကြိမ် မြောက် ခွင့်တောင်းပြန်လည်း အရှင်အာနန္ဒာသည် ခွင့်မပြုချေ။

ဗုဒ္ဓမြတ်စွာ ခွင့်ပြုတော်မူခြင်း ဗုဒ္ဓမြတ်စွာသည် သုဘဒ္ဒနှင့် အရှင်အာနန္ဒာ၏ အပြန်အလှန် စကားပြောသံကို ကြားတော်မူ သောအခါ "အာနန္ဒာ--သုဘဒ္ဒကို မတားပါ နှင့်၊ သုဘဒ္ဒသည် ငါဘုရားကို ဖူးမြင်ခွင့်ရပါစေ၊ သူမေးအပ်သော ပြဿနာသည် သိလိုသောကြောင့်သာ ဖြစ်၏၊ ညှဉ်းဆဲ လိုသော ကြောင့် မဟုတ်ပါ၊ ငါဘုရားဖြေတော်မူရလျှင် လျှင်မြန်စွာသိနိုင်

ပါလိမ့်မည်" ဤသို့မိန့်တော်မူသောအခါ အရှင်အာနန္ဒာက ဝင်ခွင့် ပြု၍ မြတ်စွာဘုရားအထံတော်သို့ ရောက်လာပြီးလျှင် ဝမ်းမြောက် စကားကို လျှောက်ပြီးမှ အနီးအပါး၌ ထိုင်လေသည်။

ပြဿနာ မေးလျှောက်ခြင်း အရှင်ဂေါတမ--(တိတ္ထိဆရာကြီး ၆ ယောက်၏ နာမည်ကိုဖော်ပြ၍) သူတို့အားလုံးသည် မိမိတို့ ဝန်ခံသည့်အတိုင်း သိကြပါကုန်သလော၊ သူတို့ အားလုံးသည် မိမိတို့ ဝန်ခံသည့်အတိုင်း မသိကြကုန်ပါသလော၊ သို့မဟုတ် တချို့ဆရာကြီးတို့ကသိ၍, တချို့ဆရာကြီးတို့က မသိကြ ပါသလော၊ ဤသို့ လျှောက်သောအခါ "သုဘဒ္ဒ......--သူများ၏ အကြောင်းကို ဖြေနေဖို့ရန် အချိန်မရှိတော့၊ သင့်အား တရားကိုသာ ဟောမည်၊ ထိုတရားကို ကောင်းစွာ နာယူလော" ဟု မိန့်တော်မူ၍ ဟောတော်မူသည်မှာ--

ဗုဒ္ဓမြတ်စွာ၏ အဖြေတရား သုဘဒ္ဒ--အကြင်သာသနာ၌ အရိယာဖြစ်ကြောင်း ကောင်းသော မဂ္ဂင်ရှစ်ပါး အကျင့်တရား မရှိ၊ ထို သာသနာ၌ ပဌမတန်း သောတာပန် ရဟန်းကို လည်း မရနိုင်၊ ဒုတိယတန်း သကဒါဂါမ်ရဟန်းကိုလည်း မရနိုင်၊ တတိယတန်း အနာဂါမ် ရဟန်းကိုလည်း မရနိုင်၊ စတုတ္ထတန်း ရဟန္တာရဟန်းကိုလည်း မရနိုင်၊ အကြင်သာသနာ၌ အရိယာအဖြစ် ကို ပြုနိုင်သော မဂ္ဂင်ရှစ်ပါး အကျင့်တရား ရှိ၏၊ ထိုသာသနာ၌သာ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဟူသော ပုဂ္ဂိုလ် လေးမျိုးကို ရနိုင်သည်၊ သုဘဒ္ဒ.. ဤငါဘုရား၏ သာသနာတော်၌ အရိယာအဖြစ်ကိုပြုနိုင်သော မဂ္ဂင်ရှစ်ပါးအကျင့်တရားရှိ၍ ရဟန်း လေးမျိုး ရနိုင် တွေ့နိုင်သည်။

တိတ္ထိတို့ ဟောပြောအပ်သော တရားတို့သည် (မဂ္ဂင်ရှစ်ပါး အရိယာအဖြစ်ကို မှုတတ်သော တရားများ မရှိသောကြောင့်) သစ္စာလေးပါးတရားကို သိနိုင်သော ရဟန်းလေးမျိုးတို့မှ ကင်းကြသစ္စာလေးပါးတရားကို သိနိုင်သော ... ဆိတ်သုဉ်းကြကုန်၏၊ သုဘဒ္ဒ...ဤ ငါဘုရား၏ သာသနာတော်၌ ဘိက္ခု အမည်ခံသော ပုဂ္ဂိုလ်တို့သည် မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်၍ ကောင်းစွာနေကြလျှင် ဤကမ္ဘာလောကကြီးသည် ရဟန္တာ တို့မှ မဆိတ်သုဉ်းဘဲ ရဟန္တာများကို အမြဲပင် တွေ့နိုင်သည်၊ ဤသို့ စသည်ဖြင့် မိန့်တော်မူသည်။

သုဘဒ္ဒ ရဟန်းပြုခွင့် တောင်းခြင်း ဗုဒ္ဓမြတ်စွာ၏ တရားတော်၌ မဂ္ဂင်ရှစ်ပါးကို အကျဉ်းမျှ တွေ့ရသော်လည်း မဂ္ဂင်ရှစ်ပါး အကြောင်းကို သုဘဒ္ဒသည် ကြားဖူးနားဝ ရှိပါလိမ့်မည်၊ " မဂ္ဂင်ရှစ်ပါးမရှိသော သာသနာ၌ အရိယာမရှိ၊ မဂ္ဂင်ရှစ်ပါးရှိသော သာသနာ၌သာ အရိယာရှိနိုင်၏ " ဟု မိန့်တော်မူချက်ဖြင့် အလွန် နှစ်သက်လေရကား " မြတ်စွာဘုရား— အလွန် နှစ်သက်ဖွယ် ကောင်းပါပေသည်၊ မှောက်နေသော အိုးကို လှန်ပြသကဲ့သို့ လည်းကောင်း, ဖုံးအပ်သောဝတ္ထုကို ဖွင့်ပြသကဲ့သို့ လည်းကောင်း, လမ်းမှားနေသူကို လမ်းမှန် ပြောပြသကဲ့သို့ လည်းကောင်း, အမှောင်ခန်း၌ ဆီမီးထွန်းပြသကဲ့သို့လည်းကောင်း, ဗုဒ္ဓမြတ်စွာသည် ပရိယာယ်အမျိုးမျိုးဖြင့် တရားတော်ကို ထင်ရှား အောင် ဟောပြပါပေသည်၊ မြတ်စွာဘုရား .. တပည့်တော်သည် မြတ်စွာဘုရားကို လည်းကောင်း, မြတ်စွာဘုရား၏ တရားတော်ကို လည်းကောင်း, အရိယာသံဃာတော်ကိုလည်းကောင်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ ဘုရားတပည့်တော်ကိုယ်တိုင်ပင် ရှင်အဖြစ်, ရဟန်းအဖြစ်ကို ရလိုပါသည် " ဟု လျှောက်လေသည်။

သုဘဒ္ဒ ရဟန္တာဖြစ်ခြင်း မြတ်စွာဘုရား၏ အမိန့်တော်အရ အရှင် အာနန္ဒာသည် သုဘဒ္ဒကို သင့်တော်ရာ အရပ်သို့ ခေါ်ဆောင်၍ ရေဘူးထဲမှ ရေဖြင့် ဦးခေါင်းကို ဆွတ်ပြီးလျှင် တစပဉ္စကကမ္မဋ္ဌာန်းကို ပြောပြ၍ ဆံချလေသည်၊ ထို့နောက် သင်္ကန်းဝတ်၍ သရဏဂုံ ပေးပြီးလျှင် မြတ်စွာဘုရားအထံတော်သို့ ခေါ်ခဲ့လေသည်၊ ဗုဒ္ဓမြတ်စွာသည် ရဟန်းဖြစ်စေ၍ ကမ္မဋ္ဌာန်းပေးတော်မူ၏၊ သုဘဒ္ဒသည် ဥယျာဉ်၏ အစွန်အဖျား၌ စင်္ကြံသွားလျက် ကြိုးစားလေရာ ပဋိသမ္ဘိဒါဉာဏ်နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်၍ မြတ်စွာဘုရား၏ မျက်မှောက်တော်ဝယ် နောက်ဆုံး ရဟန္တာ သာဝကဖြစ်ရပေသည်။

နောက်ဆုံးမှ သုဘဒ္ဒကျွတ်ရခြင်း ရှေးက လယ်သမားဖြစ်ကြသော ညီနောင် နှစ်ယောက်တို့တွင် အစ်ကိုကြီးသည် သူ၏ ဆိုင်ရာလယ်မှ နို့ရည်ခဲချိန်ကစ၍ ကျီအတွင်းသို့ စပါးကို သွင်းသည့်တိုင်အောင် အဦးအဖျားကို ယူ၍ နို့ရည် ခဲချိန်ဝယ် နို့ရည်ကိုထုတ်၍ ထောပတ် ဆီဦးတို့နှင့် ရောစပ်ပြီးလျှင် ပဉ္စမ လှူ၏၊ မုန့်ဆန်းလုပ်၍ ဖြစ်ချိန်လောက်၌ အဦးအဖျားကိုယူပြီးလျှင် မုန့်ဆန်းလုပ်၍ လှူ၏၊ ရိတ်ချိန်လောက်၌ အဦးအဖျားကို ယူပြီးလျှင် လှူ၏၊ ရိတ်၍ အထုံးဖွဲ့ချိန်လောက်၌ အဦးအဖျားကို ယူ၍ လှူ၏၊ ကောက်နယ်တလင်း၌ နယ်ဖို့ရန်အချိန်ဝယ် အဦးအဖျားကို ယူ၍ လှူ၏၊ ကောက်နယ်တလင်း၌ ဖြစ်သော စပါးတို့ကို အဦးအဖျား ယူ၍ လှူ၏၊ စပါးကျီ (ဂိုဒေါင်) သို့ သွင်းသောအခါဝယ် အဦးအဖျားကို ယူ၍ လှူ၏၊ ဤသို့ အဦးအဖျားကို လှူခဲ့သော ကောင်းမှုကြောင့် အကြီးဖြစ်သူသည် မမြစကြာတရား ဟောတော်

မူရာ ပဌမတရားပွဲမှာပင် အညာသိကောဏ္ဍညထေရ် အဖြစ်ဖြင့် ရခဲ့သည်၊ ထိုအခါတုန်းက ညီဖြစ်သောသူမှာ အားလုံးပြီးမှ တစ်ကြိမ်သာ လှူ၏၊ ထို့ကြောင့် ညီဖြစ်ခဲ့သော သုဘဒ္ဒပရိဗိုဇ်သည် နောက်ဆုံးအချိန်ကျမှ တရားထူး ရလေသည်။

မှတ်ချက်။ ။ဗုဒ္ဓမြတ်စွာ၏ ကုသိနာရုံမြို့ ပရိနိဗ္ဗာန်စံရခြင်း၏ အကြောင်းသုံးပါးတွင် "မဟာသုဒဿနစက္ကဝတ္တိ" သုတ်ကို ဟောတော်မူလိုခြင်း, သုဘဒ္ဒကို နောက်ဆုံး ရဟန္တာဖြစ်စေတော်မူလိုခြင်းဟူသော အကြောင်းနှစ်ပါး ပြည့်စုံပြီ။

ဗုဒ္ဓကိုယ်စား တရားတော်များ အာနန္ဒာ.... ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ တရားစကားတော်၏ ဆန္ဒဖြစ်သော မြတ်စွာဘုရားသည် ကွယ်လွန်တော်မူပြီ၊ ငါတို့မှာ ဆရာမရှိတော့၊ ဤသို့ မမှတ်ထင်ကြလင့်၊ အာနန္ဒာ— ငါဘုရားသည် သုတ် အဘိဓမ္မာကို ဟောတော်မူအပ်, ထားတော်မူအပ်ပြီ၊ ဝိနည်းကိုလည်း ဟောတော်မူအပ်, ထားတော်မူအပ်ပြီ၊ ထိုသုတ် အဘိဓမ္မာဝိနည်းသည် ငါဘုရား ကွယ်လွန်သောအခါ အသင်တို့၏ ဆရာ ဖြစ်ရစ်လိမ့်မည်၊ ယခုအခါ ငါဘုရား တစ်ပါးတည်းသာ ဟောတော်မူရ၏၊ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ ထိုရှစ်သောင်း လေးထောင်သော ဓမ္မက္ခန္ဓာတရားတော်တို့က အသင်တို့ကို ဆုံးမရစ်ကြလိမ့်မည်။

နောင်အခါခေါ်ကြပုံ အာနန္ဒာ.... ယခုအခါ၌ ရဟန်းတို့သည် ငယ်သည် ဖြစ်စေ, ကြီးသည် ဖြစ်စေ အချင်းချင်း "အာဝုသော" ဟု ခေါ်ကြကုန်၏၊ ငါဘုရား ကွယ်လွန်

သောအခါ ကြီးသောရဟန်းက ငယ်သောရဟန်းကို ငယ်နာမည် အတိုင်းလည်း ခေါ်နိုင်၏၊ မျိုးရိုးအနွယ်အားဖြင့်လည်းခေါ်နိုင်၏၊ အာဝုသော (ငါ့ရှင်) ဟုလည်း ခေါ်နိုင်၏၊ ငယ်သော ရဟန်းက ကြီးသော ရဟန်းကို "ဘန္တေ (အရှင်ဘုရား)" ဟုလည်း ခေါ်နိုင်၏၊ "အာယသ္မာ (သက်တော်ရှည် အရှင်)" ဟုလည်း ခေါ်နိုင်၏။

သိက္ခာပုဒ်အချို့ကို နှုတ်လိုလျှင် နှုတ်နိုင်ပုံ "အာနန္ဒာ— ငါဘုရား ကွယ်လွန်သောအခါ ခုဒ္ဒါနုခုဒ္ဒက – ငယ်ကုန်, သာ၍ ငယ်ကုန်သော သိက္ခာပုဒ်တို့ကို နှုတ်လိုလျှင် နှုတ်နိုင်၏" ဟု မိန့်တော်မူ၏၊ ဤစကားတော်၌ "နှုတ်လိုလျှင်" ဟူသော စကား, "ငယ်ကုန်, သာ၍ ငယ်ကုန်သော သိက္ခာပုဒ်" ဟူသော စကားသည် စဉ်းစားစရာကောင်း၏၊ ထိုစကားတော်အရ နှုတ်ခြင်းကို အလိုရှိ၍ ပယ်နှုတ်ခဲ့သော် ဘုရား လက်ထက်တော် တုန်းက စိတ်မပါဘဲ ကျင့်ရသည့် အဖြစ်မျိုး ရောက်၏။

ထို့အပြင်- ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့တွင် ရွာတွင်း၌ စကျိုက် မချဘဲ သွားလာနေထိုင်ခြင်း, သင်္ကန်းမရုံဘဲ သွားလာနေထိုင်ခြင်း, ရွာတွင်း၌ ကျယ်စွာ ရယ်မောခြင်း, အသံကျယ်ကျယ် စကားပြောခြင်း, သင်္ကန်းတို့ကို မြှောက်ပင့်၍ သွားခြင်း, ရွာတွင်း ရွာ့ပြင် ကျင်ငယ်စွန့်ရာ၌ မတ်မတ်ရပ်၍ စွန့်ခြင်း, ပွဲကြည့်ခြင်း, သီချင်းဆိုခြင်း စသည်ဖြင့် လူကြီး လူကောင်းတို့သော်မှ မလုပ်ဝံ့ကြသော အလုပ်များကို လုပ်ခွင့် ရကြလိမ့်မည်၊ ထို့ကြောင့် "နှုတ်လိုလျှင်" ဟူသော စကားကို ထည့်၍ သုံးစွဲတော်မူသည်၊ "မနှုတ်လိုလျှင် မနှုတ်ကြနှင့်" ဟု မိန့်တော်မူလိုသည်။

အရှင်မဟာကဿပ မနှုတ်ဖို့ မိန့်တော်မူခြင်း

ထို့ကြောင့်ပင် သံဃာ့ ပရိသတ်တွင် အကြီးဆုံးဖြစ်သော အရှင် မဟာကဿပသည် ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် သံဃာများ၏ အလယ်၌ မိန့်တော်မူသည်မှာ— "ငါ့ရှင်တို့ များစွာသော သိက္ခာပုဒ်တို့ကို လူတို့သည် သိကြကုန်၏၊ ဤအမှု ဤအမှုသည် ရဟန်းတို့အား အပ်၏၊ ဤအမှု ဤအမှုကား ရဟန်းတော်များအား မအပ်=မပူအပ်"ဟု လူအများ သိနေကြ၏၊ ငါတို့သည် ငယ်ကုန်, သာ၍ငယ်ကုန်သော သိက္ခာပုဒ်တို့ကို ပယ်နှုတ်ကြလျှင် "ရဟန်းဂေါတမသည် အလောင်းတော်ကို မီးသင်္ဂြိုဟ်ရာ ကာလတိုင်ရုံ-မီးခိုးမတိတ်မီသာ သူ့သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်ထားသည်၊ သူ၏ တပည့်တို့ကလည်း သူတို့ဆရာရှိတုန်းသာ သိက္ခာပုဒ်၌ ကျင့်ကြသည်၊ သူတို့ဆရာ မရှိသောအခါ သိက္ခာပုဒ်၌ မကျင့်ကြတော့"ဟု ပြောစရာဖြစ်ပါလိမ့်မည်၊ထို့ကြောင့် "သံဃာတော်သည် မြတ်စွာဘုရား မပညတ်အပ်သေးသော သိက္ခာပုဒ်ကို အသစ်မပညတ်ဘဲ, ပညတ်အပ်ပြီးသော သိက္ခာပုဒ်ကိုလည်း မနှုတ်ဘဲ ကျင့်ကြဖို့ရန် သဘောတူကြပါလော"ဟု မိန့်တော်မူသည်။

အရှင် ဆန္နအား ဗြဟ္မဒဏ်ပေးဖို့ မိန့်တော် မူခြင်း

မြတ်စွာဘုရား၏ ငယ်ကျွန်တော်ဖြစ်သော အရှင်ဆန္နသည် ဘုရားရှင်ကို ချစ်ခင်နေသောကြောင့် သက်တော်ထင်ရှားရှိစဉ် အခါ၌ တရားထူးမရရှာ၊ ရဟန်း၊ သံဃာတော်များကိုလည်း ရိုသေလေးစားခြင်း မရှိ၊ ထို့ကြောင့် "ပရိနိဗ္ဗာန် စံတော်မူသောအခါ ဆန္နကို ဗြဟ္မဒဏ်(မြတ်သော ဒဏ်ပေးနည်းဖြစ်သော ဒဏ်)ပေးရစ်ကြ" ဟု မိန့်တော်မူ၏၊ "ဗြဟ္မဒဏ်"ဟူသည် အရှင်ဆန္နက ဘာပြောပြော

ရဟန်းတို့က ပြန်မပြောရ၊ မဆုံးမရ၊ မသွန်သင်ရ၊ သူလုပ်ချင်တာ လုပ်ပါစေ, ဂရုမစိုက်ဘဲ ထားရသောဒဏ်ဖြစ်သည်၊ အမှန်အားဖြင့် ရဟန်းသံဃာက သူ့ကို အဖက်မလုပ်တော့ဘဲ ပယ်ထားသော ဒဏ်ပင်တည်း။

ဘုရားပရိနိဗ္ဗာန်စံ၍ သံဃာစည်းဝေးသောနေရာ၌ ထိုအရှင်ဆန္န မရှိချေ၊အရှင်ဆန္နကကြမ်းတန်းသောကြောင့် အရှင်အာနန္ဒာသည် ရဟန်းငါးရာနှင့်အတူ သူ၏နေရာ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတိုက်သို့ လှေဖြင့် ကြွတော်မူ၍ ဗြဟ္မဒဏ်ပေးကြောင်းကို ပြောသောအခါ "ရဟန်းသံဃာများက တပည့်တော်ကို မဆုံးမတော့ဘူးဆိုလျှင် တပည့်တော်ကို သတ်လိုက်ဘာဘဲ ဘုရား"ဟု ပြော၍ ထိုနေရာ၌ပင် မူးမိုက်၍ လဲကျလေသည်၊ ထို့နောက် တရားအားထုတ်လေရာ မကြာခင် ရဟန္တာဖြစ်လေသည်၊ အရှင်ဆန္နသည် အရဟတ္တဖိုလ်သို့ ရောက်ပြီးနောက် အရှင် အာနန္ဒာအထံသို့ လာ၍ "အရှင်ဘုရား အာနန္ဒာ... တပည့်တော်၏ ဗြဟ္မဒဏ်ကို ငြိမ်းစေပါလော"ဟု လျှောက်၏၊ ထိုအခါ အရှင်အာနန္ဒာသည် "အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသည့်နေ့က စ၍ အရှင်၏ ဗြဟ္မဒဏ်သည် အလိုလို ငြိမ်းပါပြီ"ဟု မိန့်တော်မူသည်။

သံသယ ရှိလျှင် မေးလိုက်ကြ

ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့ကို မိန့်တော်မူသည်မှာ- ဘိက္ခုတို့ ... တစ်စုံတစ်ယောက်သော ရဟန်းမှာ ဘုရား၌ဖြစ်စေ, တရား၌ဖြစ်စေ, အရိယာသံဃာ၌ ဖြစ်စေ, မဂ်တရား၌ဖြစ်စေ, အကျင့်တရား၌ဖြစ်စေ, ယုံမှားသံသယ ရှိနေလျှင် မေးလိုက်ကြ၊ နောင်အခါ "မြတ်စွာဘုရား မျက်မှောက်တော်၌ မိမိ ယုံမှားခြင်းကို မမေးလိုက်မိ"ဟု နှလုံး မသာမယာ

မဖြစ်ရစ်ကြနှင့်၊ ဤသို့ မိန့်တော်မူသောအခါ ရဟန်းအားလုံးပင် ဆိတ်ဆိတ်နေကြသည်၊ နှစ်ကြိမ်မြောက်လည်းမေးဖို့ရန် တိုက်တွန်းတော်မူ၏၊ ရဟန်းအားလုံးဆိတ်ဆိတ်နေကြသည်၊ သုံးကြိမ်မြောက်လည်း မေးဖို့ရန် တိုက်တွန်းတော်မူ၏၊ ရဟန်းတော် အားလုံးပင် ဆိတ်ဆိတ် နေကြသည်။

မေးစေတော်မူခြင်း ဘိက္ခုတို့ ငါ့ဘုရားကို ရိုသေခြင်းကြောင့် မမေးလိုကြလျှင် သိတင်းသုံးဖော်တစ်ပါးကို မိမိကိုယ်စား မေးပါစေ၊ ဤသို့ မိန့်တော်မူသော်လည်း မည်သူမျှ မမေးကြ၊ အားလုံးဆိတ်ဆိတ်နေကြသည်။

အရှင်အာနန္ဒာ လျှောက်ပုံ အားလုံး ဆိတ်ဆိတ်နေရာအခါ၌ အရှင်အာနန္ဒာ လျှောက်ထားသည်မှာ- မြတ်စွာဘုရား— အံ့ဩစရာ ကောင်းပါပေသည်၊ မဖြစ်စဖူး ထူးဆန်းပါပေသည်၊ တပည့်တော်သည် "ဤဘိက္ခုသံဃာတွင် တစ်ပါးတလေမျှ ဘုရားစသည်အပေါ်၌ ယုံမှားသံသယမရှိ" ဟု ယုံကြည်ပါသည်၊ ဤသို့ လျှောက်သောအခါ မိန့်တော်မူသည်မှာ- အာနန္ဒာ— "ဤရဟန်းအပေါင်းတွင် တစ်ပါးတလေမျှ ဘုရားစသည်တို့၏အပေါ်၌ ယုံမှားသံသယ မရှိ" ဟု အမှန်အတိုင်း သိသောဉာဏ်သည်ပင် ငါ့ဘုရားမှာ ဖြစ်ပြီ၊ ဘာ့ကြောင့်နည်း— "အနီးအပါး၌ရှိကြသော ဤရဟန်းငါးရာတို့တွင် အောက်တန်းအကျဆုံး ပုဂ္ဂိုလ်မှာ သောတာပန် ဖြစ်၏၊ သောတာပန်မှန်လျှင် ဘုရား စသည်တို့ အပေါ်၌ ကိုယ်တိုင် သိနေသောကြောင့် ယုံမှားသံသယ မဖြစ်တော့" ဤသို့ မိန့်တော်မူပါသည်။

ကျိန်းစက်တော် မမူရ ဗုဒ္ဓမြတ်စွာ သွေးဝမ်းတော်လားပြီးရာအခါမှစ၍ ပရိနိဗ္ဗာန် စံတော်မူသည့် တိုင်အောင် အချိန်အတွင်း၌ အလွန် ပင်ပန်းစွာ ကြွလာတော်မူပါလျက် ကုသိနာရုံမြို့သို့ ရောက်သောအခါ ညဉ့်ဦးယာမ်၌ မလ္လာမင်းတို့အား တရားဟောတော်မူရ၏၊ သန်းခေါင်ယာမ်၌ သုဘဒ္ဒပရိဗိုဇ်ကို ကျွတ်တမ်းဝင်စေတော်မူရ၏၊ မိုးသောက်ယာမ်၌ ရဟန်းသံဃာတော်များကို ဩဝါဒပေးတော်မူရ၏၊ ဤသို့ အားတော် လွန်စွာ နည်းပါးလျက် အဖက်ဖက်က မလစ်လပ်ရအောင် ဆောင်တော်မူရသောကြောင့် အနည်းငယ်မျှ ကျိန်းစက်တော်မူခွင့် မရပါ။

နောက်ဆုံး စကားတော် ယခုအခါ၌ ကဆုန်လပြည့် ညဉ့်၏ အရုဏ်မတက်မီ နောက်ဆုံးအချိန် ရောက်ပြီးဖြစ်၍ ပရိနိဗ္ဗာန်စံတော်မူခါနီးစယ် လေးဆယ့်ငါးဝါပတ်လုံး ဆုံးမတော်မူအပ်သော ဩဝါဒတော်များကို "အပ္ပမာဒေန-သတိ" ဟူသော စကားတစ်လုံးထည်း၌ သွင်း၍ နောက်ဆုံး ဩဝါဒကို အောက်ပါအတိုင်း မိန့်တော်မူပါသည်။

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

ဈာန်ဝင်စားတော်မူခြင်း ဗုဒ္ဓမြတ်စွာသည် နောက်ဆုံး ဩဝါဒကို မိန့်တော်မူပြီးသော အခါ ပဌမဈာန်ကို ဝင်စားတော်မူ၏၊ ပဌမဈာန်၏ အာရုံသည် ပါဠိတော်အတိုင်း နှစ်ဆယ့်လေးပါး ရှိ၏၊ ထိုနှစ်ဆယ့်လေးပါး

သော ဇွာနတို့၌ အာရုံ ၁ပါးစီကို အာရုံပြု၍ ပဌမစျာန်ကို နှစ်ဆယ့် လေးကြိမ် ဝင်စားတော်မူ၏၊ ဒုတိယစျာန်၏ အာရုံသည် တစ်ဆယ့် သုံးပါး ရှိသောကြောင့် ဒုတိယစျာန်ကို တစ်ဆယ့်သုံးကြိမ် ဝင်စား တော်မူ၏၊ တတိယစျာန်ကိုလည်း ထို့အတူ တစ်ဆယ့်သုံးကြိမ် ဝင်စားတော်မူ၏၊ စတုတ္ထစျာန်၏ အာရုံသည် အရူပအာရုံတို့မှ ပါဝင်၊ လျှင် တစ်ဆယ့်ငါးပါးရှိသောကြောင့် စတုတ္ထစျာန်ကို အရူပစျာန် နှင့်တကွ တစ်ဆယ့်ငါးကြိမ် ဝင်စားတော်မူ၏၊ သို့သော် အကြိမ် ကြိမ် အထပ်ထပ် ဝင်စားတော်မူသောကြောင့် ထိုမျှမကဘဲ ကုဋေ နှစ်သန်းလေးသိန်း အရေအတွက် ရှိသော စျာန်သမာပတ်တို့ကို ဝင်စားတော်မူသည်။

ပရိနိဗ္ဗာန် စံတော်မူခြင်း စတုတ္ထစျာန် ဝင်စားတော်မူပြီးနောက် စျာန်အင်္ဂါ တို့ကို ဆင်ခြင်တော်မူပြီးလျှင် ပဋိသန္ဓေ နေတော်မူစဉ်က စိတ်နှင့်တူသော ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန် စံတော်မူသည်နှင့်တစ်ပြိုင်နက် မဟာပထဝီမြေကြီးသည် ကြောက်မက်ဖွယ်ရာ ပြင်းစွာမြည်ဟီး၍ ကြက်သီးထဖွယ် အကြီးအကျယ် တုန်လှုပ်လေသည်။

သဟမ္ပတိဗြဟ္မာ ။ ။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်နှင့် တစ်ပြိုင်နက် သဟမ္ပတိဗြဟ္မာမင်းသည် အောက်ပါ ဂါထာကို ရွတ်ဆိုပြီ။

သဗ္ဗေဝ နိက္ခိပိဿန္တိ, ဘူတာ လောကေ သမုဿယံ၊
ယတ္ထ ဧတာဒိသော သတ္ထာ, လောကေ အပ္ပဋိပုဂ္ဂလော၊
တထာဂတော ဗလပ္ပတ္တော, သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။

မြန်မာပြန်။ ။လူ နတ် ဗြဟ္မာ, သတ္တဝါ၏, ဆရာတစ်ဆူ,ဖြစ်တော်မူသား, ပြိုင်သူအားလုံး, ယှဉ်သော် ရှုံးဖို့, ထွတ်ဘုန်းကာယ, ဉာဏ်ဗလနှင့်, လုံးဝစုံလင်, အကုန်မြင်၍, သဗ္ဗညုမည်, ဉာဏ်တော်တည်သည့်, ရွှေရည်ရုပ်ဝါ, ကိုယ်ခန္ဓာလည်း, စွန့်ခွါပယ်ရ, ဤလောကဝယ်, ကာယအားလုံး, ပစ်ရထုံးသည်.... နှလုံး မရွှင်ဖွယ် တကား။

သိကြားမင်း ။ ။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်နှင့် တစ်ပြိုင်နက် သိကြားမင်းသည် အောက်ပါဂါထာကို ရွတ်ဆိုပြီ။

အနိစ္စာ ဝတ သင်္ခါရာ,
ဥပ္ပါဒဝယဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ,
တေသံ ဝူပသမော သုခေါ။

မြန်မာပြန် ။ ။ အဝိဇ္ဇာနှင့်, တ[illegible]ကမ္မ, အာဟာရ ဟု, စိတ်-ဥတုတို့, ပြုပြုပြင်ပြင်, တစ်သွင်[illegible]င့်, အစဉ်ပြုလုပ်, နာမ်နှင့်ရုပ်ကို, သမုတ်ခေါ်ကြ, သင်္ခါ[illegible]း,ဖြစ်က ပျက်ရန်, သဘောမှန်သဖြင့်, ကောင်းမုချ, အနိစ္စ[illegible] ဖြစ်၍ ပြီးသော်, ပျက်စီးပြန်ရ, ကေန္တမို့, နှစ်ဝ ရုပ်[illegible] အေးကြောင်း မှန်သည့်, နိဗ္ဗာန်မည်ခေါ်, ဓာတ်အနှစ်[illegible]သည်... အော်... အော်... ချမ်းသာကြောင်းပါတကား...

အရှင်အနုရုဒ္ဓါ။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည်နှင့် တစ်ပြိုင်နက် အရှင်အနုရုဒ္ဓါသည် အောက်ပါဂါထာကိုရွတ်ဆိုပြီ။

၁။ နာဟု အဿာသ ပဿာသော, ဌိတစိတ္တဿ တာဒိနော၊
အနေဇော သန္တိမာရဗ္ဘ, ယံ ကာလမကာရိ မုနိ။

မြန်မာပြန်။ ။အရှင်ဘုရား...သံသာများတို့တရားသခင်ဘုရား ရှင်သည်, များဖြင်အာရုံ, အဖုံဖုံဝယ်, လှုပ်တုန်စာတ်ခြင်း, တဏှာကင်း၍, သန့်ရှင်း နိဗ္ဗာန်, ဝင်ဖို့ရန် ဟု, ရည်သန်သမှု, အကြောင်းပြုလျက်, ယခုအခါ, စံလွန်ပါပြီ၊ များစွာ ထုံးစံ, လောကဓမ်ကို, ခံနိုင်စွမ်းရည်, စိတ်တည်တည်ဖြင့်, ကြည်ကြည်လင်လင်, ကိုယ်လည်း ရှင်လျက်, ထွက်ဝင် အသက်, နောက်မဆက်သည်...ဖြစ်ပျက် ငြိမ်းတော့ပြီတကား။

၂။ အသလ္လီနေန စိတ္တေန, ဝေဒနံ အဇ္ဈဝါသယိ၊
ပဇ္ဇောတဿေဝ နိဗ္ဗာနံ, ဝိမောက္ခော စေတသော အဟု။

မြန်မာပြန်။ ။ဗုဒ္ဓမြတ်စွာ, ဝေဒနာသည်, လွန်စွာပြင်းပြ, ခံခက်လှလည်း, လုံးဝ မလွန့်, စိတ်မတွန့်ဘဲ, မရွံ့ကြည်ဖြူ, ခံတော်မူ၍, အပူမီးတောက်, ငြိမ်းကာပျောက်သို့, နောက်နောက်ဝဋ်မီး, ကျွတ်လွတ်ပြီးသည်...ငြိမ်းကြီး ငြိမ်းလေပြီတကား....။

× × × × ×

အရှင်အာနန္ဒာ ။ ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်နှင့် တစ်ပြိုင်နက် အရှင်အာနန္ဒာသည် အောက်ပါဂါထာကိုရွတ်ဆိုပြီ။

တဒါသိ ယံ ဘိံသနကံ, တဒါသိ လောမဟံသနံ၊
သဗ္ဗာကာရ ဝရူပေတေ, သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ။

မြန်မာပြန် ။ ။ သီလ သမာဓိ, ပညာ ပြည့်၍, များဘိ ဥဿုံ, ဂုဏ်တော်စုံသည့်, သုံးဘုံ ထင်ရှား, မြတ်ဘုရား၏, တရား နိဗ္ဗူ, စံတော်မူသော်, ဗိုလ်လူ များလှ, ကြက်သီး ထ၍, ကြောက်ရအောင်ပင်, မြေလျှင်ကြီး, ပွဲ့ဘင်ဟီးသည်, ...အံ့ကြီးအံ့ဖွယ်ပါ တကား။

အမှာ ။ ။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူသောအခါ မလ္လာမင်းတို့၏ အလောင်းတော် မူဇော်ပုံမှစ၍ ဓာတ်တော်ဝေပုံ ပူဇော်ကြပုံ, အဇာတသတ်မင်းနှင့် အရှင်မဟာကဿပတို့ စုပေါင်း၍ ဌာပနာပုံ, နောင်အခါ ဓမ္မာသောကမင်းက ခေါ်၍ တိုင်းပြည်အနှံ့ ဖြန့်ပုံတို့ကို ''ဗုဒ္ဓဝင် အမေးအဖြေ'' စာအုပ် ယ် ကောဒသမအခန်း၌လည်းကောင်း, အချို့ကို ''ဗုဒ္ဓါနုဿတိဘာဝနာ'' ကျမ်းငယ်၌လည်းကောင်း, အရှင်မဟာကဿပထေရ် ကြွလာ၍ အလောင်းတော်ကိုရှိခိုးပုံနှင့်တကွ ဝန်ဆောင်ပုံကို ''အနာဂတ်သာသနာရေး'' ကျမ်း သံသာ့ချတနာ အခန်း၌ လည်းကောင်း ပြထားပြီဖြစ်၍ အထူး မရေးတော့ဘဲ ဗုဒ္ဓမြတ်စွာ၏ ပရိနိဗ္ဗာန်အကြောင်းကိုသာ ရေးသားပါမည်။

နိဗ္ဗာန်—ပရိနိဗ္ဗာန်

ပရိနိဗ္ဗာန် ၃ မျိုး၊ နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်သည် သဘောတူ၏၊ ထို ပရိနိဗ္ဗာန်သည် ကိလေသာတို့၏ ငြိမ်းအေးခြင်း ဟူသော ကိလေသပရိနိဗ္ဗာန်, ရုပ်ခန္ဓာတော်၏ ငြိမ်းအေးခြင်း ဟူသော ခန္ဓပရိနိဗ္ဗာန်, ဓာတ်တော်တို့၏ ငြိမ်းအေးခြင်း ဟူသော ဓာတုပရိနိဗ္ဗာန်အားဖြင့် ၃ ပါး အပြားရှိ၏။

ကိလေသပရိနိဗ္ဗာန် သတ္တဝါတိုင်း၌ရှိသော လောဘ ဒေါသ မောဟ
စသော ကိလေသာတို့သည် စိတ်ကို ပူလောင်
စေကြကုန်၏၊ တဏှာရာဂ လောဘမီး၏ ပူလောင်မှုကြောင့် ဆရာ
မိဘ စသူတို့၏ စကားမျှ နားမထောင်နိုင်ဘဲ လုပ်ချင်ရာ လုပ်ကြ
သူတွေ, အလိုမကျသော ဒေါသမီးကြောင့် ကိုယ့်ကိုယ်ကိုပင်
သေကြောင်းကြံသူတွေကို ကြည့်လျှင် လောဘ ဒေါသမီးတို့ ပူ
လောင်ပုံမှာ အလွန် ထင်ရှား၏၊ ထိုသို့ လောဘမီး ဒေါသမီး
အလောင်ခံရခြင်းမှာလည်း မောဟမီးက အကြောင်းအကျိုး မသိ
မမြင်နိုင်အောင် ဖုံးကွယ်ထားသောကြောင့်ဖြစ်၏၊ဥပမာ-ကလေး
ငယ်သည် ပူမှန်းမသိသောကြောင့် မီးကို ကိုင်ချင်သကဲ့သို့ (တချို့
မှာ ကိုင်သကဲ့သို့)တည်း၊ဗုဒ္ဓမြတ်စွာသည် အရဟတ္တဖိုလ်ကို ရသော
အခါ ထို ကိလေသာ အပူမီးတို့ အလုံးစုံ ကုန်၍ ငြိမ်းအေးကြလေ
တော့၏၊ ထို့ကြောင့်"ကိလေသပရိနိဗ္ဗာန်-ဗုဒ္ဓမြတ်စွာ၏ ကိလေသ
ပရိနိဗ္ဗာန်သည်၊ ဗောဓိပလ္လင်ကော် အရဟာသိ - ဘုရားဖြစ်ရာ မဟာ
ဗောဓိပလ္လင်၌ ဖြစ်ခဲ့ပြီ"ဟု ဉာဏဝိဘင်္ဂ အဋ္ဌကထာ မိန့်သည်။
ခန္ဓပရိနိဗ္ဗာန် ရုပ် နာမ် ၂ ရပ် ပေါင်းစပ်၍ တည်နေသော ဤ
ခန္ဓာကိုယ်သည် အေးချမ်း ငြိမ်သက်ခြင်း မရှိသော
အပူတုံးသာ ဖြစ်၏၊ ဇာတိမီး ဇရာမီး မရဏမီးစသော (ရှေး၌ ပြ
အပ်ခဲ့သော)မီး တစ်ဆယ့်တစ်ပါးသည် ဤခန္ဓာကိုယ်၌ တစ်မျိုးပြီး
တစ်မျိုး လောင်လျက်ရှိ၏၊ မွေးစကြာပါခဲ့တော်၌လာသော ချစ်သူ
နှင့် ကွဲရခြင်း,မုန်းသူနှင့် တွဲရခြင်း,အလိုရှိတာ မရခြင်းကြောင့် ဖြစ်
ရသော ဒုက္ခများလည်း အပူများပင် ဖြစ်၏၊ ထို့ကြောင့် သတ္တဝါ
တိုင်း၏ ခန္ဓာကိုယ်သည် ဒုက္ခအပူ မီးအပူတို့ဖြင့် အမြဲပူ၍နေ၏။

အခြားသူ၏ ခန္ဓာကိုယ်ကို မဆိုထားဘိ, ဗုဒ္ဓမြတ်စွာ၏ ခန္ဓာကိုယ်တော်သော်မှုလည်း ဝမ်းတော်လားချိန်မှစ၍ အားတော်နည်းပါးရကား ၃ ဂါဝုတ်ခရီး၌ မကြာမကြာ နားတော်မူရခြင်း, ရေသောက်တော်မူလိုသောကြောင့် ရေခပ်စေတော်မူရခြင်း အားဖြင့် ခန္ဓာကိုယ်၏ အပူဒဏ်ကို ပင်ပန်းကြီးစွာ ခံတော်မူရပါသေးသည်၊ ထို့ကြောင့် ညောင်စောင်းကလေး အပေါ်မှာပင် ဈာန်ပေါင်းများစွာ အကြိမ်ကြိမ်အခါခါ ဝင်စားတော်မူပြီး၍ စတုတ္ထဈာန်မှ ထတော်မူသောအခါ ပဋိသန္ဓေ နေတော်မူတုန်းကဖြစ်သော မဟာဝိပါက် ပဋ္ဌမစိတ်နှင့်တူသော ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန် စံတော်မူခြင်းသည် ရုပ် နာမ် ခန္ဓာ ဟူသော အပူတုံးကြီး၏ ငြိမ်းအေးခြင်း ဟူသော ခန္ဓပရိနိဗ္ဗာန်ပင် ဖြစ်ပါသည်၊ ထို့ကြောင့်"ခန္ဓပရိနိဗ္ဗာနံ ကုသိနာရာယံ-ခန္ဓပရိနိဗ္ဗာန်သည် ကုသိနာရုံမြို့၌ ဖြစ်ခဲ့ပြီ"ဟု ဉာဏဝိဘင်္ဂအဋ္ဌကထာ မိန့်သည်။

မီးငြိမ်းခြင်း ဥပမာ။ ။ဤ ခန္ဓပရိနိဗ္ဗာန် ဖြစ်တော်မူပုံကိုပင် ရယ်ရှယ်တော်မူ၍ "နိဗ္ဗန္တိ ဓိရာ ယထာယံ ပဒီပေါ – ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာဖြစ်သော ပညာရှိတို့သည် နောက်ဆုံး ဝိညာဉ်ဖြစ်သော စုတိစိတ်တော်၏ ချုပ်ခြင်းအားဖြင့် ငြိမ်းအေးတော်မူကြပြီ၊ ဥပမာ– တောက်နေသော ဆီမီးသည် ဆီကုန်သောအခါ ငြိမ်းသကဲ့သို့ ဖြစ်သည်"ဟု ရတနသုတ်၌ ဗုဒ္ဓမြတ်စွာ မိန့်တော်မူ၏၊ ဤမဟာပရိနိဗ္ဗာနသုတ် ပါဠိတော်၌လည်း"ပဇ္ဇောတဿေဝ နိဗ္ဗာနံ ဝိမောက္ခော စေတသော အဟု=ပရိနိဗ္ဗာန် စုတိစိတ်တော်၏ လွတ်မြောက်တော်မူခြင်းသည် မီးငြိမ်းပုံနှင့်တူသည်"ဟု အရှင်အနုရုဒ္ဓါ မိန့်တော်မူသည်။

(၂၃) နောက်ဆုံးဆယ်လ

စုပေါင်း၍ ဓာတုပရိနိဗ္ဗာန် ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်အားလုံး စုပေါင်း၍ ဓာတ်ပေါင်း ကိုယ်တော်ကို ဓာတ်မီးလောင်ပြီးမှ ငြိမ်းခြင်းကို "ဓာတုပရိနိဗ္ဗာန်" ဟုခေါ်၏၊ ၅၀၀၀ ပြီးမည့်-သာသနာတော်ကို ကိုးကွယ်မည့်လူ တစ်ယောက်တလေမျှမရှိသောက်အောင် သာသနာဆုတ်ယုတ်သောအခါ နေရာဌာနအသီးသီး၌ တည်တော်မူသော ဓာတ်တော်များသည် ဘုရားဖြစ်ရာ ဗောဓိပင်၌ စုပေါင်း ကာ ရွှေတုံးကြီးကဲ့သို့ဖြစ်၍ ရောင်ခြည်တော် လွှတ်လိမ့်မည်။

ထို ရောင်ခြည်တော်ကို ဖူးမြင်ရသောအခါ နတ်ဗြဟ္မာတို့သည် ကမ္ဘာကထာ လာကြပြီးလျှင် အရိုးတော် ရွှေတုံးကြီး၌ တေဇော ဓာတ် လောင်နေသည်ကို မြင်ရသောအခါ "ယခုမှ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူ ရိနိဗ္ဗာန် စံတော်မူတာဘဲ, ယခုမှ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူ တာဘဲ" ဟု ပြောကာပြောကာ အလွန်ဝမ်းနည်းစွာ ငိုကြွေးကြလေ၏၊ အနာဂါမ်ရဟန္တာ နတ် ဗြဟ္မာတို့ကား "ဖြစ်လေသမျှ ပျက်ရသည် သာ" ဟု တရားသဘောကို တွေးကာ သံဝေဂဉာဏ်ဖြင့် သည်းခံနိုင် ကြပေသည်။

လင်္ကာ။ ။ဓာတ်တော် မွေတော်, ကြွင်းပါသော်လည်း, ချွတ်ချော် သာသနာ, နေခင်သောခါဝယ်, ရှိန်ဝါပျောက်ကြွေ, ကွယ်ပချေ သော်, တွေတွေရပ်နယ်, ဓာတ်သွယ်သွယ်လည်း, ကိုးကွယ်ကြမည့် လူမရှိ၍, ဗောဓိပင်မှာ, စုပေါင်းကာဖြင့်, ရောင်ဝါလွှတ်ပြီး, ရွှေတုံး ကြီးသို့, ဓာတ်မီး လောင်တောက်, ကုန်ဆုံး ပျောက်က, လာရောက် ကြရှာ, နတ်ဗြဟ္မာတို့, သာသနာ ဗုဒ္ဓ, ယခုမှပင်, မုချအတည်, ကွယ် ရပြီဟု, ငိုမြည် တမ်းတ, သံဝေဂဖြင့်, မရယူကျုံး, ကိုယ်စိတ် ချုံး ၁ ည် .. နောက် ဆုံး သာသနာ့ ပွဲတော်ဘုရား။

နိဗ္ဗာန် ၂ မျိုးမှ တစ်မျိုးနိဗ္ဗာန်

ရဟန္တာအားလုံး၌ ရနိုင်သော ကိလေသပရိနိဗ္ဗာန်, ခန္ဓပရိ နိဗ္ဗာန် ၂မျိုးသည် "သိဝံ ပတ္တေထ ဘိက္ခဝေ, သိဝံ ပတ္တေတွာ ဒါနံ ဒါတဗ္ဗံ – ဘိက္ခုတို့... ဘေးခပ်သိမ်းတို့၏ အေးငြိမ်းရာ နိဗ္ဗာန်ကို တောင့်တကြလော၊ နိဗ္ဗာန်ကိုတောင့်တ၍ ဒါနကိုပြုကြလော၊ သီလ ကို ဆောက်တည်ကြလော၊ ဘာဝနာကို ပွားစေကြလော" ဤသို့ ဗုဒ္ဓမြတ်စွာ တိုက်တွန်းတော်မူအပ်သောနိဗ္ဗာန် မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် ၂ မျိုးသည် "ဒုက္ခခပ်သိမ်း အေးငြိမ်းရာ ဖြစ်သော အသခ်တဓာတ် နိဗ္ဗာန် တရားတော်မြတ်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏" ဟု လူအများ တောင့်တအပ်,ဆုတောင်း အပ်သော အသခ်တဓာတ် နိဗ္ဗာန်တရားမြတ် မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် ၂မျိုးသည် "ငါဘုရားသည် ယနေ့ညဉ့်၏ နောက်ဆုံးအချိန်၌ ရှေးဘုရားရှင်တို့ဝင်အပ်သော အမြိုက်နိဗ္ဗာန်သို့ ဝင်ရတော့မည်" ဟု ဆင်ခြင်တော်မူသောအခါ "စိတ်တော်သည် အလွန်ကြည်၏" ဟု မိန့်တော်မူအပ်သောနိဗ္ဗာန် မဟုတ်သေးပါ။

ပြအပ်ခဲ့သောနိဗ္ဗာန် ၂မျိုးသည် "အနေဇော သန္တိ မာရဗ္ဘ, ယံ ကာလမကရီ မုနိ – ငါးဖြာအာရုံ ကာမဂုဏ်၌ တုန်လှုပ်တတ်စွာ တဏှာ ကင်းပြီးသော အကြွင် မုနိထွဋ်တင် ဘုရားရှင်သည် ဒုက္ခ ခပ်သိမ်း အေးငြိမ်းရာနိဗ္ဗာန်ကို ရည်ရွယ်တော်မူ၍ ကွယ်လွန်ချိန်ကို ပြုတော်မူပြီ" ဟု အရှင်အနုရုဒ္ဓါ မိန့်တော်မူအပ်သော စကားတော် အရ ဘုရားရှင် ရည်ရွယ်တော်မူအပ်သော သန္တိသုခ အမတ မဟာ နိဗ္ဗာန် မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် ၂ မျိုးသည် "နိဗ္ဗာနံ ပန လောကုတ္တရ
သင်္ခတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂဖလာနံ မာရမဏ
ဘူတံ ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ" ဟု
အဘိဓမ္မတ္ထသင်္ဂဟာကျမ်း၌ "မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်"
ဟုလည်းကောင်း, "နိဗ္ဗာနံ ပရမံ သုခံ" ဟု ဓမ္မပဒ အဋ္ဌကထာ, သုခ
ဝဂ်, ကေဥပါသကဝတ္ထု၌ "နိဗ္ဗာန်သည် အမြတ်ဆုံး သုခ" ဟု
လည်းကောင်း, "အသင်္ခတာ စ ဓာတု" ဟု ဓမ္မသင်္ဂဏီ ရူပကဏ္ဍ
ဥဒ္ဒေသ၌ "အသင်္ခတဓာတ်" ဟု လည်းကောင်း ဟောတော်မူအပ်
သော နိဗ္ဗာန် မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် ၂ မျိုးသည် အစွာ ၄ ပါးတွင် နိရောဓ
သစ္စာအဖြစ်ဖြင့် ပါဝင်သော, သောတာပတ္တိမဂ်ကို ရလျှင်မင်
သစ္စာအဖြစ်ဖြင့် ပါဝင်သော, သူငယ်မတို့ ထိုက်တန်သမျှ မြင်အပ်
ဝိသာခါကဲ့သို့ ၇ နှစ်သမီးအရွယ် သူငယ်မတို့ ထိုက်တန်သမျှ မြင်အပ်
သော, တစ်ခါမြင်ပြီးလျှင် ဒိဋ္ဌိဝိစိကိစ္ဆာတို့ ကင်းကွာရကြောင်း ဖြစ်
သော, တစ်ခါမြင်ဖို့ရန်လည်း ငါးပါးသီလ လုံခြုံမှု အခြေခံရသော
နိဗ္ဗာန် မဟုတ်သေးပါ။

ထို့ကြောင့်....ယခုအခါ၌ အကြောင်းတရားတို့ မပြုအပ်သော
ကြောင့် "အသင်္ခတဓာတ်" ဟု အမည်တော်ရသော ဘုရားရှင်သာ
မက ရဟန္တာဟူသမျှတို့သည် ပရိနိဗ္ဗာန် မဝင်စံခင်ကာလ၌ မကြာ
မကြာ အာရုံပြု၍ နေအပ်သော, ပရိနိဗ္ဗာန် စံတော်မူပြီးနောက်
လည်း မပျောက်မပျက် ဆက်လက်တည်ရှိရစ်သော, လူအများတို့
လည်း မပျောက်မပျက် ဆက်လက်တည်ရှိရစ်သော, လူအများတို့
ဆုတောင်းအပ်သော, ဘုရားရှင်လည်း ဆုတောင်းဖို့ရန် တိုက်တွန်း
တော်မူအပ်သော နိဗ္ဗာန် တရားတော်မြတ်ကို ရိုသေ လေးမြတ်စွာ
ရေးသားပူဇော်ပါမည်။

လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်

ရှေးပညာရှိများ ဖွင့်ပြပုံ — စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဟူသော ပရမတ္ထ တရားတို့သည် ရူပါရုံမှ တစ်ပါး မျက်စိဖြင့် မြင်ကောင်းသော တရားများ မဟုတ်ကြပါ၊

ထိုသို့ မမြင်ကောင်းသော်လည်း ရှေးပညာရှိ အဋ္ဌကထာ ဆရာတို့
သည် မျက်စိဖြင့် မြင်ရသကဲ့သို့ ဉာဏ်ထည်း၌ ထင်မြင်လာအောင်
လက္ခဏာအားဖြင့်လည်းကောင်း, ကိစ္စရသ-သမ္ပတ္တိရသ တစ်မျိုး
မျိုး အားဖြင့်လည်းကောင်း, ဉာဏ်ဖြင့် ရှုစားသော ယောဂီပုဂ္ဂိုလ်
ပညာရှိပုဂ္ဂိုလ်တို့၏ဉာဏ်အား ထင်လာသော အခြင်းအရာအားဖြင့်
လည်းကောင်း, အနီးဆုံး အကြောင်းဟူသော ပဒဋ္ဌာန်အားဖြင့်
လည်းကောင်း ဖွင့်ပြကြပါသည်၊ နိဗ္ဗာန်ကိုလည်း ဉာဏ်၌ ထင်လာ
မြင်လာအောင် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်အားဖြင့်ဖွင့်ပြရမည်ဖြစ်၍
ထိုသို့ မဖွင့်ပြမီ သင်္ခတလက္ခဏာရှိသော နိဗ္ဗာန်နှင့် တစ်ဖက်တစ်လမ်း
(ဟိုဖက်ကမ်း ဤဖက်ကမ်းကဲ့သို့)ကွာလှမ်းသော ရုပ်နာမ်၏ မငြိမ်
မသက် ဖြစ်ပျက်ပုံကို ရှေးဦးစွာ ပြပါမည်။

သင်္ခတဓာတ် [ရုပ်နာမ်တို့ကို ရှေ့(၆၁)၌ ပြခဲ့ပြီ။] ရုပ်နာမ်တို့သည်
အဝိဇ္ဇာ တဏှာ ကံစသော အကြောင်းတို့က ပြုအပ်
သော သင်္ခတဓာတ်(ပြုပြင်အပ်သောဓာတ်)ဖြစ်၏၊ ပြု၍ ဖြစ်သော
အခါ ချက်ခြင်း ပျက်၏၊ပျက်ပြီးလျှင်လည်း ထပ်၍ ဖြစ်၏၊ဖြစ်လျှင်
လည်း ပျက်ပြန်၏၊ ဤသို့ ဖြစ်+ပျက်,ဖြစ်+ပျက် ဆက်၍ နေသော
အစဉ်သည် လက်ဖြောက် ၁ ချက်တီးခန့်ကာလ၌ ကုဋေသိန်းပေါင်း
များစွာပင်တည်း၊[စိတ်စေတသိက်တို့ တစ်ဆယ့်ခုနစ်ကြိမ်ပျက်ပြီးမှ
ရုပ်က တစ်ကြိမ်သာ ပျက်၏၊] ဤအချိန်ကလေး၌ ဤမျှလောက်

များအောင် ဖြစ်ပျက်နေရသော ရုပ်နာမ်သည် အဘယ်မှာ ငြိမ်သက် အေးမြ၍ သုခ ဖြစ်နိုင်တော့အံ့နည်း၊ အဖြစ်အပျက်ဒဏ်ကို အမြဲ ခံနေရသောကြောင့် အမြဲပင် ဒုက္ခဖြစ်၍ "ဒယဟယ ပ ိ ပိဋ္ဌနဋ္ဌေန ဒုက္ခာ- အဖြစ်အပျက်ဒဏ်ကို အမြဲ ခံနေရသောကြောင့် ရုပ်နာမ်ဟူသမျှ ဒုက္ခချည်းသာ"။

သန္တိလက္ခဏာ ။ ။ "လက္ခဏ"ဟူသည် မှတ်သားကြောင်း အမှတ်အသား၊ မှတ်သားအပ်သော သဘောတည်း၊ လူ ၁ ယောက်၌ အမှတ်အသား၊ မှတ်သားအပ်သော သဘောတည်း၊ လူ ၁ ယောက်၌ အများနှင့်မတူသောထူးခြားသောအမှတ်အသားရှိသကဲ့သို့ ပရမတ္ထ တရား ၄ ပါး၌လည်း ၁ ပါးနှင့် ၁ ပါး မတူအောင် ထူးခြားသော အမှတ်အသား ထူးခြားသောသဘောရှိ၏၊ နိဗ္ဗာန်အတွက် ထူးခြားသော လက္ခဏာ(အမှတ်အသား)ကား သန္တိလက္ခဏာတည်း။

သန္တိဖြစ်ပုံ။ ။ ရုပ် စိတ် စေတသိက်နာမ်တို့သည် မြအပ်ခဲ့သည့်အတိုင်း အမြဲ ဖြစ်+ပျက်, ဖြစ်+ပျက်နေရကား ငြိမ်ငြိမ်သက်သက် မရှိကြ၊ အမြဲပူလောင်နေသကဲ့သို့ ငြိမ်းငြိမ်းအေးအေးလည်းမရှိကြ၊ အသခ်တဓာတ် နိဗ္ဗာန်တရားမြတ်ကား အဖြစ် မရှိသောကြောင့် အပျက်လည်း မရှိ၊ အဖြစ် အပျက် လှုပ်လှုပ်ရှရှ မရှိသောကြောင့် အလွန် အေးငြိမ်း၏၊ ထို ငြိမ်သက် အေးငြိမ်းခြင်းသည် နိဗ္ဗာန်၏ "သန္တိ"ဟု ခေါ်ရအောင် ထူးခြားသော လက္ခဏာဖြစ်သည်။

အစ္စုတရသ။ ။ ရုပ်နာမ် ခန္ဓာတို့သည် ရှေးဦးစွာ ဖြစ်ရ၏၊ ဖြစ်ပြီးသော အခါ ပျက်ရခြင်းအားဖြင့် ပင်ကိုယ်သဘောမှ ရွေ့လျောရ၏၊ နိဗ္ဗာန်၏ သန္တိသဘောကား ဘယ်အခါမှ မပျောက် မပျက်သောကြောင့် ပင်ကိုယ်သဘောမှ မရွေ့လျောခြင်းဟူသော ထူးသော အရသာရှိ၏။

အနိမိတ္တ ပစ္စုပဋ္ဌာန် ။ ။ ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်ဖြစ်စေ, တရားသဘောကို စဉ်းစားသော ပညာရှင်ဖြစ်စေ, ဉာဏ်ဖြင့် ရှုသောအခါ အမှန်အတိုင်း ထင်လာ၏၊ ထိုသို့ ထင်လာသည်ကို "ပစ္စုပဋ္ဌာန်" ဟု ခေါ်၏၊ နိဗ္ဗာန်၏သဘောကို ဉာဏ်ဖြင့် ရှုသောအခါ (စိတ် စေတသိက် ရုပ်တို့မှာ သဘော အထည်ကိုယ်ရှိသကဲ့သို့) "အထည်ကိုယ် မရှိသော တရား"ဟု ဉာဏ်အား ထင်လာသည်။ [နိမိတ္တမဗ္ဗာ သခ်ါရာ၊ တေ ဟိ သနိမိတ္တာဝိယ သဂ္ဂဟာ ဝိယ ဥပဋ္ဌဟန္တိ၊– အဋ္ဌသာလိနီ လောကုတ္တရကုသိုလ်အဖွင့် အနုဋ္ဌိကာ]။

ပဒဋ္ဌာန်။ ။ နီးကပ်သော အကြောင်းကို ပဒဋ္ဌာန(ပဒဋ္ဌာန်)ဟု ခေါ်၏၊ (စိတ်သည် ယှဉ်ဖက် စေတသိက် မှီရာရုပ် ဟူသော နီးကပ်သော အကြောင်း ရှိသကဲ့သို့) နိဗ္ဗာန်မှာ နီးကပ်သော အကြောင်း မရှိ၊ အရိယာတို့သန္တာန်၌ နိဗ္ဗာန်တရား ပေါ်လာဖို့ရန် ဒါန သီလ ဘာဝနာစသော ဝေးသောအကြောင်းကား များစွာ ရှိရပါသည်။

သန္တိလက္ခဏံ အစ္စုတ-ရသံ နိဗ္ဗာန အမတံ၊
အနိမိတ္တ ဥ ဋ္ဌာနံ, ပဒဋ္ဌာနံ န လဗ္ဘတိ။

နိဗ္ဗာန အမတံ–အမြိုက်နိဗ္ဗာန်သည်၊ သန္တိလက္ခဏံ - ငြိမ်သက်ငြိမ်းအေးခြင်း လက္ခဏာ ရှိ၏၊ အစ္စုတရသံ – ပင်ကိုယ် သဘောမှ မရွေ့လျောခြင်း သမ္ပတ္တိရသရှိ၏၊ အနိမိတ္တဥပဋ္ဌာနံ–အထည်ကိုယ်ဟန်, ပုံသဏ္ဌာန် မရှိသော တရား ဟု ဉာဏ်အား ထင်လာ၏၊ ပဒဋ္ဌာနံ–နီး စွာသော အကြောင်းသို့၊ န လဗ္ဘတိ–မရအပ်။

နိဗ္ဗာန်၏ ဂုဏ်တော်တချို့

ခယဂုဏ်တော်။ ။ထို နိဗ္ဗာနဓာတ် တရားမြတ်ကို သောတာပတ္တိမဂ်ဖြင့် မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ရာဂစသော ကိလေသာအချို့သည်လည်းကောင်း ထိုကိလေသာရှိသူတိုင်း(၇ ဘဝနောက် ရရှိမည့်) ရုပ် နာမ်တို့သည်လည်းကောင်း ကုန်ခန်းကြတော့၏၊ အထက် မဂ်များကို ရသောအခါလည်း ဤနည်းအတိုင်း ကိလေသာအပူဒုက္ခတွေကုန်ရပေသည်၊ ထို့ကြောင့် သန္တိဖြစ်သော ထိုနိဗ္ဗာန်သည် ကိလေသာတို့၏ လည်းကောင်း , ရုပ် နာမ်တို့၏ လည်းကောင်း ခယဂုဏ်နှင့် ပြည့်စုံပါသည်။

ဝိရာဂ ဂုဏ်တော်။ ။ တပ်မက်ခြင်း သဘောကို ပါဠိလို “ရာဂ”ဟု ခေါ်၏၊ ထို ရာဂသည် ရုပ်နာမ်ခန္ဓာ အပေါ်၌ လည်းကောင်း, ခန္ဓာနှင့်စပ်သော ပညတ်အပေါ်၌ လည်းကောင်း ဖြစ်ရသော တရားတည်း၊ ရုပ် နာမ်တို့၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည် ထိုရာဂနှင့် လုံးလုံး မစပ်တော့ရကား “ဝိရာဂ-ရာဂ မရှိ” ဟူသော ဂုဏ်နှင့်လည်း ပြည့်စုံပါသည်။

အမတ ဂုဏ်တော်။ ။“သေခြင်း”ဆိုသည်မှာ ၁ ဘဝအတွက် နောက်ဆုံးပျက်ခြင်းတည်း၊ ထိုအပျက်ဟူသည်လည်း အဖြစ်ရှိပြီးမှ ပေါ်လာ၏၊ ပျက်ဖို့ ရှေးရှုနေသော(ပျက်ဖို့ပြင်နေသော)သဘောကို “အိုခြင်း—သေခြင်း”ဟု ခေါ်၏၊ ပါဠိလို “ဇာတိ, ဇရာ, မရဏ”, မြန်မာလို “ဖြစ်ခြင်း, ရင့်ခြင်း(အိုခြင်း), သေခြင်း(ပျက်ခြင်း)”ဟူသော သဘောသည် ရုပ်တရား နာမ်တရားတို့၏သဘော ဖြစ်၏၊ ရုပ် နာမ်အားလုံး ကုန်ဆုံးပြီးသော ထိုနိဗ္ဗာန်သည် သေခြင်း “မတ”မရှိရကား “အမတ” ဂုဏ်နှင့်လည်း ပြည့်စုံပါသည်။

ပဏီတဂုဏ်တော်။ ။နိဗ္ဗာနဓာတ် တရားမြတ်သည် ရဟန္တာပုဂ္ဂိုလ်များအတွက် (စား၍ မဝနိုင်အောင် အရသာရှိသော အစာကဲ့သို့)မငြီးမငြီး အာရုံပြု၍ နေချင်စရာကောင်းလောက်အောင် အရသာရှိသော တရားတော်ဖြစ်၏၊ ဗုဒ္ဓမြတ်စွာသည် (ဖလသမာပတ်ကို ဝင်စားကာ)ထိုနိဗ္ဗာန်ကို အာရုံပြု၍ မငြီးမငြီး သီတင်းသုံးတော်မူလေ့ရှိ၏၊ တရား ဟောတော်မူတုန်းမှာပင် ပရိသတ်က သာဓုခေါ်နေတဲ့ အခါ ဗုဒ္ဓမြတ်စွာသည် နိဗ္ဗာန်ကိုအာရုံပြု၍ နေတော်မူ၏၊ သာဓုခေါ်ပြီးမှ တရားကိုဆက်၍ဟောတော်မူ၏၊ နိဗ္ဗာန်တရားတော်သည် ရဟန္တာဖြစ်ပြီး ပုဂ္ဂိုလ်အတွက် ဤမျှလောက် အရသာရှိသော တရားထူး တရားမွန်ဖြစ်သောကြောင့် “ပဏီတ” ဂုဏ်နှင့်လည်း ပြည့်စုံပါသည်။

ယာဒဇ္ဇဂါ (ယံ+အဇ္ဇဂါ)။ ။ ထို နိဗ္ဗာန်တရားတော်ကို ဤသာသနာတော်၌ဗုဒ္ဓမြတ်စွာသည်အစဆုံး သိတော်မူ, တွေ့မြင်တော်မူရ၏၊ တွေ့မြင်ရာဌာနနှင့်ကာလကား ဘုရားဖြစ်ရာ ဗောဓိရိပ်သာ၌ကဆုန်လ ပြည့်ညဉ့် အရုဏ်တက်တော့မည့်ဆဲဆဲ အချိန်အခါတည်း။

နိရောဓသစ္စာ။ ။ထိုအချိန်ဝယ် ဗုဒ္ဓမြတ်စွာသည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူသော သစ္စာ ၄ ပါးကို ...င်းခြားထင်ထင် , သိမြင်တော်မူ၏၊ ထိုသို့ သိမြင်တော်မူရာဝယ် “နိရောဓသစ္စာ” ဟူသည် ဤ နိဗ္ဗာနဓာတ် တရားမြတ်ပင် ဖြစ်၏၊ ...ထိုအချိန်၌ မျက်စိအောက်သို့ ရောက်နေသော အရာဝတ္ထုကို မြင်ရ...ကဲ့သို့, ဗုဒ္ဓမြတ်စွာသည် မဂ်ဉာဏ်ဖြင့် ခယ ဝိရာဂ အမတ ဂုဏ်...ပေါင်းနှင့်ပြည့်စုံသော နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို ထင်ထင်...းရှား မြင်တော်မူပါသည်။

ဥပမာဆောင် ထင်ရှားအောင် ပြအံ့ ။ ။ အဏုမြူဓာတ်၏ စွမ်းအားကို ရှာဖွေကြသော လောကီ ပညာရှင်တို့သည် အလွန် ကြိုးစားသောအခါ ထိုအဏုမြူအားကို တွေ့မြင်ကြရ၏၊ ထိုတွေ့မြင် အပ်သော ထိုဓာတ်အားသည် သူတို့တွေ့မှ ဖြစ်သည် မဟုတ်, နဂို သဘာဝအတိုင်း ရှိနေသော အားဖြစ်သကဲ့သို့လည်းကောင်း, လေး နက်သော ကျမ်းစာ၏ အဓိပ္ပါယ်ကို အမှန်သိအောင် စဉ်းစားကြ သော စာပေပညာရှင်တို့သည် ရက်ပေါင်းများစွာ အတော် ကြိုး စားသောအခါ ထိုအဓိပ္ပါယ်ကိုသိရ၏၊ ထိုသိအပ်သော အကြောင်း အရာ အဓိပ္ပါယ်စသည် ထို အချိန်မှ ဖြစ်ရသည် မဟုတ်ဘဲ နဂိုရှိ သဘာဝအတိုင်းပင်ရှိနေသကဲ့သို့လည်းကောင်း, တရားထူးရအောင် အားထုတ်သော ယောဂီသူမှန်သည်လည်း နိဗ္ဗာန်နှင့်တကွ သစ္စာ လေးပါးကို သိရအောင် တရားအားထုတ်သောအခါ အလွန့်အလွန် ကြိုးစားမှ ထိုတရားကို သိရ၏၊ ထို သိအပ်သော နိဗ္ဗာန်တရားသည် ထိုအချိန်မှ ဖြစ်ပေါ်လာသော တရား မဟုတ်, သဘာဝအတိုင်း ရှိနေသော သန္တိသုခ တရားသာ ဖြစ်ပါသည်။

သမံနတ္ထိ ။ ။ ဓမ္မာနုဓမ္မပေါင်း ရှစ်သောင်း လေးထောင် ဟူသော ပရိယတ်တရား, ကလေသာတို့ကို သူ့နည်း သူ့ဟန်ဖြင့် ပယ်နိုင်သော ဈာန်တရား, မြေလျှိုး မိုးပျံ ပုံသဏ္ဌာန် အမျိုးမျိုး ဖန်ဆင်းနိုင်ခြင်းစသော တန်ခိုး ရှိသော အဘိညာဉ်တရား, ဆိုင်ရာ ကိလေသာကို အကြွင်းအကျန် မရှိအောင် ပယ်နိုင်သော မဂ်တရား ဖိုလ်တရားတို့သည် ဆိုင်ရာ အကျိုးအမျိုးမျိုးကို ပေးနိုင်ကြသော်လည်း နိဗ္ဗာန်နှင့် တန်းတူသော တရားမျှ မရှိပါချေ။

ဒိဋ္ဌဓမ္မိကနိဗ္ဗာန် ။ ။ ပရိနိဗ္ဗာန် စံတော်မမူမီ ဖလသမာပတ် ဝင်စားသောအခါ ဗုဒ္ဓမြတ်စွာ၏ စိတ်တော်၌ မကြာမကြာ ထင် ပေါ်နေသောနိဗ္ဗာန်ကို မျက်မှောက်ဘဝ၌ အာရုံပြုရသောကြောင့် "ဒိဋ္ဌဓမ္မိကနိဗ္ဗာန်"ဟု ခေါ်၏၊ ဝိပါက်စိတ်များနှင့် ကမ္မဇရုပ်များ ကို "ဥပါဒိ" ဟု ခေါ်၏၊ ထို ဥပါဒိရှိစဉ်အခါ၌ အာရုံပြုရသော ကြောင့် "သဥပါဒိသေသနိဗ္ဗာန်"ဟုလည်း ခေါ်သည်။

သမ္ပရာယိကနိဗ္ဗာန် ။ ။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီး သောအခါ တည်ရှိရစ်သော ထိုနိဗ္ဗာန်ကိုပင် "သမ္ပရာယိကနိဗ္ဗာန်" ဟု ခေါ်၏၊ ဝိပါက် နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်ဟူသော ကမ္မဇရုပ် အကြွင်းအကျန် မရှိသောကြောင့် "အနုပါဒိသေသနိဗ္ဗာန်" ဟု လည်း ခေါ်သည်၊ ထို့ကြောင့် "ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီး သော်လည်း ဗုဒ္ဓမြတ်စွာ သိတော်မူအပ်ပြီးသော အသင်္ခတ နိဗ္ဗာန ဓာတ်သည်ကား ယနေ့တိုင်အောင် တည်ရှိနေသည်"ဟု မှတ်ပါ၊– [ခုဒ္ဒကဝတ္ထုအဋ္ဌကထာ, ဒုဝဂ်-နိဗ္ဗာနသုတ်အဖွင့်။]

သုခ ၂ မျိုး။ ။ သုခသည် ဝေဒယိတသုခ, သန္တိသုခဟု ၂ မျိုး ရှိ၏၊ ယခုခေတ် လူအများတို့ မြင်ရ ကြားရ နမ်းရ စားသောက်ရ တွေ့ထိရသောအခါ ဖြစ်ပေါ်လာသော ကိုယ်ချမ်းသာခြင်း, စိတ် ချမ်းသာခြင်းကို "ဝေဒယိတသုခ"ဟု ခေါ်၏၊ ထိုသို့ ခံစားမှုမရှိဘဲ ဒုက္ခခပ်သိမ်း ငြိမ်းအေးခြင်းသဘောကို "သန္တိသုခ"ဟုခေါ်သည်။

ဝေဒယိတသုခ ။ ။ ခံစားမှုဟူသော ဝေဒယိတ သုခသည် ခံစား စံစား၍ ကုန်ကုန်သွားသည့်အတွက် အသစ်အသစ်ရအောင် ပစ္စည်းဥစ္စာ ရှာရခြင်းစသော ဒုက္ခဖြင့် ထူထောင်ရ၏၊ ထိုအသစ်

အသစ်ရအောင် ထူထောင်ရသော ဒုက္ခကား ခံစားရသော သုခနှင့် အဆမတန်ချေ၊ ထိုသို့ ဒုက္ခဖြင့် ထူထောင်ပြီးနောက် ပေါ်ပေါက်ရရှိသော သုခကလေးဖြင့် တင်းမတိမ်နိုင်ကြသောကြောင့် အဖိုအမို အကြွေးယူကာ မတရားခံစားမှုအတွက် အပါယ်သွား၍ သုခကြွေးတွေကို အတိုးနှင့်တကွ ဒုက္ခဖြင့် ဆပ်ကြရလေသည်။

သန္တိသုခ ။ ။ ထိုကဲ့သို့ ခံစားမှုနှင့် မရောသော သန္တိသုခသဘောကား-ရုပ်နာမ်သင်္ခါရတို့ ချုပ်ငြိမ်းသဖြင့် အေးမြငြိမ်းချမ်းခြင်းသာအောတည်း၊ ထင်ရှားစေအံ့- လောကီအာရုံ ကာမဂုဏ်တွေ ပြည့်စုံလှသော သူဌေးတစ်ယောက်သည် နှစ်ခြိုက်စွာ အိပ်ပျော်နေစဉ် ခံစားဖို့ အာရုံများကို ပြင်ဆင်၍ အစေခံတို့က နှိုးလာသောအခါ "အအိပ် ဖျက်ရမည်လား" ဟု ကြိမ်းဝါးမောင်းမဲမည်သာ၊ ထိုသူ၏ အိပ်နေစဉ်အခါ၌ ခံစားမှုအထင်အရှားမရှိ၊ သို့ပါလျက် နှစ်ခြိုက်စွာ အိပ်ရမှုကိုပင် ခံစားမှုသုခထက် နှစ်သက်၍ "အိပ်ရကောင်းလိုက်တာ" ဟု အမှန်းတင်ကြသေး၏၊ ရုပ်နာမ်အားလုံးကင်း၍ ငြိမ်းချမ်းခြင်း သန္တိသုခကား "မည်မျှလောက် ကောင်းပေလိမ့်မည်" ဟုမှန်းဆသင့်တော့သတည်း။

နိရောဓသမာပတ်ကို ဝင်စားခြင်း။ ။စိတ် စေတသိက်နှင့်စိတ်ကြောင့်ဖြစ်လော ရုပ်များ၏ အသစ်မဖြစ်ဘဲ ချုပ်ငြိမ်းနေအောင် ပြုနိုင်သော သမာပတ်ကို "နိရောဓသမာပတ်" ဟု ခေါ်၏၊ အနာဂါမ်,ရဟန္တာဖြစ်ပြီး ဈာန်အကုန်ရပြီးပုဂ္ဂိုလ်သာ ထိုသမာပတ်ကို ဝင်စားနိုင်၏၊ အနာဂါမ်ရဟန္တာ အရှင်မြတ်တို့သည် ရုပ်နာမ်ခန္ဓာကြီးကိုလေးလံလှစွာသောဝန်ထုပ်ကြီးကဲ့သို့ မှတ်ထင်တော်မူကြကုန်၏၊ ထို့ကြောင့် ရုပ်နာမ်ခန္ဓာမှ ကင်းနိုင်သမျှကင်းဖို့ရာ နိရောဓသမာ

ပတ်ကို ဝင်စားတော်မူကြ၏၊ ထိုသမာပတ်အတွင်း၌ ခံစားမှု လုံးဝမရှိ၊ နာမ်တရားနှင့် အချို့ရုပ်များအသစ်မဖြစ်ဘဲ ရပ်စဲနေခြင်းသာတည်း၊ ထိုရပ်စဲခြင်းသည်ပင် ချမ်းသာသေးလျှင် ရုပ်နာမ်အားလုံးချုပ်ငြိမ်းနေသောနိဗ္ဗာန်သည် အဘယ်မှာ မချမ်းသာဘဲရှိအံ့နည်း။

ထင်ရှားရှိသော နိဗ္ဗာန် ။ ။ ထို သန္တိသုခ နိဗ္ဗာနဓာတ် တရားမြတ်သည် ဘာမျှမရှိသော(အဘာဝ)ပညတ်မဟုတ်ပါ၊ အများဆိုင်ဘုံပစ္စည်းကဲ့သို့ တစ်ပါတည်းလည်း မဟုတ်ပါ၊ ကိုယ့်နိဗ္ဗာန်နှင့် ကိုယ်အသီးအသီး ရှိကြပါသည်၊ ထို့ကြောင့်ပင် ရဟန္တာအရှင်တို့သည် ခန္ဓာကိုယ် ထင်ရှားရှိစဉ် မိမိသိအပ်သော နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ်ဝင်စား၍ နေလေ့ရှိကြပါသည်၊ ထိုသမာပယ်ဝင်စားခိုက်၌ နိဗ္ဗာန်ကို အာရုံပြု၍ နေရသည်မှာ အလွန် သုခရှိပါသည်တဲ့၊ ထို့ကြောင့်ပင် ထေရာထေရီ အလီလီတို့ ရှေးပြည့်နိဗ္ဗာန် ဝင်စံခါနီးဝယ် ဥဒါန်းကျူးကာ ရုပ်နာမ်ခန္ဓာ ဝန်ကြီးကို အပြီးသတ် ပစ်ချတော်မူကြပါသည်။

ရတနသုတ် ပါဠိတော်

ခယံ ဝိရာဂံ အမတံ ပဏီတံ,
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော၊
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ,
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(သန္တိံ)-ဖြစ်ပျက်မစပ်,အငြိမ်းဓာတ်ဖြင့်, မပြတ်ပုံသေ, အေးမြပေထသော၊)ခယံ-ရုပ်နာမ် ဆူဆူ,အပူခပ်သိမ်း,ကုန်ငြိမ်းကြောင်းလည်း ဖြစ်ပေထသော၊ဝိရာဂံ-ရုပ်နာမ်အဆက်,အကုန်ပျက်သဖြင့်,

မတပ်မက်ကြောင်းလည်း ဖြစ်ပေထသော၊ အမတံ-ဇရာ မရဏ, ရှာမရအောင်, ကာလ ပုံသေ, အမြုတေလည်း ဖြစ်ပေထသော၊ ပဏီတံ-အရသာရှိ, စားဖွယ်၏ သို့, သိ၍ မဝ, မှန်မြတ်ပေထသော၊ ယံ ဓမ္မံ-အသင်္ခတ, နိဗ္ဗာနဓာတ်, အကြင်တရားတော်မြတ်ကို၊ သမာဟိတော-ဘာဝနာကမ္မဋ္ဌာန်း, လွန်ကြီးပမ်းသဖြင့်, စိတ်စွမ်းတည်သည်၊ အဇ္ဈဂါ-ဗောဓိ အောင်မြေ, ပလ္လင်ဗွေ၌, ဇလးထွေ သစ္စာ, ဘိ, သမာဓိရှိတော်မူသော၊ သက္ယမုနိ-သာကီနွယ်ဖွား,ငါတို့ဘုရား သိသောခါဝယ်, ကောင်းစွာလှလှ, ရတော်မူခဲ့လေပြီ။

တေန ဓမ္မေန-အသင်္ခတ, နိဗ္ဗာနဓာတ်, ထိုတရားတော်မြတ်နှင့်, သမံ-တန်းတူထား၍, ရှုစားလောက်သော၊ ကိဉ္စိ-တစ်မျိုးတခြား, တရားဆိုင်ရာ,တစ်စုံတစ်ခုသော ရတနာသည်၊န အတ္ထိ-လူ့ဘုံ နတ်ရောက်,အကုန်ပေါက်အောင်,မေ့နှောက်ရှာဖွေ့,မရှိပါချေ၊ ဓမ္မေ-အသင်္ခတ, နိဗ္ဗာနဓာတ်, တရားမြတ်၌၊ ပဏီတံ — တရားများစွာ, ရတနာထက်, ကဲသာ မြတ်မွန်၊ တုဖက်လွန်သော၊ ဣဒမ္ပိ ရတနံ-ရတနာဖြစ်ကြောင်း,ကောင်းထက်ကောင်းသည့်,ဂုဏ်ပေါင်းကိုခြုံ၊ ဤ ခယဝိရာဂ စသော ဂုဏ်တော်သည်၊ အတ္ထိ-စင်စစ်ကေန်, အမှန် မသွေ့, ရှိပါပေ၏၊ ဧတေန သစ္စေန-မှန်ကန်လှစွာ, ဤ ဝစီသစ္စာ ကြောင့်၊ပါဏီနံ-ဘေးရန်ခပ်သိမ်း,အေးငြိမ်းကြလို့,များလူဗိုလ်တို့ အား၊ သုဝတ္ထိ-တင့်တယ်ဖို့ရန်,အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်၊ဟောတု-စင်စစ်မသေ့,ဖြစ်ပါစေသတည်း။

နိဗ္ဗာန် = ပရိနိဗ္ဗာန် ပြည့်စုံပြီ။

မဟာသုဒဿနသုတ်တော်

အရှင် အာနန္ဒာ လျှောက်ခြင်း အရှင်အာနန္ဒာသည် ပရိနိဗ္ဗာန် စံတော်မူရာ သောင်စောင်းငယ်၌ လျှောင်းတော်မူသော ဗုဒ္ဓမြတ်စွာအား လျှောက်ထားသည်မှာ-"မြတ်စွာဘုရား... သေးငယ်သော, မြေ အနေအထား မညီညွတ်သော, အခြား မြို့ကြီးများ၏ အခက်အလက်ဖြစ်သော ဤမြို့ကလေး၌ ပရိနိဗ္ဗာန် စံတော်မမူသင့်ပါ၊ အခြားသော စမ္ပါ, ရာဇဂြိုဟ်, သာဝတ္ထိ စသော မြို့ကြီးများ၌ ပရိနိဗ္ဗာန်စံသင့်ပါသည်၊ မြို့များ၌ ရှိကြသော မင်း ပုဏ္ဏား သူဌေး သူကြွယ်တို့သည် ဗုဒ္ဓမြတ်စွာ၏ အလောင်းတော်ကို ပူဇော်ကြပါလိမ့်မည်၊ ဤသို့ လျှောက်သောအခါ...

ကုသဝတီ မင်းနေပြည် အာနန္ဒာ ဤကုသိနာရုံမြို့ကို "မြို့ကြီးများ၏ အခက်အလက်နှင့်တူသော မြို့ငယ်ကလေး" ဟု မပြောနှင့်၊ ငါဘုရားသည် ဤ မြို့နေရာ၌ မဟာသုဒဿန စကြာမင်းဖြစ်စဉ်က "ကုသဝတီ" မည်သော နေပြည်တော်ကြီးဖြစ်ခဲ့ဖူးပြီ၊ ထို ကုသဝတီ မင်းနေပြည်သည် အလျားတစ်ဆယ့်နှစ်ယူဇနာ, အနံ ခုနစ်ယူဇနာတိုင်အောင် ကျယ်ဝန်း၏၊ "အာဠကမန္ဒာ" မည်သော နတ်ဘုံ၏ မင်းနေပြည်ကဲ့သို့ သာယာဝပြော အစာပေါ၏၊ မြို့နေသူ လူအများတို့၏ လူအမျိုးစုံသည်း ရောပြွမ်းနေ၏၊ ဆင်သံ မြင်းသံ ရထားသံ တီးမှုတ်သံတို့ဖြင့် အလွန် စည်စည်ညံညံရှိ၏၊ "စားလှည့်ကြပါ, သောက်လှည့်ကြပါ" ဟု ကြွေးကြော်သံလည်း ညံလျက် နေ၏။ [မြို့-ရွာ ဟူသည် ရဟန်းတော်များ၏ ကျောင်းတိုက်ကဲ့သို့ ဆိတ်ငြိမ် မနေရ၊ သို့သော် အသံချဲ့စက်တို့ဖြင့် ဆူညံခြင်းကား သူများ အနှောင့်အယှက်ဖြစ်၍ ရှိုင်းသည်]။

မြို့ရိုး ခုနစ်ထပ် အာနန္ဒာ ကုသဝတီမင်းနေပြည်ကို မြို့ရိုးခုနစ်ထပ်ဖြင့် ကာရံအပ်၏၊ ရွှေမြို့ရိုး, ငွေမြို့ရိုး, ကျောက်မျက်ရွဲမြို့ရိုး, ဖလ်မြို့ရိုး, ပတ္တမြားနီမြို့ရိုး, ပတ္တမြားပြောက် မြို့ရိုး, ရတနာပေါင်းစုံမြို့ရိုး ဤသို့ မြို့ရိုးခုနစ်ထပ်ဖြင့် ကာရံအပ်၏။

တံခါး ခုနစ်ထပ် မြို့ရိုး ၁ ထပ် ၁ ထပ်၌ ရွှေတံခါးပေါက်စသောအားဖြင့် တံခါးပေါက်လည်း ခုနစ်ပေါက်ရှိ၏၊ တံခါး ၁ ပေါက် ၁ ပေါက်၌ ခုနစ်တိုင် ခုနစ်တိုင်သော တံခါးတိုင်တို့ကို စိုက်ထားအပ်ကုန်၏၊ တံခါးတိုင် တစ်တိုင်လျှင် ၁၅ တောင် လုံးပတ်ရှိ၍ တစ်ဆယ့်ငါးတောင် မြေဝင်နက်အောင် စိုက်ထားအပ်၏၊ အမြင့်အားဖြင့် လူ၏ လက်ခုပ်တစ်ဖေါင် တစ်ဆယ့်နှစ်ပြန်လောက် မြင့်၏၊ ထိုတံခါးတိုင်တို့တွင် တချို့က ရွှေတိုင်, တချို့က ငွေတိုင် စသောအားဖြင့် မြို့ရိုးကဲ့သို့ ခုနစ်မျိုးရှိသည်။

ထန်းပင်အစဉ် ခုနစ်ထပ် သဲဟို့ဖြင့် ရောပြွမ်းသော ညီညာသော မြေအပြင်ဝယ် မြို့ရိုးခုနစ်ထပ်တို့၏ အကြား၌ ထန်းပင်အစဉ် ခုနစ်ထပ် ရှိကုန်၏၊ အမြင့်အားဖြင့် အတောင်ရှစ်ဆယ် ရှိကုန်၏၊ ရွှေထန်းပင်အစဉ်, ငွေထန်းပင်အစဉ် စသောအားဖြင့် ရတနာခုနစ်ပါးဖြင့်ပြီးသော ထန်းပင်အစဉ်များ ဖြစ်၏၊ လေတိုက်သောအခါ ထန်းပင်များ၏ အရွက်တို့မှ သာယာနာပျော်ဖွယ် အသံများ ပေါ်ထွက်ကုန်၏၊ ထို အသံသည် ကောင်းစွာ ကျွမ်းကျင်သူ တီးအပ်သော တူရိယာသံနှင့် တူ၏၊ ထိုအခါတုန်းက ကုသဝတီ မင်းနေပြည်တော်၌ သေသောက်ကြူးသူတို့သည် ထိုထန်းရွက်တို့၏ အသံဖြင့် ကကြ ခုန်ကြ မြူးပျော်ကြလေသည်။

ဥပုသ် စောင့်သုံး၍ ကောင်းမှုတို့ကိုဆင်ခြင်ခြင်း မဟာသုဒဿန မင်းသည် ဥပုသ်နေ့ တိုင်း၌ နံနက်စောစောကပင် ၁ သိန်းကုန် အလှူကို လှူလေ့ရှိ၏၊ ထို့နောက် နံ့သာရေအိုး တစ်ဆယ့်ခြောက်လုံးတို့ဖြင့် ခေါင်းလျှော် ရေချိုးပြီး၍ နံနက်စာသုံးဆောင်တော်မူ၏၊ ထို့နောက် ဥပုသ်စောင့်သုံးပြီးလျှင် သန့်ရှင်းဖြူစင်သောအဝတ်ကို လက်ကန်တော့တင်၍နန်းတော်ပြာသာဒ်၏ အထပ်ထပ်ဝယ် တင်ပလ္လင်ခွေ၍ ထိုင်နေကာ မိမိ၏ဒါန သီလစသော ကောင်းမှုအပေါင်းကို ဆင်ခြင်လေ့ရှိ၏။

စကြာရတနာ ဆိုက်ရောက်လာခြင်း ထို ဥပုသ်နေ့၌လည်း ထိုကဲ့သို့ အလှူကြီးပေး ပြီးလျှင် ဥပုသ်စောင့်သုံး၍ မိမိ၏ ကောင်းမှုကို ဆင်ခြင်နေစဉ်, မြို့သူမြို့သား လူအများတို့လည်း ညနေစာထမင်းကို စားပြီး၍ မိမိတို့ အိမ်တံခါးပေါက်အနီးဝယ် ခင်းထားအပ်သောခုတင်၌ထိုင်၍ စကားစမည်ပြောဆိုနေကြကုန်စဉ်, လမ်း၌ ကလေးများလည်း ကစားနေကြကုန်စဉ်, အရှေ့ကောင်းကင်၌ လပြည့်ဝန်းကြီး နှစ်စင်း ထွက်လာသကဲ့သို့ ထင်ရလောက်အောင် လနှင့်ပြိုင်တူ အရောင်အဝန်းတစ်ခု ပေါ်လာလေသည်၊ လူတို့သည် တအံ့တသြ ကြည့်ရှု ပြောဆိုနေကြစဉ် အရောင်အဝန်းတစ်ခုသည် လပြည့်ဝန်းမှ တဖြေးဖြေးဝေးကွာ၍ အောက်ဖက်သို့ နိမ့်ကာနိမ့်ကာ ကုသဝတီ နေပြည်တော်သို့ ရွေ့ရှု လာလေသည်၊ လူအများလည်း စကြာရတနာလာရာသို့ ရှေးရှုသွားကြကုန်၏၊ ထိုစကြာရတနာလည်း မဟာသုဒဿနမင်း၏ အကျိုးငှာ မိမိလာရကြောင်းကို သိစေသကဲ့သို့ မြို့ရိုး၏အထက်၌ ခုနစ်ကြိမ်တိုင်တိုင် လှည့်ပြီးမှ နန်းတော်ကို လက်ယာရစ်လှည့်၍ ခြသေ့ခံသော

ပလ္လင်၏ တည်ရာအရပ်၌ အလွန်လည်း မမြင့် အလွန်လည်း မနိမ့်ဘဲ နံ့သာပန်း စသည်တို့ဖြင့် ပူဇော်လိုသူတို့ လှမ်း၍လည်းကောင်း, ပစ်တင်၍လည်းကောင်း, လွယ်ကူစွာ ပူဇော်နိုင်လောက်သော အရပ်၌ ရပ်တည်လေသည်။

စကြာရတနာကို ကြည့်ရှုခြင်း

မဟာသုဒဿနမင်းသည် ထက်ဝယ်ဖွဲ့ခွေထိုင်နေ၍ မိမိ၏ကောင်းမှုတို့ကို ဆင်ခြင်နေစဉ် နန်းတော်၏ တံခါးပေါက်မှ ဝင်လာသော အရောင်အဝါကို မြင်ရ၍ ထို အရောင်အဝါပေါ်လာရာ အရပ်ကို ကြည့်ရှုလိုသော ဆန္ဒဖြစ်နေစဉ် အခြေအရံအပေါင်းက အလွန် ချစ်စရာကောင်းသော စကားလက်ဆောင်ဖြင့် လာ၍ စကြာရတနာ ဆိုက်ရောက်နေပါကြောင်းကို သံတော်ဦး တင်ကြလေသည်၊ ထိုအခါ မဟာသုဒဿနမင်းသည် လွန်စွာ နှစ်သက် ဝမ်းမြောက်သော ပီတိသောမနဿစိတ်ဖြင့် တကိုယ်လုံးပျံ့နှံ့၍ တင်ပလ္လင်ခွေကိုဖြေပြီးလျှင် ခြသေ့ခံသော တံခါးအနီးသို့သွား၍ ထိုစကြာရတနာကို မြင်ရသောအခါ "ငါသည် စကြာမင်းဖြစ်လေသလော" ဟု စဉ်းစားမိလေသည်။

စကြာရတနာ၏ အကြောင်း အရာ

စကြာရတနာဟူသည် ယခုအခါ မြင်နေရသော လှည်းဘီးကဲ့သို့ ပုံသဏ္ဌာန် ရှိသော စက်ဝိုင်းတစ်မျိုးပင်တည်း၊ ထို စက်ဝိုင်း၌ "အကန့် = ဒေါက်ဆံ" ဟု ခေါ်အပ်သော အရာဝတ္ထုသည် တစ်ထောင်တိတိ ပါရှိ၏၊ ယခု လှည်းဘီးများကဲ့သို့ အကန့် ဒေါက်ဆံတို့၏ ဘေးပတ်လည်၌ အကွပ်တကူ ပါရှိ၏၊ အလည်တည့်တည့်၌ ဗုံတောင်း (ပဒေါင်း)လည်း ပါရှိ၏၊ သို့သော် ထို ပဒေါင်းသည် ဝင်ရိုးထိုးလောက်အောင် ထုတ်ချင်းပေါက်သော အပေါက် မဟုတ်၊ ဘေး ၂ ဖက်၌ အပေါက်အရာသာ ရှိသည်၊ ထို ပဒေါင်းသည် ဣန္ဒနီလာ ပတ္တမြားအတိ ပြီး၏၊ အလယ်၌ အပေါက် နေရာသည် အလွန် ကောင်းသော ငွေအတိ ပြီး၏၊ ထိုပဒေါင်းအပေါက်၌ သန့်ရှင်း စင်ကြယ်၍ ပြေပြစ် ညက်ညောသော သွားပုံသဏ္ဌာန် ပါရှိ၏၊ (ခွေးသွားစိတ်မျိုးတည်း)၊ ထို သွားပုံသဏ္ဌာန်ကြောင့် စကြာရတနာသည် ပြုံးနေသကဲ့သို့ တင့်တယ်၏။

ထိုပဒေါင်းပေါက်သည် လစန်းကဲ့သို့ ဝန်းဝိုင်း၏၊ နှစ်ဖက် အစွန်းတို့၌ ငွေပြားဖြင့် ကွပ်ထား၏၊ ပဒေါင်း၌လည်းကောင်း, ပဒေါင်းအပေါက်၌လည်းကောင်း, ပတ်ဝန်းကျင်ငွေပြားတို့၌လည်းကောင်း အရေးအသားကလေးတွေ အလွန် ထင်ရှားစွာပေါ်နေ၏၊ ပဒေါင်းနှင့် အကွပ်တို့၏အကြား၌ အကန့် ဒေါက်ဆံတို့ကို ရတနာခုနစ်ပါးဖြင့် ပြုလုပ်ထားအပ်၏၊ နေရောင်ကဲ့သို့ အရောင်လည်းထွက်ကုန်၏၊ ထိုအကန့် ဒေါက်ဆံတို့၌ အရေးအကြောင်းတို့သည် တချို့က ရေအိုးငယ်ပုံသဏ္ဌာန်ရှိ၍ တချို့က ပတ္တမြားရွဲလုံးငယ်ပုံသဏ္ဌာန် ရှိ၏၊ သူ့နေရာနှင့်သူ လှပအောင် ခွဲခြားထားသောကြောင့် ထို အကန့် ဒေါက်ဆံတို့သည် အလွန် ကြည့်ရှုဖွယ် တင့်တယ်ကုန်၏၊ အကန့် ဒေါက်ဆံတို့၏ ဘေးပတ်ဝန်းကျင်က အကွပ်တကူ သည်လည်း တက်သစ်စ နေရောင်အပေါင်းကဲ့သို့ နီမြန်းသော သန့်ရှင်းသော ပြေပြစ် ညက်ညောသော သန္တာခေါ်သော ရတနာများဖြစ်ကြ၏၊ အကွပ်တကူ အဆက်ဆက်တို့၌ နီးမြန်းသော ဇမ္ဗူရစ်ရွှေပြားတို့သည် အကွပ်တကူ တစ်ခုနှင့်တစ်ခု ခြားနားအောင်လုံးသော အရေးအသားတို့ဖြင့် ပိုင်းပိုင်းခြားခြား ထင်ရှားကုန်၏။

အကွပ်တကူအဝိုင်း၏ ဘေးအပြင်၌ကား (ယခုအခါ လှည်းဘီး တို့၌ ပတ်ဝန်းကျင်အဆုံးဝယ် တပ်ထာ အပ်သော သံပတ်, စက်ဘီး တို့၌ ပတ်ဝန်းကျင်အဆုံးဝယ် တပ်ထားအပ်သော တာယာ တို့ကဲ့သို့ နေရာမျိုး၌ကား) အကန့် ဒေါက်ဆံ ဆယ်ခု ဆယ်ခုတို့၏ အကြား တိုင်အောင် စင်သွားသော သန္တာရိုးတံ ရှိ၏၊ ထို သန္တာန်ရိုးတံ၌ ပုလွေကဲ့သို့ ဝိုင်းဝန်းသောအပေါက်ရှိရကား အပြင်ဖက်က လေကို ယူနိုင်၏၊ ထို့ကြောင့် ကောင်းကင်သို့လည်သောအခါ ထိုအပေါက် တို့မှ ဝင်လာသော လေသံသည် ကျွမ်းကျင်သူတို့ တီးအပ်သော တူရိယာသံကဲ့သို့ အလွန် သာယာဖွယ်ကောင်း၏၊ ထို သန္တာရိုးတံ၏ အထက်၌ ထီးဖြူ ပါရှိ၏၊ ထို ထီးဖြူ၏ ဘေး ၂ ဖက်တို့၌ တွဲလျား ကျသော ပန်းကုံး အစဉ်အတန်း နှစ်တန်း ပါရှိ၏။

ထို့ကြောင့် အကန့် ဒေါက်ဆံ ဆယ်ခု ဆယ်ခုတို့၏ အကြား အကြား၌ သန္တာရိုးတံ တစ်ခုတစ်ခု ပါသောကြောင့် စကြာရတနာ ဝယ် သန္တာရိုးတံပေါင်း တစ်ရာရှိ၏၊ သန္တာရိုးတံတစ်ရာ၏အပေါ်၌ ထီးဖြူတစ်ရာရှိ၏၊ ထီးဖြူ၏ ဝဲ ယာ၌ ပန်းကုံးအစည်းပေါင်း နှစ်ရာ ရှိ၏၊ ထိုမျှလောက်သော အဆောင်အယောင်ဖြင့် တင့်တယ်သော အကွပ်တကူ အဝန်းအဝိုင်းဝယ် နှစ်ဖက်သောပဒေါင်းပေါက်တို့၏ အဆုံး၌ ခြင်္သေ့နှုတ်ခမ်းကဲ့သို့ အပေါက်ဝနှစ်ခုရှိ၏၊ ထိုအပေါက်ဝ နှစ်ခုမှ ပုလဲသွယ် နှစ်ခုတို့သည် တွဲရရွဲ ဆွဲနေကုန်၏၊ ထို ပုလဲသွယ် တို့သည် တစ်သွယ်မက စုပေါင်း၍တည်နေသောကြောင့် တစ်သွယ် တစ်သွယ်လျှင် ထန်းပင်လုံးပမာဏ ရှိ၏၊ လပြည့်ဝန်း၏ အရောင် အပေါင်းကဲ့သို့ အလွန် တင့်တယ်ကုန်၏၊ ထို စကြာရတနာသည် ကောင်းကင်သို့ လည်၍သွားသောအခါ ထို ပုလဲသွယ် နှစ်သွယ်တို့

ကလည်း ဝဲဘက်ယာဘက်၌ လှည့်ပတ်လျက် လည်နေသောကြောင့် စကြာကြီးသုံးခုတို့ တစ်ပေါင်းတည်း လည်နေသကဲ့သို့ ထင်ရ ပေသည်၊ ဤကား စကြာရတနာ၏ အကြောင်းအရာတည်း။

စကြာရတနာကို လည်စေခြင်း

မဟာသုဒဿနမင်းသည် စကြာရတနာကို မြင်ရသောအခါ ခြုံထားအပ်သော အဝတ်ကို လက်ကန်တော့တင်ပြီးလျှင် လက်ဝဲလက်ဖြင့် ရွှေကရား ကို ကိုင်၍ လက်ယာလက်ဖြင့် စကြာရတနာ၏အထက်၌ ရေကို သွန်း လောင်းရင်း "အရှင် စကြာရတနာ လည်တော်မူပါ၊ အရှင် စကြာ ရတနာ အောင်တော်မူပါ" ဟု ပြောဆိုလေသည်၊ ထို စကား၏ အခြားမဲ့၌ပင် စကြာရတနာသည် မဟာသုဒဿနမင်း ဆောင်ယူ ကာ ကောင်းကင်သို့ တက်သွား၍ အစဆုံး လည်ခြင်းဖြင့် လည်၏၊ ထိုအချိန်မှစ၍ မဟာသုဒဿနမင်းကို "စကြာရတနာအရှင်–စကြာ မင်း" ဟု ခေါ်နိုင်လေသည်၊ စကြာရတနာ ကောင်းကင်သို့ တက် သောအခါ မင်း၏ အခြွေအရံဖြစ်သော နန်းတွင်းသူ လူအများနှင့် တကွ အိမ်ရှေ့မင်း စသော အခြွေအရံများလည်း ကောင်းကင်သို့ လိုက်သွား၍ မင်းကို ခြံရံကြလေသည်။

တိုင်းသူပြည်သားများ လိုက်ပါပုံ

လိုက်လိုသော တိုင်းသူပြည်သားတို့ လိုက် နိုင်ခြင်းအကျိုးငှါ မြို့တော်၌ စည်လည်စေ၏၊ များစွာသောလူတို့ကား စကြာရတနာ ၏ အသံကို ကြားတုန်းကပင် မိမိတို့ကိစ္စကို ပယ်၍ နံ့သာပန်းစသည် ကို လက်စွဲကုန်လျက် စုဝေးပြီးဖြစ်၏၊ ထိုလူအပေါင်းတို့သည်လည်း ကောင်းကင်သို့ လိုက်သွား၍ စကြာမင်းကို ခြံရံကြကုန်၏၊ မင်းနှင့် အတူ လိုက်လိုသောစိတ်ရှိသူဟူသမျှသည် ကောင်းကင်သို့ရောက်နိုင်

ကြသည်သာ၊ ဤနည်းအားဖြင့် စကြာရတနာ၏ နောက်၌ စကြာမင်း၏ အခြံအရံ ပရိသတ်သည် အလျား အနံ တစ်ဆယ့်နှစ်ယူဇနာရှိ၏၊ ထိုပရိသတ်တွင် အင်္ဂါချို့ယွင်းသူလည်း မပါ၊ အဝယ်အစားညစ်နွမ်းသူလည်း မပါ၊ သန့်ရှင်းသော အဝတ်ကိုသာ ဝတ်၍ လိုက်ပါကြလေသည်။

စကြာရတနာ လှည့်လည်ပုံ

စကြာရတနာသည် ထိုပရိသတ်ကြီးကို ဆောင်ယူ၍ သစ်ပင်ထိပ်ဖျားတို့၏အထက်၌ အလွန်လည်းမမြင့်၊ အလွန်လည်း မနိမ့်သော ကောင်းကင် အရပ်ဖြင့် လှည့်လည်၏၊ စကြာရတနာ ပရိသတ်သည် သစ်ပင်တို့၏ အပွင့်အသီး အညွန့်တို့ကို ခူးလိုလျှင် လက်လှမ်း၍ ခူးနိုင်၏၊ မြေ၌တည်သူ လူတို့ကလည်း "ဤသူသည် စကြာမင်း, ဤသူသည် အိမ်ရှေ့မင်း, ဤသူသည် စစ်သူကြီး" ဤသို့ ကွဲကွဲပြားပြား မြင်နိုင်၏၊ ပရိသတ်အများတွင် ရပ်လိုသူက ရပ်၍ လိုက်နိုင်၏၊ ထိုင်လိုသူက ထိုင်၍ လိုက်နိုင်၏၊ လျောင်းလိုသူက လျောင်း၍ လိုက်နိုင်၏၊ ပုံဆွဲခြင်းစသော အတတ်ကို တတ်သူတို့ကလည်း မိမိတို့ကိစ္စကိုပြု၍ လိုက်နိုင်ကုန်၏၊ ဤသို့ လှည့်လည် သွားလာနေသော စကြာရတနာသည် ပြအပ်ပြီးသော ပရိသတ်ကြီးကို ဆောင်၍ မြင်းမိုရ်တောင်၏ ဝဲဘက်ကျသော မဟာသမုဒ္ဒရာ၏ အထက်အရပ်မြင့် ယူဇနာ ၇ ထောင် ရှိသော အရှေ့ကျွန်းသို့ သွားလေသည်။

အရှေ့ကျွန်း မင်းများ

စကြာမင်း၏ ပရိသတ်သည် အဝန်းအဝိုင်းအားဖြင့် သုံးဆယ့်ခြောက်ယူဇနာ ရှိ၏၊ ထိုမျှလောက်သော ပရိသတ်တို့ နေထိုင်လောက်သော အစာ အာဟာရလည်း ရလွယ်သော, အရိပ် ရေတို့နှင့်လည်း ပြည့်စုံသော, သန့်ရှင်း

စင်ကြယ်သော မြေအပြင်ရှိသော အရပ်၏ အထက်အဖို့၌ ထိုစကြာရတနာသည် ရပ်တည်နေ၏၊ စကြာရတနာ ရပ်နေသောကြောင့် လိုက်ပါလာသော လူအပေါင်းလည်း သက်ဆင်း၍ ရေချိုးခြင်း, စားသောက်ခြင်းစသော အလိုရှိရာ ကိစ္စကို ပြု၍နေကြစဉ် စကြာမင်းလည်း ထိုအရပ်၌ စစ်အင်္ဂါလေးပါးနှင့်တကွ ခေတ္တ နေထိုင်လေသည်၊ စကြာမင်း ရောက်လာသောအခါ အရှေ့ကျွန်း၌ နေကြသော မင်းအများတို့သည် "အခြားမင်းတစ်ပါး ရောက်လာပြီ" ဟု ကြားရသော်လည်း စကြာရတနာ၏ တန်ခိုးကြောင့် စစ်သည်ဗိုလ်ပါ စုရုံးမှုကို မပြုကြဘဲ မိမိတို့၏ စည်းစိမ်အားလျော်စွာ လက်ဆောင်ယူပြီးလျှင် "မဟာရာဇာ... ကြွတော်မူပါ၊ အရှင်မင်းမြတ်၏ ကြွလာခြင်းသည် ကောင်းသော လာခြင်း ဖြစ်ပါ၏၊ အကျွန်ုပ်တို့ ပြုဖို့ရာ အလုပ်ရှိလျှင် အမိန့်ပေးတော်မူပါ" ဤသို့ သံတော်ဦးတင်ကြသောအခါ....

စကြာမင်း၏ ဩဝါဒ

စကြာမင်းသည် အလွန် ချိုသာသော အသံဖြင့် ပါဏာတိပါတစသော အမှုတို့၏ အပြစ်ကိုပြော၍ "သူ့အသက်ကို မသတ်ထိုက်ပါ၊ ဥစ္စာရှင်တို့ ကျေကျေနပ်နပ် မပေးအပ်သော သူ့ဥစ္စာကို မယူထိုက်ပါ၊ ကာမဂုဏ်တို့၌ မတော် မတရား မှားမှားယွင်းယွင်း မပြုထိုက်ပါ၊ မုသား မပြောထိုက်ပါ၊ သေရည် အရက်ကို မသောက်ထိုက်ပါ၊" ဤသို့ ငါးပါးသီလ စောင့်ထိန်းဖို့ရန် ပြော၍ "အခွန်အတုပ် ကောက်ခံရာ၌လည်း ရှေးမင်းကောင်းတို့၏ အစဉ်အလာအတိုင်းသာ ကောက်ခံကြပါ" ဟု ပြောလေသည်၊ အားလုံးသော မင်းများသည်း "မဟာသုဒဿနစကြာမင်း"၏ နောက်လိုက်အဖြစ်ဖြင့် ဝန်ခံကြလေသည်။

သမုဒ္ဒရာအတွင်းသို့ သက်ဆင်းခြင်း

အရှေ့ကျွန်း၌ မင်းအများကို ဩဝါဒ ပေးပြီးသော အခါ လိုက်ပါလာသော လူအများလည်း နံနက်စာ စားပြီးပြီဖြစ်၍ စကြာရတနာသည် မဟာသုဒဿနမင်း၏ အလိုအားဖြင့် ကောင်းကင်သို့ တက်ပြီးလျှင် မြင်းမိုရ်တောင်၏ အရှေ့ဘက် သမုဒ္ဒရာအတွင်းသို့ သက်ဆင်းလေသည်၊ စကြာရတနာ ဆင်းလာသောအခါ ရေအပြင်သည်လည်း ရှေးဦးစွာ အောက်သို့ လျော၍ လျော၍ သွား၏၊ တစ်ယူဇနာမျှ အောက်သို့ ရောက်သောအခါ ဘေးပတ်ပတ်လည် ရေပြင်ကြီးက ကျောက်မျက်ရွဲနံရံကြီး ကာထားသကဲ့သို့ တည်နေ၏၊ ၁ ယူဇနာမျှ လောက်သော ရေပြင်ပေါ်၌ စကြာရတနာ ရပ်တည်နေ၏။

သမုဒ္ဒရာအပြင်ဝယ် အမျိုးမျိုးသော ရတနာတို့သည် ထိုအရပ်၌ ပြည့်နေကုန်၏၊ စကြာမင်း ပရိသတ်သည် ရတနာတို့ကို အလိုရှိတိုင်း ယူကြ၏၊ ထိုသို့ ယူပြီးသောအခါ စကြာရတနာသည် ပြန်၍ ဆုတ်လာ၏၊ စကြာရတနာ ပြန်၍ ဆုတ်လာသောအခါ လာတုန်းက နောက်ဆုံးဖြစ်သော ပရိသတ်သည် ရှေ့က ဖြစ်နေ၏၊ စကြာမင်းသည် အလယ်၌ ရောက်နေ၏၊ စကြာရတနာသည် အဆုံး၌ ဖြစ်နေ၏၊ သမုဒ္ဒရာရေအပြင်သည် ပြန်၍ ဆုတ်သွားသော စကြာရတနာနှင့် ကွဲကွာရမည်ကို မခံနိုင်သကဲ့သို့ လည်နေသော စကြာရတနာ၏ အကွပ်တံကူကို ထိလျက် ထိလျက် လိုက်လာသည်။

တောင်ကျွန်း စသည်သို့ လှည့်လည်တော်မူခြင်း

ဤနည်းအားဖြင့် စကြာမင်းသည် အရှေ့ မဟာသမုဒ္ဒရာ အဆုံးအပိုင်းအခြားရှိသော အရှေ့ကျွန်းကိုအောင်တော်မူပြီး၍ တောင် သမုဒ္ဒရာ အပိုင်းအခြားရှိသော တောင်ကျွန်းကို အောင်တော်မူလို

သောကြောင့် စကြာရတနာ ညွှန်ပြအပ်သော လမ်းဖြင့် မြင်းမိုရ်တောင်၏ တောင်ဖက်သမုဒ္ဒရာသို့ ရှေးရှုသွားပြီးလျှင် တောင်ကျွန်းသို့ ရောက်သောအခါ စကြာရတနာ ရပ်တန့်ပုံ၊ တောင်ကျွန်း၌ ရှိသော မင်းအများတို့ လာရောက်ခစားကြပုံ၊ ထိုမင်းအများကို ဩဝါဒ ပေးပြီး၍ တောင်ကျွန်း သမုဒ္ဒရာ၌ သက်ဆင်းပုံ၊ ပြန်လာပုံ အစီအစဉ်မှာ အရှေ့ကျွန်းအတိုင်းပင်တည်း။

တောင်ကျွန်း၌ရှိသော မင်းများနှင့် တကွ တောင် သမုဒ္ဒရာကို အောင်နိုင်ပြီး၍၊ အနောက်ကျွန်း၌ နေသော မင်းများနှင့် တကွ အနောက် သမုဒ္ဒရာကို အောင်နိုင်ပုံလည်းကောင်း၊ ထို့နောက် မြောက်ကျွန်း၌ရှိသော မင်းများနှင့် တကွ မြောက် သမုဒ္ဒရာကို အောင်နိုင်ပုံကိုလည်းကောင်း၊ ရှေးနည်းအတိုင်းပင် သိနိုင်ပြီ၊ ဤသို့ အောင်နိုင်ပြီးသောအခါရောက်မှ "သမုဒ္ဒရာလေးစင်းအပိုင်းအခြား ရှိသော လေးကျွန်းလုံးကို အစိုးရသော စကြာမင်း" ဟု ဆိုရသည်။

ထိုသို့ သမုဒ္ဒရာလေးစင်းအပိုင်းအခြားရှိသော လေးကျွန်းလုံးကို အောင်ပြီး၍ စကြာရတနာညွှန်ပြအပ်သော ကောင်းကင်လမ်းဖြင့် မိမိ၏ ကုသဝတီ နေပြည်တော်သို့ ပြန်လာခဲ့၏၊ ပြန်ရောက်သော အခါ စကြာရတနာသည် နန်းတော်အတွင်း၏ တံခါးပေါက်ကို တန်ဆာဆင်သကဲ့သို့ ရပ်တည်နေ၏၊ ညဉ့်ကာလ၌ မီးထွန်းဖွယ် မလို၊ စကြာရတနာ အရောင်သည်သာ ညဉ့်အမှောင်ကို ပယ်နိုင်၏၊ အမှောင်ကို အလိုရှိသူတို့ အတွက်မှာ အမှောင်လည်း ရနိုင်ပါ၏၊ ဤကား စကြာရတနာဖြင့် လေးကျွန်းလုံး လှည့်လည်ပုံ အောင်နိုင်ပုံ အစဉ်တည်း။

ဆင်ပျံတော်ရတနာ အကြောင်း

နေရာပြင်ဆင်ထားပုံ စကြာရတနာ ဖြစ်ပေါ်လာသော အခါမှ စ၍ "အခြားသော ရတနာများလည်း ဖြစ်ပေါ်လာလိမ့်မည်" ဟု သိကြသော အမတ်တို့သည် မင်္ဂလာဆင်တော် ထားရာအရပ်ကို သန့်ရှင်း စင်ကြယ်သော မြေအပြင်ရှိအောင် ပြုစေပြီး၍ စန္ဒကူး ရွှေအစရှိသော နံ့သာတို့ဖြင့် သုတ်လိမ်းပြီးလျှင် အောက်အပြင်၌ ဆန်းကြယ်သော အဆင်း အနံ့ ရှိသော ပန်း အမျိုးမျိုးတို့ကို ဖြန့်ထားကြ၏၊ အထက်၌ ရွှေကြယ်တို့၏ အကြားအကြားဝယ် တွဲလျားကျသော နှစ်သက်ဖွယ်ပန်းကုံးတို့ဖြင့် တန်ဆာဆင်အပ်သော ဗိတာန်မျက်နှာကြက်ကို ပြုစီမံပြီး၍ "အရှင်မင်းမြတ် ဆင်ပျံတော်ရတနာ ဆိုက်ရောက်လာဖို့ရန် ကြံစည်တော်မူပါ" ဟု သံတော်ဦး တင်ကြကုန်၏။

ဆင်ပျံတော်ရတနာ ဆိုက်ရောက်လာပုံ ထိုစကြာမင်းသည်ရှေး၌ဆိုအပ်ပြီးသောနည်းဖြင့် ကြီးစွာသော အလှူဒါနကို ပေးလှူပြီး၍လည်းကောင်း, ဥပုသ်သီလကို ဆောက်တည်ပြီး၍လည်းကောင်း, မိမိကောင်းမှု၏ ပြည့်စုံပုံကို ဆင်ခြင်လျက် စကြာနှင့်အတူ ရှိနေလေသည်၊ ထိုအခါ စကြာမင်း၏ ကောင်းမှုအာနုဘော်သည် နှိုးဆော်အပ်သည်ဖြစ်၍ ဆဒ္ဒန်ဆင်မျိုးမှသော်လည်းကောင်း, ဥပေါသထ ဆင်မျိုးမှသော်လည်းကောင်း, ဆင်ရတနာ ဆိုက်ရောက်လာ၏၊ ထို ဆင်ရတနာသည် ထွက်ခါစ နေဝန်း၏ အရောင်ကဲ့သို့ အလွန်နီသော ခြေ, အလွန်နီသော လည်ပင်း, အလွန်နီသော နှုတ်ခမ်းတို့ဖြင့် တန်ဆာဆင်အပ်

သော အလွန်စင်ကြယ်သော ဖြူသောကိုယ် ရှိ၏၊ မြဲ၍တည်သော ခုနစ်ပါးသော အင်္ဂါရှိ၏၊ (နှာမောင်း, လက် ခြေ လေးဖက်, အင်္ဂါဇာတ် အမြီးတို့တည်း)၊ ကောင်းသောပုံသဏ္ဌာန်ရှိသော အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံ၏၊ ပွင့်သော ပဒုမ္မာကြာနီပန်းကဲ့သို့ တင့်တယ်သော နှာမောင်းအဖျားရှိ၏၊ ကောင်းကင်သို့ ပျံနိုင်၏၊ ထိုကဲ့သို့ လှပတင့်တယ်သော ဆင်ပျံတော် ရတနာသည် ဆဒ္ဒန်ဆင်မျိုးမှ လာလျှင် အငယ်ဆုံးဆင်သည် လာ၏၊ ဥပေါသထဆင်မျိုးမှ လာလျှင် အကြီးဆုံးဆင်သည် လာ၏။

လေးကျွန်းလုံး လှည့်လည်ပုံ ဆင်ထိန်းတို့သည် ပြင်ဆင်ထားအပ်သော ဆင်တင်းကုပ်၌ ဆင်ပျံတော်ရတနာ ရောက်လာသည်ကို မြင်ရ၍ အလွန်ရွှင်လန်းဝမ်းမြောက်စွာဖြင့် စကြာမင်းအား သံတော်ဦးတင်ကြကုန်၏၊ စကြာမင်းသည် လျင်မြန်စွာ လိုက်လာ၍ ထိုဆင်ရတနာကိုမြင်ရသောအခါကြည်လင်ရွှင်ပြသော စိတ်ဖြင့် "ဆင်ရတနာသည်ယဉ်ကျေးပြီးဖြစ်ပါမူကား ကောင်းလေစွ" ဟု စိတ်၌ကြံလိုက်လျှင်ပင် ယဉ်ကျေးပြီးဖြစ်ကြောင်းကို ပြသောအားဖြင့် နှာမောင်းကို ဆန့်တန်း၍ နားရွက်တို့ကို အောက်ချလျက် စကြာမင်း၏ အနီးသို့ ကပ်လာသည်၊ စကြာမင်း စီးလိုကြောင်းကို သိရ၍ အခြွေအရံတို့က ဆင်ရတနာကို ရွှေတန်ဆာ ရွှေဇာဖြင့် ဖုံး၍ ရွှေအလံစိုက်ပြီးလျှင် အနီးသို့ ပို့ ဆောင်ကြကုန်၏၊ စကြာမင်းသည် ထို ဆင်ရတနာကို အောက်မြေ၌ မဝပ်စေဘဲ ၇ တောင်မြင့်သော လှေခါးဖြင့် တက်၍ ကောင်းကင်သို့ သွားလိုသော စိတ်ဖြစ်၏၊ ထိုအခါ ဆင်မင်းသည် လိုက်လိုသော ပရိသတ်နှင့်အတူ ယူဆောင်၍ ကောင်းကင်သို့ ပျံသွားလေသည်၊ ထိုသို့ ပျံသွား၍ အရှေ့ကျွန်း

အရှေ့သမုဒြာ, တောင်ကျွန်း တောင်သမုဒြာ, အနောက်ကျွန်း အနောက်သမုဒြာ, မြောက်ကျွန်း မြောက်သမုဒြာ, စုံအောင် လှည့်ပြီးလျှင် နံနက်စာ စားချိန် မရောက်မီပင် ကုသာဝတီနေပြည်တော်သို့ ပြန်လာလေသည်။ [ဆင်ပျံရတနာဖြင့် လှည့်လည်ရာ၌ ထိုကျွန်း၌ နေသော မင်းများကို အထူးပြောဆို ဆုံးမဖွယ် မလိုတော့။]

မြင်းပျံတော်ရတနာ အကြောင်း မြင်းပျံတော် ရတနာ ဖြစ်ပေါ်လာပုံ, လေးကျွန်းလုံး၌ လှည့်လည်ပုံမှာ ရှေးအတိုင်းပင်တည်း၊ ထို မြင်းရတနာသည် သိန္ဓောမြင်းမှ လာ၏၊ နီမြန်းသောခြေ ရှိ၏၊ နီမြန်းသော နှုတ်သီးရှိ၏၊ လရောင်အစုကဲ့သို့ ဖြူဖွေးသော သန့်ရှင်းသော ညက်ညောသော တခဲနက် လုံးသော ကိုယ်ရှိ၏၊ လည်ပင်းသည် ဣန္ဒနီလာ ပတ္တမြားညိုရောင်နှင့် တူ၏၊ ဦးခေါင်းသည် မည်းနက်သောအဆင်း ရှိ၏၊ ဖြူဆံမြက်နှင့် တူသော သိမ်မွေ့သော လုံးသော ဖြောင့်သော ဆံတို့နှင့်လည်း ပြည့်စုံ၏၊ ကောင်းကင်သို့ ပျံသွားနိုင်၏၊ စကြာမင်းသည် ထို မြင်းပျံတော် ရတနာကို စီး၍ နောက်ပါ ပရိသတ်နှင့်တကွ လေးကျွန်းလုံးကို လှည့်ပတ်ပြီးလျှင် နံနက်စာ စားချိန်မရောက်မီ နေပြည်တော်သို့ ပြန်လာလေသည်။

မဏိရတနာ မြင်းပျံတော်ရတနာဖြစ်ပြီးသောအခါ ပတ္တမြားရတနာ ဖြစ်ပေါ်လာ၏၊ ထို ပတ္တမြားရတနာသည် အလျား လေးတောင်ရှိ၏၊ လှည်းပဒေါင်းများလုံးသကဲ့သို့ အညီအမျှလုံး၏၊ နှစ်ဖက်သောအစွန်းတို့မှထွက်ပေါ်လာသောအလွန်စင်ကြယ်သော ပုလဲ နှစ်သွယ်ဖြင့် လည်းကောင်း, ရွှေပဒုမ္မာတို့ဖြင့်လည်းကောင်း

တန်ဆာဆင်အပ်၏၊ အခြံအရံ ပတ္တမြားပေါင်း ရှစ်သောင်း လေးထောင် ရှိ၏၊ ကြယ်တာယာ အပေါင်းတို့ဖြင့် ခြံရံအပ်သော လပြည့်ဝန်း၏ အသရေကဲ့သို့ အသရေကိုဖြန့်လျက် ဝေပုလ္လတောင်မှ ထွက်ပေါ်လာ၏၊ ထို ပတ္တမြားရတနာကို ပုလဲဇာကွန်ယက်၌ ထား၍ ဝါး အဆင့်ဆင့် ဆက်ပြီးလျှင် အတောင်ခြောက်ဆယ် မြင့်သော ကောင်းကင်သို့ တင်ထားအပ်သောအခါ ညဥ့်အချိန်ဝယ် ပတ်ဝန်းကျင် တစ်ယူဇနာတိုင်အောင် အရောင်အလင်းကို ဖြန့်နိုင်၏၊ ထို ပတ္တမြားအရောင်သည် အရုဏ်တက်ချိန်ကဲ့သို့ ထင်ထင်ရှားရှား ဖြစ်ရကား ထို ပတ္တမြားအရောင်ကို အရုဏ်ရောင် ထင်၍ လယ်လုပ်သူတို့က လယ်ထွန်ကြ, ဈေးရောင်းသူတို့က ဈေးတံခါး ဖွင့်ကြ, ထိုထို အတတ်သည်တို့က ဆိုင်ရာအလုပ်ကို ပြုလုပ်ကြလေသည်။

မိဖုရား ရတနာ ပတ္တမြားရတနာ ဖြစ်ပေါ်လာပြီးနောက် မိဖုရားရတနာ ဖြစ်ပေါ်လာ၏၊ ထို မိဖုရားရတနာကို မဒ္ဒမင်းမျိုးမှသော်လည်း၊ မိဖုရားခေါင်တင်မြှောက်ဖို့ရန် ဆောင်ယူကြကုန်၏၊ မြောက်ကျွန်းမှသော်လည်း စကြာမင်း၏ ပုညကံကြောင့် အလိုလို ရောက်လာ၏၊ ထို မိဖုရားရတနာသည် အလွန်လှပသော ပုံသဏ္ဍာန်ရှိ၏၊ မြင်ရလျှင်ပင် မျက်လုံးတို့ကို ကြည်လင်စေနိုင်၏၊ အခြားကိစ္စကို မဆောင်ရွက်ဘဲ တစ်နေ့လုံး ကြည့်နေရသော်လည်း တင်းမတိမ်နိုင်အောင် ရှုချင်စဖွယ် တင့်တယ်၏၊ ကြည့်နေရလျှင်ပင် စိတ်ကို ကြည်လင် ရွှင်လန်းစေနိုင်၏၊ အဆင်းအားဖြင့် လည်းကောင်း, ကိုယ် အနေအထားအားဖြင့်လည်းကောင်း လွန်စွာ ပြည့်စုံ၏၊ မြင့်လည်း မမြင့်, နိမ့်လည်း မနိမ့်၊ ပိန်လည်း မပိန်, ဝလည်း မဝ၊ မည်းလည်း မမည်း, ဖြူလည်း မဖြူသောကြောင့်

အပြစ် ၆ ပါး ကင်းစင်၏၊ တစ်ဆယ့်နှစ်တောင်ရှိသော အရပ်
တိုင်အောင် ကိုယ်၏အရောင် လင်း၏၊ နတ်မိဖုရားများလောက် မလှ
သော်လည်း လူတို့တွင်ကား အလှဆုံးဖြစ်၏၊ ကိုယ်အတွေ့မှာ လဲအစု
ဝါဂွမ်းအစုကဲ့သို့ အလွန်နူးညံ့၏၊ မင်းတရား အေးချိန်အခါဝယ်
သူ၏ ကိုယ်အတွေ့မှာ နွေးနေ၏၊ မင်းတရား ပူအိုက်ချိန်အခါဝယ်
သူ၏ ကိုယ်အတွေ့မှာ အေးနေ၏ စန္ဒကူးအနံ့ကဲ့သို့ ကိုယ်မှာ သင်းပျံ့
၏၊ စကားပြောသောအခါ ခံတွင်းမှ ကြာညိုပန်းအနံ့သင်းပျံ့၏။

မင်းတရားလာသည်ကို မြင်လျှင် ထိုင်နေရာမှ လျင်စွာ ထ၍
မင်းတရားထိုင်ပြီးမှ ယပ်ခတ်ပေးခြင်းစသော ကိစ္စကိုပြု၍ နောက်မှ
ထိုင်၏၊ ထိုင်ပြီးနောက် ချိုသာသော အသံဖြင့် "ဘာလုပ်ပေးရမှာ
ပါတုန်း" ဟု မေးလေ့ရှိ၏၊ မင်းတရား၏ မြတ်နိုးဖွယ်ကိုသာ ပြုလေ့
ရှိ၍ မင်းတရား၏ ချစ်ဖွယ်ကိုသာ ပြောလေ့ရှိ၏၊ ထို အကျင့်များ
သည် ပရိယာယ်ဟုန်ဆောင်သော အကျင့်မဟုတ်၊ စိတ်ရင်းအတိုင်း
ဖြစ်သော အကျင့်များ ဖြစ်သည်၊ မင်းတရားကိုလွန်၍ အခြားသော
ယောကျ်ားကို စိတ်ဖြင့်မျှ မတောင့်တ၊ ထို ဂုဏ်များတွင် အလွန်
အဆင်းလှခြင်း စသော ဂုဏ်တို့သည် မိဖုရား၏ ပင်ကိုယ်အတိုင်း
ရှိနေသော ဂုဏ်တို့သာ ဖြစ်၏၊ လူတို့၏ အဆင်းကို လွန်ခြင်း,
အတွေ့ကောင်းခြင်း, ပူသောအခါ နွေး၍ နွေးသောအခါ အေး
ခြင်း, စန္ဒကူးအနံ့ သင်းပျံ့ခြင်း, ကြာညိုပန်း အနံ့ကဲ့သို့ ခံတွင်းမှ
ရနံ့ထွက်ခြင်းစသော ဂုဏ်တို့ကား စကြာမင်း၏ပုညကံကြောင့် ဖြစ်
ပေါ်လာသော ဂုဏ်ထူးများ ဖြစ်သည်။

သူကြွယ်ရတနာ ဣတ္ထိရတနာဖြစ်ပေါ်လာပြီးနောက် စကြာမင်း၏
ရွှေငွေစသော ဥစ္စာနေဖြင့် ပြုထိုက်သမျှ ကိစ္စတို့ကို
အလွယ်တကူ ပြီးစေခြင်းအကျိုးငှါ သူကြွယ်ရတနာလည်း အထင်
အရှား ဖြစ်ပေါ်လာ၏၊ ထိုသူကြွယ်ရတနာသည် ပင်ကိုယ်အားဖြင့်
သူကြွယ်အမျိုး၌ မွေးဖွားသူ ဖြစ်၏၊ စကြာမင်း၏ ဥစ္စာအစုကို
တိုးပွားစေတတ်သော သူဌေးလည်းဖြစ်၏၊ စကြာရတနာ ဖြစ်ပေါ်
လာသောအခါ၌ကား ကံ၏ အကျိုးကြောင့် ဖြစ်သော ဒိဗ္ဗစက္ခု
သည် အထင်အရှားဖြစ်၏၊ ထိုဒိဗ္ဗစက္ခုကြောင့် မြေ၏ တစ်ယူဇနာ
အရပ်ဝယ် ဥစ္စာရှင်ရှိသော ရွှေအိုး, ဥစ္စာရှင် မရှိသောရွှေအိုးကို ခွဲခဲ
ခြားခြား မြင်နိုင်၏၊ ထို သူကြွယ်ရတနာသည် ထိုကဲ့သို့ မြင်နိုင်ပုံကို
သိ၍ အလွန်နှစ်သက်သောစိတ် ရှိရကား "အရှင်မင်းမြတ် နေဖြင့်
ပြုဖွယ် ဟူသမျှကို အကျွန်ုပ် ပြုပါမည်၊ အရှင်မင်းမြတ် ကြောင့်ကြ
စိုက်ဖွယ် မလိုတော့ပါ၊" ဤသို့ မင်းတရားကို နေဖြင့် ဖိတ်မန်ပြီး
လျှင် နေဖြင့် ပြုရမည့် ကိစ္စအားလုံးကို ပြီးစီးစေသည်။

စုံစမ်းခြင်း အခါတစ်ပါး၌ စကြာမင်းသည် သူကြွယ်ရတနာကို
စုံစမ်းလိုသည်ဖြစ်၍ လှေဖြင့် ဂင်္ဂါမြစ် အလယ်သို့
သွား၍ သူကြွယ်ရတနာကို ပြောသည်မှာ "သူဌေးကြီး.... အကျွန်ုပ်
မှာ ရွှေငွေဖြင့် အလိုရှိနေ၏၊" ဤသို့ ပြောသောအခါ "မဟာ
ရာဇာ – ရွှေငွေဖြင့် အလိုရှိတော်မူလျှင် ကမ်းတစ်ဖက်သို့ လှေကို
ကပ်ပါစေ" ဟု သံတော်ဦးတင်၏၊ "သူဌေးကြီး... ဤ မြစ်အလယ်
၌ပင် အလိုရှိသည်၊" ဤသို့ ပြောသောအခါ သူကြွယ်ရတနာသည်
လက်နှစ်ဖက်ဖြင့် ရေကို သုံးသပ်၍ ရွှေငွေဖြင့် ပြည့်သော အိုးကို
ရေမှ ထုတ်ပြလေသည်၊ ထို့နောက် "မဟာရာဇာ.... ဤမျှလောက်

သော ရွှေငွေဖြင့် တော်လောက်ပါပြီလော၊ မဟာရာဇာ— ဤမျှ လောက်သော ရွှေငွေဖြင့် အကျွန်ုပ်၏ ကိစ္စကို ပြုအပ်ပါပြီလော၊ မဟာရာဇာ— ဤမျှလောက်သော ရွှေငွေဖြင့် အရှင်မင်းမြတ်ကို ပူဇော်အပ်ပါပြီလော၊'' ဤသို့ သံတော်ဦးတင်ပြီ၊ ထိုအခါ မဟာ ရာဇာကလည်း ဤမျှဖြင့် တော်လောက်ပါပြီ၊ ဤမျှလောက်သော ရွှေငွေဖြင့် ပူဇော်အပ်ပါပြီ၊'' ဤသို့ ပြောပြီ။

သားတော်ကြီး သူကြွယ်ရတနာ ဖြစ်ပေါ်လာပြီးနောက် စကြာ မင်း၏ အလုံးစုံသော ကိစ္စကို စီမံနိုင်ခြင်းအကျိုး

ရတနာ .

ငှါ သားတော်ကြီးရတနာ ဖြစ်ပေါ်လာ၏၊ ထို သားတော်ကြီးရတနာဟူသည် ပင်ကိုယ်ကပင် ရှိနေသော အကြီး ဆုံး သားတော်ဖြစ်သည်၊ပင်ကိုယ်ကပင် ကြောင်းကျိုးမြင်သိ ပညာ ရှိ၏၊ ထက်မြက်၏၊ ထိုထွင်း၍ သိနိုင်သော ပညာရှိ၏၊ ရှင်ဘုရင်၏ ပုဉ်းကံအာနုဘော်ကို အမှီပြု၍ ပည်းကောင်း မိခဲ၏ ကံစွမ်းကြောင့် လည်းကောင်း သူတစ်ပါးစိတ်ကို သိနိုင်သောဉာဏ် ဖြစ်ပေါ်လာ ၏၊ ထိုဉာဏ်ကြောင့် တစ်ဆယ့်နှစ်ယူဇနာရှိသော မင်းပရိသတ်၏ စိတ်နေ စိတ်ထားတို့ကို သိစွမ်းနိုင်၏၊ ဤသူကား မင်း၏စီးပွားကို လိုလားသူတည်း၊ ဤသူကား မင်း၏စီပွားကို မလိုလားသူတည်း၊ ဤသို့ ခွဲခြား၍ သိနိုင်၏၊ ထို့ကြောင့် ခမည်းတော်မင်းမြတ်သို့ ချဉ်းကပ်၍ ''အရှင်မင်းမြတ် ..တိုင်းရေးပြည်ရေး ကိစ္စ၌ ကြောင့်ကြ စိုက်တော် မမူပါနှင့်၊သားတော်သာလျှင် ဆောင်ရွက်ပါမည်''ဟု သံတော်ဦး တင်သည်၊ ဤသို့ အရည်အချင်းနှင့် ပြည့်စုံသော သားတော်ကြီး ရတနာ ဖြစ်ပေါ်လာသောအခါ စကြာမင်းမှာ ရတနာခုနစ်ပါးနှင့် ပြည့်စုံလေသည်။

စကြာမင်း၏ တန်ခိုးလေးမျိုး

၁။ မဟာသုဒဿန စကြာမင်းသည် အလွန် အဆင်းလှ၏၊ ရှုချင် စဖွယ် တင့်တယ်၏၊ မြင်ရသူတို့၏စိတ်ကို ကြည်လင်စေ ၏၊ ကိုယ်လုံး ကိုယ်ရပ်နှင့် ပြည့်စုံ၏၊ အခြားလူတို့ထက် သာလွန်၏။

၂။ မဟာသုဒဿန စကြာမင်းသည် အခြား လူတို့ထက် ပို၍ အသက်ရှည်၏။

၃။ မဟာသုဒဿန စကြာမင်းသည် ရောဂါကြီး ရောဂါငယ် အသွယ်သွယ်သော အနာရောဂါ မရှိ၊ စားလိုက်သော အစာကို ကျေကျက်စေနိုင်သော ဝမ်းမီးနှင့် ပြည့်စုံ၏၊ ထို ဝမ်းမီးသည် ညံ့လည်းမညံ့, လွန်လည်း မလွန်, အခြားလူတို့၏ ဝမ်းမီးထက် သာ၏။

၄။ မဟာသုဒဿန စကြာမင်းသည် ပုဏ္ဏား သူကြွယ်တို့ ချစ်ခင် မြတ်နိုးအပ်၏၊ ဥပမာ—အဖကို သားသမီးတို့က ချစ်ခင် မြတ်နိုးသကဲ့သို့ ဖြစ်၏၊ မဟာသုဒဿန မင်းကလည်း ပုဏ္ဏား သူကြွယ်တို့ကို ချစ်ခင် မြတ်နိုး၏၊ ဥပမာ - အဖ က သားသမီးတို့ကို ချစ်ခင် မြတ်နိုးသကဲ့သို့ဖြစ်၏။

အခါတပါး၌ မဟာသုဒဿနစကြာမင်းသည် စစ်အင်္ဂါ ၄ ပါး နှင့်အတူ ဥယျာဉ်သို့ ထွက်တော်မူ၏၊ ထိုအခါ ပုဏ္ဏား သူကြွယ်တို့က ချဉ်းကပ်၍ ''အရှင်မင်းမြတ်— ဖြေးဖြေး ကြွတော်မူပါ၊ တိုင်းသူ ပြည်သား လူအများက အရှင်မင်းမြတ်ကို အတော် ကြာအောင် ဖူးမြင်လိုကြပါသည်''ဤသို့ သံတော်ဦးတင်ကြ၏၊ မဟာသုဒဿန

စကြာမင်းကလည်း ရထားထိန်းကို "ဖြေးဖြေးမောင်းပါ၊ ငါသည် ပုဏ္ဏား သူကြွယ်တို့ကို အတော်ကြာအောင် ကြည့်ရှု၍ သွားလိုသည်" ဟု မိန့်တော်မူသည်။

ရေကန်တို့ကို ဖန်ဆင်းခြင်း

မဟာသုဒဿနစကြာမင်းသည် "ထိုထန်းပင်တို့၏ အကြား၌ လေးအပြန်တစ်ရာ ဝေးကွာသောနေရာတိုင်းဝယ် ရေကန်တို့ကို ဖန်ဆင်းရမူကား ကောင်းလေစွ" ဟု အကြံဖြစ်၏၊ ထိုသို့ ကြံလိုက်သည်နှင့်တပြိုင်နက် ရေကန်များ ပေါ်ပေါက်လာကုန်၏၊ ထိုရေကန်များကို ရွှေအုတ်တို့ဖြင့်လည်းကောင်း၊ ငွေအုတ်တို့ဖြင့်လည်းကောင်း၊ ကျောက်မျက်ရွဲအုတ်တို့ဖြင့် လည်းကောင်း၊ ဖလ်အုတ်တို့ဖြင့်လည်းကောင်း စီထားအပ်ကုန်၏၊ ရေကန်တစ်ကန်လျှင် တက်ကြဆင်းကြဖို့ရာ လှေခါး ၄ စင်း ရှိ၏၊ တစ်စင်းသည် ရွှေအတိ ပြီး၏၊ တစ်စင်းသည် ငွေအတိပြီး၏၊ တစ်စင်းသည် ကျောက်မျက်ရွဲအတိ ပြီး၏၊ တစ်စင်းသည် ဖလ်အတိ ပြီး၏။

ရွှေလှေခါးတို့၏ တိုင်တို့သည် ရွှေတိုင်များဖြစ်၏၊ တိုင်တို့၌ တပ်ထားအပ်သော လက်ရန်းတန်းတို့သည်လည်းကောင်း၊ နဖူးစီးသည်လည်းကောင်း ငွေတန်းများဖြစ်ကြ၏၊ ငွေလှေခါး၏တိုင်တို့သည်လည်းကောင်း၊ လက်ရန်းတန်းတို့သည်လည်းကောင်း၊ နဖူးစီးသည်လည်းကောင်း ရွှေအတိပြီးကုန်၏၊ ကျောက်မျက်ရွဲလှေခါး၏ တိုင်တို့သည် ကျောက်မျက်ရွဲတိုင်တည်း၊ လက်ရန်းတန်းတို့သည် လည်းကောင်း၊ နဖူးစီးသည်လည်းကောင်း ဖလ်အတိ ပြီးကုန်၏၊ ဖလ်လှေခါး၏ တိုင်တို့သည်လည်းကောင်း၊ လက်ရန်းတန်းတို့သည်လည်းကောင်း၊ နဖူးစီးသည် လည်းကောင်း၊ ကျောက်မျက်ရွဲ အတိ ပြီးကုန်၏။

ထိုရေကန်တို့ကို နှစ်ထပ်သော ဝရံတာတို့ဖြင့် ကာရံအပ်ကုန်၏၊ ဝရံတာ တစ်ထပ်သည် စီထားအပ်သောအုတ်တို့၏ အစွန်း၌ ဖြစ်၏၊ ဝရံတာတစ်ထပ်ကား ရေကန်အပိုင်းအခြား၏ အဆုံး၌ ဖြစ်၏၊ ထိုဝရံတာတို့သည်လည်း ရွှေဝရံတာ ငွေဝရံတာ နှစ်မျိုးပင်ကွဲပြား၏၊ ရွှေဝရံတာ၏ တိုင်တို့သည် ရွှေအတိ ပြီးကုန်၏၊ လက်ရန်းတန်းသည်လည်းကောင်း၊ နဖူးစီးသည်လည်းကောင်း ငွေအတိ ပြီး၏၊ ငွေဝရံတာ၏ တိုင်တို့သည် ငွေအတိ ပြီးကုန်၏၊ လက်ရန်းတန်းသည်လည်းကောင်း၊ နဖူးစီးသည်လည်းကောင်း ရွှေအတိ ပြီး၏။

ပန်းပင်များကို စိုက်စေခြင်း

"ရေကန်သို့လာ၍ ရေချိုးကြ ရေသောက်ကြပြီးလျှင် ပြန်သွားသောလူတို့သည် ကြာညို၊ ကြာဖြူ ကြာနီဟူသော ဥပ္ပလကြာပန်း၊ ပဒုမ္မာကြာပန်း၊ ကုမုဒြာကြာပန်း၊ ပုဏ္ဍရိက်ကြာပန်းတို့ကို ပန်ဆင်၍ ပြန်သွားကြပါမူကား ကောင်းလေစွ" ဟု အကြံဖြစ်သောကြောင့် ထိုရေကန်ထဲ၌ ပန်းပင်တို့ကို ပေါက်စေလိုသောဆန္ဒ ဖြစ်၏၊ ဆန္ဒဖြစ်သည်နှင့်တပြိုင်နက် ရေကန်တွင်း၌ ဥတုသုံးပါးလုံးပွင့်သော ကြာပန်းများ ပေါ်ပေါက်လာကုန်၏၊ ဆွတ်ခူးလိုသူတို့အတွက် မည်သူ့ကိုမျှ အတားအဆီး မရှိရ။

ပြုစုသူများကို ထားခြင်း

ထို့နောက် ရေကန်တို့၏ ကမ်းပေါ်၌ ရေချိုးပေးသော ယောကျ်ားတို့ကိုလည်း ထားစေ၏၊ ထိုယောကျ်ားတို့က လာလာသမျှ လူအပေါင်းကို ရေခပ်ပေးခြင်း၊ ချေးတွန်းပေးခြင်းစသည်ဖြင့် ရေချိုးပေးကြရသည်၊ စားဖွယ်၊ သောက်ဖွယ်၊ အဝတ်၊ ယာဉ်ရထား၊ မိန်းမ၊ ရွှေ ငွေမှစ၍ ရေကန်၏အနီးအပါး၌ လှူဖွယ်ပစ္စည်းများကို ထားစေ၏၊ ရေချိုး

ပြီးသောအခါ ထမင်းဆာသူသည် ထမင်း စားနိုင်၏၊ အဖျော် သောက်လိုသူသည် အဖျော်သောက်နိုင်၏၊ အဝတ်ကိုလဲလှယ်၍ ဝတ် လိုသူသည် အဝတ်ကို လဲလှယ်၍ ဝတ်နိုင်၏၊ ယာဉ်ရထားကို အလိုရှိ သူသည် ယာဉ်ရထားကို စီးသွားနိုင်၏၊ အလိုရှိလျှင် အိမ်ထိအောင် ယူသွားနိုင်၏၊ အလိုမရှိလျှင် ထားခဲ့နိုင်၏၊ ကောင်းမြတ်သော အိပ်ရာတို့၌ မိန်းမများနှင့်အတူ စည်းစိမ်ခံစားလိုသူသည် စည်းစိမ် ခံစားနိုင်၏၊ အလိုရှိလျှင် အိမ်သို့ ခေါ်သွားနိုင်၏၊ ရတနာခုနစ်ပါး ဖြင့် ပြုအပ်သော တန်ဆာတို့ကို ပန်ဆင်၍လည်း စည်းစိမ် ခံစားနိုင် ၏၊ အလိုရှိလျှင် အိမ်သို့ ယူသွားနိုင်သည်။

များစွာသောဥစ္စာကို ဆက်သကြခြင်း ပစ္စည်း ပေါများသော ပုဏ္ဏား သူကြွယ်တို့ စဉ်းစားကြသည်မှာ—ဤစကြာမင်းသည် ဤမျှလောက် အလှူဒါနကို ပေးနေသော်လည်း တိုင်းသူ ပြည်သားတို့ကို မည်သည့်ပစ္စည်းကိုမျှ မဆက်သစေ၊ မင်း တရားက မဆက်သစေသော်လည်း ငါတို့ အလိုက်သိသိုက်၏၊ ဤသို့ တိုင်ပင်ပြီး၍ များစွာသောဥစ္စာကို ဆက်သကြကုန်၏၊ ထိုအခါ မဟာသုဒဿနမင်းက မိန့်သည်မှာ—"အမောင်တို့… သင်တို့ပစ္စည်း ဥစ္စာအစုကို ဆက်သဖို့မလိုပါ၊ ငါ့မှာ တရားသော အခွန်အတုတ်ဖြင့် ပြုစီမံအပ်သောဥစ္စာတွေ များစွာရှိပါသည်၊ သင်တို့ ယူဆောင်အပ် ခဲ့သော ဥစ္စာသည် သင်တို့အတွက်သာဖြစ်ပါစေ၊ ငါ၏ဘဏ္ဍာတော် မှလည်း ဆောင်ယူသွားကြပါဦး" ဤသို့ ပြော၏၊ မိမိတို့ ဆက်သ အပ်သော ဥစ္စာတို့ကို ထိုသို့ပယ်အပ်သည်ရှိသော် တနေရာသို့သွား၍ သဘောတူ တိုင်ပင်ကြသည်မှာ– " ဤ ဥစ္စာတွေကို မင်းတရားက ပယ်အပ်သော်လည်း မိမိတို့အိမ်သို့ ပြန်ယူရန်မသင့်တော့၊ အကျွန်ုပ် တို့သည် မင်းတရားဖို့ အိမ်တော်တစ်ဆောင်ပြုရလျှင် ကောင်းမည်

ထင်သည်" ဤသို့ တိုင်ပင်ပြီး၍ ထိုအကြောင်းကို သံတော်ဦး တင် သောအခါ ဆိတ်ဆိတ်နေသောအားဖြင့် လက်ခံ၏။

သိကြားမင်း ဖန်ဆင်းပေးခြင်း ထိုအကြောင်းကို သိကြားမင်း သိ၍ ဝိသကြုံ နတ်သားကို ခေါ်ပြီးလျှင် "အမောင်…. မဟာသုဒဿနမင်းဖို့ ဓမ္မမည်သော ပြာသာဒ်အိမ် တော်ကို ဖန်ဆင်းပါချေ၊" ဤသို့ စေခိုင်း၍ ဝိသကြုံနတ်သားကို လွှတ်လိုက်လေသည်၊ ဝိသကြုံနတ်သားသည် မဟာသုဒဿနမင်း၏ ရှေ့တော်မှောက်၌ အရှင်မင်းမြတ်ဖို့ ဓမ္မမည်သော ပြာသာဒ်အိမ် တော်ကို ပြုလုပ်လိုပါသည် ဟု ပြော၏၊ မဟာသုဒဿနမင်းလည်း ဆိတ်ဆိတ်နေသောအားဖြင့် လက်ခံပြီ။

ဓမ္မမည်သော ပြာသာဒ်အိမ်တော် ဝိသကြုံ နတ်သားသည် မဟာသုဒဿနမင်း၏ တရားကျင့်ဖို့ရာ ဓမ္မမည်သော နန်းပြာသာဒ် ကို ဖန်ဆင်းပြီ၊ ဓမ္မမည်သော နန်းပြာသာဒ် သည် အရှေ့ အနောက် အလျားအားဖြင့် တစ်ယူဇနာရှိ၍ တောင် မြောက် အနံအားဖြင့် ယူဇနာဝက် ရှိ၏၊ ယောကျ်ားတို့၏ လက်ခုပ် သုံးဖေါင်လောက် မြင့်အောင် အခြေခံအုတ်ခုံကို စီထား၏၊ တချို့ အုတ်ကား ရွှေ, တချို့ အုတ်ကား ငွေ, တချို့ အုတ်ကား ကျောက် မျက်ရွဲ, တချို့ အုတ်ကား ဖလ်အုတ်များ ဖြစ်ကြသည်၊ ဓမ္မ နန်း ပြာသာဒ်၏ တိုင်တို့သည် ရှစ်သောင်းလေးထောင်ရှိကုန်၏။ တချို့ တိုင်သည် ရွှေ, တချို့ တိုင်သည် ငွေ, တချို့ တိုင်သည် ကျောက် မျက်ရွဲ, တချို့ တိုင်သည် ဖလ်တိုင်များဖြစ်ကြ၏၊ ထိုဓမ္မနန်းပြာသာဒ် ကို ၄ မျိုးသော အဆင်းရှိသော ပျဉ်ချပ်ငယ်တို့ဖြင့် ခင်းအပ်၏၊ ထို ဓမ္မနန်းပြာသာဒ်၌ လှေကားပေါင်း ၂၄ စင်းရှိ၏၊ တချို့ လှေကား သည် ရွှေ, တချို့ လှေကားသည် ငွေ, တချို့ လှေကားသည်

ကျောက်မျက်ရွဲ, တချို့လှေကားသည် ဖလ်လှေကားများ ဖြစ်ကြ၏၊ ရွှေလှေကား၏ တိုင်တို့သည် ရွှေတိုင်များဖြစ်၍ လက်ရုံးတန်းတို့သည် လည်းကောင်း, နဖူးစီးသည်လည်းကောင်း ငွေဖြင့် ပြုအပ်ကုန်၏၊ ငွေလှေကား၏ တိုင်တို့သည် ငွေတိုင်များဖြစ်၍ လက်ရုံးတန်းတို့သည်လည်းကောင်း, နဖူးစီးသည်လည်းကောင်း ရွှေဖြင့် ပြုအပ်ကုန်၏၊ ကျောက်မျက်ရွဲလှေကား၏ တိုင်တို့သည် ကျောက်မျက်ရွဲ တိုင်များဖြစ်၍ လက်ရုံးတန်းတို့သည်လည်းကောင်း, နဖူးစီးသည်လည်းကောင်း ဖလ်ဖြင့် ပြုအပ်ကုန်၏၊ ဖလ်လှေကား၏ တိုင်တို့သည် ဖလ်တိုင်များ ဖြစ်၍ လက်ရုံးတန်းတို့သည်လည်းကောင်း, နဖူးစီးသည်လည်းကောင်း ကျောက်မျက်ရွဲဖြင့် ပြုအပ်ကုန်၏။

ဓမ္မနန်းပြာသာဒ်၌ အထွတ်တို့သည် ရှစ်သောင်းလေးထောင် ရှိကုန်၏၊ ရွှေအထွတ်စသောအားဖြင့် အဆင်း ၄ မျိုးရှိကုန်၏၊ ရွှေအထွတ်တပ်အပ်သော အဆောင်၌ ငွေပလ္လင်ကို ခင်းထား၏၊ ငွေအထွတ်တပ်အပ်သော အဆောင်၌ ရွှေပလ္လင်ကို ခင်းထား၏၊ ကျောက်မျက်ရွဲအထွတ်တပ်အပ်သော အဆောင်၌ ဆင်စွယ်ပလ္လင်ကို ခင်းထား၏၊ ဖလ်အထွတ်တပ်အပ်သော အဆောင်၌ စန္ဒကူးနှစ်တို့ဖြင့် ပြုအပ်သော ပလ္လင်ကို ခင်းထား၏၊ ရွှေအထွတ်တပ်အပ်သော ပြာသာဒ်၏ တံခါးအနီး၌ ငွေထန်းပင် တည်ရှိ၏၊ ထို ငွေထန်းပင်၏ ပင်စည်သည် ငွေဖြစ်၏၊ အရွက်တို့သည်လည်းကောင်း, အသီးတို့သည်လည်းကောင်း ရွှေအတိပြီးကုန်၏၊ ငွေအထွတ် တပ်အပ်သော ပြာသာဒ်၏ တံခါးအနီး၌ ရွှေထန်းပင် တည်ရှိ၏၊ ထို ရွှေထန်းပင်၏ ပင်စည်သည် ရွှေဖြစ်၏၊ အရွက်တို့သည်လည်းကောင်း, အသီးတို့သည်လည်းကောင်း ငွေအတိပြီးကုန်၏၊ ကျောက်မျက်ရွဲအထွတ်တပ်အပ်သော ပြာသာဒ်၏ တံခါးအနီး၌ ဖလ်ထန်းပင်သည်

တည်ရှိ၏၊ ထိုဖလ်ထန်းပင်၏ ပင်စည်သည် ဖလ်ဖြစ်၏၊ အရွက်တို့သည်လည်းကောင်း, အသီးတို့သည်လည်းကောင်း ကျောက်မျက်ရွဲအတိပြီးကုန်၏၊ ဖလ်အထွတ်တပ်အပ်သော ပြာသာဒ်၏ တံခါးအနီး၌ ကျောက်မျက်ရွဲ ထန်းပင်သည် တည်ရှိ၏၊ ထို ကျောက်မျက်ရွဲထန်းပင်၏ ပင်စည်သည် ကျောက်မျက်ရွဲဖြစ်၏၊ အရွက်တို့သည်လည်းကောင်း, အသီးတို့သည်လည်းကောင်း ဖလ်အတိပြီးကုန်၏။

ဓမ္မပြာသာဒ်ဝယ် အကျယ်ဆုံးဖြစ်သော အထွတ်တပ်အပ်သော ပြာသာဒ်၏ တံခါးပေါက်၌ အလုံးစုံ ရွှေအတိပြီးသော ထန်းတောဥယျာဉ်ကို ဖန်ဆင်း၏၊ ထိုဥယျာဉ်၌ နေ့အခါဝယ် နေထိုင်၏၊ ဓမ္မမည်သော နန်းပြာသာဒ်ကို နှစ်ထပ်သော ဝရံတာတို့ဖြင့် ကာရံအပ်၏၊ တစ်ထပ်သည် ရွှေအတိ ပြီး၏၊ တစ်ထပ်သည် ငွေအတိပြီး၏၊ ရွှေဝရံတာ၏ တိုင်တို့သည် ရွှေတိုင်များဖြစ်၍ လက်ရုံးတန်းတို့သည်လည်းကောင်း, နဖူးစီးသည်လည်းကောင်း ငွေအတိ ပြီး၏၊ ငွေဝရံတာ၏ တိုင်တို့သည် ငွေတိုင်များဖြစ်၍ လက်ရုံးတန်းတို့သည်လည်းကောင်း, နဖူးစီးသည် လည်းကောင်း ရွှေအတိ ပြီး၏၊ ဓမ္မနန်းပြာသာဒ်ကို နှစ်ထပ်သော ရွှေခြူဇာတို့ဖြင့် ကာရံအပ်၏၊ ၁ ထပ်သော ဇာသည် ရွှေအတိပြီး၏၊ ၁ ထပ်သော ဇာသည် ငွေအတိပြီး၏၊ ရွှေအတိပြီးသော ဇာ၏ ခြူတို့သည် ငွေအတိပြီး၏၊ ငွေအတိပြီးသော ဇာ၏ ခြူတို့သည် ရွှေအတိ ပြီး၏၊ ထို ခြူကလေးတွေ ဆွဲထားအပ်သော ဇာကို လေတိုက်သောအခါ ထွက်ပေါ်လာသော အသံသည် ကျွမ်းကျင်သူ တီးမှုတ်အပ်သော တူရိယာ ငါးပါး၏ အသံကဲ့သို့ သာလည်း သာယာ၏၊ တပ်မက်ဖွယ်လည်းကောင်း၏၊ နှစ်သက်ဖွယ်လည်း ကောင်း၏၊ ယစ်မူးဖွယ်လည်း ကောင်း၏၊ ထိုအခါ တုန်းက

ကုသဝတီ မင်းနေပြည်၌ သေသောက်ကြူးတို့သည် ရွှေခြူဇာတို့၏ အသံဖြင့် ကကြ, ခုန်ကြ, မြူးပျော်ကြလေသည်၊ ဓမ္မနန်းပြာသာဒ် ပြီးသောအခါ အရောင်တောက်နေသည့်အတွက် မျက်စိတို့ကို ရှောင်လွဲရလောက်အောင် အကြည့်ခက်သတတ်။

ရေကန်ကို ဖန်ဆင်းခြင်း ဓမ္မနန်းပြာသာဒ်၏ ရှေ့၌ ဓမ္မမည်သော ရေကန်ကို ဖန်ဆင်း၏၊ ထို ဓမ္မမည်သော ရေကန်သည် အရှေ့ အနောက် အလျားအားဖြင့် တစ်ယူဇနာရှိ၏၊ တောင် မြောက် အနံအားဖြင့် ယူဇနာဝက်ရှိ၏၊ ၂၄ စင်းသော လှေကား တို့ကို တပ်ထား၏၊ ထိုလှေကားတို့၏ ရွှေ, ငွေ, ကျောက်မျက်ရဲ, ဖလ် တို့ဖြင့် ပြုလုပ်ပုံတို့မှာ ရှေးအတိုင်းပင်တည်း၊ ထိုဓမ္မရေကန်ကို ဝရံ တာ နှစ်ထပ် ကာရံ၍ ရွှေ, ငွေ, ကျောက်မျက်ရဲ, ဖလ်တို့ဖြင့် ပြုလုပ် ပုံတို့မှာ ရှေးအတိုင်းပင် ဖြစ်သည်၊ ထိုဓမ္မရေကန်ကို ထန်းပင်အစဉ် ခုနစ်ထပ်တို့ဖြင့် ကာရံအပ်၏၊ ထို ထန်းပင်အစဉ်တို့၏ ရွှေ, ငွေ, ကျောက်ချက်ရဲ, ဖလ်တို့ဖြင့် ပြီးပုံသည်လည်းကောင်း, အရွက်အသီး ရတနာ ၄ မျိုးဖြင့် ပြီးပုံသည်လည်းကောင်း, ထန်းရွက်တို့မှ သာယာ သော အသံသည်လည်းကောင်း ရှေးနည်းအတိုင်းပင်တည်း။

နန်းပြာသာဒ်တက်၍ တရားကျင့် မဟာသုဒဿန စကြာမင်းသည် ဓမ္မနန်း ပြာသာဒ်နှင့် ဓမ္မရေကန် ပြီးစီးသောအခါ ထိုခေတ်၌ သမဏ အမည်ခံ, ဗြာဟ္မဏ အမည်ခံသော အလှူခံပုဂ္ဂိုလ်တို့အား အလုံးစုံသော လှူဖွယ်တို့ကို လှူပြီး၍ ဓမ္မနန်းပြာသာဒ်သို့ တက်လေသည်၊ ထိုနန်းပြာသာဒ်ဝယ် အကျယ်ဝန်းဆုံးဖြစ်သော အထွတ်တမ်ထားအပ်သောမဟာဗျူဟ မည်သော နန်းဆောင်သို့ သွား၍ တံခါးပေါက်အနီး၌ ရပ်လျက်

ကာမဂုဏ်ကို ကြံစည်တတ်သော ဟဲ့ ကာမဝိတက် … အသင်သည် ဤတံခါးပေါက်၌သာ ရပ်တန့်ရစ်လော၊ ဤမှနောက်၌ အဆောင် တော်တွင်းသို့ မလိုက်ခဲ့နှင့်၊ သူတစ်ပါး၏ ပျက်စီးခြင်းကို ကြံစည် တတ်သော ဟဲ့ ဗျာပါဒဝိတက် … အသင်သည် ဤတံခါးပေါက်၌ ရပ်တန့်ရစ်လော၊ ဤမှနောက်၌ အဆောင်တော်တွင်းသို့ မလိုက်ခဲ့ နှင့်၊ သူတစ်ပါးကို ညှဉ်းဆဲဖို့ရန် ကြံစည်တတ်သော ဟဲ့ ဝိဟိံသာ ဝိတက်… အသင်သည် ဤတံခါးပေါက်၌သာ ရပ်တန့်ရစ်လော၊ ဤမှနောက်၌ အဆောင်တော်တွင်းသို့ မလိုက်ခဲ့နှင့်၊ ဤသို့ ပြောဆို ပြီးလျှင် အထက်၌ အထွဋ်တပ်အပ်သော ကျယ်ဝန်းသော ခန်းမ ဆောင်သို့ဝင်၍ ရွှေပလ္လင်၌ထိုင်လျက် ဈာန်ရဖို့ရန် တရားအားထုတ် သည်၊ ထို အခါ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထ ဈာန်တို့ကို အစဉ်အတိုင်း ဝင်စား၍ နေနိုင်သည်။

မေတ္တာပွားစေခြင်း မဟာသုဒဿနစကြာမင်းသည် လောကီဈာန် တို့ကို ရပြီး၍ ကျယ်ဝန်းသော ခန်းမဆောင်မှ ထွက်ပြီးလျှင် အထွဋ်တပ်အပ်သော ရွှေအတိပြီးသောနန်းတော်သို့ ဝင်၍ ငွေပလ္လင်၌ထိုင်လျက် အရှေ့အရပ်၌နေသောသတ္တဝါအပေါင်း ကို မေတ္တာဖြန့်၍ နေ၏၊ ထို့နောက် တောင်အရပ်၌နေသော သတ္တ ဝါအပေါင်းကို မေတ္တာဖြန့်၍နေ၏၊ ထို့နောက် အနောက်အရပ်၌ နေသော သတ္တဝါအပေါင်းကို မေတ္တာဖြန့်၍ နေ၏၊ ထို့နောက် မြောက်အရပ်၌နေသော သတ္တဝါအပေါင်းကို မေတ္တာဖြန့်၍နေ၏၊ ထို့နောက် အထက်အရပ်၌နေသော သတ္တဝါအပေါင်းကို လည်း ကောင်း, အောက်အရပ်၌နေသော သတ္တဝါအပေါင်းကို လည်း ကောင်း, လေးထောင့်အရပ်၌နေသော သတ္တဝါအပေါင်းကိုလည်း

ကောင်း, မေတ္တာဖြန့်၍ နေသည်၊ မေတ္တာဖြန့်ပြီးသောအခါ ထို အတိုင်းပင် အရပ်ဆယ်မျက်နှာ၌ ရှိကြသော သတ္တဝါအပေါင်းကို ကရုဏာဖြန့်၍လည်းကောင်း, မုဒိတာဖြန့်၍လည်းကောင်း, ဥပေက္ခာ ဖြန့်၍ လည်းကောင်း နေသည်။ [ဤ ၄ ပါးကို "ဗြဟ္မဝိဟာရ— မြတ်သော နေကြောင်းတရား" ဟု ခေါ်၏၊ "ဗြဟ္မစိုရ်တရား" ဟု မြန်မာလို ခေါ်သည်၊ သတ္တဝါအများ၏ စီးပွားကို လိုလားသော သူတော်ကောင်းတိုင်းပင် ဤတရားဖြင့် နေလေ့ရှိကြသည်။]

စကြာမင်း၏ စည်းစိမ်များ ကုသဝတီ မင်းနေပြည် အမှူးရှိသော မြို့တော် ပေါင်း ရှစ်သောင်းလေးထောင်, ဓမ္မပြာသာဒ် အမှူးရှိသော ပြာသာဒ်ပေါင်း ရှစ်သောင်း လေး ထောင်, ရွှေပလ္လင်အစရှိသော ပလ္လင်ပေါင်း ရှစ်သောင်း ၄ ထောင်, ဆင်ရတနာအမှူးရှိသော ဆင်တော်ပေါင်း ရှစ်သောင်း ၄ထောင်, မြင်းရတနာ အမှူးရှိသော မြင်းတော်ပေါင်း ရှစ်သောင်း လေး ထောင်, ဝေဇယန္တာရထားအမှူးရှိသော ရထားပေါင်းရှစ်သောင်း လေးထောင်, ပတ္တမြားရတနာ အစရှိသော ပတ္တမြားပေါင်း ရှစ်သောင်းလေးထောင်, သုဘဒ္ဒါဒေဝီမည်သော ဣတ္ထိရတနာအမှူး ရှိသော မိဖုရားပေါင်း ရှစ်သောင်း လေးထောင်, သူကြွယ်ရတနာ အမှူးရှိသော သူကြွယ်ပေါင်း ရှစ်သောင်းလေးထောင်, သားကြီး ရတနာ အမှူးရှိသော ခတ္တိယပေါင်း ရှစ်သောင်း လေးထောင်, နို့စားနွားမပေါင်း ရှစ်သောင်းလေးထောင်, အဝတ်ကုဋေပေါင်း ရှစ်သောင်းလေးထောင်, ညဉ့်နံနက်တိုင်း ထမင်းပို့ရသော ထမင်း ချက် အိုးပေါင်း ရှစ်သောင်းလေးထောင်, ဤကား မဟာသုဒဿန စကြာမင်း၏ စည်းစိမ် အကျဉ်းချုပ်တည်း။

ဆင်တို့ကို အနှစ်တစ်ရာမှ ရှုစားခြင်း မဟာသုဒဿန စကြာမင်းသည် ရအပ်သော စျာန်ချမ်းသာဖြင့် အလွန် မွေ့လျော်၏၊ စျာန်သမာပတ်ဖြင့် နေသော ပုဂ္ဂိုလ်မှာ အသံသည် အနှောင့်အယှက် ဆူးငြောင့်သဖွယ်ဖြစ်၏၊ ထို အချိန်၌ ရှစ်သောင်းလေးထောင်သော ဆင်တို့ကလည်း ဆင်ထိန်း များနှင့်အတူ ညနေ တစ်ကြိမ်, နံနက် တစ်ကြိမ် ဆည်းကပ်လေ့ ရှိကြ၏၊ ထိုအသံတို့ကြောင့် ငြိုငွေ့သော်လည်း လုံးလုံး မလာကြ နှင့်တော့ ဟု တားမြစ်လိုက်လျှင် ရနေကျ အစာအာဟာရတို့ကို မှန်မှန်မရမည်စိုးသောကြောင့် လုံးလုံးမပိတ်ဘဲ "အနှစ်တစ်ရာကျမှ တစ်ကြိမ်သာ လာကြတော့၊ တစ်ကြိမ်လာရာ၌လည်း ရှစ်သောင်း လေးထောင်၏ တစ်ဝက် (လေးသောင်း နှစ်ထောင်)သာ လာကြ စေတော့" ဟု သားကြီးရတနာကို အမိန့်ပေးလေသည်။

သုဘဒ္ဒါဒေဝီ လာခြင်း သုဘဒ္ဒါဒေဝီသည် စကြာမင်းကို မဖူးတွေ့ရသည်မှာ အလွန်ကြာနေပြီဖြစ်၍ ဖူးတွေ့လိုသောဆန္ဒဖြစ်သော ကြောင့် မောင်းမမိဿံ အခြွေအရံတို့ကိုခေါ်၍ ပြော သည်မှာ— "ရှင်မတို့— သင်တို့သည် ခေါင်းလျှော် ရေချိုးကြပြီး၍ ရွှေသောအဝတ်တို့ကို ဝတ်ခဲ့ ခြုံခဲ့ကြလော၊ မင်းတရားကို မတွေ့ရ သည်မှာ ကြာမြင့်လှပြီ၊ ယနေ့ မင်းတရားကို ဖူးတွေ့ဖို့ရန် သွားကြ စို့" ဟု ပြောလေသည်၊ ထိုသို့ ပြောပြီးလျှင် သားကြီးရတနာကို ပြောပြန်သည်မှာ-အချင်းသားကြီးရတနာ....စစ်အင်္ဂါလေးပါးကို ပြင်ပါလော၊ မင်းတရားကို မဖူးတွေ့ရသည်မှာ ကြာမြင့်လှပြီဖြစ်၍ ယနေ့ဖူးတွေ့ဖို့ရန် မောင်းမမိဿံနှင့်အတူ သွားမည်" ဤသို့ ပြောပြ လေသည်၊ [သားကြီးရတနာ ဟူသည် သုဘဒ္ဒါဒေဝီ၏ သားကြီး

မဟုတ်၊ စကြာမင်း မဖြစ်မီကပင် ရနိုင်သော သားကြီးရတနာ ဖြစ်သည်၊]အားလုံးပြင်ဆင်ပြီးသောအခါ သုဘဒ္ဒါဒေဝီသည်မောင်းမိသံ အခြွေအရံနှင့်အတူ ဓမ္မပြာသာဒ်တော်သို့ တက်သွား၍ မဟာဗျူဟာ အဆောင်တော်သို့ ချဉ်းကပ်ပြီးလျှင် အတွင်းတိုင်အောင် မဝင်ဝံ့သေးကြောင့် တံခါးပေါင်ကို လက်ဆွဲ၍ ရပ်နေလေသည်။

မင်းတရား ထွက်တော်မူလာခြင်း

ထိုအခါ၌ မဟာသုဒဿန စကြာမင်းသည် များစွာသော အသံကိုကြား၍ မဟာဗျူဟာ အဆောင်တော်မှ ထွက်လာသည် ရှိသော် သုဘဒ္ဒါဒေဝီကို တွေ့ရ၍ "မိဖုရား...အဲဒီမှာဘဲ ရပ်နေပါ၊ အတွင်းသို့မဝင်ခဲ့ပါနှင့်၊ ဤသို့ ပြော၍ ယောကျ်ားတစ်ယောက်ကို အမိန့်ပေးသည်မှာ- "အမောင်... မဟာဗျူဟာ အဆောင်တော်မှ ရွှေပလ္လင်ကို ထုတ်၍ ရွှေထန်းတောဥယျာဉ်၌ ခင်းလိုက်လော၊ ဤသို့ အမိန့်ပေးသောအခါ ထိုယောကျ်ားသည် ရွှေပလ္လင်ကို ထုတ်၍ ရွှေထန်းတော၌ ခင်းထားလိုက်ပြီ၊ မဟာသုဒဿနစကြာမင်းသည် ထိုထန်းတောသို့ ဆင်း၍ ရွှေပလ္လင်ပေါ်၌ လက်ယာနံပါးဖြင့် လျောင်း၍ နေလေသည်။

သုဘဒ္ဒါဒေဝီ လိုက်လာခြင်း

သုဘဒ္ဒါဒေဝီသည် လိုက်လာ၍ မဟာသုဒဿန စကြာမင်း၏ အထူး ကြည်လင်ပုံ၊ အရေအဆင်းများ အလွန် စင်ကြယ်ပုံကို မြင်ရ၍ "ဤသို့ အထူးစင်ကြယ်သောအခါ ဘဝပြောင်းတတ်သည်" ဟု ကြားဖူးသောကြောင့် စကြာမင်း၏ ဘဝပြောင်းမည်ကို စိုးရိမ်သည့်အတွက် အောက်ပါစကားတို့ကို သံတော်ဦးတင်လေသည်။

အရှင်မင်းမြတ်... အရှင်မင်းမြတ်မှာ ကုသဝတီမင်းနေပြည် အမှူးရှိသော ရှစ်သောင်းလေးထောင်သော မြို့တော်များရှိပါသည်၊ ဤမြို့တော်တို့၌ နှစ်သက်သော ဆန္ဒကို ဖြစ်စေတော်မူပါ၊ အသက်၌ ငဲ့ကွက်တော်မူပါ။

အရှင်မင်းမြတ်... အရှင်မင်းမြတ်မှာ ဓမ္မပြာသာဒ် အမှူးရှိသော ပြာသာဒ်ပေါင်း ရှစ်သောင်း လေးထောင်ရှိပါသည်၊ ဤပြာသာဒ်တို့၌ နှစ်သက်သော ဆန္ဒကိုဖြစ်စေတော်မူပါ၊အသက်၌ ငဲ့ကွက်တော်မူပါ။

အရှင်မင်းမြတ်... အရှင်မင်းမြတ်မှာ မဟာဗျူဟာ အဆောင်တော် အမှူးရှိသော ရှစ်သောင်းလေးထောင်ရှိသော အထွတ်တပ်အပ်သော အဆောင်များရှိပါသည်၊ ဤအဆောင်တို့၌ နှစ်သက်သော ဆန္ဒကို ဖြစ်စေတော်မူပါ၊အသက်ကို ငဲ့ကွက်တော်မူပါ။

အရှင်မင်းမြတ်...အရှင်မင်းမြတ်မှာ ရှစ်သောင်းလေးထောင်သော ရွှေပလ္လင်၊ ရှစ်သောင်းလေးထောင်သော ငွေပလ္လင်၊ ရှစ်သောင်းလေးထောင်သော ဆင်စွယ်ပလ္လင်၊ ရှစ်သောင်းလေးထောင်သော စန္ဒကူးနှစ် ပလ္လင်တို့သာ ရှိကြပါသည်၊ ဤပလ္လင်တို့၌ နှစ်သက်သော ဆန္ဒကို ဖြစ်စေတော်မူပါ၊ အသက်၌ ငဲ့ကွက်တော်မူပါ။

အရှင်မင်းမြတ်... အရှင်မင်းမြတ်မှာ ဥပေါသထဆင်မင်း အမှူးရှိကုန်သော ရွှေတန်ဆာ၊ ရွှေအလံ၊ ရွှေဇာတို့ဖြင့် ဖုံးအုပ်အပ်ကုန်သော ရှစ်သောင်းလေးထောင်သော ဆင်တော်များ ရှိပါသည်၊ ဤဆင်တော်တို့၌ နှစ်သက်သော ဆန္ဒကို ဖြစ်စေတော်မူပါ၊ အသက်၌ ငဲ့ကွက်တော်မူပါ။

ထို့နောက် ဝလာဟကမြင်းမင်း အမှူးရှိသော ရှစ်သောင်း လေးထောင်သော မြင်းတို့၌လည်းကောင်း, ဝေဇယန္တာ ရထား အမှူးရှိသော ရှစ်သောင်းလေးထောင်သော ရထားတို့၌ လည်းကောင်း, ပတ္တမြားရတနာအမှူးရှိသော ရှစ်သောင်းလေးထောင်သော ပတ္တမြားတို့၌လည်းကောင်း, မိဖုရားရတနာဖြစ်သော မိမိ အမှူးရှိသော ရှစ်သောင်းလေးထောင်သော မိဖုရားတို့၌ လည်းကောင်း, သူကြွယ်ရတနာ အမှူးရှိသော ရှစ်သောင်းလေးထောင်သော သူကြွယ်တို့၌ လည်းကောင်း, သားတော်ကြီးရတနာ အမှူးရှိသော ရှစ်သောင်းလေးထောင်သော မင်းတို့၌ လည်းကောင်း, ရှစ်သောင်း လေးထောင်သော နို့စားနွားမတို့၌ လည်းကောင်း, ကုဋေပေါင်း ရှစ်သောင်းလေးထောင်သော အဝတ်တို့၌ လည်းကောင်း, ရှစ်သောင်း လေးထောင်သော ပွဲတော်ချက် အိုးတို့၌ လည်းကောင်း နှစ်သက်သော ဆန္ဒကို ဖြစ်စေတော်မူပါ၊ အသက်၌ ငဲ့ကွက်တော်မူပါ၊ ဤသို့ သံတော်ဦးတင်လေသည်။

မဟာသုဒဿနမင်း မြန်၍ မိန့်တော်မူပုံ "မိဖုရား— အသင်သည် ကြာမြင့်စွာသော ကာလပတ်လုံး နှစ်သက်ဖွယ် စကားကိုသာ ပြောဆိုခဲ့ပါလျက် နောက်ဆုံး အချိန်ကျမှ အဘယ့်ကြောင့် မနှစ်သက်ဖွယ်စကားတို့ကို ပြောရသနည်း၊" ဤသို့ အပြစ်တင်သောအခါ သုဘဒ္ဒါဒေဝီက ပြန်၍ သံတော်ဦးတင်သည် မှာ– "အရှင်မင်းမြတ်.... မိန်းမသားတို့မည်သည် ရဟန်းတော်တို့၏ ပြောရိုးစကားကို နားမလည်ပါ၊ အဘယ်သို့ သံတော်ဦးတင်ရမှာ ပါနည်း" ဟု မေးလျှောက်သည်၊ [ထိုအချိန်၌ သုဘဒ္ဒါဒေဝီက စကြာမင်းကို ရဟန်းဟူ၍ မှတ်ထင်နေလေသည်။] ထိုသို့ သုဘဒ္ဒါ

ဒေဝီက သံတော်ဦးတင်သောအခါ စကားပြောသင်ပေးသည်မှာ– "မိဖုရား ... သင်သည် ဤသို့သော စကားကို ပြောပါ–

အရှင်မင်းမြတ်... ချစ်အပ် မြတ်နိုးအပ်သော သက်ရှိ သက်မဲ့ အလုံးစုံတို့နှင့် တစ်သီးတခြား ဖြစ်ရခြင်း, ကွေကွင်း၍ ဖြစ်ရခြင်း, ဘဝမတူဘဲ တစ်မျိုးတစ်ဖုံ ဖြစ်ရခြင်းသည် ထုံးစံပင် ဖြစ်ပါသည်၊ အရှင်မင်းမြတ်သည် သက်ရှိသက်မဲ့ စည်းစိမ်တို့အပေါ်၌ ငဲ့ကွက်ခြင်း မကောင်းသော ကွယ်လွန်မှုကို ပြုတော်မမူပါနှင့်၊ သက်ရှိ သက်မဲ့ စည်းစိမ်တို့၌ ငဲ့ကွက်တွယ်တာ၍ ကွယ်လွန်ခြင်းကို သူတော်ကောင်း တို့ ကဲ့ရဲ့အပ်ပါ၏၊ အရှင်မင်းမြတ်သည် ကုသဝတီ မင်းနေပြည် အမှူးရှိသော ရှစ်သောင်းလေးထောင်သော မြို့တို့၌ တွယ်တာမှု ဆန္ဒကို ပယ်စွန့်တော်မူပါ၊ အသက်၌ ငဲ့ကွက်တော် မမူပါနှင့်၊" ဤသို့ ပြောင်းပြန်ပြင်၍ သံတော်ဦးတင်ဖို့ရန် သင်ပေးလေသည်။

ပြန်၍ သံတော်ဦး တင်ရခြင်း ဤသို့ အမိန့်ပေးသောအခါ သုဘဒ္ဒါဒေဝီသည် မျက်ရည်တွေ ကျလာသောကြောင့် စကြာမင်း မမြင်လောက်သော အရပ်သို့ သွား၍ အားရ ပါးရ အသံတိတ် ငိုကျွေးပြီးမှ မျက်ရည်တို့ကို သုတ်၍ ပြန်လာပြီးလျှင် မဟာသုဒဿန စကြာမင်း သင်ပေးသည့်အတိုင်း မြင်၍ သံတော်ဦးတင်ရှာလေသည်။

ဗြဟ္မာ့ပြည်သို့ လားတော်မူခြင်း သုဘဒ္ဒါဒေဝီ သံတော်ဦးတင်ပြီးနောက် မကြာ မီပင် မဟာသုဒဿန စကြာမင်းသည် ရောဂါ အထူးမခံရဘဲ (ကောင်းမွန်သောထမင်းကို စား ပြီးသောအခါ ထမင်းသိယာစ်ခြင်းနှင့် တူသော) အနည်းငယ်သော ဝေဒနာကို ခံစား၍ ကာမဂုဏ် အာရုံများသော လူ့စည်းစိမ်ကို

စွန့်ခွါပြီးလျှင် ချမ်းချမ်းသာသာဖြင့် ပျော်မွေ့ရသော မြဟ္မာ့ပြည်သို့ ပြောင်းရွှေ့လေသည်။

မှတ်ချက်။ ။မဟာသုဒဿနစကြာမင်းသည် မင်းသားအရွယ် သူငယ်ဘဝနှင့် ရှစ်သောင်းလေးထောင် နှစ်ပေါင်းကြာအောင် လွတ်လပ်စွာ ပျော်ပျော်ပါးပါး ကစား၍ နေလေသည်၊ ရှစ်သောင်း လေးထောင် နှစ်ပေါင်းကြာအောင် အိမ်ရှေ့မင်း အဖြစ်ကို ပြုလေသည်၊ ရှစ်သောင်းလေးထောင် နှစ်ပေါင်းကြာအောင် စကြာမင်းအဖြစ်ကို ပြုလေသည်၊ ရှစ်သောင်း လေးထောင် နှစ်ပေါင်း ကြာအောင် လူဝတ်ကြောင်အဖြစ်ဖြင့် ဓမ္မနန်းပြာသာဒ်၌ မြတ်သောတရားအကျင့်ကို ချမ်းရသည့်တိုင်အောင်ကျင့်လေသည်၊ ချမ်းရပြီးနောက် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရား လေးပါးကို မိမိသန္တာန်၌ နှစ်ပေါင်း အတော်ကြာအောင် ဖြစ်စေလေသည်။

ကျန်ရစ်သော ရတနာများ။ မဟာသုဒဿနမင်း၏ ဗြဟ္မာ့ပြည် စံပြီးနောက် ခုနစ်ရက်မြောက်သောအခါ ခုနစ်ထပ်သောရတနာမြို့ရိုးတို့သည်လည်းကောင်း, ခုနစ်စဉ်သောရတနာ ထန်းပင်တို့သည်လည်းကောင်း, ရှစ်သောင်းလေးထောင်သော ရေကန်တို့သည်လည်းကောင်း,ဓမ္မနန်းပြာသာဒ်,ဓမ္မရေကန်,စကြာရတနာ သည်လည်းကောင်း ဤအားလုံး ကွယ်ပျောက်ကြ၍ ဆင်ရတနာ စသော ရတနာ ၇ ပါးတို့တွင် အသက်ရှိကုန်သော ရတနာတို့သည် မဟာသုဒဿနစကြာမင်း ကွယ်လွန်သည်နှင့်တစ်ပြိုင်နက် ကွယ်လွန်ကြကုန်၏၊ အသက်ကျန်သေးလျှင်ကား ဆင်ရတနာသည် လာခဲ့ရာ ဆဒ္ဒန်အမျိုး၌ ပြန်သွား၏၊ မြင်းရတနာသည် ဝလာဟကမြင်းမျိုးသို့

ပြန်သွား၏၊ ပတ္တမြားရတနာသည် ထွက်ခဲ့ရာ ဝေပုလ္လတောင်သို့ပြန်သွား၏၊ မိဖုရားရတနာ၏ ထူးသောအာနုဘော်သည် ကွယ်ပျောက်သွား၏၊ သူကြွယ်ရတနာ၏ စက္ခုသည် ဒိဗ္ဗစက္ခုမဟုတ်တဲ့ ပင်ကိုယ် အတိုင်းသာ ဖြစ်တော့၏၊ သားတော်ကြီးရတနာ၏ ပင်ကိုယ်ရှိးရာ ဉာဏ်ပညာမှတပါး ထူးခြားသော အသိဉာဏ်သည် ကွယ်ပျောက် လေတော့၏၊ ထို့ကြောင့် ပုဉ်းရှင် ကံရှင်ကြောင့် ဖြစ်ပေါ်လာသော စည်းစိမ်ဥစ္စာ အရာဝတ္ထု မှန်သမျှသည် ပုဉ်းရှင် ကံရှင် ကွယ်လွန်သောအခါ ပျောက်ကွယ်ရသည်မှာ ဓမ္မတာဖြစ်ကြောင်း ကို အတိပြုသင့်ပါသည်။

စကြာမင်းဖြစ်ကြောင်း ဇေ စင်းမှု

အစ်ရှက်ကျောင်း ကဿပမြတ်စွာဘုရားသက်တော်ထင်ရှားရှိတော်မူစဉ်အခါ သာသနာတော်စယ် ဘုန်းတော်ကြီး တစ်ပါးသည် တောဒ္ဓ နေတော်မူ၏၊ မဟာသုဒဿန စကြာမင်း၏ အလောင်းဖြစ်သောဒါယကာသည် အိမ်ပိုင်ယာပိုင်ရှိသောကြောင့် "ဂဟပတိ" ဟု ခေါ်ရသော်လည်း အလုပ်လုပ်၍ စားရသော သာမန် ဂဟပတိ ဖြစ်၏၊ ထိုဒါယကာသည် တစ်နေ့သောအခါ မိမိ အလုပ်ကိစ္စဖြင့် တောသို့ ဝင်သွားသည်ရှိသော် တောကျောင်း ဘုန်းတော်ကြီးကိုမြင်၍ အနီးသို့ချဉ်းကပ်ပြီးလျှင် ဘုန်းတော်ကြီး၏ ထိုင်နေရာအရပ်, စင်္ကြံသွားရာ အရပ်ကိုသာ မြင်၍ ကျောင်းကို မမြင်ရသဖြင့် "ဤနေရာ၌သာ နေကော်မူပါသလား" ဟု လျှောက် ထားလေသည်၊ ဤနေရာ၌သာနေကြောင်းကို ကြားရ၍ မိမိအလုပ်

ကိုမလုပ်ဘဲ တောဝ်ရှိသော သစ်ပင်တို့ကို ဖြတ်တောက်၍ သစ်ရှက်ကျောင်း ဆောက်ပြီးလျှင် သစ်ရှက်မှိုးကာ၍ သစ်ရှက်နံရံတို့ကို မြေညက်ဖြင့် သုတ်သိမ်း၍လည်းကောင်း, တံခါးတပ်၍လည်းကောင်း, သစ်သားအခင်းကိုပြုပြီး၍လည်းကောင်း, သင့်တော်သောအရပ်က နေ၍ တောကျောင်းဘုန်းတော်ကြီး အသုံးပြု-မပြုကို အကဲခတ်လေသည်၊ တောကျောင်း ဘုန်းတော်ကြီးသည် ရွာတွင်းမှ ဆွမ်းခံပြန်လာသောအခါ သစ်ရှက်ကျောင်းသို့ဝင်၍ သစ်သားအခင်း၌ ထိုင်နေလေသည်။

ဆွမ်းခံပင့်ခြင်း ဥပါသကာသည် အနီးသို့လာ၍ "သစ်ရှက်ကျောင်းကလေး လျောက်ပတ်ပါရဲ့လား ဘုရား" ဟု မေးလျှောက်လေသည်၊ "ဥပါသကာ... လျောက်ပတ်ပါ၏" ဤသို့မိန့်တော်မူသောအခါ အမြဲ သိတင်းသုံးဖို့ လျှောက်လေသည်၊ "တောကျောင်းဘုန်းတော်ကြီး အမြဲနေလိမ့်မည်" ဟု သိရသောကြောင့် "လူတို့သည် သုမင်္ဂလာ, ဒုမင်္ဂလာရှိသောအခါ ကြွလာခြင်းကို အလိုရှိကြပါကုန်၏၊ ထို့ကြောင့် အခြားပင့်ဖိတ်ရာအရပ်သို့ ကြွပြီး၍လည်း တပည့်တော်၏အိမ်သို့ ဝင်ပြီးမှ ဆွမ်းကိစ္စကို ပြီးစေတော်မူပါ" ဤသို့ လျှောက်လေသည်။

အသုံးဝင်သော ပစ္စည်းများ သစ်ရှက်ကျောင်းကလေး၌ ဖျာကိုလည်းကောင်း, ခြောင်စောင်းအင်းပျဉ်းကိုလည်းကောင်း, ခင်းထား၏၊ နောက်မှီပျဉ်ချပ်ကိုလည်း ထိုင်ရာအရပ်၌ချထား၏၊ ခြေဆေးသောအခါ ပွတ်စရာကိုလည်းထား၏၊ ရေကန်ကိုလည်း တူး၏၊ စကြံလမ်းလုပ်၍ သဲတို့ကိုခင်းထား၏၊ တောသမင်တို့လာ၍ ကျောင်းကလေး၏ နံရံကို ပွတ်တိုက်သောကြောင့် မြေညက်များ ကွာကျသွားသည်တို့ကို မြင်၍ ကျောင်းကလေးကို ဆူးစည်းတို့ဖြင့် ကာရံ၏၊ သမင်တို့၏ ရေကန်သို့သက်ဆင်း၍ ရေကို မွှေနှောက်ကြသည်ကို မြင်သောကြောင့် ကန်၏အတွင်း၌ ကျောက်ခဲတို့ဖြင့် စီထား၏၊ ကန်၏ဖြင်ဘက်ဘေး၌ ဆူးစည်းကို ကာရံထား၏၊ ဆူးစည်း၏ အတွင်းအစွန်၌ ထန်းပင်တို့ကို စိုက်ပျိုးထား၏၊ စကြံကြီး၌ တံမြက်လှည်းအပ်ပြီးသော အရပ်ကို တောသမင်တို့ မွှေနှောက်ကြသည်ကို မြင်၍ စကြံကိုလည်း ဆူးစည်းဖြင့် ကာရံ၏၊ ဆူးစည်း၏ အတွင်းအစွန်၌ ထန်းပင်အစဉ်ကို စိုက်၏။

ကန်း လှူခြင်း စသည်ကို ဤ မြအပ်ပြီးသောနည်းဖြင့် နေရာကျောင်းကို အကာအရံနှင့်တကွ ပြီးစီးစေ၍ တောကျောင်းဘုန်းတော်ကြီး အတွက် တိစီဝရိက်သင်္ကန်း, ဆး, ရေအိုးရေခွက်, အပ် နဖါးထွင်းစူး, သင်ဓုန်း, လက်သည်းလှီးဓား, အပ်, တောင်ဝှေး, ဖိနပ်, ရေဗူး, ထီး, ဆီမီးခွက်, နဖါကော်, ဝါရေစစ်, မေကရိုက်ရေစစ်, သပိတ်, ခွက်, အခြားသော ရဟန်းသုံးအဆောင် အားလုံး လှူဒါန်းလေသည်။

သီလထိန်းခြင်း ဥပုသ်စောင့်ခြင်း ထို စကြာမင်းအလောင်း ကျောင်းဒကာသည် ရဟန်း အသုံးအဆောင် ဟူသမျှကို အပြည့်အစုံ လှူရှိသာမက ငါးပါးသီလကိုလည်း အမြဲ စောင့်နိုး၏၊ ဥပုသ်နေ့များ၌ ဥပုသ်စောင့်မှုကိုလည်းပြု၏၊ ဤသို့ ၅ပါးလ စောင့်ထိန်းမှု, ဥပုသ်စောင့်သောအားဖြင့် စကျွ ခြွေ သောတိန့် စသော ဣန္ဒြေခြောက်ပါးကို ဆုံးမမှု, ဤ အလုံးစုံကိုလည်းပြု၍ သက်ထက်ဆုံး တောကျောင်း ဘုန်းတော်ကြီးကို ပြုစု လုပ်ကျွေးသည်။

နောက်ဘဝ ဂတိ စကြာမင်းအလောင်း ကျောင်းဒကာ၏ လိုဖွယ်သေး မရှိအောင် အပြည့်အစုံ လှူအပ်သော ရဟန်းအသုံးအဆောင်ကို သုံးဆောင်၍ တောကျောင်းဘုန်းတော်ကြီးသည် ထိုအရပ်၌ပင် သီတင်းသုံးတော်မူလျက် ရဟန္တာ ဖြစ်၍ ပရိနိဗ္ဗာန် စံတော်မူသည်၊ ကျောင်းဒကာဖြစ်သော စကြာမင်း၏ အလောင်းသည်လည်း ဒါန, ငါးပါးသီလ, မျက်စိစသော ဣန္ဒြေ တို့ကို ဆုံးမကြောင်းဖြစ်သော ဥပုသ်သီလ, ဤသုံးမျိုးကိုပြု၍ စုတေ သောအခါ နတ်ပြည်၌ဖြစ်ပြီးလျှင်နတ်သက်စေ့၍စုတေသောအခါ ဤလူ့ပြည်၌ ကုသဝတီမင်းနေပြည်ဝယ် မဟာသုဒဿန စကြာ မင်း ဖြစ်လာလေသည်။

အလှူပေး အလှူခံ စကြာမင်းအလောင်း ကျောင်းဒကာ၏ လှူဖွယ် ဝတ္ထု အစုစုကို မှန်းခြေအားဖြင့် တန်ဖိုးတွက် သောအခါ နေ့စဉ် ဆွမ်းဝတ်မှတပါး ကျောင်း, ရေကန် စသော ပစ္စည်းများ၏ တန်ဖိုးသည် ယခုခေတ်ငွေဖြင့် တစ်ထောင်မျှထက် မကျော်နိုင်ပါ၊ သို့သော် လိုလေသေးမရှိအောင် ကြောင့်ကြစိုက်မှု မှာ အလှူနှင့်ကျေနပ်ဖွယ်ကောင်းပါသည်၊ စိတ်စေတနာလည်းအလှူနှင့် ထက်သန်ဖို့ရပါသည်၊ ကျောင်းဒကာက သဒ္ဓါထက်သန်သလောက် တောကျောင်းဘုန်းတော်ကြီးကလည်း ရဟန္တာဖြစ်သည့်တိုင်အောင် သီလသိက္ခာ ပြည့်စုံပါပေသည်၊ ကျောင်းဒကာသည်လည်း ဒါန ဖက်က တာဝန်ကျေရုံမျှမက, ငါးပါးသီလကိုလည်း ဖြူစင်သန့်ရှင်း အောင် စောင့်ရှောက်၍ ဥပုသ်နေ့၌ မျက်စိ, နား, နှာခေါင်း, ဆိုင်ရာအာရုံများသို့ စိတ်မသွားအောင် ဥပုသ်စောင့်လျက် စိတ်ကို ဆုံးမထားပုံမှာလည်း အားရကျေနပ်ဖွယ် ကောင်းပါပေသည်၊

ဤသို့ ဆရာ ဒကာ ပြည့်စုံစွာဖြင့် အကြောင်းကောင်းခဲ့သော ကြောင့်သာ ဆရာသည် ပရိနိဗ္ဗာန်စံ၍ ဒကာဖြစ်သူမှာ နတ်ပြည်၌ ပဌမဖြစ်ပြီးမှ စကြာမင်းဘဝ၌ ဒုတိယဖြစ်ရပေသည်။

အကြောင်းနှင့် အကျိုးတူပုံ ရှစ်သောင်း လေးထောင်သော မြို့, ရှစ်သောင်း လေးထောင်သော ပြာသာဒ်, ရှစ်သောင်း လေးထောင်သော အထွတ်တပ်အပ်သော နန်းမ အဆောင်တို့သည် သစ်ရွက်ကျောင်း ၁ ကျောင်းဟူသော ကောင်းမှု ကြောင့် ဖြစ်လာသော အကျိုးဆက်များ ဖြစ်၏၊ ထန်းပင်အစဉ် ခုနစ်ထပ် မြို့ရိုးအရမ်တို့သည် စိုက်ခဲ့သော ထန်းပင်အစဉ်၏ လည်း ကောင်း, ရေကန် ကမ္မဋ္ဌာန်းကျောင်းတို့၌ ကာရံအပ်သော စည်းရိုး ၏ လည်းကောင်း, အကျိုးဆက်များ ဖြစ်ကြ၏၊ ရှစ်သောင်း လေး ထောင်သော ဆင်ရတနာ, ရှစ်သောင်းလေးထောင်သော မြင်း ရတနာတို့သည် ထိုင်ဖို့ရန် လှူအပ်သောအင်းပျဉ်၏ အကျိုးဆက်များ ဖြစ်ကြ၏၊ ရှစ်သောင်းလေးထောင်သော ပလ္လင်တို့သည် လျှောင်းဖို့ ရန် လှူအပ်သော ညောင်စောင်းငယ်၏ အကျိုးဆက်များဖြစ်ကြ၏၊ ရှစ်သောင်းလေးထောင်သော ပတ္တမြားတို့သည် နေ့စဉ် လှူအပ် သော ဆီမီးတစ်ခွက်၏ အကျိုးဆက်များ ဖြစ်ကြ၏၊ ရှစ်သောင်း လေးထောင်သော ရေကန်တို့သည် ရေကန်တစ်ကန်၏ အကျိုးဆက် များ ဖြစ်ကြ၏။

ရှစ်သောင်းလေးထောင်သော မိဖုရား, ရှစ်သောင်းလေးထောင် သော သားတော်များ, ရှစ်သောင်းလေးထောင်သော သူကြွယ် များသည် အသုံးအဆောင်အဖြစ်ဖြင့်လှူအပ်သော အိုးခွက်, ရေစစ်, အပ်ထွင်းစူး, သင်ခုန်း, လက်သည်းလှီးဓား, သံကောက်, နဖာ

ကလော်, ခြေပွတ်, ဖိနပ်, ထီး, တောင်ဝှေးဟူသော အလှူဒါန၏ အကျိုးဆက်များ ဖြစ်ကြ၏၊ ရှစ်သောင်းလေးထောင်သော နို့စားနွားမတို့သည် နွားနို့စသော အလှူ၏ အကျိုးဆက်များ ဖြစ်ကြ၏၊ ကုဋေပေါင်း ရှစ်သောင်းလေးထောင်သော အဝတ်တို့သည် သင်္ကန်း အလှူဒါန၏ အကျိုးဆက်များ ဖြစ်ကြ၏၊ ရှစ်သောင်း လေးထောင်သော ဆွမ်းချက်အိုးတို့သည် ဆွမ်းအလှူ၏အကျိုးဆက်များ ဖြစ်ကြ၏၊ ဤသို့အားဖြင့် အလှူရှင်ကလည်း သဒ္ဓါ သီလ ပြည့်စုံစွာဖြင့် လှူသင့်ရာကို ပေးလှူသောကောင်းမှုကြောင့်လည်းကောင်း, အလှူခံ ပုဂ္ဂိုလ်ကလည်း သီလသိက္ခာ ပြည့်စုံစွာဖြင့် ကောင်းမွန်စွာကျင့်ကြံ နေထိုင်ခြင်းကြောင့်လည်းကောင်း ကောင်းမှု၏အကျိုးကို အပြည့်အစုံ ရပေသည်။

အတုယူဖွယ် ဤဝတ္ထု၌ အလှူဒါယကာဘက်ကလည်း သဒ္ဓါတရား ထက်သန်ပုံ, ရဟန်းများအား လျော်ကပ်သော ပစ္စည်းကိုသာ လှူပုံ, ဒါနမျှဖြင့် တင်းမတိမ်ဘဲ ၅ ပါးသီလစင်ကြယ်စွာ ထိန်းသိမ်းပုံ, ဥပုသ်နေ့၌ ဥပုသ်စောင့်၍ စိတ်ကို ဆုံးမပုံ, ဤ အားလုံးကို လေးလေးနက်နက် စဉ်းစား၍ မိမိကိုယ်တိုင် ထိုကဲ့သို့ ဖြစ်အောင် သူတော်ကောင်းတိုင်း အတုယူဖွယ် ကောင်းလှ၏၊ အလှူခံပုဂ္ဂိုလ်ကလည်း ရဟန်းတော်ပီပီ သီလသိက္ခာ စင်ကြယ်စွာ ဖြင့် ဘာဝနာကမ္မဋ္ဌာန်း လွန်ကြိုးပမ်းမှုကို အတုယူသင့်ပါသည်။

ပါဠိတော်။ ။တိဏ္ဏံ ခေါ မေ ကမ္မာနံ ဖလံ, တိဏ္ဏံ ကမ္မာနံ
ဝိပါကော၊ ယေနာဟံ ဧတရဟိ ဧဝံ မဟိဒ္ဓိကော ဧဝံ မဟာနု
ဘာဝေါ၊ သေယျထိဒံ၊ ဒါနဿ ဒမဿ သံယမဿာတိ၊—
ငါ့မှာ ယခုအခါ၌ ဤမျှလောက် တန်ခိုးကြီးခြင်း, ဤမျှသာ

အရှိန်အဝါ ကြီးခြင်းသည် စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း ဟူသော ဒါန, မိမိစိတ်ကို ဆုံးမကြောင်း ဥပုသ်စောင့်ခြင်း ဟူသော ဒမ, မိမိကိုယ်ကို စောင့်စည်းကြောင်းဖြစ်သော ၅ ပါး သီလ ဤကံ ၃ မျိုးတို့၏ အကျိုး အရှိန်အဝါဖြစ်သည်။

ဧဝံ နာတိ မဟန္တမ္ပိ, ပုညံ အာယတနေ ကတံ၊
မဟာဝိပါကံ ဟောတီတိ, ကတ္တဗ္ဗံ တံ ဝိဘာဝိနာ။

လင်္ကာ။ ။ဤသို့ ပေါင်းစု, ကြောင်းကျိုး ရှုသော်, ကောင်းမှု အရွယ်, မကြီးကျယ်လည်း, စိတ်ဝယ် ဖြစ်ပွား, သဒ္ဓါအားနှင့်, ညာဏ်အား သီလ, ကြီးကျယ်ကြ၍, ဒါန အလှူခံ, စင်ကြယ်ပြန့်မှု, ကံ ဟူသရွေ့, အကျိုးတွေ့မှာ, တစ်စေ့ညောင်လောက်, မှင်ကြီး ပေါက်သည်—, နောက်နောက်ယူဖွယ် အတုတည်း။

မဟာသုဒဿနသုတ် ပြည့်စုံပြီ။

အမှာ။ ။ပရိနိဗ္ဗာန် စံတော်မူရာ ညောင်းစောင်းငယ်ဝယ် လျောင်းတော်မူသော ဗုဒ္ဓမြတ်စွာအား အရှင်အာနန္ဒာသည် ဤ သေးငယ်သော မြို့ကလေး၌ ပရိနိဗ္ဗာန်မစံသင့်ပါကြောင်း လျှောက် သောကြောင့် ယခုအခါ သေးငယ်သော်လည်း ရှေးက ကြီးကျယ်ခဲ့ ကြောင်းကို ပြ၍ ကြီးကျယ်သမျှလည်း အနိစ္စချည်းသာ ဖြစ် ကြောင်းကို ပြတော်မူလို၍ မဟာသုဒဿနသုတ်ကို ဟောတော်မူ ပြီးသောအခါ အောက်ပါတရားကို မိန့်တော်မူပါသည်။

အားလုံး အနိစ္စ "အာနန္ဒာ— ညာဏ်ဖြင့် စေ့စေ့ငုငု ကြည့်ရှုစမ်း လော၊ အားလုံးသော စကြဝဠာမင်း၏ စည်းစိမ်တို့ သည် ရုပ်နာမ် သင်္ခါရတို့သာ ဖြစ်ကြ၏၊ ရုပ်နာမ်ဖြစ်သောကြောင့် မင် ထို စည်းစိမ်အားလုံး ကွယ်ပျောက်ခဲ့ကုန်ပြီ၊ ပျက်စီးခဲ့ကုန်ပြီ၊

ရုပ်နာမ်သင်္ခါရ ဟူသမျှတို့၌ ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန်ရှု၍ ငြီးငွေ့သင့်လှပြီ၊ ဝိပဿနာမှတက်၍ အရိယာမဂ်ဖြင့် စက်ဆုတ်သင့်လှပြီ၊ အရိယာဖိုလ်သို့ ရောက်၍ လွတ်မြောက်သင့်လှပြီ၊ အာနန္ဒာ... ဤ ကုသာဝတီမြို့အရပ်၌ ငါသည် စကြာမင်းအဖြစ်ဖြင့် ၆ ကြိမ်တိုင်အောင် ခန္ဓာကိုယ်ကို ပစ်ချခဲ့ဖူးပြီ၊ ယခုအကြိမ်ကား ၇ ကြိမ်မြောက် ပစ်ချရခြင်း ဖြစ်လိမ့်မည်၊ ဤသို့မိန့်တော်မူကာ အောက်ပါဂါထာကို ဟောတော်မူပါသည်။

အနိစ္စာ ဝတ သင်္ခါရာ, ဥပ္ပါဒဝယဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ, တေသံ ဝူပသမော သုခေါ။

သင်္ခါရာ-အကြောင်းအတန်တန်,ပြုစီမံ၍, ရုပ်နာမ်အသစ်,ဖြစ်ဖြစ်သမျှ, သင်္ခါရတို့သည်၊ အနိစ္စာဝတ-စင်စစ်ဧကန်, အမှန်မုချ, မမြဲလေကုန်စွတကား၊ ဥပ္ပါဒဝယဓမ္မိနော-အဖြစ်သဘော,ပျက်သဘောတို့, အခတာမသတ်, အထပ်ထပ် အထွေထွေ, လည်ပတ်၍နေကုန်၏၊ ဥပ္ပဇ္ဇိတွာ-အကြောင်းအားလျော်စွာ, ပေါ်လာပြီး၍၊ နိရုဇ္ဈန္တိ – ချက်တစ်ဖြုတ်, ရုတ်တရက်, ချုပ်ပျက်ကြလေကုန်၏၊ တေသံ(သင်္ခါရာနံ) – အဖြစ် အပျက်ဒဏ်, အမြဲခံသည့်, ရုပ်နာမ်နှစ်ဝ, ထိုသင်္ခါရတို့၏၊ ဝူပသမော-ကင်းရာ ကုန်ရာ, ငြိမ်းအေးစွာသည့်, နိဗ္ဗာနဓာတ်, အမြိုက်ရပ်သည်၊ သုခေါ – ဖြစ်ပျက် မစပ်, အငြိမ်းဓာတ်ဖြင့်, မပြတ်ပုံသေ, ချမ်းသာအစစ်ပေတကား။

နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ
ပြည့်စုံပါပြီ။

ဤ ဘာသာဝင် သူတော်စင်တို့
နေ့စဉ် နေ့တိုင်း နံနက်ပိုင်းနှင့်
ညပိုင်းအခါ စေသဏ္ဍာ၏
များစွာဂုဏ်ရ အာရုံပြုလော့၊
လူ့မှုကိစ္စ ရွက်ဆောင်ကြလည်း
ဗုဒ္ဓစောပြတ် မနောစေတ်၌
မပြတ်မှီကာ ရပ်တည်ကာဖြင့်
မေတ္တာနှလုံး သစ္စာသုံး၍
ရွှင်ပြုံးအေးမြ ပြုလုပ်ကြလော။

အရှင်ဇနကာဘိဝံသ